
www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com




BURMESE CLASSIC .com

ကျေးဇူးတင်လွှာ

သမီးလေးရှင်နှောင်း၏ လုံးချင်းဝတ္ထုကို

... ပရိသတ်များ

အားပေးမှုတို့ရှိကြသည့် ... ချမ်းသာခြင်းနှင့်

စိတ်၏ ချမ်းသာခြင်း ကိုယ်ရဲ့ ... စည်းစိမ်

ပြည့်စုံကြပြီး လိုအင်ဆန္ဒများပြည့်ဝကာ

ဥစ္စာများ တိုးပွားနိုင်ကြပါစေ။

စာချစ်သူများကို ထာဝစဉ်ဦးကျိုးနေမည့်

ရှင်နှောင်း

ရှင်နှောင်းစာပေ

အမှတ် (၄၅)၊ ရွှေဘုန်းပွင့် ဘုရားလမ်း၊ ကျောက်ရေတွင်းရပ်ကွက်၊
မြောက်ဥက္ကလာ၊ ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ်
၅၀၀၅၇၈၀၅၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၇၃၆၀၆၀၈
ထုတ်ဝေသူ
ဦးနိုင်မျိုးထွန်း (အင်ပါယာစာပေ)
တိုက် (၂၁)၊ အခန်း(၁၁)၊
စီးပွားကူးသန်းအိမ်ရာ၊ မြောက်ဒဂုံ။
အတွင်းနှင့်အဖုံးပုံနှိပ်
ဦးထွန်းအောင်၊ စိန်နဂါးပုံနှိပ်တိုက် (၀၃၀၃၇)
အမှတ် (၁၇၅)၊ ၃၁ လမ်း၊ ပန်းဘဲတန်းမြို့နယ်။
ပထမအကြိမ်
၂၀၀၈ ခုနှစ်၊ အောက်တိုဘာလထုတ်
အုပ်ရေ (၁၀၀၀)၊ တန်ဖိုး (၅၀၀) ကျပ်
ရှင်နှောင်းစာပေ
အမှတ် (၄၅)၊ ရွှေဘုန်းပွင့်ဘုရားလမ်း၊
ကျောက်ရေတွင်းရပ်ကွက်၊
မြောက်ဥက္ကလာမြို့နယ်မှ တစ်ပြည်လုံးသို့
ဖြန့်ချိ၍ ဒေါ်အေးအေးမာမှ
စီစဉ် ထုတ်ဝေပါသည်။
ရှင်နှောင်းစာပေ
Ph-01-666124

BURMESE CLASSIC .com

# ရှင်နှောင်း

# လွယ်လွယ်လေးနဲ့ ချစ်လို့ရှမှာလား မောင်...

www.burmeseclassic.com

www.burmeseclassic.com

ချစ်ခြင်းတစ်ခုရဲ့ ဥယျာဉ်

- ငါ့ကိုမွေးလာကတည်းက
အချစ်ဆိုတဲ့ကောင်
ငါနဲ့အတူတူပါလာခဲ့ပြီး
ငါ့ရင်ဘတ်ထဲမှာ ပုန်းနေလိုက်တာ
ရက်တွေ လတွေ နှစ်တွေ ကြာခဲ့ပါပေါ့လား ...။

- ခုတော့ ...
ဒီကောင်...ငေါက်ခနဲ ထလာခဲ့ပြီး
ငါ့ရင်ဘတ်ထဲကနေ ဖောက်ထွက်လာခဲ့တယ်
အဲဒီ ... ဘယ်သူ့ကြောင့်လဲ သိလား ...
မင်းကြောင့်ပဲပေါ့ (××××) ရယ်... ။

အခန်းစဉ် (၁)

"အချစ်ရဲ့မျက်နှာပြန်လည်တွေ့ရှိခြင်း"

ကောင်းကင်ပေါ်သို့ သူမော့ကြည့်လိုက်တော့ မိုးသားတွေက ပဲတက်လို့လာသည်။ ထို့ပြင် မိုးရေနံ့ပါသော လေတို့ကလည်း ခပ်ရမ်းရမ်းလေးတိုက်ခိုက်လို့လာပြန်၏။

မကြာခင်မှာ . . . မိုးရွာတော့မှာပါလားဆိုတာကို ခန့်မှန်းမိလိုက်တယ်။ ကြိုကြား ကြိုကြားတွင် . . . လျှပ်စီး ကြောင်းတွေက . . . လင်းခနဲ လင်းခနဲ နဲ့ တဖျတ်ဖျတ် ပေါ်ထွက်လို့လာခဲ့ပြန်တတ်သည်ကိုလည်း သူတွေ့ရပြန်ပါသည်။ ထိုစဉ်မှာပင်. . .



www.burmeseclassic.com

www.burmeseclassic.com



"ဂျိန်း . . ."

မိုးခြိမ်းသံတွေ ထစ်ချုန်းသံတွေကလည်း ကောင်းကင်တစ်ခွင်လုံး ဆူညံဝေစီလို့ သွားတော့တယ်။ ဒါနဲ့ . . . သူ။

ခြေလှမ်းကိုခပ်သုပ်သုပ်ပဲ လျှောက်လိုက်မိစဉ်မှာ. . . မိုးက ဒရေသောပါး ရွာချလိုက်သည်။ ထီးကမပါလာသဖြင့် လက်ထဲတွင်ကိုင်ထားသော ဖိုင်တွဲကလေးဖြင့် ခေါင်းကိုကာပြီး ခပ်မြန်မြန်လေး သွားလိုက်တယ်။ ကိုယ့်လိုပဲ ထီးမပါတဲ့သူတွေ ဟိုးပြေး ဒီပြေးနှင့် ဖြစ်လို့နေကြပြီလေ. . . ။

တော်သေးသည်။

သူသွားမည့်လမ်းက မီးပွိုင့်သည် ကားတွေကို မီးနီပြလို့ထားသဖြင့် လမ်းကိုဖြတ်ကူးလိုက်ရတယ်. . . ။ သူ့လိုပင် လမ်းဖြတ်ကူးသူတွေက အများသားပင်. . . ။

မိုးကလည်း ရွာနေဆဲမို့. . .

မီးပွိုင့်ကလည်း နီဆိုတော့ မိုးရွာထဲ မစောင့်ရဘဲ ကားလမ်း၏ ဟိုဘက်ခြမ်းသို့ သူ့ထက်ငါ အလုအယက်ပင် ရောက်အောင် ကူးလို့သွားနေကြသည်။

ထိုစဉ်. . . သူ ကားလမ်းအလယ်တည့်တည့်သို့ ရောက်တော့ . . . ။

"ဒိန်း . . . ဂျိန်း. . ."

မိုးကြိုးတစ်ချက်က ဘယ်ကိုပစ်လိုက်မှန်းကိုမသိ အသံကြီးက နားကွဲမတတ်. . . ထွက်ပေါ်လာတော. . .

"အမလေး. . ."





သူ့ရှေ့ရှိ မိန်းကလေးတစ်ယောက်က ကြောက်လန့်တကြားဖြင့် ကားလမ်းမပေါ်သို့ မျက်နှာကိုလက်ဝါးဖြင့်အုပ်ကာ ထိုင်ချလိုက်ပါတော့တယ်. . . ။

သူ့ရဲ့ခြေလှမ်းတွေလည်း ခေတ္တခဏ ရပ်တန့်လို့ သွားလိုက်တယ်. . . ။

မိန်းကလေးရဲ့ ဖြစ်အင်ကိုကြည့်ရင်း သူ သနားကရုဏာဖြစ်မိလို့သွားခဲ့သည်. . . ။ သို့ပေမယ့် ကလေးလည်းမဟုတ်. . . ဒီအရွယ်ကြီးကျမှ မိုးခြိမ်းသံတွေကို ဘာလို့ကြောက်ရတာလဲ. . . ဟု သူ့စိတ်ထဲက အပြစ်တင်နေမိလိုက်သည်။

နောက်ပြီး. . .

သူ့စိတ်ထဲတွင် ရယ်ချင်သည့် စိတ်တွေကလည်း ဖြစ်ပေါ်လို့လာခဲ့ရပြန်၏။

"ဟင်. . . ကလေးလည်းမဟုတ်ဘဲနဲ့ ကြောက်တတ်လိုက်တာ"

သူ့နှုတ်က. . . လွှတ်ခနဲ ထွက်လို့သွားတယ်။

ဒီတွင် ကြောက်လန့်တကြားနဲ့ ကားလမ်းပေါ်တွင် ဆောင့်ကြောင့်ကလေးထိုင်နေသည့် မိန်းကလေးက မျက်နှာကိုအုပ်ထားသည့် လက်ကလေးဖယ်ပြီး. . . သူ့ကို ဖျတ်ခနဲ လှည့်ကြည့်ပါတယ်. . . ။ပြီးတော့ မျက်မှောင်ကလေး ကျုတ်လိုက်ပြန်သည်။

မျက်နှာလေးက. . . ဝိုင်းဝိုင်းကလေးနှင့်. . . ။

ရွှန်းလဲ့တောက်ပ အိစိုနေသည့် မျက်ဝန်းလဲ့လဲ့လေးက



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းစက်လို့နေတယ်။

မဲထင်းနေသည့် မျက်ခုံးနှစ်ခုကြားက ဖြောင့်... သွယ်တန်းနေသည့် နှာတံကပေါ်လွင်ထင်ရှားလို့နေ၏။ ... သေးသွယ်နေသည့် နှုတ်ခမ်းနှစ်လွှာက လေးကိုင်းသဖွယ်... ဒီကြားထဲ ပါးချိုင့်ကလေးကလည်း ပါသေးရဲ့. . . ။

ဖျတ်ခနဲ သူ့စိတ်က ထင့်ခနဲဖြစ်လို့သွားသည်... သည်မျက်နှာမျိုးကို မြင်ဘူးသည်။ မြင်ဘူးတာမှ ကောင်းကောင်း... မြင်ဘူးခြင်းပါ. . . ။

သူ. . . အလျှင်အမြန် တွေးကြည့်လိုက်တယ်။

သည်တွင်. . . ။

မိန်းကလေးက လှစ်ခနဲထကာ ပြေးထွက်လို့သွား...

ဟာခနဲ. . . သူ့ရင်ထဲမှာ လွမ်းပြီးကျန်ခဲ့သလိုမျိုး... ခံစားလိုက်ရသည်။

သူက. . . ငေးကြောင်စွာပဲ ရပ်လို့နေဆဲပါ။ တွေးဆဲပါ... မိုးသားတွေကလည်း မဲမှောင်နေတုံး. . . ။

မိုးရေစက်တွေကလည်း. . . ကတ္တရာလမ်းမပေါ်ကို... တပေါက်ပေါက်ကျလို့ကောင်းတုံးပင်။

''ပန်း. . . ယ. . . မုံ''

သူ့နှုတ်က အလိုလို ထွက်လို့လာခဲ့တယ်။

''ဟုတ်တယ်. . . ဒီမျက်နှာ၊ ဒီအကြည့်တွေက ငါ့နှလုံးသားမှာ ဘယ်တော့မှ မမေ့ခဲ့ဘူး။ သတိရ တမ်းတ... နေရတဲ့. . . နှစ်တွေကြာခဲ့ပြီပဲ. . . ပန်းယမုံ ရယ်''





သူ မိန်းကလေးကို လှမ်းကြည့်လိုက်သည်။ မတွေ့တော့၊ လူတွေတောထဲမှာ ပျောက်ကွယ်လို့သွား၏။ နှစ်တွေလည်း နှစ်မကကျော်ခဲ့ပြီထင်ပါရဲ့၊ ဟိုတုံးကပေါ့လေ. . . ။

မြစ်ဝကျွန်းပေါ် ဟင်္သာတခရိုင်လေးတစ်ခုအတွင်းက လက်ပန်တွင်းရွာလေးမှာပဲပေါ့. . . ။

ခုလိုပဲ. . . မိုးတွေရွာနေတဲ့အချိန် ရွာအနောက်ဘက်က ချောင်းရိုးလေးမှာ သူနဲ့ ပန်းယမုံ ဆိုတဲ့ ကောင်မလေးတို့ နှစ်ဦး လှေတစ်စင်းနဲ့ ကြာပန်းလေးတွေ ခူးလို့ပျော်ခဲ့တဲ့ အချိန်၊

အဲ့ဒီတုံးက. . .

သူတို့အသက်လေးတွေက ဆယ်နှစ်ကျော်ကျော်လောက် ပဲ ရှိကြပါလိမ့်မည်။ ဘာမှ ပူပန်သောက မရှိတဲ့အချိန်. . . ၊

ပျော်ရွှင်စရာကောင်းလွန်းခဲ့သည့် နေ့ရက်များ၊

ကြာနွယ်ရိုးကလေးများလို အမျှင်တန်းနေသည့် သံယောဇဉ်ကြိုးလေးများ ဖြစ်ခဲ့ကြပါတော့သည်။

❀ ❀ ❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com



(က)

## ''ကြာဆစ်ရိုးလေးများရဲ့ သံယောဇဉ်''

မိုးရေစက်တို့က ချောင်းရေပြင်ထက်သို့ တပေါက်ပေါက်နှင့် ကျလို့နေတယ်။ ရေတက်ချိန်ဆိုတော့ ချောင်းရိုးတစ်လျှောက် ရေတွေကပြည့်လျှံလို့နေသည်။

မိုးဦးကာလဆိုတော့ ချောင်းရိုးကလေးက ရေတွေကနောက်ကျိမှုနည်းသည်။ အမြဲကြည်လင်နေသည်က ထူးခြားလွန်းလှပေ၏။ ချောင်းရိုးကမ်းစပ်ကလေးများတွင် ဒိုက်ပင်၊ ဗေဒါပင်တို့ကလည်း သူ့အစုနဲ့သူ ပေါက်ရောက်လေ့ရှိသော်လည်း နည်းပါးစွာ တွေ့ရတတ်သည်။





အထူးသဖြင့်. . . ကြာဖြူ ကြာနီနှင့် ခရမ်းပြာကြာတို့ကို များပြားလှစွာ တွေ့ရတတ်၏။ ထိုကြာမျိုးစုံကို သက်ပံကွင်းရွာက ရွာသားရွာသူတွေက လှေတစ်စင်းဖြင့် လိုက်လံခူးဆွတ်တတ်ကြပါသည်။ အများအားဖြင့်တော့. . . အရွယ်ရောက်သူ လူငယ်လူရွယ်ကလေးများပင်. . . ။

အိမ်အတွက် ဘုရားပန်းထိုးရန်. . .

ရွာဦးကျောင်းက ဘုန်းကြီးကျောင်းသို့ လှူရန်နှင့်. . . တစ်ချို့ကာလသားများကလည်း ချစ်သူထံပေးရန် ခူးဆွတ်တတ်ကြသည်။

ခုလည်းကြည့်ပါ. . . ။

လှေလေးတစ်စင်းနှင့် ကြာပန်းကလေးတွေကို ခူးနေသူနှစ်ဦး. . . ။ ချစ်သူရည်စားလည်း မဟုတ်သေးသည့်အရွယ်။

သေချာစွာ တွက်ကြည့်မည်ဆိုလျှင်တော့ ဆယ့်သုံးနှစ်တင်းတင်း ပြည့်သည့်အရွယ်တွေ . . . ။

ပန်းယမုံ ဆိုသည့် ကောင်မလေးရယ်. . .

ရဲသွေး ဆိုသည့် ကောင်လေးရယ်လေ. . . ။

သူတို့နှစ်ဦး ဒီလက်ပန်ကွင်းရွာကို ပတ်ခွေစီးဆင်းနေသည့် ချောင်းရိုးကလေးအတိုင်း လှေလေးတစ်စင်းနှင့် ပန်းခူးထွက်လာခဲ့ကြတာ. . . ။

သူတို့နှစ်ဦးစလုံး မိုးတွေဖြိုင်ဖြိုင်ရွာနေတာကိုလည်း မမှု. . . ။

လေတွေ သော့ရမ်းစွာ တိုက်နေတာကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



မကြောက်။

ပျော်ပျော်ပဲ သီချင်းကလေးတွေဆိုလို့ ကြာပန်းလေးတွေခူးလို့နေကြလေသည်။

လှေကလေးကို လှော်မည် ××× ဘေးမသန်းဘဲ အေးချမ်းတော့သည် ××× မြစ်ကမ်းခြေရေနဒီ ××× စီးဆင်းလဲ့လဲ့ကြည် ×××

ရဲသွေး ဆိုသည့် ကောင်လေးက လှေကလေးကို လှော်ရင်း သီချင်းဆိုလို့နေသည်။ ပန်းယမုံလေး ကတော့ ကြာပန်းလေးတွေ တွေ့ရင်ခူးလိုက် ကောင်းကင်ပေါ်သို့ ခေါင်းမော့ မျက်လုံးလေးပိတ်ပြီး မိုးရေစက်တွေရဲ့ ထိတွေ့မှုကို အရသာခံရင်းပျော်လိုက်နှင့် ရေထဲကိုလက်ကလေးနှစ်ပြီး ဆော့ကစားလို့နေတယ်. . . ။

ဒီလိုအချိန်မှာ. . .

မိုးကသဲသဲမဲမဲကို ရွာပြီးရွာလာပြန်တယ်။ ဒါ့အပြင် ကောင်းကင်ကပါ မဲလာပြီး လျှပ်စီးတွေကပါ လင်းလက်လို့ လာတော့တယ်. . . ။

သီချင်းဆိုတဲ့သူကလည်း အသံတွေတိတ်လို့ သွားတော့၏။ ကြာပန်းခူးမည့်သူကလည်း မျက်လုံးကလေး ကလယ် ကလယ်နှင့် မိုးကောင်းကင်ပေါ်သို့ မော့ကာကြည့်လို့နေသည်။

"ရဲ . . . လေပြင်းတွေတောင်. . . တိုက်လာပြီ"

ကြောက်ရွံ့တဲ့စိတ်ကလေးက ရင်ထဲသို့ခိုဝင်လာသည့် အတွက် ပြောလာခဲ့တဲ့ သူမရဲ့စကားတွေကလည်း ရွံ့တွံ့တွံ့နဲ့





ဖြစ်နေတော့တယ်. . . ။

"အိမ်ပြန်ကြတော့မယ်. . . ဟာ"

"အေး. . . ငါလှေပြန်လှည့်လိုက်မယ်"

ဒါနဲ့ ရဲသွေးက လှေဦးကို နောက်ကြောင်းသို့ ပြန်လှည့် လိုက်တယ်. . . ။

ထိုစဉ်မှာပဲလေ. . .

လျှပ်စီးလက်လိုက်သဖြင့် မြေပြင်တစ်ခုလုံး လင်းလက် လို့သွားပြီး . . .

"ဂျိန်း. . . ဒလိန်း. . . လိန်း"

မိုးကြိုးပစ်သံကြီးက ပတ်ဝန်းကျင်တစ်ခုလုံးကို ကြောက်လန့်စေကာ ပေါက်ကွဲမြည်ဟီးလာခဲ့သည့်အတွက်

"အမလေး. . . "

ပန်းယမုံ ကြောက်လန့်တကြားနဲ့ လန့်အော်လိုက် ပါတယ်။

"ယမုံရယ်. . . နင်ကလည်း ကြောက်တတ်လိုက်တာ လွန်ရော. . . "

လက်ဝါးလေးနှစ်ခုကြား မျက်နှာလေးဝှက်ပြီး လှေဝမ်း ထဲသို့ ထိုင်ရက်လေး ကုန်းဝပ်ကာနေသည့် ပန်းယမုံကို ရဲသွေး လှေလှော်ရင်း လှမ်းအော်လိုက်သည်။

သည်တွင်း. . . ပန်းယမုံက လက်ကလေးနှစ်ဖက်ကို ဖယ်ရင်း လှေနောက်ဘက်သို့ လှည့်ကာ ရဲသွေးကို ကြည့် လိုက်တယ်. . . ။



www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောတယ်"

သူမအသံက ဒေါသသံကို ပါနေတော့၏။

"ငါတစ်ယောက်လုံး ရှိပါတယ်မှာ... ။မကြောက်စမ်းပါနဲ့"

"ဟဲ့... ရဲ၊ မိုးခြိမ်းတာတို့၊ မိုးကြိုးပစ်တာတို့က နင်တစ်ယောက်လုံးရှိတာနဲ့ ဘာဆိုင်လို့တုံး... ။အလကား ရှောက်ပြောမနေနဲ့ ဟွန်း"

ဟွန်း... လို့နောက်ဆက်တွဲ အသံလေးထွက်ပြီး မျက်စောင်းလှလှလေးတစ်ခုကို ရဲသွေးထံ ပစ်ပေးလိုက်တယ်။ ရဲသွေးက ကြည်နူးပြုံးရွှင်စွာနှင့် ပန်းယမုံအား ငေးမောကာ ကြည့်နေမိသည်။ သို့ပေမယ့် သူ့မျက်နှာက ကျေနပ်မှု များစွာနှင့်ပါ... ။

"ဘာကြည့်တာလဲ"

ပန်းယမုံက မျက်မှောင်ကျုတ်ကာ နှုတ်ခမ်းလေးစူရင်း မေးလိုက်တယ်။

သူက... ပန်းယမုံ အမေးကို ပြန်မဖြေသေးဘဲ...

ပန်းယမုံရဲ့ မျက်လုံးဝိုင်းဝိုင်းစက်စက်ကလေးရယ်၊

ပါးချိုင့်ကလေးတွေပါတဲ့ ပါးပြင်ပေါ်က သွေးရောင်လေးတွေ မစိုတစ်စို လွှမ်းနေတဲ့ သွေးကြောမျှင်ကလေးတွေရယ်၊

ပန်းဆီရောင်ကလေး ဖြစ်နေတဲ့ ပိရိသေသပ်လှတဲ့ လေးကိုင်းသဖွယ်ဖြစ်နေသော ဖူးအာငုံစ နှုတ်ခမ်းလွှာကလေးရယ်၊

မဲတင်းနေသည့် မျက်ခုံးနှစ်ခုကြားမှ နှာတံကလေး





ကလည်း ဆင်နှာမောင်းသဖွယ် ဖြောင့်တန်းလို့ အဆုံးမှာတော့ လုံးလုံးဝန်းဝန်းနှင့်ရယ်... ။

"ဟဲ့... ရဲ"

"အင်..."

ပန်းယမုံရဲ့ မျက်နှာကို တစိမ့်စိမ့်ကြည့်နေရာမှ မိုးခြိမ်းသံထက်ကို ပို၍ကျယ်သည့်ခေါ်လိုက်သံကြောင့် ရဲသွေး ယောင်နနနှင့် ပြန်ထူးလိုက်ရသည်။

"ငါမေးနေတယ်လေ... ငါ့ကိုစိုက်ကြည့်နေလိုက်တာများ... ပုဇွန်ထုပ်မျက်လုံးကြီးကျနေတာပဲ... ။ဘာမှန်းကို မသိဘူး ဟွန်း"

ဟော... လာပြန်ပြီ။ ဒီ ဟွန်းကြီး။

အဲ့ဒီဟွန်းကြီးနှင့်အတူ မျက်စောင်းကလည်း တစ်ခါတည်း ပါလာခဲ့ပြန်တယ်။

"ယမုံ..."

ပန်းယမုံက မထူးဘဲ နောက်ကိုလှည့်ကာကြည့်လိုက်သည်။

"နင်လေ... ရွာထဲက အပျိုတွေထက် ပိုလှတယ်ဟ"

"ဘာ..."

ဘာဆိုတဲ့ အသံလေးက ခပ်တိုးတိုးလေးရယ်...

ရဲသွေး ဆီက မမျှော်လင့်တဲ့စကားကို ကြားရတော့ ရင်ထဲမှာ ဖိုခနဲ ဒိန်းခနဲဖြစ်လို့ သွားရသည်။ ချက်ချင်းလက်ငင်း ပင် ပန်းယမုံ၏ ခြေဖျားလက်ဖျားတွေ အေးစက်လို့နေတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ... ရဲ၊ နင်ဘာတွေပြောနေတာလဲ...။ ငါက ခုမှ ကလေးပဲရှိသေးတာ"

မဒို့တရှိုဟန်၊ ပါးလေးနှစ်ဖက်ရဲတက်လို့ ရှက်သွေးဖြာလို့သွားဟန်ဖြင့် ပန်းယမုံက စကားကို ကန့်ကရဟန်နှင့် ပြောလိုက်ရသည်။

"တို့တတွေ ကလေးအရွယ်မှာတောင် နင်ဒီလောက် လှနေရင် အပျိုအရွယ်ရောက်ရင်တော့ နင့်လောက်လှမယ့်သူ တို့ရွာမှာ မရှိဘူးဆိုတာ ငါပြောရဲတယ်"

"နင်ကလဲ... မဟုတ်တာ၊ 'တော်တော့ဟာ မပြောနဲ့တော့"

ရှက်သွေးခပ်ဖြန်းဖြန်းနှင့် ပန်းယမုံ ရဲသွေးကို မကြည့်ရဲတော့...။

"ငါ တကယ်ပြောတာပါ ယမုံ၊ အဲ့ဒါခါကျရင် နင့်နားမှာ ကာလသားတွေက ဝိုင်းဝိုင်းလည်နေမှာကို ငါမြင်ယောင်နေမိတယ်... သိလား"

ပန်းယမုံ ရင်တွေ တုန်ယင်လို့နေတယ်။

ရဲသွေး ပြောသမျှတွေကိုတော့ သူမရင်ထဲမှာ ကျေနပ်နှစ်သိမ့်နေမိတယ်လေ...။

ကိုယ့်ကို လှတယ်လို့ပြောလာခဲ့ရင်... ဘယ်မိန်းကလေးက မကြိုက်ဘဲနေလိမ့်ပါ့မလဲ... နော်။

"ယမုံ..."

"ဘာလဲ... ရဲ"





"အဲဒီအချိန်ကျရင်လေ... ငါ့ကိုမမေ့နဲ့နော်"

"အို..."

ပန်းယမုံ ရင်ထဲမှာ ကျင်ခနဲ လှိုက်ခနဲ ဖြစ်လို့သွား...သည်။

ရဲ... ရယ်။

ပန်းယမုံ ရင်ထဲကနေ လှိုက်လှိုက်လှဲလှဲခေါ်လိုက်ပြီး ...သွေးကို စူးစူးနင့်နင့်ကြည့်နေလိုက်မိတော့တယ်... ...ကပ်ပြီး သူ့ရင်ထဲမှာ...

စိတ်ချပါ ရဲရယ်...။

ငါ့ရင်ထဲမှာ နင်ကလွဲပြီး ဘယ်သူရှိမှာမို့လို့လဲဟာ။

"ကဲပါ ရဲရယ်... ။လှေကို မြန်မြန်သာလှော်၊ ...ကိုယ်လုံးလည်း စိုရွှဲနေပြီဟ၊ တော်ကြာ လူကြီးတွေသိရင် ...တ်ပေ့ ဖြစ်နေဦးမယ်"

"ယမုံရယ်... နင့်အဖေ အမေဆူရင်၊ ငါ့ဆီပြေးခဲ့၊ ...ကြီးပတ်ပတ် ဒူဝေဝေ ကစားကြတာပေါ့ဟာ"

"ဟာ နင်ကလည်း... ပေါက်ကရဟာ... ကဲ ...မြန်မြန်လှော်..."

ရဲသွေး ခပ်မြန်မြန်လှော်လိုက်၏။

ခက်ထန်စွာတိုက်နေသည့်လေနှင့်... ခပ်သည်းသည်း ...နေသည့်မိုးစက်များကြားမှ... လှေကလေးက ချောင်းရိုး ...ပြင်မှာ တရှိန်ထိုးကာ သွားလို့နေတော့တယ်...။

သိပ်မကြာလိုက်ပါ...။



www.burmeseclassic.com

www.burmeseclassic.com



ချောင်းရိုးလေးရဲ့ ဟိုဘက်ကမ်း ဒီဘက်ကမ်းကို ဆက်သွယ်ထားသည့် သစ်သားဂုံးတံတားလေးကို လှမ်းမြင်လိုက်ရသည်. . . ။

"ရဲ. . . တံတားပေါ်မှာ အဖေတို့တွေ့ရယ်"

ရဲသွေးက လှေလှော်ရင်းနဲ့ လှမ်းကြည့်လိုက်သည်။

"ဟုတ်တယ်. . . ယမုံ"

"ဒုက္ခပါပဲ. . . ဆူတော့မယ်နဲ့ တူတယ်"

ကြောက်လန့်စွာနှင့်ပြောနေသည့် ပန်းယမုံ၏ စကားတို့သည် တုန်ယင်အက်ကွဲလို့နေ၏။

"ဆူလည်း ခံလိုက်ကြတာပေါ့"

"ငါ. . . ငါ ကြောက်တယ် ဟ"

"ဘာကို ကြောက်ရမှာလဲ. . . "

"နင့်အဖေကို. . . ကြောက်တယ် ရဲရယ်"

"မကြောက်နဲ့ ငါတစ်ယောက်လုံးရှိတယ်. . . ။ နင်ဘာမှ မပြောဘဲနေ၊ ငါကြည့်ပြောလိုက်မယ်"

တဖြည်းဖြည်းနှင့် တံတားနှင့် နီး နီးလာခဲ့သည်။ တံတားပေါ်တွင်ရှိ လူကြီးနှစ်ယောက်၏ ရုပ်သွင်ကလည်း ပို၍ ပီပြင်စွာမြင်နေရပြီ။

ထိုလူကြီးနှစ်ယောက်၏ မျက်ဝန်းအကြည့်တို့က သူတို့နှစ်ဦးသားပေါ်သို့ တင်းမာ ခက်ထန်စွာနှင့် ဖြစ်နေကြသည်။ ယောက်ျားဆောင်း ထီးကြီးတွေ ကိုယ်စီဆောင်းလို့ မလှုပ်မယှက်ဘဲ ကျောက်ဆစ်ရုပ်တွေလို ငြိမ်သက်စွာပဲ ရပ်လို့





နေကြသည်။

တံတားတစ်ခုရဲ့ ကမ်းစပ်ကိုကပ်ကာ လှေကိုရပ်တန့်အောင်ထိန်းလိုက်သည်။ ဒီတော့မှ ပန်းယမုံက လှေကြိုးကိုကိုင်ကာ ကုန်းလိုက်ပြီး ကမ်းစပ်ပေါ်သို့ဆင်းကာ ချည်တိုင်တွင် လှေကြိုးကိုချည်းလိုက်၏။

ရဲသွေးလည်း လှေပေါ်မှဆင်းလာပြီး ပန်းယမုံနှင့်အတူ တံတားပေါ်သို့ တက်လာခဲ့တယ်. . . ။ သူတို့နှစ်ယောက်ရဲ့ အကြည့်ကလေးများကလည်း လူကြီးတွေဆီရောက်လို့နေသည်။

တောင်းပန် တိုးလျှိုးသော အကြည့်. . . ။

အပြစ်တစ်ခုကို ပန်ခံဘို့အတွက် ရဲဝံ့စွာကြည့်သည့် အကြည့်. . . ။

ဒီအကြည့်နှစ်ခုက ဆန့်ကျင်ဘက်များဖြစ်နေမလားပင်။

"ဖေဖေ. . . သားလှေစီးချင်တာနဲ့ ပန်းယမုံကို ခေါ်သွားတာ"

အနားသို့ရောက်တယ်ဆိုရင်ပဲ. . . ရဲသွေးက သူ့အဖေကို ဦးစွာပြောလိုက်တယ် ဆိုရင်ပဲ. . .

"ကဲကွာ. . . "

"ဖောင်း. . . "

"အ. . . "

"အိုး. . . "

အမှတ်မထင်ဘဲ ရဲသွေး၏ နရင်းကိုရိုက်ချလိုက်သဖြင့် တံတားပေါ်သို့ ရဲသွေး အရုပ်ကြိုးပြတ် လဲကျလို့သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . . မြဒင်"

ပန်းယမုံနှင့် သူမအဖေတို့က အံ့ဩတသင့်ကြီး ဖြစ်လို့သွားခဲ့ရသည်။

ချက်ချင်းဆိုသလိုပင်. . . ပန်းယမုံက ရဲသွေးကိုပြေးပွေ့ထူလိုက်ရင်းက. . .

"ဦးလေးရယ်. . . ရဲကို ယမုံ ခေါ်သွားတာပါ။ ရဲကိုမရိုက်ပါနဲ့၊ ယမုံကို ရိုက်ပါ"

တောင်းပန်ခယစွာနှင့် ပန်းယမုံ မျက်ရည်ကျရင်းပြောလိုက်ရာ. . .

"အောင်မြိုင်"

"ဟော်. . . ဘာလဲ မြဒင်"

"မင်းသမီးကို ခေါ်သွားတော့"

ဦးအောင်မြိုင်က ပင့်သက်မောကိုချရင်း. . .

"အေးကွာ. . . "

လဲကျနေသည့် သူတို့နှစ်ယောက်ဆီသို့ ဦးအောင်မြိုင်သွားကာ ရီဝေသော မျက်လုံးများဖြင့်ကြည့်လိုက်သည်။ ပြီးတော့မှ. . .

"သမီး ထ. . . သွားမယ်"

သူ့သမီးလက်ကို ဆွဲထူလိုက်ပြီး ရဲသွေးကို နင့်နင့်နဲနဲကြည့်လိုက်သည်။ ပန်းယမုံကလည်း ရဲသွေးကို ညှိုးငယ်စွာနဲ့ကြည့်လိုက်ပြီး ထလိုက်ရသည်။ သူမမျက်ဝန်းတွင် မျက်ရည်စတို့က ဝေ့သီလို့နေတယ်. . . ။





ဦးအောင်မြိုင်က ပန်းယမုံ၏ ပခုံးလေးကိုဖက်တင်ရင်းနှင့် ဦးမြဒင်၏ ရှေ့ကနေ ထွက်ခွာလို့ သုံးလေးလှမ်းအရောက်မှာတော့. . .

"အောင်မြိုင်"

ခပ်ပြတ်ပြတ် ခပ်မာမာခေါ်လိုက်သဖြင့် ဦးအောင်မြိုင်က ဦးမြဒင်အား လှည့်ကြည့်လိုက်တယ်။

"မင်းသမီးကို ပြောထား။ ငါ့သားနဲ့ ဘာတစ်ခုမှ ပတ်သက်နဲ့လို့. . . ဟုတ်ရဲ့လား"

ဦးအောင်မြိုင်ရဲ့ မျက်လုံးတွေက ဖျတ်ခနဲ စူးရှပြင်းထန်စွာနဲ့ တင်းမာခက်ထန်လို့သွားသည်။ ခဏအတွင်းမှာပဲ တောင်းခနဲ ဒေါသက ထွက်လို့လာ၏။

သို့ပေမယ့် . . .

မျက်လုံးကို စုံမှိတ်ပြီးဒေါသကို မြိုချလိုက်တယ်။

အော်. . . ဒါ ငါ့ရဲ့အလုပ်ရှင်ပါလား ဆိုတာကို စိတ်ထဲသို့သွင်းကာ သည်းခံလိုက်ရသည်။

"ကောင်းပြီ မြဒင်. . . မင်းပြောတဲ့အတိုင်းဖြစ်စေရမယ်"

စေ့စေ့ကလေးကြည့်ရင်း ပြောလိုက်သည့် ဦးအောင်မြိုင်အသံက ပျော့ပျောင်းသလိုနှင့် မာကျောသွားသည်ကိုတော့ ဦးမြဒင်တစ်ယောက် သိလိုက်ပါသည်။

❀ ❀ ❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



(၁)

## "အဖြူရောင် ဖန်းချီကားလေးများ"

မနက်မိုးလင်းလို့ ခုနစ်နာရီလောက် အချိန်ရောက်ပြီ ဆိုလျှင်ဖြင့် ဒီတာပေါင်ရိုးပေါ်သို့ ကျောင်းသူကျောင်းသားလေးများ ရောက်လာခဲ့ကြပါသည်။ ဒီလက်ပံကွင်းရွာလေးတွင် မူလတန်း အဆင့်ကျောင်းကလေးတစ်ကျောင်းသာ ရှိခဲ့သည်။

အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့်သို့ ကျောင်းတက်လိုလျှင်တော့ ဘန့်ဘွေးကုန်းရွာကြီးရှိ တွဲဘက် အထက်တန်းကျောင်းသို့ ခုလို သွားရောက်တက်ကြရသည်။ သည်လက်ပံကွင်းရွာမှ... ဘန့်ဘွေးကုန်းသို့သွားလျှင် တစ်နာရီခွဲ





သာသာ လမ်းလျှောက်သွားကြရ၏။

တစ်ချို့က စက်ဘီးနှင့်သွားကြသော်လည်း ဒီလို မိုးတွင်း ကာလဆိုလျှင်တော့ တာရိုးလမ်းက ရွှံ့ဗွက်တွေနှင့် စက်ဘီးက သွားလို့မဖြစ်တော့... ။ ဒီတော့ ခုလိုပဲ ရွှံ့ဗွက်တောထဲမှာ ခြေထောက်တွေကို တစ်ဖက်နှုတ် တစ်ဖက်ကျွံနဲ့ ကျောင်းတက်ကြ ရတော့တာပေါ့... ။

ခုလည်းကြည့်လေ...

ပန်းယမုံ နှင့်ကျောင်းသူကျောင်းသားတွေ... ။

ဒီတာရိုးပေါ်က လမ်းပေါ်မှာ ထဘီတွေ ပုဆိုးတွေကို ခပ်တိုတိုဝတ်ကြလို့ ဗွက်တောထဲမှာ လျှောက်နေကြရသည်။ ဒါပေမဲ့... သူတို့လေးတွေရဲ့ မျက်နှာကလေးတွေက ပြုံးပြုံး ရွှင်ရွှင်နှင့် ပျော်ပျော်ပါးပါးသွားနေကြတာက တစ်မျိုးချစ်စရာ ကောင်းနေတော့တယ်။

သို့သော်...

ပန်းယမုံကတော့ မျက်နှာကလေး ညှိုးညှိုးငယ်ငယ်နှင့် ခေါင်းကိုအောက်စိုက်လို့ တစ်လှမ်းချင်းလှမ်းလို့သွားနေ၏။ စိတ်နှင့်လူက အတူဒွန်တွဲနေဟန် မတူချေ။

ဒါကို သူ့အနီးနားက တစ်ရွာတည်းသားလည်းဖြစ် သူငယ်ချင်းလည်းဖြစ်ကြတဲ့ မိဖြူနှင့် သိန်းတန် တို့က သတိ ထားမိကြတော့သည်။ သူတို့နှစ်ယောက်လည်း ပန်းယမုံနှင့် အတန်း အတူတူပင်... ။

"ဟဲ့... ပန်းယမုံ"



www.burmeseclassic.com

www.burmeseclassic.com



မိဖြူမက ပန်းယမုံ၏ မျက်နှာရှေ့တည့်တည့်မှ သူမ ခေါင်းကို ငုံ့စောင်းကာကြည့်ရင်း ခေါ်လိုက်တယ်။ ပန်းယ ကတော့ မထူးဘဲ မျက်လုံးကလေးကိုလှန်ကာ ပြန်ကြည့်လိုက် မိသည်။

"နင် ဘာဖြစ်နေတာလဲ ဟင်"

ပန်းယမုံက ဘာမှမဖြစ်ဘူးဆိုတဲ့ သဘောဖြင့် ခေါင်း ရမ်းပြလိုက်တယ်. . . ။

"ဒါဆို. . . ရဲသွေး မလာလို့လား"

သူမရဲ့ အခြေအနေကိုကြည့်သည့် သိန်းတန် က လိုက်တော့. . . ဖျတ်ဆို ပန်းယမုံက သိန်းတန် ဆီသို့ကြည့် လိုက်၏။ သူမရင်ထဲက ခံစားနေရသည့်အဖြစ်ကို သိန်းတန် တစ်ယောက် တပ်အပ်သိနေသည်ကို အံ့ဩနေမိသည်။

မနေ့က. . .

သူမနဲ့ ရဲသွေးတို့ ရွာထဲက ရိုးလေးမှာ လှေတစ်စီးနဲ့ ပန်းခူးထွက်လာခဲ့ကြတာ ဖြုန်းဆို မိုးတွေကလည်း ရွာလာတော့ သူမတို့နှစ်ယောက်လုံး ကြွက်စုတ်ကလေးတွေ ဖြစ်ကုန်ကြတာ ရယ်. . . နောက် လူကြီးတွေက စိတ်ပူပြီး သစ်သားဂုံးတံတား လေးပေါ်ကနေ စောင့်လို့. . . သူမတို့နှစ်ယောက် ပြန်လာတော့ ပြဿနာတက်ခဲ့ရတာတွေကို မြင်ယောင်နေမိခဲ့သည်။

ခု. . . ။

ဘာကြောင့် ရဲသွေး ကျောင်းမတက်တာလဲ. . . ။ မိုးတွေမိလို့ အပြင်းဖျားပြီး ကျောင်းမတက်နိုင်တာလား. . . ။





ဒါမှမဟုတ် သူ့အဖေ ဦးမြဒင်ကြောင့်လား. . . ။

သူမ ကလေးအတွေးနဲ့ ဟိုလျှောက်တွေးလိုက် ဒီလျှောက်တွေးလိုက်နှင့် ဖြစ်နေတော့သည်။ သူမကိုတောင် သူမအဖေက အိမ်ပြန်ရောက်တော့ ဆူလိုက်တာ ပွက်ပွက်ကို ညံ့သွားတော့တယ်။ တစ်ခါမှ သူမအဖေ မဆူခဲ့ဘူး။ ဒီတစ်ခါတော့ ဒေါသက တအားကိုထွက်လို့လာခဲ့တာ။ တော်သေးသည် သူမကို မရိုက်လို့ပေါ့. . . ။

ထိုစဉ်. . . သူမ အတွေးမဆုံးသေးခင်မှာ. . .

တာရိုး၏တစ်ဖက် မြစ်ကမ်းစပ်မှ စက်တပ်လှေကလေး၏ စက်သံကိုကြားလိုက်ရသည်။

"ထုပ်. . . ထုပ်. . . ထုပ်. . . ထုပ်. . . "

အမှတ်တမဲ့ မြစ်ဘက်သို့စောင်းငုံ့ကြည့်လိုက်သည်။

အို. . . ရဲ. . . ။

သူမရဲ့ ပါးစပ်ဖျားက ခေါ်လိုက်သော်လည်း အသံက ထွက်မလာခဲ့ပါ။ ဝမ်းသာလွန်းသဖြင့် အသံတွေက လည်ချောင်းဝ တွင် တစ်ဆို့လို့နေသည်။ မျက်ဝန်းအကြည့်ကလည်း ရွှန်းစို တောက်ပြောင်လို့ သွားတော့၏။

ခုမှပဲ. . . အေးစက်စက်နဲ့ မျက်နှာသေလေးဖြစ်နေသော ပန်းယမုံ၏ မျက်နှာကလေးက နေထိမှပွင့်လန်းရသည့် နေကြာပွင့်လေးတစ်ပွင့်လို လန်းဆန်းစိုပြေလို့သွားတော့၏။

"ဟေး. . . "

တာရိုးတစ်လျှောက် ကျောင်းသူကျောင်းသားတွေကို



www.burmeseclassic.com

www.burmeseclassic.com



ငေးကြည့်နေသည့် ရဲသွေးမှလည်း ပန်းယမုံကို မြင်လိုက်ရတော့ ဝမ်းသာအားရနှင့် လှမ်းကာအသံပြုလိုက်ရင်း လက်ကိုယမ်းပြ ရှာသည်။

ဒီတော့လည်း. . . ပန်းယမုံ မနေသာတော့. . . ။

ဝမ်းသာကြည်နူးစွာနှင့် လက်နှစ်ဖက်ကို အားပါးတရ ဝေ့ရမ်းပြလိုက်၏။ သူမရင်ထဲမှာလည်း ရဲ ရေ. . . ရဲ ဟု အော်ခေါ်နေမိတော့၏။

"ယမုံ. . . ကျောင်းကနေ စောင့်နေမယ်နော်"

ပါးစပ်နား လက်ဝါးလေးကာပြီး တာရိုးပေါ်က ပန်းယမုံကို ရဲသွေး အော်ပြောလိုက်သည်။

ဝမ်းသာအားရနှင့် ပန်းယမုံက ခေါင်းညိတ်ပြရှာ၏။

လှေပေါ်ကနေ ရဲသွေးက ပန်းယမုံကို ရွှန်းရွှန်းစားစား ငေးမောကြည့်နေမိသည်။ ပန်းယမုံကလည်း ကုန်းအထက် တာရိုးပေါ်ကနေ ရဲသွေးကို ငေးစိုက်အကြည့်နေမိကြသည်။ တစ်ယောက်ကိုတစ်ယောက် စကားတွေလည်း အလုအယက်ကို ပြောနေကြလေသည်။

မျက်ဝန်းများနှင့်. . . ။

နောက်ပြီး နှလုံးသားနှင့်လေ. . . ။

ဘာတွေပြောနေကြသလဲဆိုတာ သူတို့နှစ်ယောက်ပဲ သိကြမှာပဲ မဟုတ်လား. . . ။

လှေကလေးကလည်း. . . တထုပ်ထုပ်နှင့် စက်သံလေး ပေးပြီး မြစ်ရေပြင်ကို ခွဲလို့ထွက်သွားတော့ တဖြည်းဖြည်းနှင့်





ပန်းယမုံနှင့် ဝေး၍ ဝေး၍ သွားတော့သည်။

ပန်းယမုံရဲ့ မျက်ဝန်းအကြည့်မှာ ရဲသွေးရဲ့ လှေလေးက မှိန်ဝါးဝါးကလေး ဖြစ်သွားတော့မှ. . .

ဟင်းခနဲဆိုပြီး သက်ပြင်းပူတစ်ချက်ကို ပန်းယမုံက ချလိုက်ရတော့တယ်။

"ပန်းယမုံ. . . ဟဲ့ ပန်းယမုံ"

မိဖြူမရဲ့ အော်ခေါ်လိုက်သံကြောင့် ပန်းယမုံစိတ်ထဲ ထောင်းခနဲ ဖြစ်လို့သွား၏။

"ဘာလို့ ဒီလောက်အော်ခေါ်နေရတာလဲဟဲ့. . . ငါ နားမပင်းသေးဘူး"

"နင် နားမပင်းဘဲနဲ့ မတ်တပ်ကြီးရပ်ပြီး သေသွားလားလို့ခေါ်ကြည့်လိုက်တာ. . . တကယ်ပဲဟယ်"

"အေးပါဟာ. . . နင် ရဲသွေးကို ကြည့်နေလိုက်တာ များဟာ. . . ငါ့ရင်မှာတောင် တစ်မျိုးဖြစ်သွားတယ်ဟ သိလား"

မိဖြူမရဲ့စကားကို သိန်းတန်ကပါ ဝင်ပြီး စွက်ဖက် စကားဆိုလိုက်သဖြင့်. . .

"နင့်ရင်ထဲမှာ ဘယ်လိုဖြစ်သွားလို့လဲ သိန်းတန်"

"နင် ရဲသွေးကို ကြည့်လိုက်တဲ့အချိန် နင့်ရဲ့မျက်နှာက ကြည်နူးဝမ်းသာ ပျော်ရွှင်သွားတယ်လေ. . . ။ နောက် ညှိုးကျ သွားပြီး ဝမ်းနည်းလို့သွားတယ်။ ဟုတ်တယ်မဟုတ်လား ပန်းယမုံ"

ပန်းယမုံ ငြိမ်လျက်နေသည်။ ဟုတ်တယ် မဟုတ်ဘူး



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာကိုလည်း မဖြေမိ။

"နှင့်မျက်နှာရဲ့ အပြောင်းအလဲကိုကြည့်ပြီး. . . နှင်နဲ့ရဲသွေးတို့ တစ်ခုခုဖြစ်ခဲ့ကြလိမ့်မယ်လို့ စိတ်ထဲမှာထင်မိတယ်ဟာ. . . "

သိန်းတန်၏ ထင်မြင်ချက်က မှန်လွန်းလှပါသည်။

"နှင့် ထင်မြင်ချက်တွေ မှန်တယ် သိန်းတန်၊ ငါနဲ့ရဲသွေး နှစ်ယောက်ထဲ မနေ့က လှေတစ်စင်းနဲ့ တို့ရွာရဲ့ချောင်းရိုးလေးမှာ. . . ကြာပန်းခူးထွက်ကြတာ. . . မိုးတွေကလည်းရွာလို့. . . "

ပန်းယမုံက သူနဲ့ ရဲသွေး၏ ဖြစ်အင်တွေကို သိန်းတန်နဲ့ မိဖြူမတို့ကို ပြောပြလို့နေတယ်။

ကြည်နူးပျော်ရွှင်ခြင်းတွေ. . .

ဝမ်းနည်း ပူဆွေးခြင်းတွေ. . . ဖြစ်ခဲ့ရသည့် ပန်းယမုံနှင့်ရဲသွေးတို့၏ အဖြစ်ကို ကြားလိုက်သိလိုက်ရသည့်ခဏကြေကွဲခြင်းတွေက သိန်းတန်နှင့် မိဖြူမတို့ ရင်နှင့်မမျှအောင်ခံစားနေမိပါတော့သည်။

ညနေကျောင်းဆင်းတော့ ရဲသွေးက. . . ပန်းယမုံတို့နဲ့အတူ လမ်းလျှောက်ပြန်သည်။ သူ့အိမ်က လာကြိုသည့်လှေကိုမစီးဘဲ ဒီအတိုင်းပြန်လွှတ်လိုက်၏။

ဒါတောင် လှေမောင်းသမား ကိုသံလုံးနှင့် စကားတော်တော်ပြောလိုက်ရသည်။

"မောင်ရဲ ရာ. . . မင်းလည်း ခင်းအဖေအကြောင်း





သိသားနဲ့ကွာ မင်းမပါဘဲနဲ့ ပြန်သွားရင် ငါတော့ အပွမ်ခံရတော့မှာပဲ ဟေ့ကောင်ရာ"

"ဟာဗျာ. . . အိမ်ရောက်မှ ကျွန်တော့်ကို ပွမ်ချင်ပွမ်ရိုက်ချင်ရိုက်ပစေဗျာ. . . ကျွန်တော် သူငယ်ချင်းတွေနဲ့ပဲ ပြန်မယ်၊ သွားပါဗျာ ကိုသံလုံးသာ ဒီလှေကိုပြန်မောင်းသွားတော့"

"ဟာကွာ. . . မင်း ငါ့ကို ဒုက္ခပေးပြန်ပြီ ရဲလေးရာ၊ ငါတော့ ငိုချင်တော့တာပဲကွာ"

"အာ. . . မငိုပါနဲ့. . . လှလည်းမလှဘဲနဲ့"

"ဟ. . . ငိုလို့လှတာ ဘယ်သူရှိလို့လဲကွ"

"ရှိတာပေါ့ဗျာ"

"ဘယ်သူလဲ. . . ကဲ ပြောစမ်း"

"ဘယ်သူတွေ ဖြစ်ရမှာလည်း မိန်းမတွေပေါ့ဗျ"

"ဘာကွ"

"ဘာကွ ညာကွတွေ လုပ်မနေနဲ့၊ ဟိုနေ့ညနေပိုင်းကလေ. . . ဆန်စက်ပိတ်ချိန်မှာလေ၊ ဆန်စက်ရဲ့နောက်ဘက်မှာ ကိုသံလုံးနဲ့ မမြဝင်းတို့ ဘာလုပ်နေကြတာလဲ"

"ဟေ. . . "

ကိုသံလုံး ဟုန်လှုပ်ချောက်ချားလို့သွားတော့တယ်၊ နောက်ပြီး ရဲသွေးကိုလည်း မျက်လုံးမျက်ဆန်ပြူးကာကြည့်လိုက်သည်။

"ဟေတွေ ဘာတွေ လုပ်မနေနဲ့၊ အဲဒီတုံးက မမြဝင်းက ဘာရှုပ်ရှုပ်ငိုနေတာလေ၊ ကိုသံလုံးရဲ့ ပခုံးလေးကို တန့်ကယ



www.burmeseclassic.com

www.burmeseclassic.com



ငိုနေတာက သိပ်လှတာဗျ… အမယ် ကိုသံလုံးက ချောလိုက် မမြဝင်းက ပိုပြီးငိုပြလိုက်နဲ့ ကျွန်တော်တော့ တကယ်ကြည့်လို့ ကောင်းလိုက်တာဗျာ''

''ဟာ ဟော့ကောင်… ဟော့ကောင် မင်း မင်း''

''ဟော့ကောင်တွေ၊ မင်းတွေ လုပ်မနေနဲ့… ဟိုမှာ သူငယ်ချင်းတွေ စောင့်နေတယ်… သွားမယ်ဗျာ… '' အဖေ့ကိုသာ ကိုသံလုံးကြည့်ပြီးပြောလိုက်တော့… ''

''မင်း… ကွာ''

ကိုသံလုံး စကားပင်မဆုံးလိုက်ပါ။ ကမ်းစပ်ကနေ ရဲသွေးက လှစ်ခနဲပြေးသွားပြီး တာရိုးပေါ်သို့တက်လို့ သွားတော့သည်။ ကိုသံလုံးက စိတ်တည်ငြိမ်မှု ကင်းမဲ့စွာဖြင့် စက်လှေကလေးကို မောင်းထွက်လို့သွားတော့၏။

''ရဲ… နင်ကတော့ ပြဿနာတက်တော့မှာပဲ''

တာရိုးပေါ်သို့ လမ်းလျှောက်နေရာမှ ပန်းယမုံက ရဲသွေး ဘက်သို့လှည့်ကာ မေးလိုက်သည်။

''တက်တော့လည်း တက်ပေါ့ဟာ''

ခပ်ပြတ်ပြတ်ကလေးပဲ… ရဲသွေးက ပြန်ပြောလိုက်တော့ ပန်းယမုံရဲ့ မျက်နှာလေးက ညှိုးယော်လို့သွားခဲ့ရသည်။

''နင်… မနေ့က ဘာဆက်ဖြစ်သေးလဲဟင် ရဲ''

''ရေရေလည်လည်ကို ဆူတာပေါ့ဟာ… ''

''ရိုက်ကော ရိုက်သေးလားဟင်''

''ငါ့ပေါင်နဲ့ တင်ပါးမှာ အရှိုးရာတွေချည်းပဲ၊ နှစ်ပင်မှ





ကြိမ်လုံးကြီးနဲ့ကို လွှဲလွှဲပြီးရိုက်တာ… ။တော်တော်နာတယ်။ အသည်းခိုက်မတတ် နာတယ်ဆိုတာ အဲဒါပဲလားမသိဘူး''

ရဲသွေးပြောသမျှကို မျက်နှာလေးငယ်ငယ်နဲ့ ပန်းယမုံ နားထောင်လို့နေသလို သိန်းတန်နဲ့ မိဖြူမတို့နှစ်ဦးကလည်း စိတ်မကောင်းဟန်လေးတွေနှင့် ဖြစ်နေရှာသည်။ ဒါပေမဲ့ မိဖြူမက

''ရဲသွေးရယ်… နင်က ဆန်စက်တွေ၊ ဆီစက်တွေ ဘယ်တွေယာတွေပိုင်တဲ့ လုပ်ငန်းရှင်သူဌေးရဲ့ သားတစ်ယောက်၊ ငါတို့တတွေက နင့်အဖေရဲ့လက်အောက်မှာလုပ်နေရတဲ့ အလုပ်သမား သားသမီးတွေလေ… ။ဒီတော့ နင်နဲ့ ငါတို့က အဆင့်အတန်းခြင်းက အလိုလိုကွဲပြားနေပြီပဲ… ''

''မိဖြူမပြောတာ သိပ်မှန်တယ်… ငါတို့က နင်းပြား ဘဝတွေဆိုတော့ မင်းကို မင်းအဖေက ငါတို့နဲ့ ဘယ်ပေါင်း စေချင်မှာလဲကွာ… ''

မိဖြူမနဲ့ သိန်းတန်တို့၏ စကားတွေက သူ့ရင်ကို နာကျင်ထိခိုက်စေတော့သည်။

''ငါမှာ အဲဒီစိတ်ဓာတ်တွေ လုံးဝ မရှိဘူး၊ မင်းတို့ဟာ ငါ့ရဲ့ အချစ်ဆုံး သူငယ်ချင်းတွေ၊ ငါ့မိဘတွေ ဘယ်လိုပဲ အဆင့်အတန်းခွဲခွဲ ငါတော့ မင်းတို့ကို ခေါ်မှာပဲ၊ တကယ်လို့ပေါ့လေ… မင်းတို့နဲ့ ခေါ်ခေါ်ပြောပြောနေလို့ ငါ့မိဘတွေက ငါ့ကို သတ်မယ်ဆိုရင် ငါအသေခံသွားမယ် သိလား သူငယ်ချင်းတို့''



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားကြောင့် ပန်းယမုံ အပါအဝင် မိဖြူမနှင့် သိန်းတန်တို့တတွေမှာ. . . မင်သက်သွားမိတော့သည်။ သူတို့ရဲ့ စိတ်တွင်လည်း. . .

ကြည်နူးခြင်းတွေလား. . .

ကြေကွဲဝမ်းနည်းမှုတွေလားဆိုတာကိုလည်း မမှန်းဆနိုင်လောက်အောင် ခံစားလိုက်မိသည်။

''ရဲ. . . ''

အကြည့်ရှမ်းလဲ့မှုနှင့်အတူ ဝမ်းသာကြည်နူးမှုဖြင့် ပန်းယမုံက ရဲသွေးကိုခေါ်လိုက်၏။

''ဘာလဲ. . . ယမုံ''

''မနေ့က နင်အိမ်မှာ အရိုက်ခံသလို. . . ခုလည်း ပြန်ရောက်ရင် အရိုက်ခံရဦးမယ် ထင်တယ်ဟယ်''

''ငါပြောပြီးပါကောလား. . . သေအောင်ပဲရိုက်ရိုက်ဟာ ငါ နင်တို့တတွေကိုတော့ မခေါ်မပြောဘဲ မနေနိုင်ဘူးဟာ''

''ရဲ ရယ်၊ နင် အဲ့ဒီလောက်တောင် ငါတို့ကို ခင်ရလားဟာ''

ဝမ်းနည်းကြေကွဲစွာနဲ့. . . ပန်းယမုံက မျက်နှာလေး ညှိုးငယ်စွာဖြင့် ရဲသွေးကိုကြည့်ရင်း ပြောလိုက်ပါတယ်။ စိတ်ထဲကနေလည်း သနားနေမိလိုက်သည်။

သိန်းတန်နှင့် မိဖြူမတို့ကလည်း စိတ်မကောင်းသော မျက်နှာများနှင့်. . .

ယမုံရယ်. . .





ဒီလောကကြီးထဲမှာ ငါ သံယောဇဉ် အရှိဆုံး၊ အတွယ်တာဆုံး၊ အမြတ်နိုးဆုံး၊ နောက်ပြီး. . . အချစ်ရဆုံး ကောင်မလေးဟာ နင်ပါလို့ပြောရင်. . . ယုံမှာလား ပန်းယမုံရယ်။

❀ ❀ ❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com



(၈)

## ''ပုံဆောင်ခဲတစ်ခုရဲ့ အတ္တမှန်''

''ဟော့ကောင်. . . ရဲသွေး''

ရှုံ့တွန့်နေသော ကြောက်စိတ်ကို မနည်းမျိုသိပ်ရင်း ဦးမြဒင်ကိုမော့ကြည့်လိုက်သည်။ ဦးမြဒင်၏ ခက်ထန်မောက်မာလွန်းသည့် အကြည့်တစ်ခုက အဟုန်ပြင်းစွာ တောက်လောင်လွန်းနေသည့် မီးတောက်တစ်ခုပမာ. . . ပြင်းထန်လွန်းအားကြီးလှပေသည်။

''မင်းကို. . . ငါ ဘာပြောထားသလဲကွ ဟင်''

ရဲသွေး မဖြေ။ နှုတ်ဆိတ်နေမိသည်။





ဦးခေါင်းကိုလည်း ဖြည်းဖြည်းချင်း ငုံ့လိုက်သည်။ ပြောချင်သလိုပြော လုပ်ချင်သလိုလုပ်ဆိုပြီး နေလိုက်သည့်သဘောပင်။

''သံ ပုံးကိုလည်း ဒီအတိုင်းပြန်လွှတ်လိုက်တယ်။ ပေ့ကွာ. . . မင်းတော်တော်သတ္တိကောင်းနေပါလား သွေးရဲ့''

''အဆင့်အတန်းမြင့်မြင့်မားမား ဖြစ်ချင်တဲ့သူက အဆင့်အတန်းမြင့်တဲ့သူတွေနဲ့ပဲ ပေါင်းရသင်းရတယ်လို့ ငါပြောထားတာက မသိတာလား. . . မမှတ်တာလား. . . ဟော့ကောင် ပြောစမ်း. . . ငါ့ကိုပြောစမ်း''

ရဲသွေး ကြမ်းခင်းပေါ်က ဖရောင်းပုဆိုးကိုသာ ပွာယမ့် ငေးစိုက်ကာကြည့်နေလိုက်မိသည်။

''ကိုမြဒင်ရယ်. . . တိုးတိုးသက်သာပြောစမ်းပါ။ ဒါတည်း ဒေါ်သက အရင်ဆုံးထွက်လာတော့တာပဲ. . . ။ တော့မှ အေးအေးဆေးဆေး ချော့ပြီးမပြောဘူး''

သားအပနှစ်ယောက်ရဲ့ ဖြစ်အင်ကိုကြည့်ပြီး သူ့ရဲ့ အမေ ရွှေရည်က စိတ်မသက်မသာနဲ့ကို ဖြစ်လို့နေရင်းပြောလိုက်ရာ

''ရွှေရည်. . . ''

ဦးမြဒင်က ခပ်ထန်ထန်နှင့်အော်လိုက်တယ်။

''ငါပြောနေတဲ့အချိန် မင်း ဘာတစ်ခွန်းမှ ဝင်မပြောနဲ့''

ဒေါ်ရွှေရည် မကျေမနပ်နှင့် ဦးမြဒင်ကို မျက်စောင်း လိုက်သည်။ ဒါပေမဲ့ စကားတစ်ခွန်းကိုတော့ ပြောလိုက်



www.burmeseclassic.com

www.burmeseclassic.com



သေး၏။

"ရှင် ကျွန်မသားကို ဆူချင်ဆူနော်... မနေ့ကလိုတော့ မရိုက်နဲ့၊ ကျွန်မ မကြိုက်ဘူးသိလား"

ဦးမြဒင်တစ်ယောက် လိပ်ခဲတင်းလင်း ဖြစ်လို့သွား၏ အသက်ကို ခပ်ပြင်းပြင်းရှူလိုက်ရင်းက ဆောင့်ကြီးအောင့်ကြီး မှုတ်ထုတ်လိုက်သည်။ ပြီးတော့... ရဲသွေးကို ခပ်စူးစူးလေး ကြည့်လိုက်ပြီး...

"မင်းကွာ... ဒီလိုနင်းပြားဘဝက လူတွေနဲ့ မပေါင်း သင်းပါနဲ့လို့ ငါပြောထားတာ... ဒီမှာ ဟောကောင် ချေးတော ထဲကလောက်က ချေးတောထဲမှာပဲ ပျော်တယ်ကွ၊ အဲ့ဒါ မင် နားလည်သလား ... ဒီမှာ ဟောကောင်"

ဦးမြဒင်၏ မျက်ဝန်းတို့က ပြူးကျယ်လို့လာပြီး လေသံ ကလည်း ခက်ထန်စွာနဲ့ မာကျောကာ ရဲသွေးကိုကြည့်လို ခေါ်လိုက်ပြီးနောက်...

"မင်းက ချေးတောထဲက လောက် ဖြစ်ချင်လို့လား ဟင်... ပြောစမ်း"

ရဲသွေး ရင်ထဲနင့်ခနဲ ဖြစ်လို့သွားသည်။

သည်စကားကိုသာ ပန်းယမုံများ ကြားခဲ့ရင်ဖြ ဘယ်လောက်ထိ ခံစားသွားရမလဲဆိုတာ သူ မတွေးရဲပဲ့တော့ သူ့စိတ်ထဲတွင် တော်တော်လေး မကောင်းဖြစ်လို့သွား တော့တယ်။

"အဖေရာ... ပန်းယမုံတို့ဆိုတာ အဖေ့ရဲ့အလုပ်သမ





သားစုတွေပဲ မဟုတ်လား"

"ဟေ... "

ရဲသွေး၏ ပြန်ပြောလိုက်သည့်စကားတို့က ဦးမြဒင်၏ အချက်ကို လက်သီးဖြင့် တအားကိုထိုးလိုက်သလို ဦးမြဒင် အထိနာလို့သွားခဲ့ရသည်။

"အော်... မင်းက ဒီအရွယ်ကလေးနဲ့ တော်တော်လေး င်းမိသွားခဲ့ပြီပဲ... ရှေ့ဆက်ဆိုရင်တော့ မင်း မှိုင်းဝလို့ ပေါ်ပျံတက်သွားမယ့် မီးပုံးပျံတစ်ခု ဖြစ်တော့မှာပါလား"

ရဲသွေးကို တစိမ့်စိမ့်လေးကြည့်လို့ တစ်လုံးချင်းကို ပြောနေတော့သည်။ သူ့မျက်နှာကတော့ မကျေမနပ်ဖြစ်သည့် အသွင် သုန်သုန်မှုန်မှုန်နှင့်ပါ... ။

"မဖြစ်ဘူး... မင်းကိုဒီရွာမှာထားလို့ မဖြစ်တော့ဘူး"

ဟင်... ။

ဟင် ဆိုပြီး ရဲသွေး ဖျတ်ဆို ဦးမြဒင်ကို မော့ကြည့် လိုက်သည်။

"ကိုမြဒင်... ရှင် ဘာပြောလိုက်တာလဲ"

ဒေါ်ရွှေရည်က မမျှော်လင့်စွာနှင့် မေးလိုက်တယ်။

"ငါ... ဒီကောင့်ကို ရွာမှာ မထားတော့ဘူး၊ မြို့ကို မယ် ရွှေရည်"

"ဟာ အဖေ၊ ကျွန်တော် မြို့ကို မသွားချင်ဘူး"

"တိတ်စမ်း"

ဦးမြဒင် လှမ်းငေါက်လိုက်တော့ ရဲသွေး မျက်နှာ တင်းမာ



www.burmeseclassic.com

www.burmeseclassic.com



ရူပုတ်လို့သွား၏။

"ဘာလဲ. . . ဟသ်ာတ မြို့ပေါ်ကို ပို့မလို့လား. . ကိုမြဒင်"

"မဟုတ်ဘူး. . . ရွှေရည်"

"ဟင် ဒါဆို၊ ဘယ်မြို့လဲ. . . ပုသိမ်မြို့လား"

"ပုသိမ်လည်း မဟုတ်ဘူးကွ"

ရဲသွေး ရင်တွေခုန်လို့သွားတော့သည်။ ဟသ်ာတလည်း မဟုတ်. . . ပုသိမ်လည်း မဟုတ်ဆိုတော့ စိတ်ဓာတ်လည်းကျ… သွားတော့သည်။

"ဒါဆို ဘယ်မြို့လဲ"

ဒေါ်ရွှေရည်က သိချင်ဇောနှင့် မေးလိုက်ရာ. . .

"ရန်ကုန် ကိုပဲ ရွှေရည်"

ဟာ ခနဲ ရဲသွေးရင်ထဲမှာ လှိုက်ခုန်မောလို့သွားတော့… သည်။ ထို့အပြင် ဖျတ်ဆို သူ့မျက်ဝန်းထဲတွင်လည်း ပန်းယ… ကို လှမ်းမြင်လိုက်မိတော့တယ်။

ယမုံရယ်. . . ။

ငါနင်နဲ့ ဝေးရတော့မယ်နဲ့ တူပါတယ်ဟာ။

ငါနင့်ကို မခွဲနိုင်ဘူး ယမုံရယ်. . . ငါ ဘယ်လိုလု… ရမလဲ. . . ။

"ရန်ကုန်မှာ အသိရှိလို့လားရှင်"

"ရှိတာပေါ့ ရွှေရည်ရယ်ပါ. . . ငါနဲ့ စီးပွားဖက် သူငယ်ချင်း တစ်ယောက်ရှိတယ်။ အဲ့ဒီငါ့သူငယ်ချင်းဆီမှာ ဒီကောင့်ကို…





…ထားမယ်"

"ဖြစ်ပါ့မလား 'ရှင်'"

"ဘာလို့ မဖြစ်ရမှာလဲ. . . ဒီမှာ ငါ့စကားတစ်ခွန်းက …မိန့်တစ်ခုလိုပဲ၊ ငါ့စကားကို နားမထောင်ရင် ငါ့အရိပ်ကနေ …က်သွား. . . ယောင်လို့တောင်ခေါင်းလေးပြန်မလှည့်လာနဲ့"

"ကိုမြဒင်ရယ်. . . ရှင့်ရဲ့ အတ္တတွေ၊ မာန်မာနတွေကြောင့် …ခွင်ရည်ဟာ ဘီလူးသဘက်လို ခက်ထန်ရုပ်ဆိုးနေပြီဆိုတာ …ကို သွားကြည့်လိုက်ဦး"

"ဘာကွ. . . မင်းက ငါ့ကို ဘီးလူးသဘက်နဲ့ …င်းတယ်ပေါ့"

ဦးမြဒင်မျက်နှာက ဒေါသကြောင့် နီမြန်းလို့လာတယ်။ ဒေါသကြောင့် မျက်လုံးက မီးတောက်မီးလျှံလို ဝင်းဝင်းတောက် …နေ၏။ အသားတွေကလည်း တဆတ်ဆတ်တုန်ယင်လို့လာ …း နှုတ်ခမ်းကိုကိုက်ကာ ဒေါ်ရွှေရည်ကို ရူးနင့်စွာကြည့်လိုက်ပြီး

"ကဲကွာ"

"ဖြန်း. . . "

"အ. . . "

ဒေါ်ရွှေရည် ကြမ်းပြင်ပေါ်သို့ ပုံလျက်သား ခွေခနဲ …လို့သွားတော့တယ်။ သူမရဲ့ ပါးပြင်ကို ဦးမြဒင်၏ ရိုက်လိုက် သည့်ဒဏ်ကြောင့် နှုတ်ခမ်းထောင့်က သွေးစတို့ ထွက်ကျလို့ …လာခဲ့သည်။

"အဲဒါမှတ်ထား. . . ငါ့ကို ဘာကောင်မှတ်လို့ ပြန်ပြော



www.burmeseclassic.com

www.burmeseclassic.com



ရဲတာလဲ... နောက်တစ်ခါပြန်ပြောကြည့် အသေသတ်ပစ်မယ်"

ရဲသွေး... သူ့အဖေ ဦးမြဒင်ကိုကြည့်ရင်း တော်တော်ကြောက်လို့သွားတော့၏။

"ဟောကောင်... ရဲသွေး"

"ဗျာ"

ကြောက်ကြောက်လန့်လန့်ကို ထူးလိုက်ရသည်။

"မင်း... မနက်ဖြန်ကစပြီး ကျောင်းတက်စရာမလို တော့ဘူး... "

"ဟာ... အဖေ"

"မဟာနဲ့... ဘာမှလည်း မင်းငါ့ကိုထပ်ပြီးမပြောနဲ့ တော့... သန်ဘက်ခါကို ရန်ကုန်သွားမယ်။ အဲဒါ မင်း အဆင်သင့်ပြင်ထား... ဒါပဲ"

"အဖေ... ကျွန်တော့်ကျောင်းက ဘယ်လိုလုပ်မလဲ"

"မင်းတို့ကျောင်းတက်တာ အခုမှ တစ်လလောက်ပဲ ရှိသေးတာ... ရန်ကုန်ရောက်မှ ဆက်တက်။ မင်းငါ့ကို ဘာမှ အတွန့်မတက်နဲ့တော့... ငါ့စကားနားမထောင်လို့ကတော့ သေပြီမှတ်"

"ဒုန်း... "

ဦးမြဒင်တစ်ယောက်က သူ့ခြေထောက်နားက ကုလားထိုင်တစ်လုံးကို ခြေထောက်နှင့် ကန်လိုက်ရင်းက အခန်းတွင်းမှ ထွက်ခွာသွားတော့သည်။ ဒီတော့မှ ရဲသွေးက သူ့အမေ ဒေါ်ရွှေရည်ဆီသို့ ကပ်ကာသွားထိုင်လိုက်သည်။ ဒေါ်ရွှေရည်၏





မျက်လုံးများမှ မျက်ရည်စတွေက အောက်သို့လွင့်ကျလို့ လာခဲ့၏။

"အမေ"

မျက်ရည်များ အိုင်ဖွဲ့နေသည့်ကြားထဲကနေ ရဲသွေး၏ မျက်နှာကို ကရုဏာသက်စွာဖြင့် ဒေါ်ရွှေရည်က စိုက်ကြည့် လိုက်ပါသည်။

"အဖေ... အရမ်းကို ဆိုးတာပဲနော်"

"အို... သား"

ဒေါ်ရွှေရည် အလန့်တကြားနှင့် အော်လိုက်သည်။

"သား... အဖေ့ကိုမုန်းတယ်၊ သားကိုလည်း မနေ့က သေလုအောင်ရိုက်တယ်၊ ခုလည်း မေမေ့ကိုရိုက်ပြန်ပြီ၊ သား သားလေ... ဖေဖေ့ကို အရမ်းမုန်းတယ်... အဟင့် ဟင့်"

ရဲသွေးပြောရင်းနဲ့ ဝမ်းနည်းစွာ ငိုကြွေးလိုက်မိတော့သည်။ သည်တော့ ဒေါ်ရွှေရည်က ရဲသွေး၏ခေါင်းလေးကို ပွေ့ဖက်ကာ ထားလိုက်တော့၏။

"သားရယ်... မင်းအဖေကို အဲလို မပြောပါနဲ့၊ မမုန်းပါနဲ့ကွယ်... ။မေမေ တောင်းပန်ပါတယ်။ နောက် သား အဖေကို မုန်းတဲ့စကား မပြောနဲ့... ဘယ်တော့မှ မပြောနဲ့... သား ငရဲကြီးသွားလိမ့်မယ်ကွယ်"

ရဲသွေးက သူ့အမေရင်ခွင်ထဲကနေ ခေါင်းထောင် မော့ကြည့်လိုက်သည်။

"မေမေရယ်... သားက ဘာတွေဆိုးနေလို့လဲ၊ သားသူငယ်ချင်းတွေဖြစ်တဲ့ သိန်းတန်တို့၊ မိဖြူမတို့၊ နေယံတို့



www.burmeseclassic.com

www.burmeseclassic.com



နဲ့ပဲ. . . ခင်ခင်မင်မင်နဲ့ ခေါ်ခေါ်ပြောပြော တွဲတာပဲရှိတာ... အဲဒါကို ဖေဖေ ဘာလို့မကြိုက်တာလဲ အမေရယ်"

"အေး. . . သူမကြိုက်ဆုံး အလုပ်က ပန်းယမုံဆိုတဲ့ ကောင်မလေးနဲ့ သားက ခွန်တွဲနေတာကို မကြိုက်ဆုံးပဲသား"

"ဟင်. . . ဘာဖြစ်လို့လဲ အမေ"

ဒေါ်ရွှေရည်က ရဲသွေး၏ မျက်နှာလေးကိုကြည့်ရင်း ငေးငိုင်လို့သွားရ၏။

"ပြောလေ. . . အမေရဲ့"

ထပ်၍မေးလာသည့် ရဲသွေးစကားကြောင့် ဟင်းခနဲ သက်ပြင်းတစ်ချက်ကို ချလိုက်ရ၏။

"သားမှာ အခု သူငယ်ချင်း သုံးယောက်ရှိတယ် မဟုတ်လား၊ သားနဲ့ဆို လေးယောက်ပေါ့။ ဟုတ်တယ်နော်"

"ဟုတ်တယ်. . . အမေ"

"အေး. . . အဲဒီလိုပဲ၊ မေမေတို့ ဖျိုရွယ်စဥ်တုံးကလည်း သူငယ်ချင်းလေးယောက် ရှိခဲ့ကြတယ်။ မေမေရယ်၊ သားဖေဖေရယ်၊ သားရဲ့သူငယ်ချင်းမလေး ပန်းယမုံဆိုတဲ့ ကောင်မလေးရဲ့ အဖေနဲ့ အမေရယ်ပေါ့ကွယ်"

"ဦးလေး ဦးအောင်မြိုင်နဲ့ ကြီးတော် ဒေါ်နှင်းနုလား"

ဒေါ်ရွှေရည် ခေါင်းညိတ်ပြလိုက်သည်။

"အော်. . . အင်း ပြောပါဦး"

"အဲဒီထဲမှာ. . . သားအဖေက ချမ်းသာတယ်။ လယ်ပိုင် ယာပိုင်နဲ့ပေါ့ သဘောလည်းကောင်းတယ်၊ ငွေရှိတယ်





...ပြီးတော့လည်း မမောက်မာဘူး။ အဲ လိုရင်းပြောရရင်တော့ ...တို့အဖေ ကိုမြဒင်နဲ့ နှင်းနု တို့ မေတ္တာမျှ ရည်ငံကြ ...တော့တယ်လေ"

ဒီအထိကို ဇာတ်လမ်းက ရိုးစင်းလို့နေတယ်ဟု ရဲသွေးက တွေးနေလိုက်သည်။

"ဒါကို ကိုမြဒင် မိဘတွေသိတော့. . . ဒေါသတွေ ...ပြီးပေါက်ကွဲကုန်ကြတယ်ပေါ့. . . ။နှင်းနုရဲ့ မိဘတွေကိုလည်း ...ရာမရှိအောင်ပြော. . . နှင်းနုကိုလည်း /ဘာတစ်ပြားဘိုးမှကို မတန်အောင် ပက်ပက်စက်စက်ကို ပြောလိုက်ကြတာ သား"

ရဲသွေး၏ မျက်ဝန်းထဲတွင် သူ့အဘိုးနဲ့ အဘွားရုပ်ပုံ တို့ကို မြင်ယောင်မိလိုက်သည်။

"သူတို့က အဘိုးကို ဘာမှမပြောဘူးလား"

"ဘယ်ပြောရဲကြမှာလည်းကွယ်. . . စီးပွားရေးတွေ ကြပ်တည်းကြတော့ မင်းအဘိုးဆီမှာ လယ်တွေ၊ယာတွေ၊ ပိုင်းတွေ ပေါင်နှံထားလို့ပေါ့။ တစ်ရွာလုံးက လူတွေ မင်းအဘိုးကျေးဇူး မကင်းဘူး။ နောက်ပြီး မင်းအဖေကိုလည်း ရန်ကုန်ကိုပို့ပြီး ကျောင်းထားလိုက်တယ်. . . တကယ်တော့ နှင်းနုနဲ့ အဆက် ဖြတ်လိုက်တာပါပဲ"

ရဲသွေးရင်ထဲ တင်းကျပ်စွာ ခံစားလိုက်ရသည်။

"ဒါပေမဲ့. . . မင်းအဖေဟာ ရန်ကုန်ကနေ စာအဆက် အသွယ်မပြတ် နှင်းနုကို ပေးခဲ့ပါတယ်ကွယ်"

"ဘယ်လို အဆက်အသွယ်နဲ့ ပေးသလဲအောင်"



www.burmeseclassic.com

www.burmeseclassic.com



"မင်းဘိုးဘိုးက ရွာကထွက်တဲ့ဆန်တွေကို ရန်ကုန်ကို စက်လှေနဲ့ တင်ပို့တဲ့အခါမှာ၊ မင်းအဖေက မင်းအဘိုးမသိအောင် ရောက်လာပြီး စက်လှေမောင်းတဲ့ မောင်ဘိုးသိန်းနဲ့ စာအဆက် အသွယ် လုပ်ကြတာပေါ့"

ဒေါ်ရွှေရည်ရဲ့စကားကို နားထောင်ပြီး ရဲသွေး စိတ်ဝင်စား လို့သွားတော့တယ်။

"တစ်နေ့မှာ ရန်ကုန်ကိုဆန်လာပို့တဲ့အချိန် စက်လှေဆီကို မင်းအဖေရောက်လာပြီး မောင်ဘိုးသိန်းဆီကို စာလာပို့တာကို မင်းအဘိုးက တွေ့သွားတော့တာပေါ့။ ဒါပေမဲ့ မမြင်ချင်ယောင်၊ မသိချင်ယောင် ဆောင်နေလိုက်တယ်။ အဲ ရွာကိုပြန်ရောက်တဲ့အခါမှာ မင်းအဘိုးက မောင်ဘိုးသိန်းကို လှည့်ပတ်မေးတော့မှ နှင်းနုနဲ့ စာအဆက်အသွယ်လုပ်မှန်း သိလိုက်တယ်"

"အဲဒီတော့"

"အဲဒီတော့ မင်းအဘိုးက မောင်ဘိုးသိန်းကို ငွေနဲ့ သိမ်းသွင်းစည်းရုံးလိုက်ပြီး နှစ်ဖက်စလုံးကပေးတဲ့စာတွေကို ယူထားလိုက်တာပေါ့။ နောက်ပြီ နှင်းနုတို့ ယာနဲ့၊ အိမ်ဝင်းကို အကြွေးနဲ့သိမ်းလိုက်ပြီး ခြံပိုင်းထဲကနေ မောင်းထုတ်လိုက် တယ်လေ"

"ဟာ. . . အဘိုးကလည်း ရက်စက်လိုက်တာ"

"နှင်းနုတို့ မိသားစုလည်း တော်တော်လေး ဒုက္ခရောက် သွားကြတယ်။ မင်းအဘိုးကလည်း မောင်ဘိုးသိန်းကနေတဆင့်





မင်းအဖေ ရန်ကုန်မှာ အိမ်ထောင်ပြုလိုက်ပြီဆိုတဲ့အကြောင်း အသိပေးခိုင်းလိုက်တယ်. . . ။ဒီမှာတွင်ပဲ နှင်းနုက မင်းအဖေ အပေါ်ကို အမုန်းတွေ အညိုးတွေနဲ့ အပြစ်တင်တော့တာပဲ"

"အဘိုးကလည်း မတရားလိုက်တာ။ ဒါတွေကို အဖေ သိဘူးလား"

ရဲသွေးက မချိတင်ကဲနှင့် မေးလိုက်ရာ. . .

"ဘယ်သိမှာလဲ သားရယ်. . . သူက ရန်ကုန်မှာ တက္ကသိုလ်ကျောင်းတက်နေတာကိုး. . . ။ဒါနဲ့ နှင်းနုရဲ့ဒုက္ခကို မမြင်ချင်းက ကိုအောင်မြိုင်တို့ မိသားစုက စောင့်ရှောက် ထားရတယ်။ မေမေလည်း တတ်နိုင်သမျှ ကူညီတာပေါ့ကွယ်။ ဒီလိုနဲ့ နောက်ဆုံး နှင်းနုအဖေကလည်း စိတ်ဆင်းရဲပြီး ဆုံးသွားတော့တာပေါ့"

"ဟာဗျာ. . . "

ရဲသွေးရင်ထဲ နင့်ခနဲ ဖြစ်လို့သွားတော့သည်။

"ဒီတော့ နှင်းနုရင်ထဲမှာ သူတို့မိသားစုတွေ ဒုက္ခ ရောက်ခဲ့တာ မင်းအဘိုးကြောင့်။ နှင်းနုရဲ့ နှလုံးသားကို ချေမွ ဖျက်ဆီးတာ မင်းအဖေကြောင့်ဆိုပြီး. . . နာကျည်းမုန်းတီးသွား ခဲ့တာပေါ့. . . ဒါနဲ့ နှင်းနုလည်း ကိုအောင်မြိုင်နဲ့ လက်ထပ် လိုက်ကြတယ် သား"

"အဖေကလည်း မြို့ကမိန်းမကို တကယ်ယူလိုက် သလား ဟင်"

"ဘယ်ယူမှာလဲ သားရယ်၊ စာမေးပွဲဖြေနီးလာလို့



www.burmeseclassic.com

www.burmeseclassic.com



မင်းအဖေ ရွာကို မလာနိုင်ဘူး။ သူ့ခမျာ ဘာမှလည်း မသိရှာပါဘူးကွယ်. . . ဒါနဲ့တစ်နေ့မှာ မင်းအဘိုး ရွာက ဆန်တွေတင်ပြီး စက်လှေနဲ့ထွက်အလာ လမ်းတစ်ဝက် မရောက်တစ်ရောက် ရွာတစ်ရွာအနားမှာ ဓားမြအတိုက်ခံရတယ်။ အချိန်ကလည်း ညဘက်ကြီးပေါ့''

''ဓားမြရန်ကြောင့် အဘိုးသေသွားတယ်ဆိုတာ အဲဒီမှာလား''

''ဟုတ်တယ်သား. . . အဲဒီ ဓားမြတိုက်တယ်ဆိုတဲ့ အကြောင်း မင်းအဖေ သိသိချင်း ရွာကိုပြန်ရောက်လာခဲ့တယ်။ အဲ သူရောက်တဲ့အချိန်မှာ နှင်းနုဟာ ကိုအောင်မြိုင်နဲ့ အိမ်ထောင်ပြုပြီးသွားပြီပေါ့ကွယ်. . . ''

ဒီလိုဆိုတော့လည်း ရဲသွေးတစ်ယောက် သူ့အဖေအတွက် ခံစားလိုက်ရပြန်ပါ၏။

''နောက်ဆုံးတော့ မင်းအဘိုးကို ဓားမြသွားတိုက်တဲ့ သူတွေက နှင်းနုရဲ့မောင်နှမဝမ်းကွဲ အစ်ကိုတွေမောင်တွေဆိုတာ သိလာခဲ့ရတော့. . . မင်းအဖေဟာ တော်တော်ကို စိတ်မကောင်းဖြစ်သွားခဲ့ရတယ်. . . ဒီထက် ပိုဆိုးတာကတော့ တရားခံတွေကို တရားသူကြီးက အမိန့်ချပြီးလို့ ခေါ်သွားတော့မယ့်အချိန် နှင်းနုဟာ သူ့အစ်ကို မောင်တွေကို စကားပြောခဲ့တယ်''

''အဲဒီစကားကြောင့် မင်းအဖေဟာ နှင်းနုအပေါ်ကို တော်တော်လေး နာကျည်းမုန်းတီးသွားတော့တယ်။ နှင်းနု ပြောတဲ့စကားက ဘာလဲဆိုတော့. . .





ကျွန်မအဖေအတွက် ကျွန်မကိုယ်စား အစ်ကိုနဲ့ င်လေးတို့က ဂလဲ့စားချေပေးတဲ့အတွက် ကျွန်မ နပ်ပါတယ်။ ဖြစ်နိုင်မယ်ဆိုရင် ကျွန်မကိုယ်တိုင် သူတို့ ဆုတစ်ခုလုံးကို မီးလောင်တိုက်သွင်းပစ်ချင်လိုက်တာ။

အဲဒီလိုပြောခဲ့တာကို ကြားလိုက်ရတဲ့အတွက်၊ အသည်း အောင် ချစ်ပါတယ်ဆိုတဲ့ ချစ်သူတစ်ယောက်ကို အမုန်းတွေနဲ့ ည်းသွားခဲ့ရတော့တယ်''

ရဲသွေး၏ မျက်နှာလေးက တွေဝေငေးမောလို့ သွားခဲ့ တော့သည်။

သူ့အဖေ၏ ဘဝဇာတ်ကြောင်းကလည်း ရင်နင့်စရာ နည်းစရာလေး ဖြစ်ခဲ့ရသည်။

''ဒါနဲ့ အဖေနဲ့ အမေက ဘယ်လိုညားသွားကြတာလဲ င်''

''မင်းအဖေနဲ့ အမေညားသွားတာကလည်း အမေ ည်လို့ပဲလား မသိပါဘူးကွယ်။ အမေ့မိဘတွေဆီကို တစ်နေ့မှာ င်းအဖေ လူကြီးစုံရာနဲ့လာတောင်းတာ၊ မေမေက တော်တော် လေးကို အံ့သြသွားတယ်။ မေမေ့မိဘတွေကလည်း မရှိမရှား ဝဆိုတော့ အရမ်းသဘောတူသွားတာပေါ့''

''ဟင်. . . မေမေနဲ့က ချစ်သူမဖြစ်ဘဲနဲ့ ယူလိုက်ကြ ယ်ပေါ့. . . ဟုတ်လား''

ဒေါ်ရွှေရည် ခေါင်းညိတ်ပြလိုက်သည်။

''ဟုတ်တယ်. . . မင်းအဖေရဲ့ အကျင့်က တစ်ခါလေ



www.burmeseclassic.com

www.burmeseclassic.com



အဲလိုဖွတ်လုပ်တတ်တယ်. . . ။သူက မေမေငြင်းပယ်မှန်းသိလို့ လူကြီးတွေ တစ်ခါတည်းကို ကန်တော့ပွဲနဲ့ လာတောင်းတော့ တာပဲ. . . ။ အမှန်တော့ သားရယ် သူဟာ နှင်းနုကို မချစ်စိတ်နဲ့ ရှုံပြီး မေမေ့ကို ယူလိုက်တာပါ. . . မြို့ပေါ်မှာ မိန်းမ မရှိဘူးဆိုတာကိုလည်း သက်သေပြတဲ့သဘောလည်း ပါတာ ပေါ့လေ. . . ''

''ဒါဆို ဒေါ်လေး နှင်းနုတို့နဲ့ အမေ အဖေတို့ ဘာဆက်ဖြစ်ကြသေးလဲ. . . ''

''သူတို့နှစ်ယောက်ကလည်း အမုန်းကရားကြွေ့နဲ့ ခုထိ နေလာခဲ့ကြတုံးပါပဲကွယ်. . . ။ အဲ မေမေနဲ့ နှင်းနုယောကျ်ား ကိုအောင်မြိုင်တို့ကတော့ ခပ်အေးအေးသမားတွေပဲလေ။ သူတို့ နှစ်ယောက်ဖြစ်တဲ့ကိစ္စကို ဝင်မစွက်ဖက်ဘူး''

''ဒါဆို ဖေဖေ့ဆီမှာ ဦးလေး ဦးအောင်မြိုင်က အလုပ် သမားအဖြစ်နဲ့ ဝင်လုပ်နေတာကို ဒေါ်လေးနှင်းနုက ဘာမှ မပြောဘူးလား''

''မပြောဘဲနေမလား. . . ပြောတာပေါ့ကွယ်၊ ဒါပေမဲ့ နှင်းနုက ငယ်ငယ်လေးကတည်းက ချူချာတာ. . . ပန်းနာ ရင်ကျပ်နဲ့ တီဘီရောဂါတွေက သူ့အတွက် နာတာရှည်ရောဂါ တွေပေါ့. . . သူ့ရဲ့ရောဂါကို ကုရင်းနဲ့ ကိုအောင်မြိုင်ရဲ့ လယ်တွေ ခြံတွေ၊ နွားတွေ ကုန်ခဲ့တာပေါ့။ နောက်ဆုံး မင်းသူငယ်ချင်း ပန်းယမုံဆိုတဲ့ ကလေးမလေးရဲ့ ဘဝရေ့ရေးကိုကြည့်ပြီး သူငယ်ချင်းဖြစ်တဲ့ မင်းအဖေဆီကို ကိုအောင်မြိုင်ရောက်လာ





ခဲ့တာယ်''

''ဘာအတွက်လည်း အမေ''

''အော်. . . သားကလည်း ပြောမှာပေါ့၊ လောလိုက်တာ''

ရဲသွေး ငြိမ်နေလိုက်ရတယ်။ သူသိချင်နေသည့်စိတ်က ဒိုးမရှုဖြစ်နေခဲ့သည် မဟုတ်ပါလား. . . ။

''သူတို့နေတဲ့ အိမ်ဝိုင်းကို မင်းအဖေဆီ လာပေါင် ာလေ။ ဒါပေမဲ့ မင်းအဖေက အပေါင်မခံပါဘူး၊ ကိုအောင်မြိုင် ိုတဲ့ငွေကို ထုတ်ပေးခဲ့တယ်။ အတိုးလည်း မယူဘူး။ ယ်သူငယ်ချင်းတွေဆိုပေ ့ မိုးရိုးသားသားကူညီလိုက်တာပါ။ ာက်တော့ မင်းအဖေလည်း ငွေရင်းစိုက်ပြီးလုပ်ငန်း အတူတူ ုပ်ကြတယ်။ ရတဲ့ အကျိုးအမြတ်ကိုလည်း အတူခွဲဝေယူကြတာ းသိပဲ၊ ဒါပေမဲ့ မင်းအဖေဟာ နှင်းနုအပေါ်ကို ခုထက်ထိ ာကျည်း မုန်းတီးနေတုံးပဲ သား''

''အော်. . . ဟုတ်လား''

''ဒါကြောင့် မင်းကို မင်းအဖေက နှင်းနုရဲ့သမီး န်းယမုံဆိုတဲ့ ကလေးမလေးနဲ့ မပေါင်းခိုင်းတာပေါ့ကွယ်''

''နေပါဦး မေမေရဲ့. . . ဒေါ်လေးနှင်းနုက ဖေဖေ့ကို ာက်မုန်းနေတာ. . . ဖေဖေ့ဆီမှာ သူတို့အိမ်ဝိုင်းတွေကို ာဖြစ်လို့ လာပေါင်တာလဲလို့''

''အော်. . . အခုလက်ပံကွင်း တစ်ရွာလုံး ဘယ်သူ ျမ်းသာသလဲ. . . မင်းအဖေပဲ မဟုတ်လား။ ငွေတိုးချေးစားတာ ဟုတ်ဘဲ သက်သက်မဲ့ အတိုးမယူဘဲနဲ့ ချေးတာ



www.burmeseclassic.com

www.burmeseclassic.com



မင်းအမြင်ပဲလေ။ ဒါကြောင့် စပါးတွေ၊ ပဲတွေဆိုရင် မင်းအဖေဆီကို လာရောင်းကြတာ၊ ကြည့် မနှိမ်ဘဲနဲ့ ဈေးကောင်းပေးဝယ်တာ… အဲဒါကိုသိလို့ ကိုအောင်မြိုင်က မင်းအဖေဆီမှာ သူတို့ပိုင်းကို လာပေါင်တာပေါ့''

''အော်… ဒါဆို အဖေက မဆိုးသေးပါဘူး''

''ဒါပေမဲ့… နှင်းနုကို ခွင့်မလွှတ်နိုင်လောက်အောင်ကို မှန်းသွားတာ… ဒါကြောင့် စိတ်ဆိုးရင် ခွင့်လွှတ်လို့ရတယ်၊ နာကျည်းသွားရင် ခွင့်လွှတ်လို့မရဘူးဆိုတာအမှန်ပဲ…။ ဒီတော့ သားလည်း မင်းအဖေစကား နားထောင်ပြီး ရန်ကုန်မှာသာ ပညာသင်တော့ကွယ်… ''

❀ ❀ ❀ ❀ ❀



(ဃ)

## ''အလွမ်းမျက်ရည်၊ ပန်းမျက်ရည်''

လက်ပံကွင်းရွာရဲ့ လှေထိုးဆိပ်ကိုရောက်အညနှင့် …ကြည့်တွေက ပန်းယမုံကိုရှာဖွေနေမိတော့သည်။

မတွေ့…။

ပန်းယမုံ၏ အရိပ်အယောင်ကို လုံးဝမတွေ့တော့ …တွင် ဟာတာတာကြီး ဖြစ်လို့သွားခဲ့ရသည်။

ဘယ်လိုဖြစ်တာလဲ…။မနေ့ညကတွေ့တော့ လှေဆိပ် …လာခဲ့မယ်လို့ ပြောထားရက်နဲ့… ခု ဘာဖြစ်လို့ …တာလဲ ပန်းယမုံရယ်…။ဘာလဲ မင်းမိဘတွေက မလွှတ်



www.burmeseclassic.com

www.burmeseclassic.com



တာလား ဟင်၊ ကိုယ်မသွားခင် မင်းမျက်နှာလေး
မြင်သွားချင်တယ်. . . ။

သူ့ရဲ့ မျက်နှာလေးက ညှိုးရော်လို့သွားခဲ့ရပြီ။

ဒီအချိန်မှာ သူ့သူငယ်ချင်းများဖြစ်တဲ့ သိန်းတန်
မိဖြူမတို့ ရောက်လာခဲ့တော့တယ်. . . ။

''ရဲသွေး''

''ဟာ. . . သိန်းတန်၊ မိဖြူမ''

သူ ဝမ်းသာသွားခဲ့တော့သည်။ ချက်ချင်းပဲ မျက်နှာ
ပြုံးပျော်လို့သွားရ၏။

''တော်သေးတယ်ကွာ. . . တို့တွေနောက်ကျသွားတာ
မင်းထွက်သွားပြီလို့ ထင်လိုက်တာ''

''အေးဟာ. . . နင်က ဖြူန်းတိုင်းကြီး ရန်ကုန်ကိုသွား
သော့၊ ငါတို့ ဘာလက်ဆောင်မှ မပေးနိုင်ဘူး ဖြစ်သွားတယ်
စိတ်မကောင်းဘူးဟာ. . . ''

''ကိစ္စမရှိပါဘူးကွာ၊ မင်းတို့ တကူးတက လာပြီ
နှုတ်ဆက်တာကိုပဲ ငါဝမ်းသာလှပါပြီကွာ. . . ဒါနဲ့''

စကားစလေးကို ဖြတ်ပြီး ရဲသွေးက သူ့အဖေရှိတဲ့
စက်လှေဘက်ကို ငဲ့စောင်းကြည့်လိုက်သည်။ ပြီးတော့မှ စကား
ပြန်ဆက်ကာပြော၏။

''ပန်းယမုံကို မတွေ့ဘူးလားကွ''

''ဟင့်အင်း မတွေ့ဘူး ရဲသွေးရယ်''

မိဖြူမက နှုတ်နဲ့ပြောလိုက်သော်လည်း သိန်းတန်က





ကောင်းစွာနဲ့ ခေါင်းရမ်းပြလိုက်မိပါတယ်။

''သူ ငါ့ကို လာနှုတ်ဆက်မယ်လို့ ကတိပေးထားတယ်

သူ့အသံက လှိုက်လှဲကြေကွဲသံတွေ ပါနေတော့သည်။

''မင်းနဲ့ ဘယ်မှာတွေ့လို့ သူကမင်းကို ကတိပေး
တာလဲ''

''မနေ့က ညက ငါနဲ့သူ ချောင်းရိုးလေးက ဂုံးတံတား
မှာ တွေ့ကြတာ သိန်းတန်''

''ဟယ် နင်တို့ကို လူကြီးတွေ မမြင်ဘူးလား''

''ဟင့်အင်း မမြင်ဘူး''

''ညဘက်ကြီးကို မင်း ဘယ်လိုချိန်းတွေ့လဲ ရဲသွေး''

''ဒီလိုပေါ့ကွာ. . . ငါတို့စက်လှေမောင်းတဲ့ ကိုသံလုံး
ကို အကူအညီတောင်းရတာပေါ့။ သူက ပန်းယမုံတို့အိမ်ကို
နေ့စဉ်နေ့တိုင်း ...နိုင်နန်းကိစ္စနဲ့ အဝင်အထွက်ရှိတယ်လေ။ ငါက ပန်းယမုံနဲ့
...ားပြောချင်တယ်လို့ မှာလိုက်တာ၊ အဲဒါ ပန်းယမုံက
ချောင်းရိုးဂုံးတံတားပေါ်မှာ ညဆယ်နာရီလောက်မှာတွေ့မယ်လို့
...လိုက်တာ. . . ''

''ဟယ်တော့. . .ညဆယ်နာရီ နင်တို့မကြောက်ဘူးလား''

ပခုံးလေးတွန့်ရင်း မိဖြူမက မေးလိုက်သည်။

''ဟာ. . .ဘာလို့ကြောက်ရမှာလဲ ဟ''

''နင်တို့ နှစ်ယောက် တကယ်သတ္တိရှိတာပဲ''

''ဟုတ်တယ်ကွာ. . . မင်းတို့နှစ်ယောက်ကို ဒေါ်တော်



www.burmeseclassic.com

www.burmeseclassic.com



အံ့သြတယ်ကွာ. . . ''

သူ့ကိုချီးကျူးနေသည့် သိန်းတန်နှင့် မိဖြူမတို့ ...
အဆုံးမှာ. . .

''သား ရဲသွေး. . . သွားမယ်ဟေ့''

စက်လှေပေါ်ကနေ ဦးမြဒင်က ရဲသွေးကို လှမ်း...
လိုက်သည်။

''ဟော မင်းကိုခေါ်နေပြီ''

ရဲသွေးစိတ်တွေ လေးလံလို့သွားတော့သည်။

''မင်းတို့နှစ်ယောက်. . . ပန်းယမုံကိုပြောပေစမ်း...

''နင် ဘာပြောချင်လဲ ပြောလေ. . . ငါ ပန်းယ...
ပြောပေးမယ်''

''ငါသူ့ကို ဘယ်တော့မှ မမေ့ဘူးဆိုတာ မင်း...
ဆက်ဆက်ပြောပေးကြဟာ''

''အေးပါကွာ. . . ငါတို့ ပန်းယမုံကို ဆက်ဆက်...
ပေးပါ့မယ်. . . သူငယ်ချင်းရာ''

ရဲသွေး ပြုံးယောင်ယောင်လေး ပြုံးလိုက်သည်။ ဒါ...
ရင်ထဲမှာတော့ ငိုကြွေးနေရပြီဆိုတာ ဘယ်သူသိနိုင်မှာတဲ့...

''နောက်ပြီး ဘုရားတန်ဆောင်းထဲက ကပ္ပိယကြီး...
နှုတ်ဆက်သွားတယ်လို့လည်း ပြောပေးကွာ။ ငါ့အဖေရိုက်တ...
ငါလေ ကပ္ပိယကြီးဆီသွားပြီး ငိုတာကွ. . . သူကငါ့ကို အမြဲ...
နှစ်သိမ့်ပေးနေကျ သူငယ်ချင်းရာ. . . ကဲ ငါသွားတော့မ...
နော်. . . ''





ပြောပြီးသည်နှင့် ချာခနဲလှည့်ကာ လှေဆိပ်တံတားလေးပေါ်သို့ဆင်းလို့သွားတော့သည်။

သိန်းတန်နှင့် မိဖြူမတို့ နှစ်ဦးမှာလည်း မျက်ဝန်းထဲမှ မျက်ရည်များက စို့တက်လို့လာခဲ့ကြ၏။ တကယ်တန်း ခွဲခွာရတော့မည်ဆိုတော့ ဝမ်းနည်းခြင်းတွေက ရင်နှင့်မမျှအောင် ခံစားလို့နေကြရတော့သည်။

စက်လှေဦးပိုင်းပေါ်သို့ သူ့ခြေလှမ်းတွေ တက်ရောက်တော့မည့်ဆဲဆဲတွင် လှေဆိပ်ကမ်းပေါ်သို့ မော့ကြည့်လိုက်သည်။ ပန်းယမုံ ရောက်လေမလားလို့ပေါ့. . . အထင်နှင့်ကြည့်လိုက်ခြင်းပင်. . . ။

မရောက်သေးပါ. . . ။

သိန်းတန်နှင့် မိဖြူမတို့ နှစ်ဦးကတော့ သူ့ကို လက်တွေဝေ့ယမ်းပြနေတာကို မြင်လိုက်ရတော့ ရင်ထဲတွင်ပို၍ နာကျင်စွာ ခံစားမိလိုက်၏။ ဒါနဲ့သူလည်း လက်လေးကိုမြှောက်ပြလို့ ပြန်လည်ဝေ့ယမ်းကာပြလိုက်ရင်း. . . ပန်းယမုံကိုမြင်ယောင်လိုက်သည်။

ပန်းယမုံရယ်. . . နင်ငါ့ကို လာနှုတ်ဆက်ဖော်တောင် မရဘူးနော်၊ စိမ်းရက်လိုက်တာဟာ. . . ။'

သူ့နှုတ်က ခပ်တိုးတိုးလေး ညည်းလိုက်သည်။ ပြီးတော့လည်း မနေ့ညက သူနဲ့ ပန်းယမုံတို့ ရွာလယ်ချောင်းရိုးလေးက သစ်သားဂုံးတံတားလေးပေါ်မှာ ချိန်းတွေ့စကားဆိုပုံတွေကို ပြန်လည်တွေးတောမြင်ယောင်မိလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မနေ့ညကတော့ လမိုက်ညလေးဖြစ်နေ၏။

သို့ပေမယ့် ရဲသွေးရင်ထဲမှာ လမင်းတစ်ထောင်မက လင်းထွန်းလို့နေသည်ဟုထင်မိလိုက်ပါတယ်။ ပတ်ဝန်းကျင်တစ်ခိုတွင်လည်း ပုစဉ်းရင်ကွဲကောင်လေးတွေ တစူးစူး တဆာဆာနှင့် အော်မြည်လို့နေကြသည်။

"ရဲ. . ."

တိုးတိတ်ညင်သာစွာနဲ့ သူမရဲ့နဘေးတွင်ထိုင်နေသော ရဲသွေး၏မျက်နှာကို ငဲ့ကာစောင်းလို့ကြည့်လိုက်ရင်းက ပန်းယမုံ တိုးတိတ်ညင်သာစွာ ခေါ်လိုက်၏။

သူ. . . ။

မထူးနိုင်ပါ။ သူ့ရင်ထဲတွင် အပူလုံးကြီးက တစ်ဆို့ဆို့ကြီး ဖြစ်နေပြီး ရီဝေလိုက်မောစွာနှင့်သာ ပန်းယမုံကို ငေးကြည့်လို့နေမိလိုက်သည်။

ချစ်သူလည်း မဟုတ်သေး. . . ။

ချစ်သူထားရမည့် အရွယ်လည်း မရောက်သေးပါ။

သို့သော်. . .

ချစ်သူ သမီးရည်းစားဘဝလို နီးချောင်နီးဝက်ဖြင့် ချိန်းတွေ့ကြသည့် သူတို့နှစ်ဦး၏ ဖြစ်စဉ်က. . . တစ်မျိုးကြီး ပါလားဟု သူ တွေးလိုက်မိခဲ့သည်။

"နင် ရန်ကုန်ကိုသွားရတော့မယ်ဆို"

"အင်း"

အင်းဟု သူဖြေလိုက်သော်လည်း ဝမ်းနည်းစွာငိုချင်နေ





သည့်စိတ်က လှိုက်ခနဲဖြစ်ပေါ်လာသည့်အတွက် အသံက တစ်တစ်ကြီး ထွက်လာခဲ့ခြင်းပင်. . . ။

"ရဲ. . . ရယ်"

"ယမုံ"

"ငါတော့ နင့်ကို လွမ်းရတော့မယ်နဲ့ တူပါတယ်"

"ဟာကွာ. . . ယမုံရယ်"

သူ မချိတင်ကဲပဲ ငိုသံကြီးနှင့် ပန်းယမုံကို တမ်းတမ်းလျှစွာ ခေါ်လိုက်ပါသည်။

"ရဲကို ဘာဖြစ်လို့ ရန်ကုန်ပို့တာလဲ ဟင်"

"ယမုံ ရယ်"

ဘာကြောင့် ဆိုတာကို သူမပြောရဲပါ။

ကြေကွဲစွာနှင့်သာ သူ တမ်းတမ်းတတခေါ်လိုက်ရသည်။

"ယမုံ. . . သိပါတယ် ရဲ၊ ယမုံကိုပြောရမှာ အားနာလို့ မဟုတ်လား၊ ရဲရဲ့အဖေက ယမုံနဲ့ ခေါ်တာပြောတာ မကြိုက်လို့မဟုတ်လား. . . "

သူ့ရင်တွေ ပူလောင်လို့သွားသည်။ ပန်းယမုံကို သူ မျက်နှာတွေ ပူနေတော့သည်။ ပန်းယမုံကို ဘယ်လိုပြောရပါ့မလဲဆိုတာ စဉ်းစားလို့ကို မရတော့ပါ။

"ဘာပဲဖြစ်ဖြစ်လေ. . . ရဲကို ယမုံ တစ်ခုတော့ ပြောလိုက်မယ်. . . ရဲကို ယမုံ ဘယ်တော့မှ မမေ့ဘူးဆိုတာ ကိုတော့ ရဲရင်ထဲမှာ သိမ်းထားပေးနော်"

"ယမုံ. . . ရယ်"



www.burmeseclassic.com

www.burmeseclassic.com



သူ ပန်းယမုံ၏ လက်ကလေးကို ဆုပ်ကိုင်လိုက်
တယ်။ စကားတွေလည်း သူမပြောနိုင်ခဲ့တော့ပါ. . . ။နာဝ
ရင်လည်း မရှိတော့ပါလားဆိုတာ တွေးလိုက်မိသည်။

တိမ်တွေကြားထဲကနေ အံ့တင်းလင်းထွန်းနေရသည့်
လရောင်ကလေး မလင်းတလင်းမှာ သူ့ရဲ့မျက်နှာလေး
ပန်းယမုံက တွေတွေကလေး ငေးကြည့်လိုက်မိတယ်လေ။

ခဏနေမှ. . .

သူ့ရဲ့ ပါးပြင်လေးကို အမှတ်မထင် ဖျတ်ဆို နမ်းကြ
မွှေးလိုက်မိသည်။ ပြီးတော့ ချက်ချင်းပဲ မတ်တပ်ထရပ်လိုက်ပြ

"ငါသွားတော့မယ်ရဲ. . . မနက်ဖြန်မှာ ကမ်းနား
လာခဲ့မယ်နော်"

သူလည်း ငေးကြောင်စွာနဲ့ မတ်တပ်ရပ်လို့ ပန်းယမုံ
ကြည့်လိုက်မိသည်။

ပန်းယမုံကတော့ သူ့အနားကနေ ပြေးထွက်လို့သွား
ပါပြီ။

လူပျိုပေါက်ကလေးတစ်ယောက်ရဲ့ ရင်ခုန်သံက နူးည
သိမ်မွေ့လွန်းနေပါလား. . . ။

"ဟော့ကောင် လာ အချိန်မရှိတော့ဘူး။ သွားမယ်"

စက်လှေပေါ်မှ ဦးမြဒင်က သူ့ကိုလှမ်းခေါ်လိုက်သည်
စက်လှေကိုလည်း စက်နှိုးလို့ထားလိုက်ပြီ။

ဒီတော့မှ အတွေးစကို ပြန်ရုပ်သိမ်းလိုက်ပြီး စက်လှေ
ပေါ်သို့ လှမ်းတက်လိုက်သည့်အခါမှာတော့ ကမ်းစပ်မှ စက်လှေကို





နှာရှုတွက်လာခဲ့တော့သည်။ သူက စက်လှေရဲ့ ဦးပိုင်းပေါ်မှ
နေပြီး ကမ်းစပ်ဆိပ်ကမ်းပေါ်သို့ မော့ကြည့်လိုက်သည်။

သိန်းတန်နှင့် မှိုဖြူမတို့နှစ်ယောက်. . . ။

သူပါသွားခဲ့သည့် စက်လှေကို ငေးငိုင်ကာကြည့်နေသည်
ကို သူတွေ့လိုက်တော့ သူ့စိတ်ထဲတွင် နင့်ခနဲမေားလိုက်ရ
တော့သည်။ အော်. . . သူငယ်ချင်းတွေ တကယ်တမ်း ခွဲခွာ
ရပြီဆိုတော့ မလွှမ်းမဆွေး ဘယ်သူရှိပါ့မလဲလေ. . . ။

စက်လှေလေးက တထုပ်ထုပ်နှင့် လက်ပံကွင်းဆိပ်ကမ်း
မှ တော်တော်လေး လှမ်းလို့သွားတော့မှ သူလည်း စက်လှေ
ဝမ်းထဲသို့ဆင်းတော့မည်အလုပ်မှာ. . .

"ရဲ"

စူးစူးရှရှအော်ခေါ်လိုက်သည့် အသံကြောင့် ဖျတ်ဆို
ကမ်းနဖူးပေါ်သို့ မော့ကြည့်လိုက်မိသည်။

"ဟင်. . . ပန်းယမုံ"

မြစ်ကမ်းနဖူးတစ်လျှောက် ပြေးလိုက်လာရင်းက သူ့ကို
လှမ်းခေါ်နေသည့် ပန်းယမုံကို တွေ့လိုက်ရတော့သည်။ သူမ
လက်ထဲတွင်လည်း ကြာဆံစ်ရိုးပန်းကုံးကလေးကိုကိုင်လို့ထား
သည်ကို တွေ့လိုက်ရ၏။

"အဖေ. . . အဖေ"

"ဟေ. . . ဘာလဲ"

ပေါင်းမိုးထဲကနေ လှမ်း၍ ဦးမြဒင် ထူးလိုက်သည်။

"စက်လှေကို ကမ်းခဏ ထိုးပေးပါ အဖေ"



www.burmeseclassic.com

www.burmeseclassic.com



''ဘာလုပ်မလို့လဲ''

'''ကမ်းပေါ်မှာ ကျွန်တော့်သူငယ်ချင်းတစ်ယောက် ပြေးလိုက်လာနေလို့ပါ''

ဦးမြဒင်က ပေါင်းမိုးထဲကနေ ခေါင်းငုံ့လို့ကမ်းပေါ်သို့ မော့ကြည့်လိုက်သည်။

''ဟာ. . . အောင်မြိုင် သမီးပဲ''

ဦးမြဒင်ရဲ့ မျက်နှာက ညှိုမဲလို့ ပုတ်သိုးထွက်သွားသည်။

''သံလုံး . . . ကမ်းမထိုးပေးနဲ့ ဆက်မောင်းကွာ''

''ဟာ အဖေ အဲလိုမလုပ်ပါနဲ့ ကမ်းကပ်ပေးပါ''

''မင်း ဒီကောင်မလေးနဲ့ မပတ်သက်နဲ့လို့ ပြောထားတယ်မဟုတ်လား. . . မင်း သူနဲ့ ပတ်သက်မှာစိုးလို့ ငါ ရန်ကုန်ကိုပို့တာ မင်းမသိဘူးလား''

''အဖေရာ ဒီတစ်ခါတည်း ရယ်ပါ''

''မရဘူးကွာ''

''ဟာဗျာ''

သူ စိတ်ဓာတ်တော်တော်ကျလို့သွားတော့သည်။

ကမ်းပေါ်သို့ သူမော့ကြည့်လိုက်တော့ ပန်းယမုံက သူတို့စက်လှေသွားရာနောက်သို့ အပြေးကလေးလိုက်လို့နေရင်း ပါးစပ်ကလည်း . .

''ရဲ. . . ရဲရေ ကမ်းကို ခဏလေးကပ်ပေးပါဦးဟာ''

တကြော်ကြော်အော်၍ ပြေးလိုက်လာနေတာကို တွေ့လိုက်ရတော့သည်။ သူ့ရင်ထဲတွင် မချိတော့. . . မျက်ဝန်းမှ





မျက်ရည်တို့က အလိုလို စီးထွက်လာသည်။

''အဖေ. . . ခဏလေး ကမ်းထိုးပေးပါ''

''မထိုးနိုင်ဘူးကွာ''

ရဲသွေးလေ. . .

သူ့အဖေ ဦးမြဒင်ကို မင်သက်ကာငေးကြည့်လိုက်သည်။

မရတော့. . . ဘယ်လိုမှကို ပြောလို့မရတော့မှန်း သိလိုက်သည်။

ဒီတော့. . .

''အဖေ. . . ရပ်ပေးမလား၊ မရပ်ပေးဘူးလား''

''ရပ်မပေးနိုင်ဘူးကွာ''

''ဒါဆိုလည်းပြီးရော. . . ကျွန်တော်ရေထဲ ခုန်ချလိုက်တော့မယ်''

''ဘာ. . . ''

ဦးမြဒင်၏ အသံကြီးက မြစ်ပြင်ကျယ်ကြီးထဲ၌ ကျယ်လောင်လွှန်းလို့သွားတော့သည်။

''မင်း ငါ့ကို အကျပ်ကိုင်တာလား''

''အခွင့်အရေး တစ်ခါတော့ ကျွန်တော့်ကို ပေးဦးမှပေါ့ အဖေရယ်. . . ''

ဟွန်းဆိုတဲ့ အသံကြီးက မကျေနပ်စွာနှင့် ဦးမြဒင်နှုတ်မှ ပေါ်ထွက်လို့လာခဲ့၏။

''ဟေ့ သံလုံ. . . ကမ်းကိုထိုးပေးလိုက်စမ်းကွာ''

''ဟုတ်ကဲ့. . . ဟုတ်ကဲ့''



www.burmeseclassic.com

www.burmeseclassic.com



ကိုသံလုံးက စက်လှေကိုကမ်းဘက်သို့ ထိုးပေးလိုက်၏။ စက်လှေက ကမ်းစပ်နှင့်ကပ်လို့သွားတော့ ကမ်းစပ်ရှိ မြေမာသည့်နေရာသို့ ကုန်းဘောင်ပျဉ်တစ်ခုကို လှေဦးထိပ်ကနေ ကိုသံလုံး ချပေးလိုက်တော့သည်။

သူလည်း ကုန်းဘောင်မှတဆင့် ကမ်းပေါ်သို့ ခပ်သုတ်သုတ်ကလေးပဲ ဆင်းလိုက်ပြီး ပန်းယမုံထံသို့ အပြေးကလေး သွားတော့၏။

အနားရောက်တော့ ပန်းယမုံရဲ့ ရင်ကလေးက နိမ့်ချည် မြင့်ချည်နှင့် ဖြစ်လို့နေသည်ကိုတွေ့လိုက်တော့ သူ့ရင်ထဲမှာ အရမ်းသနားလို့ သွားတော့သည်။

"တော်သေးတယ်... ငါ နင်သွားပြီမှတ်နေတာ ရဲရယ်"

"ယမုံရယ်... ငါလေ နင်မလာတော့ဘူးလို့ ထင်နေတာ၊ ဘာလို့နောက်ကျနေတာလဲ ဟင်"

"ချောင်းရိုးမှာ လှေကလေးကို တစ်ယောက်တည်း လှော်ပြီး နင့်အတွက် ကြာနွယ်ရိုးလေးတွေခူးရင်း နောက်ကျသွားတာ... "

"ပန်းယမုံ ရယ်"

သူ ရင်နင့်စွာပဲ မြည်တမ်းလိုက်တော့သည်။

"ရော့ဟာ... ဒီကြာနွယ်ရိုး ဆွဲကြိုးလေးပဲ အမှတ်တရ ငါပေးနိုင်တယ်ဟာ"

ကမ်းလင့်လို့ပေးလာသည့် ကြာနွယ်ရိုးဆွဲကြိုးလေးကို သူ လှမ်းယူလိုက်ပါတယ်။ သူ့ရင်ထဲမှာ ကြေကွဲဆို့နင့်နေသည့်





...တို့က တစ်ဆို့လို့နေသည်။ မျက်ဝန်းမှ မျက်ရည်တို့က ...လို့လာ၏။ သမုဒယ မျက်ရည်မိုးတို့က ရွာချင်လာဟန် ...၏။

"ငါ နင့်ကို ဘယ်တော့မှ မမေ့ဘူးဆိုတာ နင် ...ပါနော်"

ဒီစကားလေးကို သူ မနည်း အသံထွက်အောင် ...လိုက်ရသည်ထင့် အသံတို့က ကြေကွဲဆို့နင့်စွာ ပေါ်ထွက် ...ခဲ့သည်။

ပန်းယမုံက ခေါင်းလေးကိုညင်သာစွာ ညိတ်လိုက် ...တော့...

"ငါလည်း အမြဲလွမ်းနေမှာပါ ရဲရယ်၊ ကဲ ငါသွား ...မယ်ဟာ... နင် ငါ့ရှေ့ကနေ ပျောက်ကွယ်သွားတာကို ...ကြည့်ရက်ဘူးဟာ... သွားမယ်နော်"

သွားမယ်နော် ဆိုပြီး လျှပ်တစ်ပြက်ပဲ သူ့ရှေ့ကနေ ...ည့်ကာပြေးထွက်လို့သွားတော့သည်။ သူ သိလိုက်ပါပြီလေ၊ ...းယမုံ မျက်ဝန်းက မျက်ရည်တို့က အလိုလိုကို စီးကျ ...သွားပြီဆိုတာကို... ။

ဒါဟာ သူ့ကိုနာကျင်စေခဲ့သည့် ပန်းမျက်ရည်လေး ...စ်စက် မဟုတ်ပါလား... ။

ဒါကြောင့် သူလည်း လွမ်းမျက်ရည်တွေ ဝေခဲ့ရပြီလေ၊

အော်... အလွမ်းမျက်ရည်၊ ပန်းမျက်ရည်တွေ ...ခဲ့ ...ခဲ့ သွန်းခဲ့ရပြီပေါ့... ။



www.burmeseclassic.com

www.burmeseclassic.com



အဝေးသို့ ရောက်သွားသည့် ပန်းယမုံ၏ ကျောပြင်လေး
ကိုငေးကြည့်ရင်း လိုက်လှဲဆို့နစ် ကြေကွဲစွာ ခံစားလို့နေရင်း
လက်ထဲက ကြာဆစ်ရိုး လည်ဆွဲကြိုးလေးကို ငေးငေးစိုက်စိုက်
ကြည့်လို့နေလိုက်သည်။

''ပန်း ယ မုံ ရယ်. . . ''

❀ ❀ ❀ ❀ ❀



အခန်း စဉ်(၂)

''နှလုံးသားမြို့ဟောင်းကို ပြန်လည်တူးဖော်ခြင်း''

ခြောက်လိမ်ဟောင်းနွမ်းနေသည့် ကြာဆစ်ရိုးလည်ဆွဲ
ကြိုးလေးကို သူ တယုတယကလေး ကိုင်တွယ်လို့ ငေးစိုက်လို့
ကြည့်နေသည်မှာလည်း အချိန်တွေ အတော့်ကို ကြာညောင်းလို့
သွားခဲ့ပါသည်။

မျက်လုံးထဲမှာရော. . .

အတွေးအာရုံထဲမှာရော. . . ပန်းယမုံ၏ မျက်နှာကလေး
သာ သူ မြင်ယောင်လို့နေပါတော့၏။ သတိရခြင်း တမ်းတခြင်း
တွေက ရင်နှင့်မဆံ့တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒီကနေ့ မနက်ကပေါ့. . . ။

ကိစ္စတစ်ခုနှင့် မြို့ထဲအသွား မိုးတွေကလည်းရွာလို့ မိုးပွိုင့်တစ်ခုကို ဖြတ်ကူးလိုက်စဉ် ကားလမ်းအလယ်ကို အရောက် မိုးကြိုးချိန်းပြီး ပစ်လိုက်သည့်အသံကြောင့် သူ့ရှေ့က မိန်းကလေးတစ်ယောက် ရုတ်တရက်ကြောက်လန့်တကြားနှင့် ထိုင်ချလိုက်တာကိုတွေ့လိုက်ရသည့်အခါ. . . ။

သူ. . . ပထမတော့ ရယ်ချင်စိတ်တွေနှင့် ပြုံးရယ်ရယ်လိုက်မိပြီး နှုတ်ကလည်း ကလေးလဲမဟုတ်ဘဲနဲ့ ကြောက်တတ်လိုက်တာလို့ ပြောထွက်မိလိုက်ရာ ဖျတ်ဆို မိန်းကလေးက ဆိုင်ရက်ကလေး လှည့်လို့မော့ကြည့်လိုက်သည့်ခဏ. . . ။

သူ့ရဲ့ နှလုံးသားတွေ ဖျတ်ဖျတ်လူး ခံစားလိုက်ရသည် တဒိုင်းဒိုင်းနှင့်လည်း ရင်ခုန်နှုန်းတွေ မြန်ဆန်လို့သွားခဲ့ရသည်

တွေ့ခဲ့ပြီ. . . ။

မျှော်လင့်တမ်းတနေသည့် အချစ်ရဲ့မျက်နှာလေး။

မမြင်ခဲ့ မတွေ့ခဲ့ရသည့် အချစ်ရဲ့မျက်နှာလေး. . . ခုတော့ဖြင့် မမျှော်လင့်ပဲ တွေ့ခဲ့ရပါပြီလေ။ ဝမ်းသာကြည်နူးခြင်းတွေက ရင်ထဲမှာ ဖော်မပြနိုင်တော့. . . ။

သို့ပေမယ့်. . .

တဒင်္ဂလေး အတွင်းမှာပဲ. . .

ထိုဝမ်းသာ ပျော်ရွှင်မှုတွေက ခုံးရုံးပျောက်ကွယ်လို့ သွားခဲ့ရသည်။

ရင်ထဲက စွဲနှင့်ကာ သံယောဇဉ်ဖြစ်တည်မှုတွေကြောင့်





ချည်တောင်ကျေး ကလေးဘဝကပင် တွယ်တာမြတ်နိုးခဲ့ရ ငယ်ကျွမ်းဘွေနှင့် ခွဲခွာခဲ့ရသည့် အဖြစ်သနစ်တို့က တွက် လွမ်းမျှော် အဖြစ်ကလေးတွေ ဖြစ်နေရပါလား ကို ပြန်ပြည့်ဟမ်းတ ငေးမောတွေးလိုက်တဲ့အချိန်. . .

ချစ်တဲ့သူရဲ့ မျက်နှာလေးက လုံးဝပျောက်ကွယ်ခဲ့ရသည်။

ကားလမ်းကို ဖြတ်ကူးရင်း ဟိုဘက်ခြမ်းက ဘက်ဖောင်းပေါ် သူရောက်သွားတယ်ဆိုရင်ပဲ ချစ်သူက ဘယ်ရောက်သွားသည်လည်း မသိတော့. . . ။ ကျီးကန်း ဘင်းမောက်ဆိုတဲ့အတိုင်း မျက်ဝန်းအကြည့်ကို လှည့်ပတ်လို့ ရှာ ကြည့်မိလိုက်သည်။

ဒါပေမဲ့. . . လုံးဝရှာဖွေလို့ မတွေ့တော့ပါ။

"ယမုံရယ်. . . မင်းမှ မင်းအစစ်ပါ။ ကိုယ် ရဲသွေး ကိုရော မင်း မမှတ်မိလေရော့သလားကွာ"

နောက်ဆုံးမှာတော့ သူ လက်လျှော့လိုက်ပြီး သွားစရာ ရှိသည်ကိုသွားပြီး အိမ်သို့ပြန်ရောက်လို့သွားခဲ့တော့သည်။

အိမ်ပြန်ရောက်တော့ ကိုယ့်အခန်းတွင်းသို့ဝင်ပြီး စားပွဲ ထဲက ယွန်းသေတ္တာငယ်လေးကို ဆွဲထုတ်လိုက်ကာ အဖုံးကို ဖွင့် အထဲကပစ္စည်းလေးကို မြတ်မြတ်နိုးနိုး ထုတ်ယူလိုက် တော့သည်။

ခြောက်သွေ့နေပြီသော ကြာဆစ်ရိုးလည်းဆွဲကုံးကလေး ကုံး. . . ။



www.burmeseclassic.com

www.burmeseclassic.com



ကြင်နာ ယုယ မြတ်နိုးစွာနှင့် ငုံ့ယူမွှေးကြူလိုက် တော့သည်။

ပန်းယမုံ ရယ်. . . ။

ကိုယ်လေ မင်းကို ခုချိန်ထိ မေ့လို့မရဘူးဆိုတ မင်းသိအောင်လို့ အော်ဟစ်ပြောလိုက်ချင်ပါတယ်။

ကိုယ်ဘယ်လောက် ခံစားနေရသလဲဆိုတာ မင်းသိ လားကွာ၊ ကိုယ်မင်းကို တွေ့ချင်တယ်၊ မြင်ချင်တယ်၊ စကားပြေ ပြောချင်တယ်။ မင်းရဲ့မျက်နှာလေးကို တစိမ့်စိမ့်ကြည့်နေချ တယ် ပန်းယမုံ. . . ။ကိုယ် မင်းနဲ့ ခွဲခွာခဲ့ရတာ ငါးနှစ်ကျော် ခြောက်နှစ်နီးပါး ရှိသွားခဲ့ပြီနော်. . . ။ဒီနှစ်တွေထဲမှာ ကိုယ်လေ မင်းကိုဘယ်လိုမှ ဆက်သွယ်လို့ကို မရခဲ့ပါဘူး၊ မင်းရှိနေတ လက်ပံကွင်းရွာလေးကို ကိုယ်မလာနိုင်အောင်လို့ ကိုယ့်အဖေက စီမံထားခဲ့တယ်လေ. . . ။

ကိုယ်တို့ရဲ့ လက်ပံကွင်းရွာရဲ့ စက်လှေတွေက ရန်ကုန် ကြည့်မြင်တိုင်ဆိပ်ကမ်းမှာပဲ ကပ်ကြတာ၊ ကိုယ်လေ အဲ ဆိပ်ကမ်းကို ခဏခဏရောက်တယ်ဆိုတာကလည်း ရွာက စက်လှေတွေ လာတဲ့အခါမှပါ။ ရွာကစက်လှေတွေက နှစ်လ သုံးလလောက်နေမှ တစ်ခါလာကြတာ။ အဲ. . . လာရင်လည်း နှစ်စီး သုံးစီးလောက်ပါပဲလေ။ ဒီထက်တော့ မပိုပါဘူး။ မ ဆိုတာက ရွာကစက်လှေက သုံးစီးထဲရှိတာကိုး. . . ။ အဲ သုံးစီးမှာ ကိုယ့်အဖေစက်လှေက နှစ်စီးရယ်. . . ။

ကိုကျော်ဖံရဲ့ စက်လှေတစ်စီးရယ်ပေါ့. . . ။ ကိုကျော်ဖံ





လှေ အငှားလိုက်တယ်လေ၊ အဖေက ကိုကျော်ဖံကို တ်ပြောထားတာ. . . ။ကိုယ် ရန်ကုန်က ကမ်းနားကိုဆင်းလို့ ယမုံအတွက် စာတွေ ဘာတွေပေးမယ်ပြုမယ်ဆိုရင်. . . အသက် ရေဝတီမြစ်ထဲရောက်သွားမယ်လို့ ကြိမ်းမောင်း တာ. . . သူ့ရဲ့စက်လှေကို အဖေက အမြဲအသုံးပြုနေတာ တော့ စီးပွားရေးအရ မှီခိုနေရတော့ အဖေ့ကို မလွန်ဆန် ဘူးဖြစ်နေတယ် ပန်းယမုံရယ်။ ကိုယ် အကူအညီတောင်းတိုင်း မပေးရဲဘူးဖြစ်နေတာပေါ့. . . ။ အဲဒီကိုကျော်ဖံဆိုတဲ့လူက သကားလူကြောက်. . . ။

ကိုယ်. . . ပန်းယမုံနဲ့ ပတ်သက်တာမှန်သမျှကို သိချင် တာ၊ ဘယ်သူ့မှလည်း မေးမရ. . . ။ဒီလိုနဲ့ အချိန်တွေက လွန်လာခဲ့ရာမှာ ခုဆို ကိုယ် တတိယနှစ်တက္ကသိုလ် ကျောင်းသားဖြစ်လို့နေပြီ ပန်းယမုံ. . . ။

ခု. . . မနက်. . . ။

မင်းကိုတွေ့လိုက်ရတဲ့အချိန်. . . ကိုယ့်စိတ်တွေ ဆက်တည်ရာမဲ့လို့သွားခဲ့ရပြီလေ. . . ။

မင်းကိုသတိရတိုင်း. . .

လွမ်းဆွတ် တမ်းတရတိုင်း. . .

မင်းပေးထားတဲ့ ကြာဆစ်ရိုးလည်ဆွဲခြောက်လေးကို တ် ထုတ်ကြည့်ရတာကလည်း အမောပါပဲ ပန်းယမုံရယ်။

ခုလည်းကြည့်ပါ၊ ကိုယ့်လက်ထဲမှာ မင်းရဲ့ ကြာဆစ်ရိုး ခြောက်လည်ဆွဲလေးလေ. . . ။



www.burmeseclassic.com

www.burmeseclassic.com



ဟား. . . ။

ရင်ထဲက လှိုက်မောစွာခံစားရသည့် ဝေဒနာသက်ပြင်း ပူပူတစ်ချက်ကို မှုတ်ထုတ်လိုက်ရသည်။ သို့ပေမယ့် သူ့ရင်ထဲမှာတော့ တင်းကျပ်နေသည့် ခံစားမှုကတော့ ပြေပျောက်မသွားနိုင်ခဲ့ပါ။

"ပန်းယမုံ. . . ကိုယ်မခံစားနိုင်တော့ဘူးကွာ. . . မင်းသိစ်တွေချင်နေပြီ၊ မင်းအခု ဘာတွေလုပ်နေသလဲ၊ ဘာဖြစ်နေသလဲ ဟင်"

သူ့ရင်ထဲရှိသမျှ ခံစားမှုတွေကို ထုတ်ဖော်ကာအော်ဟစ်ပစ်လိုက်သည်။

ဒီတော့မှ ရင်ထဲတွင်ပေါ့သွားသယောင် ဖြစ်လို့သွားသည်ဟု ခံစားမိလိုက်၏။

သည့်တွင် သူ့အခန်းအပြင်ဘက်မှ

"ဒုံး. . . ဒုံး"

"ကိုရဲ. . . ကိုရဲ ဘာဖြစ်တာလဲ ဟင်"

သူ့အခန်းကို အတင်းခေါက်ကာ အော်မေးနေသည့် ဖူးပွင့်ငုံ ၏ အသံက စိုးရိမ်စိတ်တွေဖြင့် တုန်လှုပ်ချောက်ချားလို့နေသည်။

"ကိုရဲ. . . တံခါးဖွင့်ပါဦး လို့"

"ဒုံး. . . ဒုံး"

စဉ်ဆက်မပြတ်ပင် အခန်းတံခါးကို ထုလည်းထု၊ ပါးစပ်ကလည်း ပြောနေသည့် အခန်းအပြင်ဘက်က ဖူးပွင့်ငုံ၏





အသံကြောင့် သူ လက်ထဲက ကြာဆစ်ရိုးလည်ဆွဲခြောက်လေးကို ယွန်းသေတ္တာငယ်လေးတွင် တယုတယပြန်ထားလိုက်ပြီး စားပွဲအံဆွဲထဲသို့ ပြန်ထည့်လိုက်တော့သည်။

"ကိုရဲ. . . ကိုရဲ"

"ဟော လာပြီဟ. . . လာပြီ"

သူ တံခါးဆီသို့ လှမ်းသွားကာ တံခါးချက်ကိုဖြုတ်ပေးလိုက်ပြီး တံခါးရွက်တို့ကို ဆွဲဖွင့်လိုက်သည်နှင့် ဖူးပွင့်ငုံက အခန်းတွင်းသို့ လှမ်းဝင်လိုက်သည်။

"ဘာဖြစ်တာလဲဟင်. . . ကိုရဲ"

"မသိပါဘူး ဖူးရာ၊ ကိုယ်အပြင်က ပြန်လာပြီး ခဏ တဖြုတ်ကျောဆန့်လှဲလိုက်တာ အိပ်ပျော်သွားရင်း ယောင်အော်လိုက်တာနဲ့တူတယ်"

ဖူးပွင့်ငုံကို သူ ခပ်တည်တည်နဲ့ ညာပြောလိုက်ရ၏။ စိတ်ထဲကတော့ မလုံချင်တာအမှန်။ သို့သော်. . . ဖူးပွင့်ငုံက သူ့ကိုစူးစူးစမ်းစမ်းလေး ကြည့်လိုက်သည်။ ဟုတ်ရဲ့လား ဆိုသည့် သဘော အဓိပ္ပာယ်ဟု သူနားလည်လိုက်မိ၏။

"ပန်းယမုံဆိုတဲ့ နာမည် ကြားလိုက်ပါတယ်နော်"

"ဟုတ်လား"

"ဘာ ဟုတ်လား လဲ. . . ။အူကြောင်ကြောင်လုပ်မနေနဲ့နော် ကိုရဲ၊ ပြော အဲဒီ ပန်းယမုံဆိုတာ ဘယ်သူလဲ. . . ဖူး. . . သိချင်တယ်"

နှုတ်ခမ်းစူတူတူ. . . မျက်စောင်းလေးတထိုးထိုးနဲ့



www.burmeseclassic.com

www.burmeseclassic.com



လက်တစ်ဖက်က ခါးလေးထောက်လို့ မကြည်သည့်အကြည့်လေးနဲ့ ကြည့်လို့မေးလိုက်သည့် ဖူးပွင့်ငုံကို စိတ်မသက်မသာဖြင့် သူ ငေးကြည့်လိုက်မိပါသည်။

"ပြောလေလို့. . . မေးနေတာကို"

"ဘာမှ မဟုတ်ပါဘူး ဖူးရာ"

"ဘာမဟုတ်ရမှာလဲ. . . အဲဒီ ပန်းယမုံဆိုတဲ့ နာမည်ကို သေသေချာချာ သဲသဲကွဲကွဲ ကြားလိုက်တာနော်. . . နောက်ပြီး ကြားလိုက်သေးတယ်. . . ကိုယ် မခံစားနိုင်တော့ဘူး သိပ်တွေ့ချင်တယ်။ ဘာဖြစ်နေလဲ၊ ဘာလုပ်နေလဲလို့ အို. . . စုံနေတာပဲ. . . ကဲ ပြော. . . အဲဒါ ဘာအဓိပ္ပာယ်တွေလဲ"

ဟိုက်. . . အဲဒါမှ ကျွတ်စကီးယားပဲဟု တမိလိုက်သည်။

သည်ကောင်မလေး သိသွားလို့ကတော့ မလွယ်ရေးချ မလွယ်။ အဖေရောက်လာတဲ့အချိန်မှာ တိုင်ပြောလိုက်ရင်ဖြင့် ဒုက္ခ. . . ။

ဒီတော့. . . ။

"အော်. . . ဒါကျောင်းက သူငယ်ချင်းတစ်ယောက်ရဲ့ ကိစ္စပါ။ အတန်းထဲမှာ ပန်းယမုံဆိုတဲ့ ကောင်မလေးတစ်ယောက် ရှိတယ်။ အဲဒီကောင်မလေးကို ကိုယ့်ရဲ့သူငယ်ချင်းက ကြိုက်နေတာ. . . အဲဒါ သူ ကောင်မလေးကို ဘယ်လိုလုပ်ရမလဲဆိုတာ ကိုယ့်ဆီ အကြံဉာဏ်လာပြီးတောင်းလို့ ကိုယ်က ခုန ဖူး ကြားတဲ့အတိုင်း ပြောပြလိုက်တာ. . . အဲဒါကို စိတ်ထဲက စွဲပြီး အိပ်နေရင်းက အော်လိုက်မိတာပါ ဖူး"





"အဲဒါ တကယ်ပြောတာလား"

မယုံသင်္ကာ မျက်လုံးလေးနဲ့ သူ့ကို ဖူးက ကြည့်လိုက်သည်။

"တကယ်ပြောတာပေါ့ ဖူးရယ်။ ဘယ်တုံးက ဖူးကို ကိုယ်ညာခဲ့ဘူးလို့လဲ ဟင်"

"ဒါဆိုလည်း ပြီးရော. . . ဖူး ယုံလိုက်မယ် သိလား"

သူက ပြုံးပြီး ခေါင်းညိတ်ပြလိုက်ရ၏။

"အောက်မှာ ဖေဖေနဲ့မေမေ ထမင်းစားဖို့ စောင့်နေတယ်. . . "

"ဟုတ်. . . "

"ဖူး ဆင်းနှင့်မယ်၊ နောက်က လိုက်လာခဲ့"

"ဟုတ်. . . "

"မြန်မြန်နော်. . . မြန်မြန်"

"ဟုတ်. . . "

သူ့အခန်းထဲကနေ ပြောဆိုပြီး ထွက်သွားမယ်အလုပ် သူ့မျက်နှာက မချိုမချဉ်မျက်နှာနဲ့ ဟုတ်. . . ဟုတ်နဲ့ ခေါင်းညိတ်ပြနေတော့. . .

"ဘယ်လိုဖြစ်နေတာလဲ. . . လူကိုနောက်နေတာလား"

"ဟုတ်. . . "

"ဘာဟုတ်လဲ. . . လူကိုနောက်နေတာလား"

"ဟင့်အင်း. . . မနောက်ရဲပါဘူး"

သူ့မျက်နှာက ပြုံတီတီစပ်ဖြီးဖြီးနဲ့ရယ်လေ. . . ။



www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း. . . ဘယ်လိုလူကြီးမှန်းကို မသိဘူး"

ခြေကလေး ဆောင့်လို့ မျက်စောင်းထိုး၊ နှုတ်ခမ်း ရင်းက. . . ဖူးပွင့်ငုံ သူ့အခန်းထဲကနေ ထွက်လို့သွားခဲ့တော့ သည်။ သည်တော့မှပင်. . . သူလည်း ဟင်းခနဲ သက်ပြင်း နိုင်တော့၏။

"တော်ပါသေးရဲ့ ရဲသွေးရေ မင်းတော့ ဒုက္ခရောက်တော့ မလို့"

ကိုယ့်ကိုယ်ကို နှစ်သိမ့်ကာပြောလိုက်ရသည်။ သို့ပေမယ့် စိတ်ထဲမှာတော့ စိုးထိတ်ပူပန်မှုသောကတွေက အလုံးအရင်းနှင့် ဖြစ်နေ၏။ ဒီကောင်မလေးသာ အမှန်တကယ်သိရင် မလွယ်

သူ. . . ။

ရန်ကုန်က ဖူးပွင့်ငုံတို့တိုက်သို့ သူ စရောက်သည် အချိန်ကစ၍ သူ့ကို ဖူးပွင့်ငုံ၏ မိဘနှစ်ပါးဖြစ်သော ဦးကျော်ထွန်း နှင့် ဒေါ်မာလာပွင့်တို့က သားအရင်းတစ်ယောက်ပမာ ပြုစု စောင့်ရှောက်ခဲ့ကြပါသည်။

သူ့အဖေ ဦးမြဒင်ကလည်း ဦးကျော်ထွန်းနှင့် ဒေါ်မာလာပွင့် တို့၏ ဘုရင့်နောင်မှာရှိသော ဆန်နှင့်ငါးခြောက် ပွဲရုံတွေကို စီးပွားရေး အရရော၊ လူမှုရေးအရပါ ပံ့ပိုးကူညီခဲ့၏။ သည့်အတွက်ကြောင့်လည်း အကျိုးအမြတ်များစွာကို ဦးကျော်ထွန်း တို့ဇနီးမောင်နှံတွေ ပြည့်ဝစွာခံစားကြရသည်။

သားဖြစ်သူ ရဲသွေးကို ရန်ကုန်မှာစ၍ ထားပြီးဆိုသည်နှင့် ဦးမြဒင်က ရဲသွေးအတွက် အစစအရာရာကို ပြီးပြည့်စုံအောင်ကို





ဆောင်ရွက်ပေးခဲ့သည်။ သို့သော်. . . လက်ပံကွင်းရွာကိုတော့ ဘယ်တော့မှ အလာမခံခဲ့။ မအေဖြစ်သူ ဒေါ်ရွှေရည်၏ အကြောင်းမှလွဲ၍ တခြားမည်သည့်အကြောင်းကိုမျှ သားဖြစ်သူ ရဲသွေးကို မပြောခဲ့. . . ။

သည်လိုနဲ့ ရဲသွေးနေလာခဲ့ရာမှ. . .

ဖူးပွင့်ငုံသည်လည်း တက္ကသိုလ်ဝင်တန်းကို အောင်မြင်ပြီး သူလည်း တက္ကသိုလ်တွင် တတိယနှစ်သို့ ရောက်လာခဲ့ပါ တော့သည်။

အတန်းပညာကလည်း မြင့်လို့လာသလို. . . အရွယ်ကလည်း ပြောင်းလဲလာခဲ့သည်နှင့်အမျှ ဖူးပွင့်ငုံ၏ စိတ်အရောင်တို့သည် ပြောင်းလဲစပြုလာခဲ့၏။ သူ့အပေါ်သို့ အပျိုရောင်သံယောဇဉ်တို့က တဖြည်းဖြည်းနှင့် မရိုးသားတော့ အပျိုရိုင်းကလေး၏ စိတ်ထဲတွင် အချစ်နတ်တို့က ဝင်ရောက် ဖူးလို့လာခဲ့ပါပြီလေ. . . ။

ဒါကို. . .

သူလည်း သိသည်။ သိသည့်အလျောက်လည်း သူ့အနေဖြင့် အနေအထိုင် အပြောအဆိုကို အထူးဆင်ခြင်ကာ သတိထားလို့ နေနေရသည်။ တကယ်တန်း သူ့စိတ်ထဲမှာ ဖူးပွင့်ငုံကို ညီအစ်မအရင်းတစ်ယောက်လိုသာ ချစ်ခဲ့ရသည်။ ထို့ထက်တော့ မပို၊ သားရေပေါ်အိပ် သားရေနားစားဆိုသည့် ရွေးသတ္တဝါတစ်ကောင်လိုတော့ အပြောမခံနိုင်ပေမယ့် သူမတို့ ဘက်က ဒီစကားလုံးကို မသုံးဘဲ၊ သဘောတူကြည်ဖြူပါတယ်ဟု



www.burmeseclassic.com

www.burmeseclassic.com



ပြောလာခဲ့ရင်လည်း သူ့အနေနဲ့က ခေါင်းခါရမည်ဟု နားလည်ထားခဲ့ရသည်။

သူ့ဘက်က မီးဆိုတာကိုတော့ မလောင်ခင်တားရမည်ထက် မီးစတစ်စ ဖြစ်ပေါ်မလာဘို့က အဓိကဖြစ်လို့နေသည်ဟု သူ ခံယူထားလိုက်သည်။

သူ့နှလုံးသားထောင့်မှာ ချစ်သူက ရှိနှင့်နေပြီ. . . ။

နောက်ထပ်ချစ်သူဆိုတာ သူ့နှလုံးသားထဲသို့ ဘယ်လိုမှ ဝင်လာလို့ မရတော့. . . ။

သို့သော်လည်း. . . ။

သူ့နှလုံးသားထဲက ချစ်သူနဲ့က. . . ခရိုန်ထိ မှုန်ဝါးဝါး အချစ်ဇာတ်လမ်းတစ်ပုဒ်သာသာပဲ ရှိပါသေးသည်လေ။ ဒါကိုတော့ သူ မငြင်းနိုင်ပါ. . . ။

ကိုယ့်ဘက်ကတော့ ချစ်သူလို့ သတ်မှတ်ပေမယ့် သူဆိုတဲ့ ပန်းယမုံကရော သူ့ကို ချစ်သူလို့ သတ်မှတ်ပေးမှာတဲ့လား. . . ။ဒါတော့ သူလည်း မသိ။

❀ ❀ ❀ ❀ ❀



## အခန်း စဉ်(၃)

## "အမှတ်တရ ချစ်ရသူ"

နားထဲတွင် ထုပ် ထုပ် ထုပ် ထုပ်နဲ့ စက်လှေ၏ မော်တာသံကိုကြားနေရလင့်ကစား စိတ်တို့က တခြားသို့ လွင့်မျောလို့နေသည်။ ထို့အတူ မျက်ဝန်းအကြည့်တို့သည် စက်လှေဦးထိပ်က ပြန့်ပြူးနေသည့် ရေပြင်ကို ဦးထိုးခွဲလိုက်ခြင်းကြောင့် ရေလှိုင်းဂယက်ကြီးများ ခွဲဖြာထလို့သွားသည့်ကို ရောက်နေမိ၏။ သို့သော်လည်း စိတ်အတွေးက တခြားသို့ လွင့်ပြယ်လို့နေသည်။

"ရဲ ရယ်၊ ငါတွေ့လိုက်တာ နှင်မှ နှင်အစစ်ပါဟာ၊



www.burmeseclassic.com

www.burmeseclassic.com



နှင့်ကိုမတွေ့လိုက်ရတဲ့ ဒီငါးနှစ်ကျော် ခြောက်နှစ်အတွင်းမှာ နှင့်ရဲ့မျက်နှာကို ငါ မမှတ်မိစရာ အကြောင်းမရှိပါဘူးရဲရယ်။ နှင်လေ ငါ့ကို ဘာလို့ မခေါ်တာလဲဟင်။ ဘာလဲ မမှတ်မိလို့လားဟာ''

ပန်းယမုံ. . . ။

ရေပြင်ကြီးကို ငေးကြည့်လို့နေဆဲ၊ တွေးကြည့်လို့နေဆဲ၊

''ရဲရေ. . . လှိုင်းလုံးတွေကြောင့် ရေပူဖောင်းလေးတွေ ဖလုံစီလို့ နောက်တော့ ပြန်ပျောက်ကွယ်သွားပြန်ပြီကွယ်။ အဲလိုပဲ အမှတ်မထင် ရန်ကုန်မြို့ကြီးထဲမှာ ရဲကို တွေ့လိုက်ရပြီး ချက်ချင်းပဲ ပျောက်ကွယ်လို့ မတွေ့ရတော့ ပြန်ဘူး။ မြန်လိုက်တာနော်။ ရေဖလုံစီလေးတွေ ပျောက်ကွယ်တာက နှေးသေးတယ်၊ ရဲကိုတွေ့ပြီး ပြန်ပျောက်သွားတာကတော့ အရမ်းမြန်တာပဲ ရဲရယ်''

တစ်ချက် တစ်ချက်မှာ. . .

မြစ်ပြင်က တိုက်လာသည့် လေတို့က သူမကို ခလုတ်တိုက် ကျီစယ်လို့သွားတတ်ခြင်းကြောင့် ဆံနွယ်စတို့များ မျက်နှာပေါ်သို့ ရောက်ရောက်လာသည့်အတွက် လက်ဖြင့် ခဏ ခဏ ဖယ်ထုတ်နေရသည်ကိုလည်း သူမစိတ်ကသိဟန်မတူချေ။

ငါ ရန်ကုန်ကို ဘာလို့ရောက်လာလဲဆိုတာ နှင် သိရဲ့လားဟင်၊ ငါ့အမေဟာ နှလုံးရောဂါဖြစ်လို့ ရန်ကုန်ဆေးရုံကြီးကို လာပြတာ၊ ငါတို့တွေ သရက်တော ကျောင်းတိုက်ဝန်းကြီးထဲက ဘုန်းကြီးကျောင်းတစ်ကျောင်းမှာ တည်းတာ တစ်ပတ်ကျော်ကြာတယ် ရဲရယ်၊ ဆေးရုံအပြင်





တိုင်း ငါ နှင့်ကိုတွေ့ရမလားလို့ တို့အရွယ် ကောင်မလေး လိုက်ကြည့်ရတာ အမောပါပဲ။ တကယ်တော့ ငါ့အဖြစ်က ရှာကြီးနော်. . . ။

''သမီးရေ. . . သမီး''

ပန်းယမုံ အတွေးကောင်းတုံး အငေးကောင်းတုံးမှာ အမေ ဦးအောင်မြိုင်၏ ခေါ်သံကြောင့် လှေဝမ်းထဲသို့ ကြည့်လိုက်သည်။

''သမီးအမေကို ဆေးတိုက်ချိန်နီးပြီ မဟုတ်လား''

''ဟာ. . . ဟုတ်သားပဲ''

ရဲ. . . နှင်မကောင်းဘူးဟယ်. . . ။

နှင့်အကြောင်းနဲ့ ပတ်သက်ပြီး ငါ့အကြောင်းကလေး ကို စိတ်ကူးထဲမှာ နှင့်ကိုပြောပြနေတာ. . . ကြည့်စမ်း၊ အမေကို ဆေးတိုက်ဖို့တောင် မေ့သွားတယ် သိလား။ နှင် စိတ်ကူးထဲကနေ ခဏလောက် ထွက်ပေးဦးနော် ဟုတ်လား။

''မေမေ. . . ဆေးသောက်ရအောင်နော်''

လှဲလျောင်းနေသည့် သူမအမေ ဒေါ်နှင်းနုကို ပွေ့ဖက် လိုက်သည်။ လှေဝမ်းနံရံတွင် ခေါင်းအုံးတစ်လုံးကို ထောင်၍ ထားလိုက်ပြီး သူ့အမေ ဒေါ်နှင်းနုကို မှီစေလိုက်၏။

''မေမေ. . . နေသာရဲ့လားဟင်''

''အရင်ကလောက်တော့ မဆိုးတော့ပါဘူးကွယ်''

ပန်းယမုံက အနီးတွင်ရှိနေသော ယိုးဒယားဆွဲခြင်းထဲမှ ထုပ်တို့ယူလိုက်ပြီး ဖြည့်လိုက်ကာ သောက်ရမည့်ဆေးကို



www.burmeseclassic.com

www.burmeseclassic.com



တစ်ထောင့်ခြင်း တစ်လုံးခြင်း ယူကာ ပေးလိုက်သည်။

"ဆေးတွေကလည်း များလိုက်တာ"

"နှင်းနုရယ်... ဆရာဝန်တွေက လိုအပ်လို့ ပေးတာ သောက်လိုက်ပါ။ မြန်မြန်ပျောက်သွားတာပေါ့ကွာ"

ဒေါ်နှင်းနုက ဆေးများတာကို ညည်းညူလိုက်တာကြောင့် ဦးအောင်မြိုင်က သူ့မိန်းမကို ကရုဏာသက်စွာနဲ့ ပွဲကိုင်ရင်းကနေ လှမ်းပြောလိုက်သည်။

"ရော့ မေမေ ရေ"

ရေသန့်ဗူးထဲက ရေကို ဖန်ခွက်ထဲသို့ ငှဲ့ထည့်လိုက်ကာ သူမအမေ ဒေါ်နှင်းနုထံသို့ ကမ်းပေးလိုက်သည်။

ဒေါ်နှင်းနုကလည်း ဆေးတို့ကို ကုန်စင်အောင် သောက်လိုက်ပြီးနောက်...

"ဒီဆေးတွေ... ဘယ်လောက်ထိ သောက်ရမှာလဲ မသိဘူးနော်"

"မင်းကွာ... ရောဂါပျောက်တဲ့အထိတော့ သောက်ရမှာပေါ့ကွ"

"ကျွန်မ မသောက်ချင်လို့ပြောနေတာ မဟုတ်ပါဘူးတော်၊ ကျွန်မအတွက်နဲ့ ပိုက်ဆံတွေ တော်တော်ကုန်သွားပြီ မဟုတ်လား... လယ်တွေ ယာတွေလည်း သူများလက်ထဲ ရောက်ကုန်ပြီ... ကျွန်မ ရှင့်ကို ဒုက္ခပေးတာနဲ့ အတူတူပါပဲ"

"မင်းဒါတွေ မပြောနဲ့တော့ကွာ... ။မင်းကျန်းမာရေး ကိုပဲ မင်းဂရုစိုက်စမ်းပါ နှင်းနုရယ်။ ငါ့ခြေတွေလက်တွေ





သေးသေး၍ ငွေဆိုတာ ရှာလို့ရပါတယ်ကွာ"

"ဒါပေမဲ့ ရှင်ရှာဖွေနေတာက... ကျွန်မအဖေကို ဒုက္ခ ပေးခဲ့တဲ့ သူ့ရဲ့သား မြဒင်ရဲ့ လောင်းရိပ်အောက်မှာ လုပ်ကိုင် နေရတာ မဟုတ်လား၊ အဲဒါကိုပဲ မကျေမနပ်ဖြစ်နေရတာ သိရဲ့လား"

"နှင်းနုရယ်... ခြေမမကောင်း ခြေမ၊ လက်မမကောင်း လက်မပေါ့... ခွဲခြားပြီးတော့ သိလိုက်စမ်းပါကွာ... မင်းနဲ့ ငါတို့ရဲ့ အညိုးတွေ အာဃာတတွေ ဘယ်တော့မှ ပြီးဆုံး မှာလဲ"

"ဘယ်တော့မှ မပြီးဘူး ကိုအောင်မြိုင်၊ ဘဝအဆက် ဆက် သံသရာအဆက်ဆက်ထိကို ကျွန်မသယ်သွားမယ် သိလား"

"နှင့်ရင်ထဲမှာ မီးတွေ သိပ်လောင်နေပြီ နှင်းနုရယ်။ ဒေါသတွေ မောဟတွေကို လျှော့နိုင်သမျှ လျှော့စမ်းပါကွာ၊ ဒါမှ မင်းအနားယူလိုက်ဦး"

"ဟုတ်သားပဲ... မေမေရယ်၊ ဒါတွေ ခေါင်းထဲမှာ မထားစမ်းပါနဲ့... အရေးကြီးတာက ကိုယ့်ကျန်းမာရေးကို ဂရုစိုက်ဖို့ပဲ မဟုတ်လား"

"သမီးလည်း အဲဒီကောင်ရဲ့သားကို သတိရမနေနဲ့ သိလား"

နောက်ဆုံးတော့ ဒေါ်နှင်းနုက ပန်းယမုံဆီသို့ အပြစ်ရှိ သလိုရှာလို့ ပြောလိုက်သေးတော့သည်။ ပန်းယမုံက ဒေါ်နှင်းနု



www.burmeseclassic.com

www.burmeseclassic.com



မသိအောင် ကြိတ်ပြုံးကလေး ပြုံးနေလိုက်တော့သည်။

ဒေါ်နှင်းနုကို အိပ်ရာထဲသို့ ပြန်လည်လို့ လှဲလျောင်းစေလိုက်၏။ ပြီးတော့ စောင်ပါးပါးလေး တစ်ထည်ကိုလည်း လွှားတင်ပေးလိုက်ပြန်ပါသည်။

"လေးစိမ်းတွေ တိုက်နေတယ်။ တော်ကြာ မေမေ အဖျားဝင်မှာ စိုးရတယ်။ ဒီလွှာချင်းစောင်လေးတော့ ခြုံထား လိုက်နော် မေမေ"

ဒေါ်နှင်းနု ဘာမှမပြောတော့... မျက်လုံးတို့က မှေးစင်း လို့သွားတော့သည်။ ဆေးထဲတွင် အိပ်ဆေးပါခဲ့သည်ထင် ပန်းယမုံက သူ့မအမေ ဒေါ်နှင်းနုကို အတန်ကြာ ငေးကြည့် လို့နေလိုက်တော့သည်။

ရဲ... ရယ်။

ငါအခုမှ နှင့်အကြောင်းကိုရော ငါ့အကြောင်းကို ဆက်ပြီး တွေးရတော့တယ်။ ငါတို့ ရန်ကုန်သွားခဲ့တဲ့အကြောင်း နှင့်ကိုပြောခဲ့ ပြီးပြီပေါ့နော်... ။ခုတော့လေ ငါ့အမေ ဆေးက ပြီးလို့ ရွာကိုပြန်လာခဲ့ပြီဟ... ။ရန်ကုန်ကနေ ပြန်လာတော့ ငါ့ရင်ထဲမှာ ဟာတာတာကြီး ဖြစ်သွားတော့တယ် သိလား။

နှင် ရန်ကုန်မှာ ကျန်ခဲ့တယ် ဆိုတာကို သိနေတဲ့အတွက် လွမ်းသလိုလို ငိုချင်သလိုလိုနဲ့ ကြေကွဲခံစားလိုက်ရတာ၊ အဲ ခံစားချက်ကြီးက ငါ့ဘဝတစ်ခုလုံးမှာ အဆိုးဝါးဆုံး ဝေဒနာ တစ်ခုဆိုတာ သိလာခဲ့ရတယ် ရဲ ရယ်။ ဒီလိုဝေဒနာမျိုး ဟိုးလွန်ခဲ့တဲ့ ငါးနှစ်ကျော်ကျော်လောက်က တစ်ခါခံစားဘူး





လေ... ။ နှင်မှတ်မိလာတော့ မသိဘူး။

မနက်ဖြန် နှင်ရန်ကုန်ကိုသွားရမယ့် ဒီနေ့လိုညမျိုးမှာ တို့အိမ်ရဲ့ အနောက်ဘက်က ရိုးချောင်းလေးရဲ့ သစ်သား ပေါ်မှာလေဟာ... နှင့်နဲ့ငါ အတူယှဉ်တွဲလို့ နှုတ်ဆက် စကားတွေနဲ့ အလွမ်းတွေ ချွေခဲ့ကြတယ်။

နောက်ဆို... နှင့်ကိုတွေ့ရတော့မှာ မဟုတ်ဘူးဆိုတဲ့ လေးက ဝင်လာတော့ ငါ့ရင်ထဲမှာ ဆောက်တည်ရာ တဲ့ ရင်တွင်းခံစားမှုတွေ ဖြစ်ပေါ်လာခဲ့ရတယ်။ အဲဒီမှာပဲ လေးက နှင့်ရဲ့ပါးပြင်လေးကို မက်မက်မောမောနဲ့ လိုက်မိတယ်။ အဲဒါ မရည်ရွယ်ဘဲနဲ့ဖြစ်သွားတဲ့ကိစ္စ။

အိမ်ပြန်ရောက်တော့... ငါအိပ်ရာထဲရောက်တော့ ကိုယ်ကို အရမ်းရှက်မိသွားခဲ့ရတယ်။ ဒါပေမဲ့ ငါအရမ်း ခဲ့တာတော့ အမှန်ပါ... ။ ဘာဖြစ်လို့လဲဆိုတော့ ငါ အဲဒီညကတည်းက ချစ်မိသွားခဲ့တာ သိလား။

နောက်နေ့မနက်ကျတော့ နှင့်ကိုငါ တစ်ခုခုပေးချင်တဲ့ တွေ တဖွားဖွားပေါ်လာခဲ့တယ်... ။ဒါနဲ့ တို့ရွာရဲ့ င်းရိုးကလေးမှာ လှေကလေးလှော်ပြီး ရိုးတံရှည်ရှည်နဲ့ န်းလေးတစ်ပွင့်ကို ခူးပြီး ကြာဆစ်ရိုးကလေးတွေချိုးကာ ဆွဲလေးလုပ်လို့ ကမ်းနားဆိပ်ကို အမှီသွားခဲ့တာ... ။ မဲ့ နှင်တို့စက်လှေက မောင်းထွက်သွားခဲ့တာ ငါ့ရင်ထဲမှာ မတွေ့ရမှာစိုးလို့ဆိုပြီး ရင်ကွဲမတတ်ခံစားလိုက်ရတာ။

ဒါနဲ့... ကမ်းနားတစ်လျှောက် ငါအတင်းပြေးလိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



အော်ခေါ်လိုက်ရတာလေ. . . ။သုံးလေးခါ ခေါ်တော့မှ ကမ်းစပ်ကို စွက်လှေလှော်ထိုးကပ်လာခဲ့တယ်. . . ။ကုန်းဘောင်ပေါ်ကနေ နှင် တက်လာပြီး ငါ့ရှေ့ထိ နှင်ရောက်လာခဲ့တာတောင် ငါအမော မပြေနိုင်သေးဘူး စကားပြောဘို့ဆိုတာကလည်း ရင်ထဲမှာ ဆို့တစ်နေတာပဲ. . . ။

ကြာဆစ်ရိုးလည်ဆွဲလေးကို နှင့်ကိုပေးပြီး ငါလှည့်ထွက် လာခဲ့တာ သိလား. . . ။ငါ့မျက်ဝန်းထဲကနေ နှင်အရင်ထွက်သွား မှာကို ငါမကြည့်ရက်လို့ပါ. . . ။တစ်ခါမှ မျက်ရည်မကျဖူး ဘူးတဲ့ငါဟာ နှင်နဲ့ခွဲခွာရတော့မှ မျက်ရည်တွေကျခဲ့ရတာ အဲဒီမျက်ရည်ဟာ ဘယ်တော့များမှ တိတ်မှာလဲဆိုတာ ငါလည်း မသိဘူးဟာ. . . ။

ဒီလိုနဲ့ နှင့်ကိုလွမ်းရင်း ဆွေးရင်းနဲ့ အလယ်တန်း အဆင့်တွေအောင်လို့ အထက်တန်းပညာအဆင့်ကိုလည်း အောင်မြင်ခဲ့တယ်။ နှင်လည်း အောင်မယ်ဆိုတာ ငါတွေးမိ ပါတယ်။ ဒါပေမဲ့ ဟာ. . . နှင်ရွာကို ပြန်မလာခဲ့တော့ဘူးနော် ကျောင်းပိတ်ရက်တွေမှာ နှင်ပြန်လာမလားလို့ ငါစောင့်စား မျှော်နေမိတယ် ရဲ ရယ်။

ငါ့ရဲ့ အလွမ်းတွေ၊ အဆွေးတွေကို သိန်းတန်နဲ့ မိဖြူမ ကိုပဲ ရင်ဖွင့်ခဲ့ရတာကို နှင် သိစေချင်ပါတယ်ဟာ. . . နှင့်ကို သူတို့လည်းအောက်မေ့ သတိရနေကြတာပါ. . . တို့တွေ အားရင် နှင့်အကြောင်းကိုပဲ ပြောနေမိကြတာကို နှင့်ကိုပြောရင် နှင် ယုံမှာလား ဟာ. . . ။





"ဟဲ့ သမီး. . . သမီး ပန်းယမုံ"

နားထဲတွင် သူမနာမည်ကို အလန့်တကြားခေါ်လိုက် တာမှ. . . ထိတ်ထိတ်ပျာပျာနှင့် စက်လှေပဲ့ပိုင်းကို ကြည့်လိုက်သည်။

"ဘယ်လိုဖြစ်နေတာလဲ. . . ဒီလောက်ခေါ်နေတာကို၊ တစ်ခါတည်း ထိုင်နေရင်းနဲ့ အသက်ထွက်သွားပြီးလားလို့. . . တွေ ဒီလောက်စဉ်းစားနေတာလဲ မသိဘူး"

တရစပ် အပြစ်တင်ပြောနေသည့် သူမ အဖေ အောင်မြိုင်က မျက်နှာခပ်တင်းတင်းနှင့် သူမကို မကျေမနပ်ဖြင့် ကြည့်နေသည်။

"နေက ထန်းတဖျားရောက်နေပြီ၊ ထမင်းစားဘို့ စီစဉ် လေ. . . နောက်ကွမ်းတစ်ရာညက်လောက်ဆို ညောင်တုံး ရောက်ပြီဟ. . . ဒီကောင်မလေး ဘာတွေ ကြောင်စီစီဖြစ်နေ တာလဲ. . . တယ် မပြောလိုက်ချင်ဘူး"

ကဲကြည့်. . . ။

ရဲသွေး. . . ။ငါ နှင့်ကိုစဉ်းစားလိုက်တိုင်း ငါလုပ်ရမယ့် အလုပ်များတွေ ပျက်ပြားကုန်တော့တာပါဟာ. . . ။ငါကလည်း လေ. . . ။

ဒါနဲ့ မနက်စာအတွက် ထမင်း ဟင်းတွေကို ခူးခတ် ရတာတောင်. . . ငါ့မှာ နှင့်အကြောင်းတွေကိုပဲ စဉ်းစား သွားနေရတာလေ. . . ။

ဟော. . . တက္ကသိုလ်ကျောင်းတွေ ပြန်တက်ပြီ. . . ။



www.burmeseclassic.com

www.burmeseclassic.com



နင့်ကိုတော့ နင့်မိဘတွေက တက္ကသိုလ်ကျောင်းကို တက်
မှာပါ... ။ငါကတော့ အဝေးသင်ကိုပဲ တက်ရမှာပါ ရဲ

တစ်ခု 'ဝမ်းနည်းစရာတော့ ပြောရဦးမယ်
သိန်းတန်နဲ့ မိဖြူမတို့ကတော့ ဆယ်တန်းကို မအောင်ကြ
နှစ်ယောက်စလုံး စာမေးပွဲတွေကျကြတယ်... ။အဲဒါနင်သိ
ဟင်... ရဲ ရယ်... ။

နင်လေ... လက်ပံကွင်းရွာကို မေ့လို့သွားပြီလား

ပန်းယမုံ ဆိုတဲ့ တောသူမလေးကို
သတိရသေးရဲ့လား။

နင် တကယ်လို့များ...

မမေ့သေးဘူး၊ သတိရသေးတယ် ဆိုရင်
လက်ပံကွင်းရွာလေးနဲ့ ပန်းယမုံဆိုတဲ့ ငါ့ဆီကို တစ်ခေါက်တ
ကိုယ်ရောင်လေးဖြစ်ဖြစ် လာပြစေချင်ပါတယ်ဟာ... ။

ယောက်ျားကြိုက်တော့ ဆိုက်ဆိုက်လာ၊ မိန်းမကြ
တော့ မျှော်လိုက်တာတဲ့... ။အဲဒီစကားကို ငါပြောင်း
လှန်ပစ်လိုက်ချင်တယ် သိလား။ နင် ရန်ကုန်မှာနေတဲ့နေ
သိရင်လေ... နင့်ဆီကို ဆိုက်ဆိုက် ဆိုက်ဆိုက်နဲ့တင်မ
မာရသွန်ကိုပြေးလာခဲ့မှာဟ... မိန်းမချေးပျက်လိုက်တာ
ပြောပြော... သိက္ခာတွေ အရှက်တရားတွေ မရှိတော့ဘူး
ပြောပြော... ငါ ဂရုမစိုက်တော့ဘူးဟာ။ ဘာဖြစ်လို့လဲ ဆို

ငါက နင့်ကို နင့်နင့်နဲနဲ စူးစူးရှရှ ပြင်းပြင်းထန်ထ
ချစ်နေမိခဲ့လို့ပဲပေါ့ ရဲရယ်။





အင်း ခုတော့ ... ။

နင်နဲ့ငါ ... ဘယ်တော့များမှ ပြန်တွေ့ရမလဲနော်။
စောင့်မျှော်ရသူရင်မှာ မောပမ်းလွန်းလှပါပြီ အမှတ်တရ
ချစ်သူရယ်... ။

❀ ❀ ❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com



## အခန်း စဉ်(၄)

## ''အရိပ်ကလေးတစ်ရိပ်''

အပေါ်ထပ် အခန်းကနေဆင်းလာတော့ ညှော်ခန်းထဲတွ
မိသားစုတွေ စုံစုံလင်လင်ရှိလှသည်ကို တွေ့လိုက်ရသည်။
အန်ကယ်လ် ဦးကျော်ဒွန်းက စီးပွားရေးဂျာနယ်တစ်
စိတ်ဝင်တစား ဖတ်လို့ နေသည်ကိုတွေ့လိုက်ရပြီး ဒေါ်မာလာ
နှင့် ဖူးပွင့်ငုံ တို့သားအမိနှစ်ယောက်ကတော့ တီဗီ ထိုင်ကြ
လို့နေ၏။

ရဲသွေး. . . ။

ညှော်ခန်းတွင်းရောက်တော့ လွတ်နေသည့် ဆက်





ထိုင်ခုံတစ်လုံးတွင် ဝင်၍ ထိုင်လိုက်သည်။ ပြီးတော့ ဦးကျော်ဒွန်းကို
မျက်လုံးကလေးလှန်ကာကြည့်လိုက်ပြီးခေါ်လိုက်သည်။

''အန်ကယ်''

ရဲသွေးက ခေါ်လိုက်တော့ ဖတ်နေသည့်ဂျာနယ်ကို
ချကာ. . .

''အင်. . . ဘာလဲ မောင်ရဲ''

ဒေါ်မာလာပွင့်နှင့် ဖူးပွင့်ငုံတို့ကလည်း ရဲသွေးကို
လှည့်ကာ ကြည့်လိုက်သည်။ ရဲသွေးကလည်း သူမတို့သားအမိကို
တစ်ချက်ကြည့်လိုက်သေး၏။

''ကျွန်တော် သူငယ်ချင်းတွေနဲ့ ရွှေစက်တော် နဲ့ပုဂံ
ဘုရားဖူးထွက်ချင်လို့ပါ''

''ဟင်. . . ဖူးလည်း လိုက်ချင်လိုက်တာ၊ တစ်ခေါက်မှ
မရောက်ဖူးဘူး''

''ကိုယ်တို့က ယောကျ်ားလေးတွေချည်း သွားမှာ ဖူးရဲ့''

''ဟင်''

ဖူးပွင့်ငုံ နှုတ်ခမ်းလေးစူလို့ သွားတော့သည်။ ရဲသွေး
ကိုလည်း မျက်စောင်းလေးနဲ့ ကြည့်လိုက်ပါသေးသည်။

''မောင်ရဲက ဘယ်တော့ သွားမှာလဲ''

''မနက်ဖြန် သွားကြမယ်တဲ့ အန်ကယ်''

''မင်းတို့ကျောင်းတွေက ဘယ်တော့တက်ရမှာလဲ''

''တစ်ပတ်လောက်တော့ လိုပါသေးတယ် အန်ကယ်''

''ဒါဆို မင်း ဘယ်နှစ်ရက်လောက်ကြာမှာလဲ''



www.burmeseclassic.com

www.burmeseclassic.com



"ငါးရက်လောက်တော့ ကြာမယ်"

ဦးကျော်ဒွန်းက မျက်နှာကို အပေါ်မော့ပြီး မျက်လုံး မှေးစဉ်းလိုက်ရင်းက . . . ။

"အင်း မင်းအဖေနဲ့ မင်းအမေလည်း ဒီရက်ပိုင်း အတွင်းမှာ ရောက်လာကြတော့မှာ မောင်ရဲ"

"ဟား. . ."

ရဲသွေး စိတ်ပျက်စွာ ညည်းညူလိုက်ပြီး ဆက်တီထိုင်ခုံ နောက်ကျောကို စိတ်ပျက်လက်ပျက်စွာ မှီချလိုက်ပါသည်။

"သွားပါပြီ. . . သူငယ်ချင်းတွေနဲ့ သေချာချိန်းထားတာ ကိုယ့်တက်က ကတိတွေတော့ ပျက်သွားပြီ. . . ။သူငယ်ချင်းတွေနဲ့ တစ်ခါမှ အဲလို မသွားဖူးသေးဘူး။ ကျွန်တော် အရမ်းသွားချင် တာပဲ အန်ကယ်ရာ"

ဦးကျော်ဒွန်း စိတ်မကောင်းဖြစ်လို့သွားတော့သည်။

ဟုတ်၏။

ရဲသွေးပြောတာတွေက အမှန်တွေ။

ရှစ်တန်းကျောင်းသား ဘဝကတည်းက စပြီး ခုတက္ကသိုလ် ဒုတိယနှစ်ရောက်သည်အထိ ရဲသွေးတစ်ယောက် ဘယ်ကိုမှ မသွားဘူးခဲ့ပါ။ လူငယ်တစ်ယောက်ရဲ့ လွတ်လပ်ခွင့်များ သူ့မှာမရှိပါ။ စည်းမျည်းစည်းကမ်းတွေက သူ့ကိုချည်နှောင် လို့ထားခဲ့သည် မဟုတ်ပါလား. . . ။

"မောင်ရဲ"

"ဗျာ"





"မင်း သိပ်သွားချင်သလား"

"သွားချင်တာပေါ့ အန်ကယ် ရယ်"

"အေး. . . ဒါဆိုလည်း သွားကွာ အန်ကယ် ခွင့်ပြုတယ်၊ မင်းသွားနေတဲ့အချိန်မှာ မင်းမိဘတွေလာခဲ့ရင် အန်ကယ် ပြောထားလိုက်မယ်"

"တကယ်လား. . . အန်ကယ်"

ဦးကျော်ဒွန်းက နှုတ်မှမဖြေ၊ ခေါင်းညိတ်ကာ အဖြေ ပေးသည်။

ဟား ဆိုပြီး ရဲသွေး ဝမ်းသာစွာဖြင့် အော်လိုက်တယ်။ ဒါကို ဖုံးပွင့်ငုံက မကျေမနပ်နှင့် နှုတ်ခမ်းလေးစူလိုက်ရင်း

"ဟွန်း သူငယ်ချင်းတွေနဲ့ကျတော့ ပျော်လို့ ရွှင်လို့။ ဖုံးကို ဘုရားလိုက်ပို့ပါ။ ရုပ်ရှင်လိုက်ပြပါဆိုတော့ ဟိုနေ့ ဒီနေ့နဲ့ ရှောင်ဖယ်နေလိုက်တာ. . ."

"ကိုယ်တကယ် မအားလို့ပါ စာတွေကလည် ကျက်နေရတာ. . ."

"ကဲ ကဲ ဒါဆိုလည်း မင်း ခု သမီးဖုံးကို သူသွားချင်တ နေရာတွေကို လိုက်ပို့လိုက်ပေါ့ ဟုတ်လား"

"ဟုတ်တယ်. . . ဟုတ်တယ် . . . မေမေပြောသလ ကိုရဲ ဖုံးကို လျှောက်လိုက်ပို့တော့ ဒါပဲ"

ရဲသွေး. . . ငြင်းမရတော့ပါ။

ဒေါ်မာလာပွင့် ခွင့်ပြုချက်ကို ရဲသွေးလက်ခံလိုက်ရသည်

"ဟုတ်ကဲ့ ကျွန်တော် ဖုံး သွားချင်တဲ့နေရာတွေ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပို့လိုက်ပါမယ် အန်တီ''

''ဒါဆို သမီး အဝတ်အစား လဲလိုက်ဦးမယ်. . . ကိုရဲလည်း သွားလဲလိုက်လေ''

ကလေးတစ်ယောက်လို ပျော်မြူးသွားသည့် ဖူးပွင့်ငုံကိုကြည့်ရင်း ရဲသွေးက အပေါ်ထပ်သို့တက်သွားသလို ဖူးပွင့်ငုံလည်း သူမအခန်းတွင်းသို့ ထွက်သွားတော့သည်။

''ရှင်ကလည်း သူ့ကို ဘာဖြစ်လို့ ခရီးထွက်ခွင့်ပေးရတာလဲ''

''ကိုရဲက တက္ကသိုလ်ကျောင်းသား ဖြစ်နေပြီ၊ သိပ်ချုပ်ချယ်လိုက်ရင် ထွက်ပေါက်ပိတ်သွားလိမ့်မယ်. . . အဲဒီအခါကျရင် မဟုတ်တာတွေ ဖြစ်သွားနိုင်တယ်ကွ''

''မဟုတ်တာတွေ''

''အေး. . . မဟုတ်တာတွေဆိုတာ အရက်သမား၊ လောင်းကစားသမား၊ ဆေးသမားတွေ ဖြစ်သွားနိုင်တယ်။ အဲဒါတွေ မဖြစ်သွားတောင် ကိုယ့်ကိုယ်ကို ယုံကြည်မှုတွေ ပျက်သုံးပျောက်ကွယ်သွားနိုင်တယ် မာလာ။ နောက်ဆုံးအဆင့်မှာ ထွက်ပေါက်ပိတ်သွားပြီဆိုရင် ကိုယ့်ကိုယ်ကို ဆူဆိုက်လုပ်ပစ်နိုင်တယ်''

''ဟာ ကိုယ့်ကိုယ်ကိုတော့ သေကြောင်းကြံရဲပါ့မလား ရှင်''

''ကြံရဲတာပေါ့ကွ၊ သူ့အနေနဲ့ လုံးဝကိုထွက်ပေါက်မရှိတော့ဘူးဆိုရင် ဖြစ်သွားနိုင်တာပေါ့. . . ။ဒါကြောင့် ငါက





ခွင့်လပ်ခွင့်လေး တစ်ခုပေးလိုက်ရတာ''

''ကိုမြဒင်နဲ့ မရွှေရည်တို့ရောက်လာလို့ သူတို့သားကိုတွေ့ရင် ဘယ်လိုပြောမလဲဟင် ကိုကျော်''

''ဘယ်လိုပြောရမှာလဲ အမှန်အတိုင်းပဲပြောရမှာပေါ့၊ ရဲသွေးက အရုပ်လေးတစ်ရုပ် မဟုတ်ဘူး။ သက်ရှိလူသားတစ်ယောက်နော်။ သူ့မှာ ခံစားတတ်တဲ့ နှလုံးသားရှိတယ်။ အကျိုးနဲ့အကြောင်းတော့ ပြောရမှာပေါ့ကွ''

''မရွှေရည်က ဒီလောက် မဟုတ်ပါဘူး။ ကိုမြဒင်ကသာ ပြဿနာရှာလာရင် ဘယ်လိုလုပ်မလဲရှင်''

''ဟာကွာ. . . ဒီလောက်ထိလည်း မဖြစ်လောက်ပါဘူး။ မင်း သိပ်စိုးရိမ်လွန်မနေနဲ့. . . တကယ်လို့ ဖြစ်လာခဲ့ရင်လည်း ငါကိုယ်တိုင် ရှင်းမယ်ကွာ''

''အင်းလေ. . . ကိုယ့်ဖာသာ ကိုယ်နိုင်ရင်လည်း ပြီးတာပဲ''

''နေပါဦး မာလာရဲ့၊ မင်းအနေနဲ့ မောင့်ရဲ့ အခုလိုသွားတာကို ဘဝင်မကျဘူးလားဟင်. . . ပြောစမ်းပါဦး''

ဦးကျော်ဒွန်းက မေးလိုက်ပြောလိုက်သည့်စကားကြောင့် ဒေါ်မာလာပွင့်က အိမ်အပေါ်ထပ် လှေကားထိပ်ဆီသို့ မော့ကြည့်လိုက်ပါသည်။

''ဘဝင်မကျတာ မဟုတ်ပါဘူး. . . စိတ်မချတာပါ၊ တစ်နေ့နေ့ တစ်ချိန်ချိန်ကျရင် မောင်ရဲဟာ ကျွန်မတို့ရဲ့ သားဖြစ်လာတော့မယ်လေ. . . ။မဖြစ်လာခင်မှာ ခုလိုသွားလာနေမယ်ဆိုရင် မဟုတ်တာရုပ်ကောင်မလေးတွေနဲ့ တွေ့သွားမှုဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မသမီးလေး အရွက်ရနေပါဦးမယ်. . . ။နောက်ပြီး မောင် တို့ရဲ့ မနပိုင်ဆိုင်မှုကိုလည်း ဆုံးရှုံးရဦးမယ်''

''ကဲ ကဲ မင်းစကားတွေ ရပ် ရပ်တော့။ တော်ကြာ အပေါ်ကနေ ကြားသွားဦးမယ်ကွာ''

''အိုး ရှင်ကလည်း စိုးရိမ်တတ်ရန်ကော မကြားပါဘူး ရှင်''

''မကြားရင်တော့ ကောင်းတာပေါ့ကွာ၊ ဒီမှာ ခုချိန်မှာ မောင်ရဲ့ကို ဘာမှ အသိမပေးတာကောင်းတယ်။ အေး သမီးကိုလည်း အသိမပေးနဲ့ ဟုက်ဘား သူတို့ စိတ်ကသွင်း အယုက်ဖြစ်သွားတာမျိုးကတော့ အဖြစ်မခံဘူးကွာ''

''ဘာဖြစ်လို့လဲ ရှင်''

''ဘာဖြစ်ရမှာလဲ. . . လွတ်လွတ်လပ်လပ် ပျော်ပျော်ရွှင်ရွှင် သူတို့နှစ်ယောက် ပညာသင်ကြပါစေဦး. . . ။ပညာတတ်လို့ ဘွဲ့ဒီဂရီတွေ ရသွားကြတော့မှ ငါတို့အနေနဲ့ ဂုဏ်သိက္ခာ တက်တာပေါ့ကွ၊ နောက်ပြီး ကိုမြဒင် တို့နဲ့လည်း သားရေး သမီးရေး ကိစ္စလည်း ပြောထားပြီးသားပါ မင်းသိပ်စိတ်မပူပါနဲ့''

''အော်. . . ကျွန်မက မိန်းမသားဆိုတော့ အစစအရာရာ တွေးတောပူပန်ရတာပေါ့ရှင်. . . ။တကယ်လို့ မောင်ရဲဘက်က ဖြစ်မလာခဲ့ဘူးဆိုရင် ကျွန်မသမီးလေး အရှက်တကွဲ အကျိုးနည်း ပြီး လူတောမတိုးရဲတဲ့ဘဝရောက်သွားမှာစိုးလို့ပါ''

''ဒါတွေ ငါသိပါတယ်. . . ခုချိန်မှာ ငါတို့က မောင်ရဲကို လွတ်လပ်ခွင့်ပေးထားရမယ့် အချိန်ကွ၊ အေး တစ်နေ့ လျော့ကြီး





အချိန်ကျရင်တော့ ငါတို့တွေ လိုသလို ဆွဲယူကြယုံပေါ့။ ဟိုမှာ ဆင်းလာပြီ''

ဒေါ်မာလာပွင့် က မသိမသာလေး သက်ပြင်းချလိုက် သည်. . . ။

''ဟေး. . . ''

ကလေးတစ်ယောက်လို အော်ဟစ်ပျော်ရွှင်နေသည့် ပွင့်၏ ပြုံးရယ်နေသော မျက်နှာလေးကို သူကြည့်လိုက်သည်။ တိ အပြစ်ကင်းစင်နေသည့် မျက်နှာလေးက သိမ်မွေ့ ယ ကြည်နူးမှုတွေနှင့် ပြည့်နက်လို့နေ၏။

''ဒုန်း. . . ''

''အိုး. . . ''

ကိုယ့်တိုက်ကားလေးကို တခြားတိုက်ကားလေးတွေက လာတိုက်တော့. . . ဖူးပွင့်ငုံ၏ ခန္ဓာကိုယ်လေးက ရဲသွေး၏ ခုံးလေးကို လာ၍ တိုက် တိုက်နေ၏။ တစ်ခါတစ်ခါတွင် သူ့ရင်ခွင်ထဲသို့ ခေါင်းလေးဝှက်လို့ ရောက် ရောက်နေသည်ကို သည်း သူ သတိထားမိလိုက်တတ်သည်။

ထိုအခါမျိုးတွင် သူ့ရင်ထဲတွင် ဖိုခနဲ လှိုက်ခနဲ ရှိန်းခနဲ ဖြစ်လို့သွားခဲ့ရသော်လည်း ထိုခံစားမှုမျိုးကို စိတ်ထဲတွင် ခံစားရအောင် ဖယ်ဖျောက်ပစ်လို့ နေရသည်။

''အိုး. . . ''

''ဟာ. . . တိုက်ပြီ''



www.burmeseclassic.com

www.burmeseclassic.com



"ဒိုး. . . "

တိုက်ကားမောင်းသူတွေ အာလုံး အော်ဟစ်ပျော်မြူးနေကြတာ. . . ကစားကွင်းတစ်ခုလုံး ဆူညံပွက်လောရိုက်လို့နေကြတော့တယ်. . . ။

ထိုအထဲမှာတော့ ဖူးပွင့်ငုံက အကဲဆုံး အသဲဆုံးဟု သူထင်ခဲ့မိသည်။ သည်လိုပျော်ရွှင်မှုမျိုးကို တစ်ခါမှ မခံစားရဘူးသေးမှန်း ရဲသွေး ခန့်မှန်းမိလိုက်၏။ သူမကို သနားလည်း သနား၏။ ကိုယ်ချင်းလည်း စာနာမိ၏။ ဘာပဲဖြစ်ဖြစ် ဒီနေ့တစ်နေ့လုံးကို သူမဂိတ်ကြိုက် အလိုလိုက်မည်ဟု စိတ်ပိုင်းဖြတ်ထားလိုက်သည်။

ဖူးပွင့်ငုံ ရေ. . . ။

ဒီနေ့တစ်နေ့လုံးကတော့ မင်းရဲ့နေ့လေးတစ်နေ့ပေါ့။

မနက်ဖြန်ကတော့. . . ။

ငါ့ရဲ့ ကိုယ်ပိုင်နေ့။ မင်းအတွက်မဟုတ်တော့ဘူးနော်။

ဒီနေ့တစ်နေ့လုံး မင်းပျော်ပါ။ စိတ်ချမ်းချမ်းသာသာနဲ့ ပျော်ပါ ဖူးရယ်။

"ဟော့ ကိုကို၊ ဘာတွေငေးနေတာလဲ"

"ဟင်"

"ဟင်တွေ ဘာတွေ လုပ်မနေနဲ့ အချိန်စေ့သွားပြီ၊ လာ ဆင်းတော့"

သူ့လက်မောင်းကို ဖက်တွယ်ထားရင်းနဲ့ တိုက်ကားကွင်းထဲကနေ ထွက်လာခဲ့တော့ ဖူးပွင့်ငုံ၏ မျက်နှာလေးကို





[illegible]သော သူငုံကြည့်လိုက်သည်။

သူ့ကိုခေါ်လိုက်တာက ကိုကိုတဲ့. . . ။

သူ့ကိုအိမ်ကို ရောက်ကတည်းက ခေါ်နေတာက ကိုရဲ[illegible]သာ. . . ။

ခုတော့ဖြင့်. . .

ကိုကို လို့ အခေါ်ပြောင်းလဲလိုက်သည်။ ဒါက [illegible]အကြောင့်လည်း သူမသိမသာ ရင်ထဲလှိုက်မောလို့သွားရ[illegible]တော့၏။

"ကိုကို ပျော်လားဟင်. . . ဖူးတော့ သိပ်ပျော်တယ်"

မသိမသာလေး ဖူးပွင့်ငုံကို ပြုံးရုံပြုံးပြလိုက်သည်။

ပျော်တယ် မပျော်ဘူးဆိုတာ ကိုယ့်ကိုယ်ကို ပြန်မေး[illegible]ယ့်စကားတစ်ခွန်း ဖြစ်နေတယ် ဖူးရယ်. . . ။ဒါပေမဲ့ [illegible]ကိုယ်ပြောရဲတာကတော့ ကိုယ့်နှလုံးသားဒေါင့်တစ်နေရာက [illegible]ကိုယ့်ရဲ့ငယ်ကျွမ်း ပန်းယမုံသာ မင်းနေရာမှာ ရှိနေမယ်ဆိုရင် [illegible]ကိုယ် သိပ်ကို ပျော်မိမှာပါ ဖူး။

"ဟယ် ကိုကို. . . ရေခဲမုန့်စားမယ်"

သူတို့နှစ်ယောက်ရှေ့သို့ ကလေးငယ်တစ်ယောက် ရေခဲမုန့်လေးကိုင်ရင်း ဖြတ်လျှောက်သွားတော့ ဖူးပွင့်ငုံက [illegible]ချက်ချင်းလက်ငင်းကို ပြောလိုက်ရာ. . . ။

သူကလည်း ချက်ချင်းပင် သွား၍ ဝယ်လိုက်တော့သည်။

ခဏအကြာ. . .

ချော့ကလက်ရေခဲမုန့်လေးနှစ်ခုကို သူဝယ်လာရင်းက



www.burmeseclassic.com

www.burmeseclassic.com



"ရော့. . . ဖူး"

တစ်ခုကို လှမ်းပေးလိုက်ရာ ဖူးပွင့်ငုံက သူ့ကို. . . ကျေနပ်သော အသွင်နှင့်အတူ. . .

ဝမ်းသာကြည်နူး ပီတိဖြစ်သော အကြည့်တို့ဖြ... ရွှန်းရွှန်းစားစားဖြင့် ကြည့်လိုက်ပြီးနောက် မခို့တရို့ဟန်...

"ကိုကိုက သိပ်ချစ်ဘို့ကောင်းတာပဲ"

ဤစကားလေး တစ်ခွန်းကလည်း သူ့အဖို့ ကျင်စက်... အတို့ခံလိုက်ရသလို ဖြစ်သွားခဲ့ပါသည်လေ. . . ။

အင်း. . . သတိတော့ထားမှ. . . ။

ငါ့နှလုံးသားတွေ အရည်မပျော်ဘို့ အရေးကြီးတယ်... ဒီကလေးမလေး အခုလို ဖွတ်တရွတ်လုပ်တာနဲ့တင် မလွယ်ဘူ... ညည်းကလေးမဟုတ်တော့ဘူး တည်တည်တန့်တန့်နေစမ်း... ဆိုလိုက်ရင်လည်း စိတ်ဆိုးဦးမယ်. . . ။

"ဟယ် ကိုကို. . . ဟိုမှာကြည့်စမ်း"

ခြေကလေး မြှောက်ကြွကြွနဲ့ လက်ညှိုးကလေး... ထိုးပြသည့် နေရာသို့ကြည့်လိုက်တော့ ရိုလာကိုစကာ ခေ... မီးပုံ့ရထား. . . ။

"ဖူး အဲဒါ စီးချင်တယ်"

"စီးရဲလို့လား . . . ဖူး ရယ်"

"ဟင် ဟိုမှာ ကလေးတွေတောင် စီးနေတာ. . . ကိုကို ကလည်း ကြည့်ပါဦး"

"အေးလေ ဒါဆိုလည်း စီးပေါ့"





"ကိုကိုလည်း စီးရမှာနော်"

"ဟာ . . မစီးချင်ပါဘူးကွာ"

"ဟင့်အင်း. . . ဟင့်အင်း. . . မရဘူး . . . မရဘူး ...မှာပဲ ဖူးနဲ့အတူ စီးရမှာပဲ"

ငြင်းလို့မရမှန်းကို သိလိုက်ပါသည်။ တကယ်တန်း ...လိုက်မည်ဆိုလျှင် သူ့ကို စိတ်ကောက်လို့ ဆုံးတော့မည် ...တော်မှန်း သိလိုက်သည်။

ဒီတော့. . . ။

လက်မှတ်ရုံတွင် လက်မှတ်နှစ်စောင် ဝယ်လိုက်ပြီး ...ပေါ်သို့တက်လိုက်၏။ ဖူးပွင့်ငုံကတော့ သူ့မစိတ်တိုင်းကျ ...လာခဲ့သည့်အတွက် ပျော်လို့မဆုံး တပြုံးပြုံးနှင့်လေ. . . ။ ...တွဲလေးတွေက နှစ်ယောက်တွဲထိုင်ခုံလေးတွေဖြစ်၏။ သူတို့ ...ယောက် အလယ်တွဲတစ်ခုမှာ ဝင်ထိုင်လိုက်သည်။

"မအော်နဲ့နော်"

"အောင်မယ်. . . ဘာလို့အော်ရမှာလည်း. . . ...ကြောက်သေးဘူး"

"အေးပါ. . . ကြည့်ကြသေးတာပေါ့"

"ကြည့်လိုက်ပေါ့ ဟွန်း"

မျက်စောင်းကလည်း ထိုးလိုက်သေးသည်။

ဒီလိုဖြင့်. . . ရထားတွဲလေးတွေပေါ်မှာ လူပြည့်သွားပြီ ဆိုသည်နှင့် ရထားတွဲက စတင်လို့ထွက်လာခဲ့သည်။ မြင့်စောက် နေသည့် အပေါ်ထိပ်သို့ တဖြည်းဖြည်း တရွေ့ရွေ့တက်လာခဲ့ပြီး



www.burmeseclassic.com

www.burmeseclassic.com



တဖန်. . . ။

အောက်သို့ အရှိန်ဖြင့်ကျသည့်အခါ၌. . .

''ဟေး'' ''ဝေး''

သူတို့ရင်ထဲတွင် လှုပ်ခနဲဖြစ်ပြီး အေးခနဲ စိမ့်အေ
ဖြစ်သွားကြတော့သည်။ ဖူးပွင့်ငုံကတော့ ကြောက်လန့်တကြား
နှင့် သူ့ရင်ခွင်ထဲသို့ ခေါင်းကလေး တိုးဝှေ့လို့ မျက်စိ
စုန်မှိတ်ထားရင်း သူ၏ခါးကို တင်းကျပ်စွာ ဖက်လို့ထားလေ

မကြောက်ဘူး. . . မလန့်ဘူးဆိုသည့် ကလေးမ။

သည်းထိတ်ရင်ဖိုစွာနဲ့ ကိုကို ကြောက်တယ်
ကြောက်တယ်ဟု ဖွတ်ကြီးအော်နေလိုက်တော့သည်။

❀ ❀ ❀ ❀ ❀



## အခန်း စဉ်(၅)

### ''မျှော်လင့်ခြင်း ဝေဒနာအပိုင်းအစများ''

မိုးကလေး အုံ့တုံ့တုံ့အောက်တွင် လက်ပံကွင်းရွာထဲက ချောင်းရိုးထဲမှာ လှေလေးတစ်စင်းရယ် . . . ။

''ပန်းယမုံ. . . နင်တကယ်ပြောတာနော်''

''တကယ်ပြောတာပေါ့ဟာ. . . နင်တို့ကို ငါကလိမ်ရမှာလားလို့''

''ဒါဆို နင့်ကို ရဲသွေးက ဘာပြောလဲဟာ''

''ဟင့်အင်း. . . ဘာမှမပြောဘူး''

''ဟင် နင့်ဥစ္စာက ဘယ်လိုနားလည်ရမှာလဲ''



www.burmeseclassic.com

www.burmeseclassic.com



"အေးလေဟာ"

သိန်းတန်နှင့် မိဖြူမတို့နှစ်ယောက်က နားမလည်သလိုနှင့် ပန်းယမုံကို မေးငေါ့ကာ ဝိုင်းပြောလိုက်ကြသည်။

"ရဲသွေးက တွေ့တယ်လည်းပြောသေးတယ်... စကားလည်းမပြောဘူးဆိုတော့... ဘာလဲ သူ့အနားမှာ အမျိုးသမီး အဖော်ပါလာလို့လား"

"ဟင့်အင်း"

သိန်းတန် ဦးနှောက်ခြောက်သွားဟန်နှင့် ခေါင်းကုပ်လိုက်သည်။

"အဲဒါဆို ဘာလဲဟာ ငါတို့နားမလည်တော့ဘူး ပန်းယမုံရာ"

မိဖြူမကပါ စိတ်ရှုပ်ဟန်နှင့် မျက်မှောင်ကလေး ကျုတ်ရင်းပြောလိုက်သဖြင့်... ပန်းယမုံက သက်ပြင်းကလေးကို ချလိုက်ရင်းက...

"ဒီလိုဟ ဒီလို ဒီလို"

ဟုဆိုကာ မိုးတွေရွာနေပြီး ကားလမ်းမပေါ်မှာ မိုးကြိုးပစ်လိုက်သံကြောင့် လမ်းလယ်ခေါင်တည့်တည့်တွင် ကြောက်လန့်တကြား ထိုင်ချလိုက်ရာမှ ရဲသွေးကို တွေ့လိုက်ရပုံကို ပြောပြလိုက်တော့သည်။

"ပထမတော့ သူ့ကို ငါမတွေ့ဘူးဟ နောက်မှတွေ့တာ"

"ဘယ်လိုတွေ့တာလဲ"





သိန်းတန်က သိချင်ဇောနှင့်မေးလိုက်သည်။

"ငါကဟာ အဲဒီလို လမ်းလယ်ခေါင်မှာ ထိုင်ချလိုက်တော့ ကလေးလည်း မဟုတ်ပဲနဲ့ ကြောက်တတ်လိုက်တာ ဆိုတဲ့ သံလည်းကြားရော ငါ ဖြုန်းဆိုလှည့်ကြည့်လိုက်တာ ယ်"

"ဒါနဲ့ ရဲသွေးမှန်း သိသွားရောလား"

"ဟင့်အင်း မသိသေးဘူး"

"ဟင်"

"နင်ကလည်း..."

အားမလို အားမရဟန်တွေနှင့် မိဖြူမတို့နှစ်ဦး နာတွေ သုန်မှုန်လို့သွားကြတော့သည်။

"ကဲပါဟာ ငါဆက်ပြောမယ်... နင်တို့နှစ်ယောက် သေချာချာနားထောင်ကြ။ ကြားကနေ ဖြတ်ဖြတ်မမေးနဲ့"

"အေးပါ... မမေးတော့ပါဘူး"

သိချင်နေသည့် မိဖြူမက ချက်ချင်းပင် ပြန်ဖြေလိုက်

"အဲလို ငါ့ကိုပြောလို့ ငါက ပြန်လှည့်ကြည့်လိုက်တာ ရှယ်တူလူတစ်ယောက်ဖြစ်နေတော့ ငါက ရှက်သွားတာ ... ဒါနဲ့ငါလည်း ခပ်ရှက်ရှက်နဲ့ပေါ့ဟ ဟိုဘက် က်ဖောင်းကိုကူးပြီး လူတောထဲကို ဝင်ပြေးတော့တာပေါ့။ က်တော့ ငါ့မျက်စိမှာလေ အဲဒီလူရဲ့ မျက်နှာနဲ့စကားသံကို ားနေရတာ မြင်နေရတာပေါ့... နောက်ဆုံးတော့ သူဟာ



www.burmeseclassic.com

www.burmeseclassic.com



ရဲသွေးရဲ့ ငယ်ရုပ်သွင်နဲ့ တစ်ထပ်တည်းဖြစ်နေတာက
သိလိုက်ရတဲ့အချိန်မှာ... သူဟာ ရဲသွေးဆိုတာကို ငါ တစ်ထစ်
ယုံကြည်လိုက်မိတယ်''

မိဖြူမနှင့် သိန်းတန်တို့က ပန်းယမုံပြောသမျှ
စိတ်ဝင်တစားနှင့် နားထောင်နေလိုက်မိသည်။

''အဲဒါနဲ့ ငါလည်း နောက်ကြောင်းပြန်လှည့်ပြီး
ရှာကြည့်လိုက်တယ်''

''တွေ့လားဟင်... ''

''မတွေ့တော့ဘူး မိဖြူမရယ်''

ဟင်းဆိုပြီး သိန်းတန် သက်ပြင်းပူတစ်ချက်
မှုတ်ထုတ်လိုက်ပါတယ်... ။

''ငါ... အနီးပတ်ဝန်းကျင်ကို လိုက်ရှာသေးတယ်
သူ့ရဲ့ အရိပ်အယောင်ကိုတောင် မပြောနဲ့ သူနဲ့ဆင်တူ
လူကိုတောင် မတွေ့တော့ဘူးဟ။ အဲဒီမှာ ငါ့ရင်ထဲမှာ
လွမ်းသလိုလို ဆွေးသလိုလိုနဲ့ ဟာတာတာကြီးကို ဖြစ်သွားတာ''

''နင်ကလည်း တစ်ခါတည်းတောင် မမှတ်မိဘူးလား''

''ဟဲ့ ဘယ်မှတ်မိမလဲဟ... ရက်နေတာနဲ့ နောက်
သေချာတွေးကြည့်လိုက်တော့မှ သိလာတာပေါ့။ သိန်းတန်
ဟိုဘက်ကမ်းကို လှေလှော်စမ်းပါ ကြာတွေ အများကြီးပေါ်
နေတယ်တော့... ''

သိန်းတန်က လှေဦးကို တစ်ဖက်ကမ်းဘက်သို့ လှော်
ခတ်လိုက်သည်။ လှေဦးထိပ်မှာ ထိုင်နေသည့် ပန်းယမုံက





ကြာပင်လေးတွေရှိရာသို့ ငေးကြည့်လိုက်သည်။

''အဲဒီ ကြာပန်းလေးတွေမြင်တိုင်း ငါလေ ရဲကို အရမ်း
သတိရတာပဲ သိလား''

''ဒီကြာပန်းတွေနဲ့က အမှတ်တရ ရှိခဲ့တယ်ပေါ့လေ''

''ဒါပေါ့ဟ မိဖြူမရ''

မိဖြူမက ခေါင်းလေးနောက်လှည့်ပြီး သိန်းတန်ကို
မျက်ခုံးလေးမြှင့်ပြတယ်။

''တို့နှစ်ယောက်ကို ပြောပြပါလား''

သိန်းတန်က စကားအစ်ကာမေးလိုက်သည်။

''နင်ကလည်း သိချင်နေတာပဲ... ။ ငါကလည်း
အရမ်းကိုပြောချင်နေတာ... ။ငါ့ရင်ဖွင့်စရာဆိုလို့ နင်တို့
နှစ်ယောက်ပဲ ရှိတာပါ။ ဒါမှ ငါ့ရင်တွေ ပေါ့သွားမှာ''

''ဒါဆို ပြော''

''အင်း... ပြောမယ်''

အင်း... ပြောမယ် ဆိုပြီး မိုးကောင်းကင်ပေါ်သို့
မော့ကြည့်လိုက်သည်။ နောက်မှ...

''မိုးတွေ ရွာမလား မသိဘူးနော်''

ပန်းယမုံစကားကြောင့် သိန်းတန်နှင့် မိဖြူမတို့
နှစ်ယောက်ပါ မိုးကောင်းကင်ပေါ်သို့ မော့ကာကြည့်လိုက် မိသည်

မိုးကောင်းကင်မှ မိုးသားတွေက မဲမှောင်လို့နေသည်ကို
တွေ့လိုက်မိ၏။ မိုးများရွာဦးမလားလို့ တွေးလိုက်မိသေး၏။

''ရဲနဲ့ ငါ နှစ်ယောက်ထဲ မိုးရေထဲမှာ ကြာပန်းလေးတွေ



www.burmeseclassic.com

www.burmeseclassic.com



ရှုးကြတာ. . . အရမ်းပျော်ဖို့ကောင်းတယ်. . . ။ငါတစ်သက် မမေ့တော့ဘူး။ နောက်တော့ သိလား မိုးခြိမ်းသံလည်းကြားရော ငါလေ လန့်အော်မိတော့တာပဲ''

''နင်ကလည်း ကလေးကျနေတာပဲ''

ပန်းယံမုံ ရယ်မောလိုက်ရင်းနဲ့ မိဖြူမကို လှည့်ကာ ကြည့်လိုက်ပြီး. . . ။

''အဲဒီတုံးကလည်း ရဲက နင် ခုပြောသလိုမျိုး ငါ့ကို ပြောခဲ့တာ''

''ဟယ်. . . ဟုတ်လား''

အင်းဟု ခေါင်းလေးငြိမ့်ရင်း ပြုံးနေလိုက်သည်။

ကြာတောထဲသို့ လှေကလေးကို သိန်းတန်က လှော်ခတ်လို့သွားတော့ စကားတွေ ခေတ္တခဏတော့ တိတ်ဆိတ်ငြိမ်သက်လို့သွားသည်။

ကြာပန်းတွေက ထုံထုံသင်းသင်းနှင့် သင်းပျံ့မွှေးကြိုင် လွန်းနေပြီး အရောင်အသွေးက စုံလင်စွာနှင့်ရှိနေကြတော့. . .

''သိပ်လှတာပဲ. . . ''

ပန်းယံမုံ အားလုံးကိုမေ့လို့သွားတော့သည်။ အဖြူရောင် ကြာပန်းတစ်ခုကို ကြာဆစ်ရိုးလည်ဆွဲလေးတစ်ခုလုပ်ကာ လည်ပင်းမှာ ဆွဲထားလိုက်ပြီး ခရမ်းရောင်ကြာပန်းတစ်ပွင့်ကို လည်း ချိုးယူကာ ခေါင်းမှာပန်ဆင်လို့ထားလိုက်သေးသည်။

နောက်တော့. . . ။

ကြာပန်းတွေကို စိတ်တိုင်းကျ ရှုးနေတော့၏။





သည့်တွင်ပဲ မိုးတွေက တဖွဲဖွဲရွာလာခဲ့ပြန်သည်။

''မိုးတွေ ရွာပြီမော့''

''လျှပ်စီးတွေလက်. . . မိုးတွေ ချုန်းဦးမှာလားမသိဘူး''

ပန်းယံမုံ မျက်လုံးလေး ပြူးသွားရသည်။ မိုးရွာတာ ကိုတော့ ပျော်သည်။ သို့ပေမယ့် လျှပ်စီးလက်တာကို့ မိုးခြိမ်း သံတို့ကိုတော့ ကြောက်သည်။ ဘာဖြစ်လို့လဲတော့မသိ သူက ငယ်ငယ်ကတည်းက ကြောက်ခဲ့သည့်ကိစ္စက ခုအရွယ်ရောက် သည့်တိုင်အောင်ကို ကြောက်လန့်နေရသည်။

''ကဲ ကြာပန်းတွေလည်း တော်တော်ရပြီ၊ တို့တွေလည်း မိုးရေတွေနဲ့ စိုရွှဲကုန်ပြီ၊ ပြန်ကြရအောင် ဟာ''

ပန်းယံပုံကိုယ်တိုင်က တောင်းဆိုလာတော့လည်း သိန်းတန်က လှေဦးကို နောက်သို့ဆုတ်ပြီး လာလမ်းအတိုင်း ပြန်လှည့်ကာလှော်ခတ်လိုက်ပါသည်။

လေကလည်း ခပ်ကြမ်းကြမ်းလေးတိုက်ခတ်သလို မိုးကလည်း ခပ်သည်းသည်းလေးကို ရွာလာခဲ့သည်။ သို့သော် လျှပ်စီးလက်ခြင်းတွေ မိုးချုန်းခြင်းတွေကတော့ ဖြစ်ပေါ်လာခဲ့ခြင်း မရှိခဲ့ပေ. . . ။

ရဲ. . . ရေ. . . ။

နင်နဲ့နောက်ဆုံး လှေကလေးစီးရင်း ကြာပန်းလေးတွေ ရှုးခဲ့တာကို ယမုံ သတိရနေတယ် သိလား။ ဘယ်တော့မှလည်း မေ့လို့မရဘူး။ နင်ကော . . . မိုးတွေရွာရင် ငါ့ကို သတိရ နေလား ဟင်. . . ။



www.burmeseclassic.com

www.burmeseclassic.com



ငါကတော့ နင့်ကို သတိရတိုင်း လွမ်းတိုင်း တို့ရွာလေး ပတ်ခွေစီးဆင်းနေတဲ့ ရိုးချောင်းလေးထဲမှာ တစ်ယောက်ထဲ လှေလေးစီးရင်း ကြာပန်းလေးတွေခူးရင်း အလွမ်းဖြေနေရတယ် ဆိုတာ . . . နင်သိရဲ့လား ဟာ. . . ။

ခုလည်းကြည့်ပါ. . . ရဲ့။

ငါနင့်ကိုသတိရပြီး လွမ်းနေတာ၊ နင့်ကိုမျှော်လင့်နေတာ ငါနဲ့အဖော်လိုက်တဲ့ သူငယ်ချင်းနှစ်ယောက်ကိုတောင် ဥပေက္ခာ ပြုရင်း နင့်ကိုဖွတ်လွမ်းလို့ ဆွေးလို့နေတာ သူတို့က ဘယ်လောက် အားနာစရာကောင်းသလဲလို့ကြည့်။

''ယမုံ. . . ပန်းယမုံ''

နောက်ကနေ မိဖြူမက အသံခပ်အုပ်အုပ်နှင့် အတင်းချည်း ခေါ်နေတော့ရာ. . . ရေပြင်ကိုငေးကြည့်ပြီး တွေးနေရာမှ. . . အမှတ်မထင် လန့်လို့သွားသည်။

''ဟင်. . . ဘာလဲ. . . ဘာလဲ''

ပြူးပြူးပျာပျာနှင့် မိဖြူမဘက်ကို လှည့်ကာ မေးလိုက်သည်။

''ဟိုမှာ ဟိုမှာ. . . တံတားပေါ်မှာ''

ချက်ချင်းပဲ ရှေ့သို့ပြန်လှည့်ကာ ကြည့်လိုက်သည်။ သစ်သားဂုံးတံတားကလေး. . . ။

ဖျတ်ဆို. . . ထိုတံတားပေါ်မှာ ရဲသွေးကို သူ့အဖေ ရိုက်တာကိုမြင်ယောင်လိုက်မိသည်။ ခုလည်း တွေ့နေရသည်။ ဦးမြဒင်တစ်ယောက်ကို တံတားလေးပေါ်တွင် ထီးဆောင်းရင်း





ချီတာ. . . သူတို့သုံးယောက်အားငေးကြည့်နေသည်ကို တွေ့နေရ၏။

တဖြည်းဖြည်းနဲ့ တံတားနှင့်နီးလာသည်နှင့် ပန်းယမုံ နှင်တွေခုန်သထက်ခုန်လို့ လာခဲ့ပြန်ပါသည်။ ဦးမြဒင်၏ အကြည့်တွေက ဟိုးလွန်ခဲ့သည့် ငါးနှစ်ကျော်ကျော်လောက်က အတိုင်းပဲဟု ပန်းယမုံစိတ်ထဲကနေ တွေးထင်လိုက်မိသည်။

ခပ်စူးစူး ခပ်စိမ်းစိမ်းအကြည့်က သူမတစ်ယောက်ထဲ ကိုသာ ရွေးပြီးကြည့်နေသည်ဟု ပန်းယမုံ ခံစားမိလိုက်သည်။ သည်တော့လည်း. . . သူမက အေးဆေးတည်ငြိမ်စွာနှင့်ပဲ ပြန်၍ ကြည့်မိလိုက်ပါတော့၏။

အပြိုင်အဆိုင်ကို အကြည့်ချင်းတွေ ယှဉ်ကာကြည့်လိုက် ကြရာမှ ဦးမြဒင်ကပဲ ရှေးဦးစွာ အကြည့်ကိုရုပ်သိမ်းပြီး တံတားလေးပေါ်မှ ထွက်ခွာသွားတော့သည်။ ပန်းယမုံ ရင်ထဲ မှာတော့ ဝေဒနာတစ်ခု ခံစားသွားရတော့၏။ ထိုဝေဒနာကတော့ ကျေနပ်ခြင်းလား. . . စိုးရိမ်ခြင်းလားဆိုတာ မဝေခွဲတတ်တော့ပါ။ ကမ်းစပ်သို့ လှေဆိုက်တော့ ပန်းယမုံ လှေပေါ်ကဆင်းလိုက်ပြီး လှေကိုချည်တိုင်တွင် ချည်လိုက်ပြီး ဟိုးအဝေး ဆန်စက်ဘက်သို့ ထွက်သွားသည့် ဦးမြဒင်ကို တစ်ချက်လှမ်း၍ကြည့်လိုက်သည်။

''ပန်းယမုံ''

ပန်းယမုံကြည့်နေသည့်ဘက်ကို မိဖြူမကပါ ကြည့်ရင်း ခေါ်လိုက်သဖြင့်. . .

''ဟင်. . . ဘာလဲ''



www.burmeseclassic.com

www.burmeseclassic.com



"ဦးလေး မြဒင်အပေါ် နင် ဘယ်လိုမြင်သလဲ. . . သေချာ စဉ်းစားပြီးမှပြောနော် မိဖြူမ"

"နင် မေးတော့မှ ငါ ဘယ်လိုပြောရမှန်း မသိတော့ဘူးဖြစ်သွားတယ်"

"ပြောချင်သလိုသာ ပြော"

"အင်း. . . အပြင်ဘမ်းအားဖြင့် ကြမ်းတမ်းခက်ထန်ပေမယ့် သူ့ရဲ့ အတွင်းအဖွဲ့ကတော့ အင်မတန်ကို သိမ်မွေ့နူးညံ့ပျော့ပျောင်းပါတယ်. . . ဟာ"

"နင် မဆိုးဘူး ငွေးခေါ်မြှော်မြင်တယ်သားပဲ"

"အောင်မာ. . . ငါက နင့်လို ခပ်ပေါ့ပေါ့တွေးပြီး ခပ်ပေါ့ပေါ့နေတဲ့ မိန်းမ မဟုတ်ဘူး"

မိဖြူမ၏စကားကို နောက်သလိုလိုပြောင်သလိုလိုနှင့် ပြောလိုက်သည့် သိန်းတန်ကို မိဖြူမက ခပ်တင်းတင်းကလေးနှင့် ခွပ်ထဲ့လိုက်သည်။

ပုန်းယမုံကလည်း တွေးလိုက်သည်။

မိဖြူမ ပြောသလို. . . ဦးလေးမြဒင်သည် ရွာသားတွေအပေါ် သနားကြင်နာစိတ်ရှိပြီး အစစအရာရာကို ကူညီရိုင်းပင်းတတ်ပြီး သံဘောကောင်းမှန်းသိကြသည်။

သို့သော်. . . ။

သူမနှင့် သူ့သားဖြစ်သူ ရဲသွေးတို့ကို ဘာကြောင့်များ ခွဲခြားထားရပါလိမ့်. . . ။

သူ့ကို ဘာကြောင့် မုန်းနေရပါလိမ့်. . . ။





တွေးကြည့်တော့ ရေးရေးပေါ်လာခဲ့သလို သူမတို့က ငွေကြေးနှင့်ဂုဏ် မပြည့်စုံနေလို့လား. . . ။ ဒါမှမဟုတ်ရင်တော့ အင်း သူမ ဆက်မတွေးချင်တော့ပါ။ လူဆိုတာ အတွေတော့ ကြုံရမည်ဟု. . . ။

❀ ❀ ❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

## အခန်း စဉ်(၆)

"ချစ်သူငယ်ချင်းလေး . . . တစ်"

ဟသ်တ ဆိပ်ကမ်းဘက်သို့ သူရောက်တော့ ညနေ သုံးနာရီလောက်ရှိမည်ထင်သည်။ သင်္ဘောကြီးတွေကပ်သည့် ဆိပ်ခံဘောတံတားနှင့် မလှမ်းမကမ်းတွင်တော့ . . . ဟသ်တမြို့ နှင့် မနီးမဝေး ရွာငယ်ကလေးများမှ ကုန်ရောင်းကုန်ဝယ် လုပ်ကိုင်ကြသည့်လှေဆိပ်ကိုတွေ့နေရ၏။

သူ. . . ။

လှေဆိပ်နှင့် ခပ်ဝေးဝေးမှနေ၍ အခြေအနေကို အကဲ ခတ်လို့နေသည်။ လက်ပံကွင်းရွာမှ လှေများကို ရှာဖွေနေမိ၏





ဆိပ်သို့ဆင်း၍ မေးမြန်းခြင်းကိုလည်း သူမလုပ်ရဲ. . . ။ နေနဲ့က တင်ထင်ပေါ်ပေါ် ရဲရဲဝံ့ဝံ့ မေးမြန်းစုံစမ်းခြင်းကို တာ အမှန်. . ။ ဒါပေမယ့် လက်ပံကွင်းရွာမှ ဒီဟသ်တ ကြီး ဈေးရောင်းဈေးဝယ်လုပ်နေကြသည့် ရွာက တွေကို သယ်ယူပို့ဆောင်နေသည့် စက်လှေတွေ ရှိနေသည် တော့ သူသိနေသည်။

ထိုစက်လှေတွေထဲမှ သူ့အဖေ၏စက်လှေလည်း ည်ကိုတွက်ဆလို့ထား၏။ သူ့အနေနှင့်ကလည်း စက်လှေ မစီးရလျှင်မဖြစ်။ ဒါ့ပေမယ့် သူ့အဖေ၏ စက်လှေကို စီးလို့မဖြစ်ပါ. . . ။သူ လက်ပံကွင်းရွာသို့ လာမှန်းကို တွေ မသိဘို့က အရေးကြီးသည်မဟုတ်လား. . . ။

လက်ပံကွင်းသို့ မရောက်ခဲ့သည်မှာ ငါးနှစ်ကျော်ကျော် ာက်ရှိလို့သွားသည်နှင့်အညီ ဒီ ဟသ်တဆိပ်ကမ်း၏ လှေဆိပ် အထားကလည်း အနည်းငယ်မက ပြောင်းလဲလို့ ခဲ့သည်ကိုတွေ့ရသည်။

ကမ်းနားတစ်လျှောက်တွင် လက်ဖက်ရည်ဆိုင်တွေ၊ င်းဆိုင်တွေက များပြားစွာဖွင့်လို့ထား၏။ ဒါ့အပြင် ျော်ယမကာရောင်းသည့် ဆိုင်တွေလည်းတွေ့နေရသည်။ င့် ဒီလှေဆိပ်ကမ်းသည် သူစိမ်းပြင်ပြင်ဖြစ်လို့နေ၏။

"ဟူး. . . "

အချိန်ကြာမြင့်စွာနှင့် ကျောပိုးအိတ်တစ်လုံးကို ထားရင်း ရပ်ကာ လှေဆိပ်ကို ကြည့်လို့နေသည့်သူသည်



www.burmeseclassic.com

www.burmeseclassic.com



စိတ်မသက်မသာနှင့် သက်ပြင်းတစ်လုံးကို မှုတ်ထုတ်လိုက်
တော့သည်။

"ငါ ဘယ်လို ဆက်လုပ်ရတော့မလဲ"

သူ. . .။ ကိုယ့်ဖာသာကိုယ် မေးခွန်းထုတ်လိုက်ရ
ပြီးတော့ သူ့နံဘေးနားက ဖြတ်လို့လျှောက်သွားသည့် လူ
ကိုလည်း ကြည့်လိုက်သည်။ သူနှင့်သိသူဆို၍ တစ်ယော
ကိုမှ မမြင်မိ. . .။နည်းနည်းတော့ စိတ်အားငယ်မိသွား
သည်ကအမှန်. . .။

"အို. . . လက်ဖက်ရည်ဆိုင်ထဲက ခဏဝင်ထိုင်
အခြေအနေကိုကြည့်ဦးမှပဲ"

ဒါနဲ့ပဲ. . . သူလည်း အနီးဆုံးလက်ဖက်ရည်ဆိုင်ထဲ
ဝင်လိုက်ပြီး စားပွဲလွတ်တစ်လုံးမှ ထိုင်ခုံတစ်လုံးကို ဆွဲယူ
ထိုင်လိုက်မိသည်။

"အစ်ကို. . . ဘာသောက်မလဲ"

သူ ထိုင်လိုက်သည်နှင့် စားပွဲထိုးလေး ရောက်လာ
မေးလိုက်သဖြင့်. . .

"ချိုပေါ့ကျ တစ်ခွက်ကွာ"

"ချိုပေါ့ကျ ဝမ်း"

သူပြောပြီးသည်နှင့် စားပွဲထိုး ကောင်လေးက ဖျော်
ဘက်သို့ လှည့်ထွက်သွားပြီး အော်လိုက်၏။ နောက် မကြာခင်
သူ့စားပွဲပေါ်သို့ မုန့်မျိုးစုံကို စားပွဲထိုးလေးက လာချပြန်သ

"ညီလေး"





သူက စားပွဲထိုးကောင်လေးကို ခေါ်လိုက်၏။

"ဗျာ"

"ဒီကွာ. . . ဒီလှေဆိပ်က စက်လှေတွေက ဘယ်ရွာ
တာလဲ ညီလေး"

သူ ညွှန်ပြလိုက်သည့် လှေဆိပ်သို့ စားပွဲထိုးကောင်လေး
လှမ်းကြည့်လိုက်ပါသည်။

"ရွာပေါင်းစုံကပဲ အစ်ကိုရေ၊ အစ်ကိုက ဘယ်ရွာက
စ်လှေကို သိချင်တာလဲ"

"လက်ပံကွင်းရွာက ဘက်လှေရှိလားလို့ သိချင်တာ"

"ဟာ ထွက်သွားပြီ အစ်ကိုရေ၊ ဒီနေ့တစ်စင်းထဲ
က်တယ်၊ ကိုသံလုံးမောင်းတဲ့ စက်လှေလေ။ ခါတိုင်းဆို
စင်းထွက်တယ်။ ကိုဖိုးလူ မောင်းတဲ့စက်လှေပေါ့။ ခု
သူ့စက်လှေက ဝမ်းပေါက်လို့ ပြုပြင်နေတယ် အစ်ကို"

"ဟာ ဟုတ်လား"

"အစ်ကိုက လက်ပံကွင်းရွာကို သွားမလို့လား"

အင်း ဟု ခေါင်းညိတ်ပြလိုက်သည်။

"ဒါဆိုရင် ဘန့်ဘွေးကုန်းရွာကိုသွားမယ့် စက်လှေ
တစ်စင်းတော့ရှိသေးတယ်. . . ဒီစက်လှေက ညနေလေးနာရီ
ကျမှထွက်မယ် အစ်ကို"

စားပွဲထိုးကောင်လေး ပြောလိုက်တော့ လက်ထဲမှ
နာရီကို ငုံ့ကြည့်လိုက်၏။ လေးနာရီထိုးဖို့ မိနစ်နှစ်ဆယ်လို
နေသေးသည်ကိုတွေ့လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



''ဟိုမှာတွေ့လား အစ်ကို၊ ညာဘက်ခြမ်းက သုံးစင်မြောက်စက်လှေက ဘန့်ဘွေးကုန်းကိုသွားမှာ လူတွေတောင် တက်နေကြပြီ''

ဘန့်ဘွေးကုန်းရွာဆိုတာ သူတို့နေသည့် လက်ပံကွင်းရွာကိုကျော်ဖြတ်ပြီးမှ ရောက်သည့်ရွာ။ ငယ်ငယ်တုန်းက မူလတန်းပြီးတာနှင့် တွဲဘက်အထက်တန်းကျောင်းဖွင့်ထားသည့် ရွာဆိုတာကိုတော့ သူသိထားပါ၏။ ခုတော့ ဘယ်လိုအခြေအနေရှိသလဲ ဆိုတာကိုတော့ သူ မသိတော့ပါ။

ဒါနဲ့ သူ လက်ဖက်ရည်ကို ခပ်သွက်သွက်သောက် လိုက်ပြီး ကျသင့်ငွေကို စားပွဲထိုးလေးအားပေးလိုက်ပြီး လှေဆိပ်သို့ ဆင်းလာတော့သည်။

''ဒီလှေ ဘန့်ဘွေးကုန်းကို သွားမှာလား''

စက်လှေပေါင်းမိုးအောက်တွင် လူတွေကပြည့်လို့နေပြီ စက်လှေထိပ်တွင် အလုပ်ရှုပ်နေသော အဖော်လှေသမားတစ်ဦးကို သူကမေးလိုက်သည်။

''ဟုတ်တယ်''

သူ့ကို လှည့်မကြည့်ဘဲ ပြောလိုက်တော့ သူ့စိတ်ထဲ ချဉ်တင်တင်ဖြစ်လို့သွားခဲ့ရသည်။

''ဒါဆို ကျွန်တော် လက်ပံကွင်းကို လိုက်ချင်တယ်''

''ပိုက်ဆံပေးရင် လိုက်လို့ရတာပေါ့ဗျာ''

ဟာ. . . တော်တော် ယဉ်ကျေးတာပဲ. . . ။

တောကလူတွေတောင် စကားပြောတာ မြို့ဆန်ကုန်ပြီ





ဟု သူတွေးရင်း ပြုံးချင်ချင်ဖြစ်မိလို့သွားတော့သည်။

''ဟော့လူ စက်လှေထွက်တော့မယ် လိုက်မှာလား''

စက်လှေရဲ့စက်နှိုးသံကို သူကြားလိုက်ရသည်။

''ဟာ. . . လိုက်မယ်. . . လိုက်မယ်''

''လိုက်ရင် တက်ဗျာ''

သို့ဖြင့် သူလည်း စက်လှေပေါ်သို့ ကမမ်းကတမ်းပင် [illegible]တက်လာတော့သည်။

အဖော်လှေသမားတစ်ဦးက ကမ်းစပ်နားငုတ်တိုင်တွင် [illegible]ထားသော စက်လှေကြိုးကို ဖြုတ်ကာ. . . လှေဦးထိပ်တွင် [illegible]ပုံထားပြီး ထိုးဝါးတစ်ချောင်းကို မ,ယူကာ စက်လှေကို [illegible]စပ်မှခွာရန် ထိုးလိုက်တော့သည်။

ထိုစဉ်မှာပဲ. ပေါင်းမိုးဝမ်းထဲမှ မိန်းမအသံတစ်သံ [illegible]ပေါ်လာခဲ့တော့သည်။

''ဟဲ့ ဟဲ့ နေဦး၊ နေကြဦး၊ ဟိုမှာ ဟိုမှာ လက်ပံကွင်း [illegible]သူတစ်ဦး ပြေးလာနေတယ်''

ပေါင်းမိုးထဲက အော်လိုက်သံကြောင့် သူ့ရင်တွေ ဒိန်းခနဲ [illegible]လှုပ်ချောက်ချား သွားခဲ့ရတော့၏။ ကမ်းပေါ်သို့လည်း သူ [illegible]ကြည့်လိုက်ပါသည်။ တောင်းတစ်တောင်းကို ရွက်ရင်း [illegible]ပြေးလာနေသည့် မိန်းကလေးတစ်ယောက်ကိုတွေ့လိုက်ရသည်။ [illegible]အားဖြင့် သူနှင့်ရွယ်တူရှိမည်ဟု သူခန့်မှန်းမိလိုက်၏။ [illegible]ပံကွင်းရွာသူဆိုတော့ ဘယ်သူလဲဟု သိချင်လိုက်မိသည်။

သို့သော်. . . သူ မသိသည့်မိန်းကလေးဖြစ်လို့နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ဟိုသူငယ်၊ တောင်း ဝိုင်းချပေးလိုက်ပါဦး"

တောင်းကိုရွက်လာသည့် မိန်းကလေးက ခြေသံ… လောက်ထိ ရေထဲဆင်းလာကာ စက်လှေဦးထိပ်သို့ရောက်လာ… တောင်းကိုအောက်သို့ချမည့်ဟန် လုပ်နေသောကြောင့် ပေါင်း… ထဲက အဒေါ်ကြီးတစ်ဦး သူ့ကိုလှမ်း၍ ပြောလိုက်ခြင်း… ဖြစ်ပါသည်။

"ဟုတ်ကဲ့. . . ဟုတ်ကဲ့"

ပြောလည်းပြော လက်ကလည်းတောင်းကိုယူလိုက်… ကြမ်းခင်းပေါ်သို့ ချလိုက်၏။ သည့်တွင် မိန်းကလေး၏ မျက်ဝန်း… တို့က သူ့ကို မျက်လုံးလေးလှန်ကာ ကြည့်နေလိုက်သလို. . . သူကလည်း မိန်းကလေးကို ပြန်ကြည့်နေမိလိုက်၏။

သည်မျက်လုံးတွေ. . . ။

သည်အကြည့်တွေ. . . ။

သည်မျက်နှာကို သူကောင်းကောင်းကြီး ရင်းနှီးမိသည်… ဘယ်တုံးကလဲဆိုတာ သူ စဉ်းစားလိုက်မိတော့သည်။

"ဟဲ့ မိဖြူမ တက်လေ"

ဟင်. . . ။

ဟုတ်တယ်. . . ဟုတ်တယ်. . . သည်အကြည့်… သည်မျက်နှာ၊ သည်မျက်လုံးကို သူကောင်းကောင်းကြီး သိလိုက်… တော့သည်။

ကြည့်စမ်းပါ. . . ။

မိဖြူမဆိုတဲ့ ငယ်သူငယ်ချင်းနဲ့မှအတူဆုံဖြစ်ကြတာ…





…ရှမ်းဝမ်းသာခဲ့ရတော့သည်။ သူ. . . မိဖြူမကတော့ …ဘပ်မှာထိုင်ပြီး ခြေအစုံကို တွဲလောင်းချလို့ ခြေထောက် …နေသည့် ရွှံ့များကို ဆေးကြောနေ၏။

စက်လှေက တဖြည်းဖြည်းနှင့် ကမ်းမှခွာလို့လာ၏။ …က လှေဦးထိပ်နေရာမှာပဲ ထိုင်နေတော့သည်။ ပေါင်းမိုး …က် လှေဝမ်းထဲမှာတော့ လူတွေကပြည့်လို့နေသည်။ သူ …တော့ စက်လှေပေါင်းမိုးပေါ်တွင် တက်၍ ထိုင်နေလိုက်သည်။

သူ့အကြည့်တွေကလည်း မိဖြူမကိုသာ စိုက်၍ကြည့်နေ …တော့သည်။ သို့သော်လည်း မိဖြူမက သူ့ကိုကြည့်လိုက် …နှာလေးလွှဲလိုက်။ တဖန်ပြန်ကြည့်လိုက်၊ ပြန်လွှဲသွားလိုက် ဖြစ်လို့နေတော့သည်။

သူ့ကို ပမှတ်မိလို့ပဲလား. . . ဖဝေဖဝါဖြစ်နေလို့လား …ဘာကို, သူလည်းတွေးမိလိုက်ပါသည်။ သူမ မပြောနှင့် …တောင် သူမကိုကြည့်ရင်း သိပ်မမှတ်မိချင် ဖြစ်နေသည် …ဟုတ်ပါလား။

အရွယ်ကလည်း အရင်လို အလယ်တန်းကျောင်းသား …ရွယ်လို မဟုတ်တော့. . . တကယ့် အပျိုကြီးအရွယ်တွေကို …ရောက်လာတော့ ရုပ်ရည်ရူပကာ ကိုယ်ခန္ဓာအနေအထားတို့က …ပြောင်းလဲလို့သွားခဲ့ကြပြီလေ။ မတွေ့တာလည်း ငါးနှစ်ကျော် …ခြောက်နှစ်ထဲမှာဆိုတော့. . . ။

သည်တော့လည်းပဲ ချက်ချင်းကြီးတွေ့လိုက်ကြတော့ …တ်မှ ဟုတ်ပါလေစဟု စိတ်ထဲမှာ စနိုးစနောင့်ကလေးတွေ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်စီဖြစ်လို့နေကြတာ. . . ။သူကတော့ မိဖြူမမှန်းကိုသိ
တာက ခုနက ပေါင်းမိုးတွင်းမှ ခေါ်လိုက်သံကြောင့် သိ
ခြင်းပါ. . . ။ အဲလိုမဟုတ်ခဲ့ရင်တော့ သူလည်း ဖလေ
ဖြစ်လို့နေမှာ အသေအချာပါ. . . ။

စက်လှေကလေးကလည်း တဒုတ်ဒုတ်နှင့် စက်သံ
ပေးရင်းနှင့် သွားနေလေရဲ့။ သူကလည်း ကမ်းနဖူးက ရှခင်း
ကြည့်လိုက် မိဖြူမကိုကြည့်လိုက်နှင့် ခေါ်ရကောင်းနိုးနိုး ဖြစ်
နေတော့သည်။

မိဖြူမကလည်း သူ့ကိုကြည့်လိုက် စဉ်းစားလိုက်နှင့်
သူ့ကို ရဲသွေးဆိုတာ ဟုတ်သလား၊ မဟုတ်ဘူးလားဆို
စဉ်းစားလို့နေလေရဲ့. . . ။ ရှင်က ရဲသွေးလား ဆိုတာ
မေးလိုက်ချင်ဖေမယ့် မိန်းမသားဆိုတော့ ခက်နေတာ
မဟုတ်ပါဘူးလို့ ငြင်းလိုက်မယ်ဆိုရင် အရှက်ရသွား
မဟုတ်လား။ ဒီတော့ ဒီလိုပဲကြည့်လို့နေလိုက်သည်
နောက်ဆုံးတော့ သူ မနေသာတော့ပါ။

ဖြစ်ချင်ရာဖြစ်ဆိုပြီး တစ်ယောက်ထဲလိုလို ပြောချလိုက်
တော့၏။ သူပြောလိုက်တာကတော့. . . ။

"အော်. . . လက်ပံကွင်းရွာသူ မိဖြူမရယ်၊ ရဲသွေး
ဆိုတဲ့ လူတစ်ယောက်ကို မမှတ်မိတော့ဘူးလား ဟာ"

"ဟင်. . . "

ဖြုန်းဆို မိဖြူမ မျက်ဝန်းတွေ ပြူးကျယ်ဝိုင်းစက်လို့
သွားသည်။ အံ့သြတသင့်နှင့် မင်သက်စွာငေးကြည့်လိုက်သည်





အာကလေးအချိန်တွင်းမှာ. . .

ကြည်နူးခြင်းတွေ. . . ။

ဝမ်းသာခြင်းတွေ. . . ။

ပျော်ရွှင်မှုတွေက သူမ ရင်ထဲမှာပြည့်နှက်လို့သွား
တော့သည်။

"ရဲ. . . သွေး"

တုန်လှုပ်ချောက်ချား အံ့သြမှုမှ ကြည်နူးဝမ်းသာ
ပျော်ရွှင်သွားသည့်မျက်နှာနှင့် မိဖြူမ ခေါ်လိုက်သည်။

သူ. . . ပြုံးပြုံးကြီးပဲ မိဖြူမကို ကြည့်လိုက်မိပါတော့
သည် လေ. . . ။

× × × ×

"ဟင်. . . နင် ဘာပြောလိုက်တယ်"

သိန်းတန်ရင်ထဲမှာ အံ့သြမှုတွေ ဒိုင်းခနဲပြေးဝင်ဆောင့်
လိုက်သည်။ ဟုတ်ပါလေစဟုလည်း စိတ်ထဲကနေ မေးမိသလို
မျက်ဝန်းအကြည့်တွေကလည်း မယုံသင်္ကာသလိုမျိုးဖြင့် သူမကို
ငေးကြည့်နေမိတော့သည်။

"သိန်းတန်. . . ဘာကြောင်ကြည့်နေတာလဲ. . .
ငါပြောတာ မယုံလို့လား"

မိဖြူမက စိတ်မရှည်ဟန်နှင့် ပြန်၍ မေးလိုက်ပြန်တော့
"နင် တကယ်ပြောတာ ဟုတ်ရဲ့လားဟာ. . . "

"ဟာ. . . နင်ကလဲ"

မျက်နှာကြီးက သုန်သုန်မှုန်မှုန်နှင့် စိတ်ပျက်စွာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လို့သွားသည့် မိဖြူမက သိန်းတန်ကို အလိုမကျဟန်ဖြင့် ကြည့်ပစ်လိုက်သည်။

''ဒီကိစ္စက ညာပြောရမယ့် ကိစ္စလား''

မိဖြူမ စိတ်တိုစွာဖြင့် ဘုဆတ်ဆတ်ပြန်ပြောလိုက်သည်။

''နင် ဆက်ပြောစမ်းပါဦးဟာ''

ဟင်း ဆိုပြီး သိန်းတန်ကို မျက်စောင်းထိုးပစ်လိုက်သည်။

''နင့်ကို အစကနေ ပြောပြမယ်... သေချာနားထောင် ဟင်း... ''

ဟုဆိုပြီး မိဖြူမက သိန်းတန်ကို စက်လှေပေါ်တွင် ရဲသွေးနှင့် စတင်တွေ့ပုံကိုပြောပြလိုက်တော့သည်။

မမြင်ရတာ ကြာပြီဖြစ်သော ရဲသွေး၏ ရုပ်သွင်ကို ခုမှ ပီပီပြင်ပြင် ပြန်လည်မှတ်မိလိုက်သည့်အခါမှာတော့ ကြည်နူး ဝမ်းသာမှုတွေက သူမရင်ထဲမှာ ရင်နှင့်မမျှအောင် ဖြစ်နေမိတော့၏။

''ဝမ်းသာလိုက်တာ ... ရဲသွေးရယ်''

''ငါလေ နင့်ကိုတွေ့လိုက်တော့ ဝမ်းသာလွန်းလို့ မျက်ရည်တောင်လည်မိတယ်ဟာ... ။စကားလေးတစ်ခွန်းတောင် ပြောမထွက်လောက်အောင် ငါ့လည်ချောင်းမှာ တစ်ဆို့နေမိတယ် မိဖြူမ ရယ်''

မိဖြူမ ရင်ထဲမကောင်းတော့... သူမမျက်ဝန်းထဲမှာ မျက်ရည်တွေက ဝေ့သီလို့နေ၏။

''ငါ ရွာကို ပြန်လာရတာ... ခိုးပြီးပြန်လာရတာပါ။





[illegible]နဲ့ ဆွေမျိုးသားချင်းတွေ မမြင်အောင်လို့ပဲ သတိထား [illegible]တယ်။ ခု နင့်ကိုတွေ့တော့ ငါ အရမ်းဝမ်းသာသွားတာပဲ [illegible]... ''

''ဟင် ဒါဆို... နင် နင့်အိမ်ကို ပြန်လာတာ မဟုတ် [illegible]ပေါ့''

''မဟုတ်ဘူး... ခု ရွာကိုရောက်ရင် မှောင်နေပြီလေ၊ [illegible]တွေမမြင်အောင် ပုန်းလျှိုးကွယ်လျှိုးနဲ့ သိန်းတန်အိမ်ကို [illegible]သွားမယ်လို့ စိတ်ကူးထားတာ... အဲဒီမှာမှ နင့်ဆီကို [illegible]အကြောင်းကြားမယ်... နင့်ဆီကမှတဆင့် ပန်းယမုံနဲ့ [illegible]ဆက်သွယ်မယ်''

အော်... ရဲသွေးရယ်... ။

ရွာနဲ့ ငါတို့ကို ခွဲသွားခဲ့တာ ငါးနှစ်ကျော် ခြောက်နှစ်ထဲ [illegible]ရောက်သွားတာတောင် တို့ကို မမေ့ဘူးနော်။ ငါမြင်ယောင် [illegible]မိတယ်။ ပန်းယမုံသာ သိသွားရင် သူဘယ်လောက် ဝမ်းသာ [illegible]လိုက်မလဲဟယ်။ နင်တို့နှစ်ယောက်ရဲ့ ကံကြမ္မာကလည်း [illegible]လွမ်းချင်းတေးတစ်ပုဒ်နဲ့ ကရတဲ့ ဇာတ်လမ်းတစ်ပုဒ်လို ဖြစ်နေ [illegible]ပေါ့လား... ။

မိဖြူမရဲ့ ရင်ထဲမှာ ရဲသွေးအတွက် သနားကရုဏာ သက်စွာ ဖြစ်မိနေတော့သည်။

''မိဖြူမ''

''ဟင်''

''ငါ့ကို ရွာကလူတွေ မြင်လို့ မဖြစ်ဘူးနော်''



www.burmeseclassic.com

www.burmeseclassic.com



မိဖြူမ နားလည်လိုက်ပါသည်။ ရွာကိုခိုးပြန်လာပြီ ဆိုကတည်းက သူ့ကို လျှို့ဝှက်စွာထားပေးရမည် မဟုတ်ပါလား။

"နင် စိတ်ချပါ ဟာ။ ရွာရဲ့ ဆိပ်ကမ်းရောက်ရင် နင် ရွာထဲ လိုက်မဝင်နဲ့၊ ဘုရားပရိဝုဏ်ထဲမှာ ခဏဝင်နေ၊ ငါက သိန်းတန်ကိုအကျိုးအကြောင်းပြောပြပြီး သူ့ကိုလွှတ်လိုက်မယ်။ နောက် သိန်းတန်အိမ်ကို လိုက်သွားပေါ့"

"ပန်းယမုံကိုရော ဘယ်လို အသိပေးမလဲ"

"အေးပါ... အဲဒါ ငါသိပါတယ်ဟာ... ငါ ပန်းယမုံဆီသွားပြောပြမယ်.., သူဘယ်လို ပြောမလဲဆိုတာ နင်သိအောင်လို့ သိန်းတန်အိမ်ကိုပဲ ငါလာခဲ့မယ်..."

မိဖြူမ၏ စီစဉ်ညွှန်ကြားမှုက အကွက်စေ့လောက်သည်။ မိန်းမများ၏ လတ်တလော ဉာဏ်က ယောကျ်ားများထက်ကိုသာပါပေ၏။

စက်လှေကလေးကတော့ စက်သံ ၊ရင်းနဲ့သွားနေလေရဲ့... ။သူက မြစ်ပြင်ကြီးကိုကြည့်ရင်း တိုက်ခတ်လာတဲ့ လေညှင်းကလေးများကို အားပါးတရကိုရှူသွင်းလိုက်ရင်းက

"အရမ်းလွမ်းတာပဲ... ဟာ"

"ဘယ်သူ့ကိုလဲ ရဲ့"

ပြုံးစိစိနဲ့ မိဖြူမက မေးလိုက်တယ်ဆိုရင်ပဲ သူက တစ်ချက်ပြုံးလိုက်သည်။

"ရွာနဲ့ နင်တို့အားလုံးကိုပေါ့"

"ပန်းယမုံကိုတော့ ပိုမှာပါ ဟာ"





"ပန်းယမုံက ငါ့ဘဝ ငါ့အသက်ပဲလေ... "

"ငါ နားလည်ပါတယ် ဟာ"

"အဲလို နားလည်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် သူငယ်ချင်းရယ်"

မိဖြူမ ရင်ထဲနင့်ခနဲ ဖြစ်လို့သွားတော့သည်။ ပန်းယမုံအပေါ်ကို အချစ်ကြီးသည့် ရဲသွေး၏ စိတ်ခံစားမှုကိုလည်း ကိုယ်ချင်းစာမိသွားခဲ့သည်။

"နင့်ကိုလည်း ပန်းယမုံ နေ့တိုင်း အမြဲတမ်း လွမ်းနေပါတယ်... လို့ပြောရင် နင်ယုံမှာလား ဟင် ရဲသွေး"

"ယုံတယ်... လုံးဝကို ယုံပါတယ် မိဖြူမရယ်... ။ ဒီနေ့ခွဲခွာခါနီးမှာ ငါ့ကိုကြာဆစ်ရိုး လည်ဆွဲလေးပေးပြီး ငါ့ကို အမြဲလွမ်းနေမှာပါလို့ ပြောခဲ့တဲ့စကား... ကြည့်တဲ့အကြည့်တွေက သူ့နှလုံးသားက ပေါက်ထွက်လာခဲ့တာဆိုတာကို ငါ ယုံကြည်တယ်"

"ဟုတ်ပါတယ် ဟာ... ပန်းယမုံဟာ နင့်အပေါ်ကို မေတ္တာမပျက်စောင့်မျှော်နေဆဲပါပဲ... ရဲသွေးရယ်။ ဟော ကြည့်စမ်း... တို့ရွာကိုရောက်တော့မယ်"

သူ လှမ်းကြည့်လိုက်သည်။ သစ်ပင်အုပ်အုပ်ဆိုင်းဆိုင်းလေးကို ခပ်မှိုင်းမှိုင်း ခပ်ပျပျလေးလှမ်းတွေ့လိုက်ရတော့တယ်။

"အဲဒီလိုပြောရင်းနဲ့... တို့ရွာက ဆိပ်ကမ်းကိုရောက်ခဲ့တယ် သိန်းတန်"

မိဖြူမ စကားအဆုံးတွင် သိန်းတန်က ထောက်ခါ



www.burmeseclassic.com

www.burmeseclassic.com



ငင်ခါပဲ. . .

"ဒါဆို ရဲသွေးက ဘုရားထဲမှာစောင့်နေတယ်ပေါ့"

"ဟုတ်တယ်. . . နင်လာခေါ်လိမ့်မယ်လို့ ငါပြောထား တယ်"

"တော်သေးတာပေါ့. . . ဒီနေ့မနက်ပဲ သူ့အဖေ အမေလည်း ရန်ကုန်တက်သွားပြီ"

"ဗင် ဟုတ်လား. . . ဒါဆို သူနဲ့လွဲပြီပေါ့"

"အဲဒါကောင်းတယ်. . . နောက်မှ ဖြစ်လာမယ့်ပြဿနာ တွေ နောက်မှရှင်းတာပေါ့ဟာ။ ဂု ဒီကောင့်ကို ... ဖြစ်တော့မယ်. . . ။နင်လည်း ပန်းယမုံကို သွားပြောတော့"

"အေး. . . အဲဒါဆို ငါသွားတော့မယ်"

"နင်. . . ဒီပဲ ပြန်လာနော်"

အင်းပါ ဟု မိဖြူမ ခေါင်းညိတ်ရင်း သိန်းတန်ဆီ ကနေ ထွက်သွားတော့သည်။

❀ ❀ ❀ ❀ ❀





## အခန်း စဉ်(၇)

### "ချစ်သူငယ်ချင်းလေး . . . နှစ်"

အချိန်က ညနေခြောက်နာရီကျော်ကျော်လောက်ရှိနေပြီး ဖြစ်သဖြင့် လက်ပံကွင်းရွာကလေးက အမှောင်ထုထဲမှာ တိတ်ဆိတ်ငြိမ်သက်လို့နေသည်။

သို့ပေမယ့်. . . ။

မီးပွင့်လေးတို့က ဟိုအိမ်တစ်ပွင့် ဒီအိမ်တစ်ပွင့်နှင့် ထွန်းလင်းနေကြပေမယ့် ရွာထဲကလမ်းတွေကတော့ မှောင်မဲလို့ နေတယ်။

ဒီအချိန် ဒီအခါမှာပဲ သိန်းတန်တစ်ယောက် ရွာလယ်



www.burmeseclassic.com

www.burmeseclassic.com



လမ်းမကြီး တစ်လျှောက်ကိုလျှောက်လို့လာခဲ့၏။ သူ့လက်ထဲမှာ ယေးထောင့်ထိုး လက်နှိပ်ဓာတ်မီးကြီးတစ်လုံးကို ဆုပ်ကိုင်ထားလို့ ဟိုထိုး ဒီထိုးနှင့်ပေါ့. . . ။

"ဝုတ်. . . ဝုတ်"

အမှောင်ထဲမှာဆိုတော့ ဘယ်သူဘယ်ဝါဆိုတာမသိဘဲ ခွေးတွေက လူရိပ်တွေမြင်ပြီး ဟောင်လို့နေတော့၏။

"ဟာ ဒီခွေးတွေကလည်းနော်"

ပါးစပ်က ညည်းညူရင်းက ခပ်သုပ်သုပ်ကလေး လျှောက်လှမ်းလို့သွားတော့သည်။ ဒါပေမယ့်လို့ သူ့စိတ်ထဲတွင်တော့ ရဲသွေး အကြောင်းကိုသာ စဉ်းစားတွေးတောလို့နေပေသည်။

"ဟဲ့ ရှေ့က ဘယ်သူတုံး"

သူ့ရှေ့ခပ်လှမ်းလှမ်းတွင်မှ မီးအိမ်တစ်လုံးကို ကိုင်မြှောက်ရင်းက လျှောက်လှမ်းလာနေသည့် လူကြီးသူမ တစ်ဦးက သူ့ကိုလှမ်းမေးလိုက်သောကြောင့်. . .

"ကျွန်တော်ပါ ဒွေးလေးလှရဲ့. . . သိန်းတန်လေ"

"မှောင်နေပြီ. . . ဘယ်ကိုတုံး"

"အရှေ့ပိုင်းကို သွားမလို့ပါ"

"အေးအေး သွားသွား၊ သိပ်မှောင်နေရင် မကောင်းဘူးကွဲ့"

"ဟုတ်ကဲ့ပါ ဒွေးလေး"

သိန်းတန် ဆက်လျှောက်လို့လာခဲ့သည်။ သူ့ခြေလှမ်း





ကြ ဘုန်းကြီးကျောင်းဝိုင်းထဲက ဘုရားစေတီရှိရာသို့ ဦးတည်နေလျက်ပါ. . . ။

ထိုစဉ်အချိန် အတောအတွင်းမှာ. . . ။

ရဲသွေး လမ်းလျှောက်ကတော့ ဘုန်းကြီးကျောင်းဝိုင်းရှိ ုရားစေတီ ပရိဝုဏ်အုပ်ရိုးလေးပေါ်တွင် ထိုင်လို့ သိန်းတန်ကို ာင့်မျှော်လို့နေပေတော့သည်။ လမိုက်ညလေးဖြစ်နေပေမယ့် ရောင်လေးကလည်း မလင်းတလင်းနှင့်ဖြစ်နေ၏။

"နာရီဝက်လောက်တောင် ရှိနေပြီ ဒီကောင် နောက်ကျ တာ"

လက်မှနာရီလေးကို ကြည့်လိုက်ပြီး ခပ်ညည်းညည်းလေး ာကထွက်လာခဲ့သည်။ ပြီးတော့ သိန်းတန်လာမည့်လမ်းကို မျှော်ကြည့်လိုက်သေးသည်။ စောင့်မျှော်နေရသူ အဖို့ကတော့ ်စက္ကန့် မိနစ်တို့ဆိုတာ တကမ္ဘာလောက်ထိ ကြာတတ် ည်ဟု ထင်ထားသူများ မဟုတ်ပါလား. . . ။

ခုလည်းကြည့်လေ. . . ။

ရဲသွေးခင်မျာ စောင့်နေရတာ ဒီကြားထဲ ခြင်တွေ၊ တွေကလည်း ကိုက်လိုက်သေး. . . ။

"တောက်. . . ကြာလိုက်တာ၊ မဟုတ်သေးပါဘူး၊ တစ်ယောက် သိန်းတန်ကိုမှ ပြောမှပြောရဲ့လားမသိဘူး"

လောကြီးနေသည့်စိတ်. . . ။

စိုးရိမ်ပူပန်လွန်းနေသည့်စိတ်တို့က ဖိစီးမှုများနေသဖြင့် သွေး ဆောက်တည်ရာကိုမရဘဲ ဖြစ်နေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"အို. . . ငါကိုယ်တိုင်ပဲ သိန်းတန်ဆီကို သွားမယ် စောင့်မနေတော့ဘူး"

ပြောပြောဆိုဆိုနှင့် ထိုင်နေသည့် အုတ်တံတိုင်းပေါ် ခုန်ဆင်းလိုက်ပြီး ရွာဘက်ဆီသို့ နောက်ဆုံးမျှော်ကြည့်လိုက် သည်အခါတွင်မတော့. . . ။

လမ်းဘက်မှ လူနှစ်ယောက် ဘုရားဘက်ဆီသ လာနေသည်ကို တွေ့လိုက်ရသည်။

သိန်းတန်လား မသိဘူး၊ ဒီကောင် ဘာလို့ အဖေ ခေါ်လာခဲ့တာလဲ . . . ။တောက်. . . ဒီကောင်ကလည်း လူတွေ မသိစေချင်ပါဘူး ဆိုနေမှ. . . ။

ရဲသွေးစိတ်က ခိုးလိုးခုလု ဖြစ်လို့သွားခဲ့ရသည် သိန်းတန်အပေါ်တွင်လည်း အပြစ်မြင်လိုက်ပြီး အုတ်တံတိုင်း ဒေါင့်ကွယ်သို့ အသာအယာလေး တိုးကပ်လို့သွားကာ ပုန်းကွယ် နေလိုက်သည်။

အခြေအနေစောင့်ကြည့်ပြီးမှ ငါထွက်တွေ့မယ်။

ရဲသွေး အသာလေး ငြိမ်နေလိုက်၏။

မကြာခင်. . .

သူပုန်းနေသည့် ဘုရားစေတီပရိဝုဏ်တွင်းထဲသ လူနှစ်ယောက်က ဝင်လာခဲ့တော့မှ သိန်းတန်မဟုတ်မှန်း ရဲသွေးက မြင်လိုက်တော့၏။

"ကဲ ဝတုတ်. . . ငါပြောတာ ဒီဘုန်းကြီးကျောင်းနဲ ဒီစေတီပဲကွ"





"ကိုဇော်ကြီး. . . သေချာတယ်နော်"

"ဟေ့ကောင် ဝတုတ်. . . ငါဘယ်တုံးက မင်းကို ညာတာဘူးလို့ဂဲ. . . ဒါ ငါ့ဘကြွ ငါ့ရွာဘုန်းကြီးကျောင်းနဲ့ စေတီမှာ ဘာတွေရှိ . . . ငါ အသိဆုံးပဲ. . . "

"စိတ်မဆိုးပါနဲ့ဗျာ. . . ကျုပ်က သေချာအောင်လို့ မေးတာပါ. . . ။ကဲ စေတီကို လေ့လာလိုက်ဦးမယ်ဗျာ. . . ပြီးတော့မှ ဘုရားတန်ဆောင်းကို သွားမယ်လေ. . . "

"ဟာ ဟေ့ကောင် ဘုရားတန်ဆောင်းကို မသွားနဲ့တော့ ကပ္ပိယကြီးရှိတယ်. . . သူက ညတိုင်းလိုလို အဲဒီမှာ အိပ်တယ်. . . နေ့လည်နေ့ခင်းလောက်မှ ဘုရားဖူးရင်း လေ့လာပေါ့"

"ဒါဆိုလည်း ပြီးရောကွာ"

အသံတွေက တိတ်ဆိတ်လို့ သွားပြန်သည်။ ရဲသွေးက ပုန်းနေရာမှပင် အသာငြိမ်နေလိုက်သည်။ ဒါပေမဲ့ သူ့စိတ်ထဲ မှာတော့ဖြင့်. . . ။

"သူတို့တွေ ဘာတွေပြောနေကြတာလဲ. . . ။သူတို့ နာမည်တွေကလည်း ဇော်ကြီးတဲ့. . . ။နောက်တစ်ယောက် ကတော့ ဝတုတ်တဲ့. . . သူတို့ကြည့်ရတာ တစ်ခုခုတော့ ကြံစည်ကြတော့မယ့် ပုံစံတွေပဲ. . . ။

တစ်အောင့်ကြာတော့ . . . သူတို့နှစ်ယောက်စေတီ ပရိဝုဏ်ထဲကနေ ထွက်လို့သွားတော့သည်။ သည်တော့မှပင် ရဲသွေးလည်း ပုန်းနေရာမှ အသာထွက်ကာ တောင်ဘက်အရပ်



www.burmeseclassic.com

www.burmeseclassic.com



သို့ထွက်သွားကြသည့် ထိုလူနှစ်ယောက်ကိုငေးကြည့်နေမိ

သို့ပေမယ့် သူ့ခေါင်းထဲမှာတော့ စဉ်းစားစရာတွေ အတော်များလို့သွားခဲ့သည်။

သူတို့ ဘယ်သူတွေလဲ ... ။

ဘာတွေကြံစည်နေကြတာလဲ ... ။

ဘာလုပ်ကြမှာလဲ ... ။

ဟူးခနဲ သက်ပြင်းတစ်ခုကိုမှုတ်ထုတ်လိုက်ရင်း ခေါင်း လိုက်မိစဉ်မှာ ...

"ဟေ့ကောင်"

"အမလေး ... "

နောက်ကခေါ်လိုက်သံကြောင့် သူလန့်ဖြန့်ကာ သွားပြ နောက်သို့ ကမန်းကတမ်းပင် လှည့်ကြည့်လိုက်ပါသည်။

"ဟာ မင်းကလည်း လန့်လိုက်တာကွာ"

သူလန့်အော်လိုက်သံကြောင့်လည်း ခေါ်လိုက်ရသည့် သူလည်း ပြန်၍ လန့်သွားခဲ့ရ၏။

"မင်း ... ရဲသွေး လား"

မင်း ရဲသွေးလားဆိုတော့မှ သိန်းတန်မှန်း သိလိုက် သည်။ သိန်းတန်အသံက ခပ်သြသြမို့ အသံကြားလိုက်သည် နှင့်ချက်ချင်းသိလိုက်ရခြင်းပါ။

"သိန်းတန် ... သူငယ်ချင်း"

သိန်းတန်လည်းပဲ သိလိုက်ပါပြီလေ ... ။လူပျို့ပေါက် အရွယ်တတည်းက အတူနေလာကြတာဆိုတော့ စကားသံ





က်လာပြီဆိုသည်နှင့် သိလိုက်ကြတော့သည်မဟုတ်ပါလော။

"ရဲ သွေး"

သူငယ်ချင်းနှစ်ယောက် ဝမ်းသာအားရဖြင့် တစ်ဦးကို ဦးပွေ့ဖက်ကာ နှုတ်ဆက်လိုက်တော့သည်။

"ငါကွာ... မိဖြူမ ပြောတုံးက ယုံတောင်မယုံချင်ဘူး သွေး ရာ... ဟုတ်ရဲ့လားလို့ ခဏခဏမေးရတာ"

"ငါလည်း လာသာလာရတာ... ကိုယ့်ရွာကို ကိုယ် ချောင်းခိုးဝှက်နဲ့ကို ပြန်လာရတာ... ငါ့အဖေ ငါ့အမေတွေ လို့မဖြစ်ဘူးကွ... ငါ့အဖေက သူမခေါ်မချင်း ရွာကို ပြန်ရဘူးလို့ အမိန့်ထုတ်ထားတာ"

"ဟေ့ကောင် ရဲသွေး"

"ဘာလဲ"

"မင်းအဖေနဲ့ မင်းအမေ ဒီနေ့မနက်ပဲ ရန်ကုန် က်သွားကြတာ"

"ဟုတ်လား... နောက်တစ်ပတ်ဆို ကျောင်းတွေ က်ရတော့မှာ... ဒါကြောင့် ရန်ကုန်ကိုလာတော့မယ်ဆိုတာ သိနေတယ် သိန်းတန်။ ကျောင်းတွေ တက်ရင်တော့ ငါ လာနိုင်တော့ဘူးကွာ... "

"အော်... မင်းနဲ့ ပန်းယမုံက တက္ကသိုလ်ကျောင်းသူ ကျောင်းသားတွေတောင် ဖြစ်ကုန်ကြပြီ။ ငါနဲ့ မိဖြူမတို့ကတော့ ဆယ်တန်းကျပြီးတော့ ဆက်မဖြေဖြစ်တော့ဘူးကွ"

"ယမုံ ဆယ်တန်းအောင်တယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



သိန်းတန် မျက်မှောင်ကျုံ့ပြီး ရဲသွေးကို ကြည့်လိုက်မိသည်။

"မင်း မသိဘူးလား"

"ဆယ်တန်းအောင်တဲ့နှစ်က အဖေ့ကိုမေးကြည့်တယ် မင်းသိစရာ မလိုဘူးဆိုပြီး ဘာမှမပြောတာ..."

"ကဲ ဟောကောင် ရဲသွေး... ငါအိပ်သွားမယ်"

အင်းဟု ရဲသွေး ခေါင်းညိတ်လိုက်ပြီး ကျောပိုးအိတ်ကို သိုင်းလွယ်လိုက်၏။ ပြီးတော့ နှစ်ယောက်သား စေတီပရိဝုဏ် အတွင်းမှ ထွက်လာခဲ့တော့သည်။

"ရဲသွေးရာ... မင်းအဖြစ်ကလည်း တကယ့်လျှို့ဝှက် သည်းဖို စွန့်စားခန်းကြီး ကျနေတာပဲ"

သည်စကားလေးကြားရတော့ ဖျတ်ဆို ခုနက လူနှစ်ယောက်ကို သွားသတိရလိုက်တော့သည့်အတွက်

"သိန်းတန်"

"ဟင်"

ရှေ့ကနေ လက်နှိပ်မီး တဝင်းဝင်းနှင့် ထိုးသွားနေသော သိန်းတန်ကို သူ အမောတကောကိုခေါ်လိုက်၏။

"ခုနက မင်းကိုစောင့်နေတဲ့ အချိန်တုံးက ဘုရားစေတီဝင်းထဲကို လူနှစ်ယောက် ရောက်လာတယ်ကွ၊ တစ်ယောက်က ဖော်ကြီးတဲ့... နောက်တစ်ယောက်က ဝတုတ် လို့ခေါ်တယ် အဲဒီလူတွေကို မင်းသိလား"

သိန်းတန် တစ်ယောက် ရဲသွေး စကားကို စိတ်ဝင်စား





သွားတော့သည်။

"သူတို့တွေ ဘာလာလုပ်ကြတာလဲ"

"ဘာမှတော့ မလုပ်ဘူး... ဒါပေမဲ့ စကားတွေကတော့ စိတ်ထဲမှာ ထူးဆန်းနေသလိုပဲ သိန်းတန်"

"ဟုတ်လား... ပြောစမ်းပါဦး"

"ကိုဖော်ကြီး ဆိုတဲ့လူက... ဒါ ငါရှာတဲ့... ဒီဘုန်းကြီးကျောင်းနဲ့ စေတီမှာ ဘာတွေရှိတယ်ဆိုတာ ငါသိတယ်ကွ... အဲ့လိုပြောလိုက်တဲ့ စကားတော့ ကြားလိုက်တယ်"

သိန်းတန် တွေဝေလို့သွားတော့၏။

"နောက် သူတို့ ဘာတွေပြောသေးလဲ ရဲသွေး"

"ဝတုတ် ဆိုတဲ့လူက ဘုရားတန်ဆောင်းထဲ သွားမယ်ဆိုတော့ ကိုဖော်ကြီးဆိုတဲ့လူက တားတယ်။ မသွားနဲ့ ညကို ကပ္ပိယကြီး အမြဲရှိတယ်။ သွားချင်ရင် နေ့လည်ပိုင်းမှာ သွားပြီးလေ့လာလို့ပြောတယ်ကွ။ အဲဒါ ဘယ်သူတွေလဲ... သိန်းတန်"

"အေးကွ... မင်းပြောတာတွေ စိတ်ဝင်စားစရာတွေကြီးပဲ... ဟို ဖော်ကြီးဆိုတာ ပန်းယမုံရဲ့ ဦးလေးပဲ...။ မင်းသိလား... မင်းအဘိုးကို ဓားမြတိုက်ပြီး သတ်သွားတာလေ။ ထောင်ကထွက်လာပြီး ဟိုလိုလို ဒီလိုလိုနှင့်ပေါ့ကွာ... ဟို ဝတုတ် ဆိုတဲ့လူကိုတော့ ငါလည်း မသိဘူးကွ"

"အဲဒီလူနှစ်ယောက်က တို့ရွာကို အန္တရာယ်ပေးမလား မသိဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



"စောင့်ကြည့်ရတာပေါ့ကွာ"

သူတို့နှစ်ယောက် တိတ်တိတ်ဆိတ်ဆိတ်နှင့် ရွာလမ်းအတိုင်း လျှောက်လာခဲ့ကြ၏။ မှောင်မဲမဲဆိုတော့ ရဲသွေး ဘယ်သူမှ မသိကြ။

"သိန်းတန်. . . မင်းအရီးကို ဘယ်လိုပြောမလဲ"

"ငါ့ဖာသာ. . . ငါကြည့်ပြောမယ်။ အဲဒီအတွက် မင်းမပူနဲ့"

"ဒါဆိုလည်း ပြီးရော"

နောက်ဆုံးတော့ သိန်းတန်တို့အိမ် ရောက်လာခဲ့သည်။ သည်မှာ မိဖြူမက မျက်နှာရှစ်ခေါက်ချိုးနှင့် စောင့်၍နေနေသည်ကို တွေ့လိုက်ရသည်။

"နင်တို့ကလည်း. . . ကြာလိုက်တာ ငါ့မှာစောင့်လိုက်ရတာဟာ"

"ကဲ မယ်မင်းကြီးမ. . . အပြစ်တွေပြောမနေနဲ့. . . နင် ပန်းယမုံနဲ့ တွေ့ခဲ့လား. . . "

"အင်း. . . တွေ့ခဲ့တယ်"

ရဲသွေး ရင်တွေ ဗိုခနဲ လှိုက်ခနဲ ဖြစ်လို့သွားသည်။ သူ့အကြည့်တွေကလည်း မိဖြူမဆီမှ မခွာတော့။ နောက်ပြီး တဆက်တည်းမှာပင်. . .

"သူ ဘာပြောလိုက်လဲ ဟင်"

စိတ်ထဲကမနေနိုင်လောက်အောင် ဖြစ်မိလိုက်သည့်အတွက် ကောက်မေးလိုက်တော့သည်။





"ဟင့်အင်း. . . ဘာမှမပြောဘူး"

"ဟာကွာ. . . "

စိတ်ပျက်အားငယ်စွာနဲ့ ရဲသွေး ဖြစ်သွားတော့. . . မိဖြူမက တဟင်းဟင်းနဲ့ ရယ်မောလိုက်တော့သည်။

"မိဖြူမ နင် မနောက်နဲ့ဟာ"

"ရဲသွေးရယ်. . . နင် အဲဒီလောက်တောင် ဖြစ်သွားရလားဟာ"

"ဒီထက်တောင် ပိုဦးမယ်. . . ငါ့မှာ တွေ့ချင်လွန်းလို့ ကြံဖန်ပြီး လာခဲ့ရတာဟာ . . . ရန်ကုန်ကိုပြန်ရောက်ရင် ဘယ်လိုပြဿနာတွေနဲ့ ရင်ဆိုင်ဖြေရှင်းရမယ်ဆိုတာ မသိတော့ဘူး"

"ရဲသွေး ရယ်"

မိဖြူမ စိတ်မကောင်းခြင်းများစွာနှင့်ပြောလိုက်ရတော့၏။

"ကဲ မိဖြူမရယ်. . . ဒီကောင့်ကို စ,မနေနဲ့တော့၊ ပန်းယမုံနဲ့ ပတ်သက်ပြီးတော့ တော်တော်အဆိပ်တက်နေတယ်"

သိန်းတန်က ဝင်၍ ဟန့်တားလိုက်ရသည်။

"ငါ ပန်းယမုံနဲ့ သွားတွေ့လိုက်တော့. . . သူ တော်တော်အံ့သြသွားတယ်. . . ။ ဝမ်းသာသွားတဲ့ပုံစံလေးကို နင်မြင်စေချင်တယ်. . . သူ့ရဲ့ ပြုံးရွှင်ရယ်မောနေတဲ့မျက်နှာလေးက နင် လက်ပံကွင်းရွာကနေ ထွက်သွားကတည်းက ပျောက်ကွယ်သွားခဲ့တာ ခုမှပဲ ငါ ပြန်မြင်ရတော့တယ် သိလား"

"အေးပါဟာ. . . ဒါတွေ နောက်မှပြောလို့ရတယ်. . ."



www.burmeseclassic.com

www.burmeseclassic.com



ခုလောလောဆယ်မှာ ပန်းယမုံက ဘာမှာလိုက်သေးလဲဆိုတာ သိချင်တယ်ဟ''

ရဲသွေးက စိတ်မရှည်ချင်တော့သည့်အလား သိချင်နေသည့် ပန်းယမုံ၏ အမှာစကားကိုသာ ဒဲ့ဒိုးမေးလိုက်ရတော့၏။ စိတ်ထဲကနေ မိဖြူမကို ပြောလိုက်သေးတော့သည်။

တော်တော် အရစ်ရှည်တဲ့ မိန်းကလေး... ဟု။

''နင်ကလဲ... ပြောနေတဲ့ဟာကို''

''နင်ပြောနေတာက လိုရင်းမရောက်တော့ဘူး...။ ရဲသွေးမပြောနဲ့ ငါတောင် တယ်စိတ်မရှည်ချင်တော့ဘူး သိလား''

သိန်းတန်လည်း စိတ်အချဉ်ထွက်လို့လာခဲ့သည့် အလျောက် မိဖြူမကို ငေါက်ပြောလိုက်ပါသည်။

''နင်တို့နှစ်ယောက်ကတော့လေ စိတ်ကလေးတွေနဲ့ ချည်းပဲ... ကဲ ကဲ ပြောမယ် ပြောမယ်''

''ပြော... ပြော''

ဒိုင်းဆို မျက်စောင်းက သိန်းတန်ဆီသို့ ရောက်ချ သွားတော့သည်။ ပြီးတော့ ဟွန်းဆိုပြီး မကျေနပ်သံလေး ထွက်လာခဲ့တော့၏။ နောက်တော့မှ...

''မနက်ဖြန် ထမင်းစားပြီးချိန်လောက်မှာတဲ့ တို့ငယ်ငယ်တုံးက ကစားခဲ့တဲ့ ကုလားမကျီးပင်အောက်ကို လာခဲ့တဲ့။ ရဲသွေး နင် မှတ်မိတယ်နော်။ ရွာအနောက်ဘက် မြစ်ကမ်းနဖူးစပ်က ကုလားမကျီးပင်ကို...''

''အေးပါ... မှတ်မိပါတယ် ဟာ...''





ရဲသွေး စိတ်ပျက်အားငယ်စွာနှင့် တစ်လက်စတည်း မြည်တွန်လိုက်ရင်းက...

''ဒါက ခုတွေ့ချင်နေတာ''

''ဟဲ့ သူ့အမေ ဒေါ်နှင်းနုက နေမကောင်းဘူးဖြစ်နေတာ... နောက်ပြီး သူ့ဦးလေးတစ်ယောက်လည်း သူ့အိမ်မှာ ရောက်နေတယ်...။ သူ လစ်ထွက်လို့မရဘူးတဲ့။ ဒါကြောင့် မနက်ဖြန်ကို ချိန်းလိုက်တာ...''

''ရဲသွေးရာ... မနက်ဖြန်တွေ့မယ့်ဟာကွာ... မင်းလည်း ပင်ပန်းနေပြီ''

''အေးလေ... မနက်ဖြန်မှတွေ့လည်း ပြီးတဲ့ဟာကို၊ ဟိုမှာ နင့်အတွက် အရီးလေး ထမင်းဟင်းချက်နေတယ်... ငါ အိမ်က ငါးရန့်ခြောက်ယူလာပေးထားတယ် သိလား''

''ကျေးဇူးပါပဲဟာ... နင်တို့လည်း ငါ့အတွက်နဲ့ အလုပ်များသွားကြပြီ''

''ရဲသွေးရာ... မင်းအဲဒီလိုတော့ မပြောပါနဲ့ကွာ... တို့သူငယ်ချင်းတွေ တစ်ယောက်အခက်အခဲ တစ်ယောက် ကူညီကြရမှာပဲ''

ရဲသွေး ဝမ်းသာကြည်နူးလို့ မျက်ရည်ကလေးများပင် စို့တက်လို့လာခဲ့တော့သည်။

❀ ❀ ❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

ငယ်ကကျွမ်းတဲ့
ငယ်ကျွမ်းချစ်မို့ ...
ဆယ်သက် ဆယ်ကမ္ဘာ
မမေ့နိုင်ခဲ့ ...။

အလွမ်းအဆွေး
သောကများနှင့် ...
ရင်မှာစိုးထိတ်
တိုးတိတ်နှင့်သာ
ချစ်နေရတယ် .. ပန်းယမုံ ရယ် ...။



## အခန်း စဉ်(၈)

## "ငယ်ကျွမ်းချစ်သူ"

ဒီကနေ့ညနေ မှောင်ရီပျိုးစအချိန်ထက် နောက်ကျလုလုလေးတွင် သူငယ်ချင်းဖြစ်သူ မိဖြူမ ရောက်လို့လာခဲ့၏။

"ပန်းယမုံ. . . ပန်းယမုံ"

အိမ်ရှေ့ကနေ အော်ခေါ်နေသည့်အသံက စူးစူးစာစာနှင့် ရှိလှသဖြင့် ပန်းယမုံက နောက်ဖေးမီးဖိုချောင်ကနေ. . .

"ဝေး. . . အရမ်းအော်မနေနဲ့၊ ငါမီးဖိုချောင်ထဲမှာ"

"ငါ. . . လာခဲ့မယ်"

လာခဲ့လို့လည်း မပြောတော့. . . ။မီးဖိုချောင်ထဲ ဝင်လာ



www.burmeseclassic.com

www.burmeseclassic.com



တော့မယ်ဆိုတာ. . . သိနှင့်ပြီးသား. . . ။

ဒီတော့ လုပ်စရာရှိတာကို ဆက်လုပ်နေလိုက်သည်။

"ပန်းယမုံ. . . ဘာတွေလုပ်နေတာလဲ"

"ငါ ဘာတွေလုပ်နေတာလဲဆိုတာ မမြင်ဘူးလားဟ"

"မြင်သားပဲ. . . "

"မြင်ရင် ဘာလို့မေးနေရသေးလဲဟ"

"စကားအဖြစ်နဲ့ မေးတာပေါ့"

ဟင်းချက်နေရာမှ မိဖြူမကို တစ်ချက်မော့ကြည့်လိုက်မိတော့သည်။

"မဟုတ်သေးပါဘူးဟာ. . . နင်ငါ့ဆီကို ဒီအချိန်မှာ မလာပါဘူး. . . ကဲ ပြောစမ်း ဘာကိစ္စတွေရှိလို့လဲ"

တည်တည်ငြိမ်ငြိမ်နဲ့ မေးလိုက်တော့ မိဖြူမမျက်နှာက ပြုံးစလဲ့လဲ့နဲ့ရယ်လေ. . .

"ပန်းယမုံ နင့်အမေရော. . . "

"အခန်းထဲမှာ လဲ့နေတယ်. . . ကဲ ပြောဟာ ငါ့မှာ အလုပ်တွေနဲ့ရယ် မအားဘူးဟ. . . ကိစ္စ သိပ်အရေးမကြီးရင်လည်း နောက်မှပြောဟာ. . . "

"နင့်အလုပ်တွေ အရေးကြီးရင်လည်း နောက်မှ ပြောတော့မယ်လေ. . . "

"ဒါဆိုလည်း. . . ပြီးရော"

ပြီးစလွယ် အေးအေးဆေးဆေးပဲ မိဖြူမကို ပြောလိုက်တော့. . . မိဖြူမက





"ဒါဆို ငါပြန်မယ်. . . နင် မအားဘူးလို့ ရဲသွေးကို ပြောလိုက်တော့မယ်နော်"

ပြောပြောဆိုဆိုပဲ မိဖြူမက လှည့်ကာထွက်သွားသည်နှင့်

"မိဖြူမ. . . "

ဖျတ်ဆို ပန်းယမုံ မိဖြူလက်ကို လှမ်းဆွဲလိုက်ရင်း ခေါ်လိုက်သည်။ ခုမှ သူမရင်တွေ ဖယ်ိုဖရဲနှင့် စည်းချက်မမှန် ခုန်ပေါက်လို့နေတော့သည်။

"နင်. . . နင် ခုနက ဘာပြောလိုက်တာလဲ ဟင်"

"ဘာပြောလိုက်လို့လဲ"

"ရဲသွေးကို ပြောလိုက်မယ်နော် ဆိုတာ. . . ဘာလဲဟ"

"နင် မအားဘူးဆို. . . "

"ကဲပါ မိဖြူမရယ်. . . ငါ့ကို ကြောင်စီစီလာလုပ်မနေနဲ့. . . ရဲသွေး. . . ရဲ. . . ရဲ ဘာဖြစ်လို့လဲဟင်. . . ပြောစမ်းပါဟာ"

"ဟွန်း. . . ခုမှလာပြီး သိချင်နေလိုက်တာ. . . ခုန တုံးကတော့ အရေးမစိုက်သလိုလို၊ စကားမပြောချင်သလိုလို မောင်းထုတ်ချင်သလိုလိုနဲ့"

နှုတ်ခမ်းလေး စူတူတူ. . . မျက်စောင်းလေး ထိုးရင်းနှင့် မိဖြူမက ပန်းယမုံကို စကားနာထိုးလိုက်သည်။

ဒီတော့ ပန်းယမုံက ပြုံးရယ်ရင်း ချော့လိုက်ရ၏။

"ငါ တောင်းပန်ပါတယ်ဟာ. . . စိတ်မဆိုးနဲ့နော်. . . နော်. . . နော်လို့"



www.burmeseclassic.com

www.burmeseclassic.com



ဒါတောင် မိဖြူမက သိပ်မကျေနပ်ချင်သေး။

"ဟင်း ရဲသွေးဆိုတာနဲ့ မျက်နှာက အချိုးပြောင်းသွားလိုက်တာ. . ."

"အဟင်း. . . ဟင်း. . . ဟင်း. . . မိဖြူမ နင်စိတ်ဆိုးတာလေးက သိပ်ချစ်ဖို့ကောင်းတာပဲ ဟို ဟိုလေ. . . ပုလဲဝင်းနဲ့ အရမ်းတူတာပဲ သိလား"

ပန်းယမုံ ပြောပြီး မသိမသာလေး မိဖြူမကို အကဲခတ်လိုက်၏။ မိဖြူမ၏ ခပ်တင်းတင်းဖြစ်နေသော မျက်နှာလေးက ကြည်လင်ပြုံးရွှင်လို့လာသည်။ မိဖြူမက ဗွီဒီယိုရုံများတွင်ပြသော ပုလဲဝင်းပါသော ကားမှန်သမျှ မလွတ်တမ်းကိုကြည့်တတ်၏။ သူမ၏ ရုပ်ရည်ကလည်း ပုလဲဝင်းနဲ့ ခပ်ဆင်ဆင်တူသယောင်ယောင်။ ဒါကြောင့် သူမကို ပုလဲဝင်းနှင့်တူသည်ဟု ပြောလာလျှင် အလွန်သဘောကျတတ်ပါတော့သည်။

"ကဲပါ. . . ပုလဲဝင်းရယ် ပြောပါတော့"

"ဘာ ပုလဲဝင်း လဲ"

ကြည်နူးမျက်စောင်းလေးက ကျေနပ်သဘောကျသည့် ဟန်လေးဖြစ်သွားခဲ့ရသည်။

"နင့် ရဲသွေး. . . ရွာကိုရောက်နေတယ်"

"ဟင်. . ."

ရင်ထဲမှာ လှိုက်ခနဲဖြစ်လို့သွား၏။ မိဖြူမကိုလည်း မယုံသလို အကြည့်မျိုးနဲ့ မင်သက်စွာငေးကြည့်နေမိလိုက်၏။





"ဒီကနေ့ ညနေပဲ ရွာကိုရောက်လာတာ. . . ခု သူ န်းတန်အိမ်မှာ. . ."

ပန်းယမုံ နှလုံးသွေးတွေက ဆူပွက်လို့လာခဲ့ရသည်။ မည်သည့်စကားကိုမျှလည်း. . . မပြောနိုင်တော့ ထဲမှာ တစ်ဆို့ဆို့ကြီးဖြစ်လို့နေ၏။

ဝမ်းသာလုံးဆို့ခြင်းလားမသိ. . .။

နောက်တော့. . .။

မိဖြူမက. . . ရဲသွေးနှင့် စတင်တွေ့လာခဲ့ရပုံ၊ ရွာကို က်လာပြီး သိန်းတန်နှင့်ကျေ့ပေးခဲ့ပုံများကို ပန်းယမုံအား ပြလိုက်တော့သည်။

"အဲ့တာ. . . နင့်ကိုလာပြောတာ သိရဲ့လား"

"နင်. . . တကယ်ပြောတာနော်"

"ဟယ်. . . ပန်းယမုံရယ်၊ နင့်ကို ရဲသွေးနဲ့ပတ်သက်ပြီး ယ်တုံးက ညာပြောဘူးလို့လဲဟာ. . .။ကဲ နင် သိန်းတန် ကို လိုက်ခဲ့ပါလား။ ရဲသွေးက နင့်ကို သိပ်တွေ့ချင်နေ နော်. . .။တကယ်သနားဖို့ကောင်းတယ် ဟာ. . ."

မိဖြူမရဲ့ အပြောကောင်းမှုကြောင့်လားမသိ. . . ပန်းယမုံ ထဲမှာ ငိုချင်စိတ်တွေက ပြင်းထန်လို့လာခဲ့ပါသည်။

"ငါလည်း. . . သိပ်တွေ့ချင်တာပဲဟာ"

"အဲဒါဆိုရင်လည်း. . . လိုက်ခဲ့ပါလား ပန်းယမုံရယ်"

"မဖြစ်ဘူး. . . မိဖြူမရယ်"

မျက်နှာလေး ညှိုးငယ်စွာနဲ့ ပြန်ပြောလိုက်သံက



www.burmeseclassic.com

www.burmeseclassic.com



ငိုသံကြီးနှင့်ပါ. . . ။

"ဘာဖြစ်လို့လဲ. . . ပန်းယမုံရယ်"

"အမေက သိပ်နေမကောင်းဘူး. . . ။တော်တော်
ငါ့မှာ ဂရုစိုက်နေရတယ်။ နောက်ပြီး ဦးလေးဖော်လ
ရောက်နေတယ်. . . သူက သိပ်ပြီး စိတ်ကြီးတာ. . . ညဘက်
အပြင်ထွက်တာ မကြိုက်ဘူး. . . ခုလည်း သူ့ညှေ့သည်
တစ်ယောက်ကို ခေါ်လာတာ။ အဲ့တာ. . . သူတို့အတွက် ထ
ဟင်း ချက်ပေးနေရတယ် ဟာ. . . "

"ဟင်း"

ဟင်း. . . ဆိုပြီး မိဖြူမ စိတ်ပျက်လက်ပျက် ဖြ
သွားခဲ့တော့သည်။

"ဒါဆိုရင်. . . ငါ ရဲသွေးကို ဘယ်လိုပြောရမလဲ"

"အေးဟယ်. . . တကယ့်အရေးကျမှ ဦးလေ
ကလည်း ရောက်လာတယ်"

စိတ်ပျက်လက်ပျက်နှင့် ညည်းညူလိုက်သည့် ပန်
အသံက မကျေနပ်သည့်အသံ. . . ။

"ဒီလိုလုပ်ဟာ. . . မိဖြူမ"

"အင်း. . . ပြော"

"ရွာအနောက်ဘက် မြစ်ကမ်းနဖူးက ကုလားမ
ပင်အောက်မှာ ထမင်းစားပြီးချိန်လောက်ကို လာခိုင်းလိုက်
"တို့လေးယောက် ငယ်ငယ်တုံးက ဆော့ခဲ့တဲ့ နေ
ပဲပေါ့နော်"





"အင်း. . . ဟုတ်တယ်"

"ကဲ ဒါဆို ငါသွားမယ်နော်. . သိပ်ကိုမှောင်လွန်းနေပြီ"

"ကျေးဇူးပဲ သူငယ်ချင်းရယ်"

မိဖြူမက ပျက်နာကိုတည်လိုက်ကာ ပန်းယမုံကို
စိုက်ကြည့်လိုက်သည်။

"ပန်းယမုံ. . . တို့သူငယ်ချင်းတွေမှာ ကျေးဇူးဆိုတဲ့
စကား မရှိကြေးပါဟာ"

အော်. . .

သူငယ်ချင်း မိဖြူမရယ်. . . ။

ပန်းယမုံ ရင်ထဲကနေ တမ်းတမ်းတတလေး ခေါ်လိုက်
မိပါတော့သည်။

× × × × × ×

စိတ်အတွေးက တည်ငြိမ်မှု ကင်းမဲ့လို့နေသည်။

ညနေက မိဖြူမ ပြောခဲ့ဆိုခဲ့ပြီးနောက်ပိုင်း ခုချိန်ထိ
ရဲသွေးကိုပဲ အမှတ်ရနေမိ၏။ စက္ကန့်မလတ် ရဲသွေးရဲ့အကြောင်း
တွေ ပုံရိပ်တွေကို မှတ်မိကာ အောင်းမေ့လို့နေ၏။ အော်. . .
တရားမဲ့သာဆိုလျှင် တော်တော်လေး ခရီးပေါက်လို့နေပြီပဲ။

ရဲ ရယ်. . . ။

ဘယ်လိုမှကို အိပ်လို့မရတော့ပါဘူးကွယ်. . . ။

မျက်လုံးမှိတ်တိုင်း . . .

ဝင်သက်ထွက်သက် ရှူလိုက်တိုင်း ရဲရဲ့ရုပ်သွင်ကိုပဲ
မြင်နေရတယ် ရဲရယ်. . . ။



www.burmeseclassic.com

www.burmeseclassic.com



ယမုံရဲ့ မနောဝိဉာဏ် နှလုံးသားတွေကို တစ်ခုမ... ပိုင်စိုးထားပါလားကွယ်. . . ။ ရဲရဲ နှလုံးသားထဲကနေ ... ရှုန်းထွက်လို့ မရပါဘူး. . . ယမုံ အနေနဲ့လည်း ရုန်းထွက်... မကြိုးစားခဲ့ပါဘူးနော်. . . ။

ယမုံလေ. . . ရဲ ရဲ့နှလုံးသားထဲကို စီးဝင်နေတဲ့ သွေး... ကလေးတွေပဲ ဖြစ်ချင်တယ် သိလား. . . အဲ့လောက်ထိ... ချစ်တာပါကွယ်. . . ။

ရဲ ရေ. . . ခုချက်ချင်းကို တွေ့ချင်လိုက်တာ. . . အိပ်ကြည့်တာ ဘယ်လိုမှ အိပ်လို့မရဘူးကွယ်. . . အဲ... ဒုက္ခပဲနော်. . . ။

ကဲ. . . မထူးပါဘူး ရဲ ရယ်။ ရဲနဲ့ ခွဲခွာရတဲ့ နောက်ဆုံး... ညလေးမှာ. . . သစ်သားဂုံးတံတားမှာ ချိန်းတွေ့ကြတာကို... ယမုံ ဘယ်တော့မှ မမေ့ခဲ့ဘူး. . . ။အခုလည်း သတိရနေ... အတွက် အိပ်မရတဲ့အတူတူ. . . အဲဒီနေရာလေးကို ထလာ... တယ်လေ. . . ။

အိမ်ရဲ့ အပြင်ဘက်ကို ထွက်လာခဲ့တယ်ဆိုရင်ပဲ... အအေးဓာတ်က ခန္ဓာကိုယ်ထဲကို စိမ့်ဝင်လို့လာခဲ့ရသည်။ ည... မှောင်မဲလို့နေသော်လည်း လမိုက်ညတော့ မဟုတ်ပါ... အလင်းရောင်ခပ်ပြပြကလေးက ပတ်ဝန်းကျင်အနီးတစ်ဝိုက်... ကိုတော့ မြင်နေ တွေ့နေရပါသည်။

ပတ်ဝန်းကျင်တစ်ခုတွင်. . . တိတ်ဆိတ်ငြိမ်သက်နေ... သော်လည်း သစ်ရွက်သစ်ခက်တို့ လေပြေလေညှင်းတို့၏





...သွှမ်းမှုကြောင့် လှုပ်ခတ်လှုပ်ရှား ယိမ်းနွဲ့လို့ တရှဲရှဲနှင့် ...ပြည်လို့နေကြ၏။ ဒီကြားထဲ ပိုးနံ့ကောင်တို့၏ အော်မြည်သံ ...လည်း စူးရှစွာပေါ်ထွက်လို့လာခဲ့ကြပြန်၏။

ပန်းယမုံ. . . ။

တစ်ယောက်ထဲပါပဲ. . . ။

တဖြည်းဖြည်းချင်း လျှောက်လှမ်းလာခဲ့ရာမှ. . .

ရိုးချောင်းလေးကို ဖြတ်ကျော်တဲ့ သစ်သားဂုံးတံတား ...အနီးသို့ရောက်လာခဲ့တော့သည်။ ပန်းယမုံ တံတားလေးကို ...ကြည့်လိုက်ပါသည်။

တံတားလေးက တိတ်ဆိတ်ငြိမ်သက်လို့နေပါ၏။

ထိုတံတားလေးကိုမြင်တော့မှ ပို၍ပင် ရဲသွေးကို သတိရ ...နေလိုက်သေးတော့သည်။

သည်လိုနှင့်. . .

ပန်းယမုံ သစ်သားဂုံးတံတားပေါ်သို့ တရွေ့ရွေ့ လှမ်းရင်း ...တက်လာခဲ့တော့၏။ မျက်ဝန်းအကြည့်တို့ကလည်း ချောင်းရိုး ...လေးအတွင်းသို့ ကြည့်လိုက်မိသည်။ ချောင်းရိုးလေးရဲ့ ...ရေအလျင်က တဖြည်းဖြည်း တရွေ့ရွေ့နှင့် စီးဆင်းလို့နေ၏။

သစ်သားဂုံးတံတားလေးတစ်ဖက်မှ တက်လာခဲ့သည့် ပန်းယမုံ. . . သစ်သားဂုံးတံတား အလယ်တည့်တည့်ရောက် လာတော့ တစ်ဖက်ဂုံးတံတားအဆင်းသို့ကြည့်လိုက်ရာ. . .

"ဟင်. . . "

မမျှော်လင့်တဲ့အချိန်. . .



www.burmeseclassic.com

www.burmeseclassic.com



တွေ့ရလိမ့်မည်ဟု မထင်ထားသည့် သူ့ကို. . .

ဖြုန်းဆို တွေ့လိုက်ရတော့ ရင်နှင့်မမျှသော ခံစားမှုတွေက. . .

အံ့သြခြင်းတွေ. . . ။

မင်သက်ငေးမောမှုတွေ. . . ။

နောက်မှ. . . ဝမ်းသာကြည်နူးမှုတွေကို နှလုံးသားကနေ ခံစားလိုက်ရတော့သည်။

သူ. . . ။

သတိရခြင်းများစွာနှင့်. . . ။

တမ်းတခြင်းများစွာနှင့် ဒီညလေးမှာ အိပ်မပျော်နိုင်ခဲ့ပါ။ အမှတ်တရ ရှိခဲ့ဘူးသော ဒီသစ်သားဂုံးတံတားလေးသို့ သူ ရောက်လာခဲ့ရပါသည်။

သူ တစ်ယောက်တည်းထွက်လာခဲ့တော့ သိန်းတန်တို့ မိသားစုတွေ ဘယ်သူမှ မသိလိုက်ပါ။ လှိုက်လှိုက်လှဲလှဲနှင့် တမ်းတမိန့်မောစွာနှင့် ပန်းယမုံကို အလွမ်းပြေရန်အတွက် အမှတ်တရဖြစ်ခဲ့ဘူးသော ဤတံတားလေးသို့ ရောက်လာခဲ့ ရလေသည်။

ရောက်ပြန်တော့လည်း လွမ်းတဲ့စိတ်တွေ ဆွေးတဲ့စိတ် တွေက ရင်ထဲမှာ ပြည့်သိပ်ကျပ်လို့လာခဲ့ပြန်သည်။

ငယ်ကကျွမ်းတဲ့ ငယ်ကျွမ်းချစ်မို့
ဆယ်သက်ဆယ်ကမ္ဘာ မမေ့နိုင်ဘဲ
အလွမ်းအဆွေး သောကများနှင့်. . .





ရင်မှာစိုးထိတ် တိုးတိတ်နှင့်သာ. . .
ချစ်နေရတယ်. . . ပန်းယမုံရယ်. . . ။

ကြိတ်မှိတ်ခံစားနေရတဲ့ ဝေဒနာတွေက ကဗျာတစ်ပိုဒ် ဖြစ်နဲ့ ရေးဖွဲ့လို့ရခဲ့တယ်လို့. . . သူ အော်ဟစ်တိုင်တည် လိုက်ချင်ပါသည်။

ဒါနဲ့ပဲ သူ အလွမ်းအဆွေး ဝေဒနာတွေကို ပိုက်လို့ ဂုံးတံတားလေးရဲ့ ဒီဘက်အစပ်မှာပဲ ထိုင်ချ ပြီး ပန်းယမုံကို တမ်းတလို့ ဆွေးနေရတော့သည်။

ဒီလိုအချိန်မှာပဲ. . . နောက်ဘက်က တစ်စုံတစ်ဦးက ပ်ကြည့်နေသလိုလိုနှင့် အသံတစ်သံကို သဲ့သဲ့ကလေး လိုက်ရသဖြင့် သူ နောက်သို့ လှည့်ကာကြည့်လိုက်သည်။

အို. . . ကြည့်စမ်းပါ့. . . ။

အနှစ်နှစ် အလလက တမ်းတလို့ မျှော်လင့်နေရသည့် င်ငွေလမင်းလေး. . . ။မင်သက်မှုတွေများစွာနှင့် သူမ ပ်ပါလေစ ဆိုပြီး သူ့ကိုယ်သူ ပြန်မေးရင်း ထိုင်နေရာမှ ည်းဖြည်း ထလိုက်မိတော့သည်။

သူတို့နှစ်ယောက်ရဲ့ အကြည့်ချင်းတွေက. . .

ပြိုင်လို့၊ ဆိုင်လို့ပေါ့။ တစ်ယောက်ကိုတစ်ယောက် တောင်လေးများပင် မခတ်ကြပါလား. . . ။အံ့သြမှုကိုယ်စီ နဲ့လေ. . . ။သူ့ခြေလှမ်းတွေက တစ်လှမ်းချင်း တစ်လှမ်းချင်း ဆီသို့ လှမ်းလို့သွားနေသည်။

သူတို့နှစ်ယောက်စလုံး မျက်ဝန်းအကြည့်နှင့် စကားတွေ



www.burmeseclassic.com

www.burmeseclassic.com



ပြောနေကြသည်။ မရပ်မနား တရစပ်ကိုပြောနေကြတာ... အဲဒီမှာ ကြင်နာတာ၊ ယုယတာ၊ မြတ်နိုးတာတွေ အိုလေ... အစုံပါပဲ ပြောကြတာ. . . ။

သူမရှေ့သို့ ရောက်တယ်ဆိုရင်ပဲ. . . သူ့ခြေလှမ်းတွေ အလိုလိုကို ရပ်တန့်လို့သွားသည်။ မျက်ဝန်းအကြည့်တွေ ရှောင်ဖယ်တိမ်းလို့ ယိမ်းမသွားခဲ့ကြတော့ဘူး. . . ။သို့ပေမဲ့ မျက်ဝန်းက စကားတွေပြောအပြီး မျက်ရည်များက ဝေ့သီ တွဲခိုလို့လာကြ၏။ တစ်ဦးရင်ခုန်သံကို တစ်ဦးကကြားနေ

သူမနဲ့ သူ. . . ။

ရင်ထဲက လှိုက်ဖိုမောသံတွေ ကြားထဲကနေ. . .

"မောင်. . . "

"ယမုံ. . . "

ပွင့်ထွက်လာသည့် စကားသံနှင့်အတူ တစ်ယောက် တစ်ယောက် ဆွဲယူပွေ့ဖက်လိုက်မိတော့သည်။

ဒီတော့မှပင်. . . ။

ပန်းယမုံတစ်ယောက် သူ့ပခုံးထက်မှာ မေးတင် လိုက်လဲ့စွာနဲ့ ငိုကြွေးလို့နေတော့သည်။ စကားတွေ ပြောချင်ပေမယ့် ပြောမထွက်တော့ပါ. . . ။

ယခုအချိန်မှာတော့ . . . ။

ပူဆွေးဝမ်းနည်းခြင်းတွေထက် ကြည်နူးဝမ်းသာခြင် တွေက သူတို့နှစ်ယောက်ရဲ့ရင်ထဲအသည်းထဲမှာ. . . နေရာလ မကျန်လောက်အောင်ကို ယူထားလိုက်ပြီမဟုတ်ပါလား. . .





ဟော ကြည့်စမ်း. . . ။

ခုမှ လမင်းကလေးကလည်း ရှင်းရှင်းလင်းလင်းနှင့် မျိုတွေကင်းစင်ပြီး ထွန်းလင်းတောက်ပလို့လာခဲ့ရသည်။ ချစ်သူ နှစ်ဦးကို ဂုဏ်ပြုချီးမြှင့်လိုက်သည့် သဘောပေလား. . . ။

ဘာပဲဖြစ်ဖြစ်ပေါ့လေ ဒီညလေးကတော့ သမိုက်ညလေး မဟုတ်တော့ပါ. . . ။ အလွန်ချိုမြိန်သည့် အချစ်ညလေးတစ်ည ဟုတင်စားခေါ်ရတော့မည်လားမသိ. . . ။

ပို၍ထူးဆန်းသည်က ပတ်ဝန်းကျင်တစ်ခိုတွင် စုးရှစွာ အော်မြည်နေကြသည့် ပိုးမွှားသံတို့က တိတ်ဆိတ်လို့သွားခဲ့ တော့သည်။ သူတို့တွေလည်း ချစ်သူနှစ်ဦးကို အနှောက်အယှက် မပေးတော့ဘဲ အလိုက်သိစွာ အိပ်ရာဝင်သွားခဲ့ကြလေပြီတည်း။

❀ ❀ ❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

## အခန်း စဉ်(၉)

### "အတ္တ နှလုံးသားနဲ့ လူ"

ဦးမြဒင်၏ နဖူးကြောကြီးတွေက တင်းမာထောင်ထလို့ နေပေသည်။ ဒေါသမွှန်းထင်းနေသည့်မျက်နှာထားတွေကလည်း တင်းမာခက်ထန်နေသည့်အသွင်ကိုတော့ ဖြစ်ပေါ်မလာအောင်ကို ကြိုးစားကာနေလိုက်ရတော့သည်။

ခုချိန်မှာအလိုမကျသော်လည်း ဘာမျှမတတ်နိုင်တော့သည့်အခြေနေတွေက ဖြစ်ခဲ့ပြီးပြီမို့ သူဒေါသ ကြိတ်ထွက်နေရုံမှတပါး အခြားမရှိတော့ပြီ။

"ဒီမှာ ကိုမြဒင်. . . လူတစ်ယောက်ဟာ သူ့နေတဲ့





ပတ်ပန်းကျင်အသိုင်းအဝိုင်းက သူ့ရဲ့လွတ်လပ်မှုတွေကို ကန့်သတ်မှုတွေ ချုပ်ချယ်မှုတွေနဲ့ ပြင်ထန်စွာတားမြစ်မယ် ဆိုရင်. . . အဲဒီလူဟာ ထွက်ပေါက်တစ်ခုခုကိုတော့ ရှာဖွေ တော့တယ်. . . ။အဲ အဲဒီမှာ သူ့ရဲ့ထွက်ပေါက်ကမှားနေမယ် ဆိုရင် သွားပြီပဲပေါ့. . . ။ကောင်းတဲ့လူဟာ ဆိုးသွားနိုင်တယ် ဆိုတာ. . . ခင်ဗျား သဘောပေါက်စေချင်တယ် ကိုမြဒင်"

"ဒီကောင် ဘယ်နှစ်ရက်ကြာမယ်လို့ပြောသွားလဲ ကိုကျော်ဒွန်း"

"ငါးရက်လောက် ကြာမယ်လို့ပြောတယ်"

"ကျုပ်တို့တွေ ဒီကောင့်အလာကို ဆက်စောင့်ရ တော့မှာပေါ့. . . ကဲ ရွှေရည် မင်းလိုက်လာမှ. . . မင်းသားက ရှိုးထွက်သွားတယ်တဲ့. . . မင်း ဘယ်လို လုပ်မလဲ"

ဦးမြဒင်က သူ့ဇနီး ဒေါ်ရွှေရည်ဘက်သို့လှည့်ကာ မေးလိုက်သည်နှင့် သူတို့နှစ်ဦးနှင့် မျက်နှာချင်းဆိုင်တွင် ထိုင်နေသည့် ဒေါ်မာလာပွင့်က ရုတ်ချည်းပင်. . .

"အို. . . ဘာလုပ်ရမှာလဲ. . . ဒီမှာပဲနေပြီး သားတော် မောင်ကိုစောင့်နေလိုက်ပေါ့. . . ။ဒီရက်အတွင်း ရန်ကုန်မြို့ထဲက ဘုရားတွေကို လိုက်ဖူးလိုက်. . . ။မရွှေရည်တို့လင်မယားလာ လိုက်ရင်. . . တစ်ညအိပ်ပြီး ပြန်သွားတာချည်းပဲ။ ဘယ်တော့မှ အေးအေးဆေးဆေး မရှိဘူး"

ဟုပြောလိုက်တော့ ဒေါ်ရွှေရည်က ယဲ့ယဲ့လေးပြုံးလိုက် သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်သားပဲ... ဦးနဲ့ ဒေါ်ဒေါ်တို့ကလည်း လာတိုင်း အရင်စလို့ချည်းပဲ... ပြန်ပြန်သွားတယ်။ ဒါကြောင့် တစ်ခါ တစ်ခါ ကိုကိုကပြောတာပေါ့..."

"ဟော"

နှုတ်ခမ်းလေး မရှုတရှု မျက်စောင်းလေးမထိုးတထိုးနှင့် ခပ်ချွဲချွဲလေးပြောနေသည့် ဖူးပွင့်ငုံကို အံ့သြတသင့်နှင့် ဦးမြဒင်ရော ဒေါ်ရွှေရည်ပါ ငေးမောကြည့်လိုက်ကြသည်။

နောက်တော့မှ...။

"ပြောစမ်းပါဦးသမီး... သားက ဘယ်လိုပြောလဲလို့"

ဒေါ်ရွှေရည်ကပါ သိချင်စိတ်နှင့် နားထောင်လို့နေရှာ၏။

"ကိုကိုက ပြောတယ်၊ ငါတဲ့ မိဘတွေနဲ့ အတူတူ မနေရတာ နှစ်တွေကြာခဲ့ပြီတဲ့... ငါ့အဖေသာ အမြဲလာတာ၊ အမေက တစ်ခါတလေမှ လိုက်လာတာတဲ့...။နောက်ပြီး ဖူးတဲ့ နင်က နင့်အမေကို နွဲ့ဆိုးလေးဆိုးပြီး တီတီတာတာနဲ့ ပြောနေတာကိုမြင်ရတော့လေ... ငါ့ရင်ထဲမှာ ငါ့အမေကို ငါလည်း နင့်လိုပဲ အမေ့ရင်ခွင်ထဲ ခေါင်းလေးဝှေ့ပြီး စကားတွေ အများကြီးပြောချင်လိုက်တာဟာတဲ့...။ ဖူးလေ ကိုကို့စကား လေးလည်းကြားရော ရင်ထဲမှာငိုချင်လိုက်တာ သိလား"

သိလားဆိုပြီးတော့ ပြောနေတဲ့ ဖူးပွင့်ငုံရဲ့ မျက်လုံးအိမ် ထဲမှာ မျက်ရည်တွေကလည်း အရည်တွေလဲ့လို့နေသည်။

ဖူးပွင့်ငုံတင်မက... ဒေါ်ရွှေရည် ရင်ထဲတွင်လည်း ဆို့တက်လို့လာခဲ့သည်။ လက်ထဲက လက်ကိုင်ပုဝါကလေးဖြင့်





မျက်လုံးထောင့်ကို တို့ကာမျက်ရည်ကျနေလေသည်။

"အဲဒါပဲ ကိုမြဒင်... သားရဲ့သွေးက ကလေးမဟုတ် တော့ဘူးဆိုတာ ခင်ဗျားတို့ သိထားတော့... သူ့မှာ မိတ်ဆွေ အပေါင်းအသင်းဆိုတာတွေ ရှိလာတယ်။ ခွင့်ပြုပေးသင့်တာကို ခွင့်ပြုပေးရတယ်...။ရဲ့သွေးက မိန်းကလေးမဟုတ်ဘူးနော်။ ယောကျ်ားလေး... လွတ်လပ်ခွင့်ဆိုတာကို လိုချင်တယ်... ဒါကို ကျုပ်တို့လူကြီးတွေက နားလည်ထားရမယ် ကိုမြဒင်"

"ဒါကို... ကျွန်တော်နားလည်ပါတယ်... ကျွန်တော် တို့လည်း လူငယ်ဘဝကတက်လာခဲ့တာပဲ... လူငယ်တစ် ယောက်ရဲ့ အခွင့်အရေးတွေ နားလည်တာပေါ့ဗျာ... ဒါပေမဲ့ ကိုကျော်ဒွန်း လူငယ်တွေမှာ ပတ်ဝန်းကျင်ဆိုတာ အရမ်း အရေးကြီးပါတယ်...နုံချာစုတ်ပြတ်နေတဲ့ ပတ်ဝန်းကျင်ထဲမှာ နေရင်း နုံချာစုတ်ပြတ်အဆင့်နိမ့်တဲ့ လူပဲဖြစ်မှာပေါ့...။ ပတ်ဝန်းကျင်ကောင်းပြီး အဆင့်မြင့်တယ်ဆိုရင် အဆင့်မြင့်တဲ့ လူပဲဖြစ်လာမှာပါ...။ ဒါကြောင့် ကျွန်တော်သားကို စည်းကမ်းတွေ တားမြစ်ကန့်သတ်ချက်တွေ ထားခဲ့တာပဲ... နွားခြေရာခွက်လောက်သာရှိတဲ့ ကျွန်တော့်ပတ်ဝန်းကျင်မှာ ကျွန်တော့်သားကို မကြီးပြင်း စေချင်ပါဘူး ကိုကျော်ဒွန်းရာ"

"ခင်ဗျားရဲ့ စိတ်စေတနာကို ကျွန်တော်နားလည်ပါတယ် ကိုမြဒင်... တစ်ခါတလေမှာ စေတနာအများလေးတွေ ရှိတတ် တယ်ဗျ..."

"ဆိုပါဦး... ဘယ်လိုအများလေးတွေလဲ



www.burmeseclassic.com

www.burmeseclassic.com



သိပ်ကျေနပ်မှု မရှိသေးသည့် မျက်နှာထားဖြင့် ဦးမြဒင်က မေးလိုက်သေးသည်။

"ခုန ခင်ဗျားပြောတဲ့အတိုင်း... ပတ်ဝန်းကျင်ကောင်း မှာ ဘဝတစ်ခုလုံးကို မြှုပ်နှံဘို့အတွက် စည်းကမ်းတွေ အတင်းအဓမ္မ သတ်မှတ်ခဲ့မယ်ဆိုရင် သူတို့ လက်ခံမှာတဲ့လား"

"ဟာ... ဒါ လက်မခံလို့ မရဘူးလေ... လက် ရမှာပေါ့"

"ဒါ ခင်ဗျားဘက်ကကြည့်ပြီး ပြောတာပဲ ကိုမြဒင် ရဲ့သွေး အနေနဲ့က ခင်ဗျားချပေးထားတဲ့ ပတ်ဝန်းကျင် ကောင်းမကောင်းဆိုတာ သူ စမ်းသပ်ဦးမှာပဲ... ဒီမှာကိုမြဒင်

ဦးကျော်ဒွန်းက ဦးမြဒင်ကို ခပ်တင်းတင်း ခပ်ထန်ထန် လေးပဲ စကားပြောရင်းကနေ ခေါ်လိုက်ပါသည်။

ဦးမြဒင်ကလည်း ခပ်စိမ်းစိမ်း ခပ်စူးစူးလေးပဲ ပြန်ကြည့် နေလိုက်သည်။

"ခင်ဗျားသား ရဲ့သွေးဟာ ခင်ဗျားချထားပေးတဲ့ ပတ်ဝန်းကျင်... ကျွန်တော့်ဆီမှာပေါ့ဗျာ... ကောင်းမကောင်း စမ်းသပ်လိုက်တဲ့ အနေနဲ့ ခရီးထွက်သွားတာပဲ... "

"ခင်ဗျား ဘာလို့ ထွက်ခွင့်ပေးတာလဲ ကိုကျော်ဒွန်းရာ"

"ဘာလို့ ထွက်ခွင့်ပေးလဲ... ဟုတ်လား အဟင်း ဟင်း ဟင်း"

ဦးကျော်ဒွန်း ပြောနေရင်းမှ ရယ်မောလိုက်ပါတော့သည်။





ပြီးမှ... ။

"ကောင်းတယ်ဆိုတဲ့ ခင်ဗျားချမှတ်ထားတဲ့ ပတ်ဝန်းကျင်လေး ရဲ့သွေးစိတ်ထဲမှာ တကယ်ကောင်းပါလား ဆိုတာ သိသွားအောင်လို့ ကျွန်တော် ခရီးထွက်ခွင့် ပေးလိုက် တာပဲ ကိုမြဒင်... "

ဦးမြဒင် မျက်လုံးစုံမှိတ်လိုက်သည်။

စကားတစ်လုံးချင်းကို အေးဆေးတည်ငြိမ်စွာ ပြောလာ သည့် ဦးကျော်ဒွန်း၏ စကားတွေသည် မှန်သောစကားတွေပါလား ဆိုတာ သူ မငြင်းသာတော့ပါ... ။

"ကိုမြဒင်"

သူမျက်လုံးကိုဖွင့်ကြည့်လိုက်သည်။ ပြုံးရွှန်းနင့်နေသည့် ဦးကျော်ဒွန်း၏ အကြည့်တွေကို မြင်လိုက်သည်။

"ခင်ဗျားမှာ အတ္တရှိနေသလို ကျွန်တော့်မှာလည်း အတ္တတွေရှိနေတာပဲ... ခင်ဗျားရဲ့ အတ္တက ခင်ဗျားသားအတွက် ကျွန်တော့်အတ္တကလည်း ကျွန်တော့်သမီးအတွက် ရှိကြတာပဲ မဟုတ်လား... "

"မှန်တယ် ကျွန်တော့်သားအတွက်ရှိနေတဲ့ အတ္တက ခင်ဗျားရင်ထဲမှာရှိနေတဲ့ အတ္တထဲကို ရောယှက်နေတာ ခင်ဗျား သိလား ကိုကျော်ဒွန်း"

"ဟား... ဟား... ဟား"

ဦးကျော်ဒွန်းက ရယ်မောလိုက်သည်။ ရယ်မောလိုက်တာ ကိုက ဟက်ဟက်ပက်ပက်ကို ရယ်မောလိုက်ပြီးပါ။



www.burmeseclassic.com

www.burmeseclassic.com



"သိပ်သိတာပေါ့ဗျ. . . ဘယ့်နဲ့ပြောလိုက်ပါလိမ့်. . . ဒါကြောင့် ကျွန်တော့်ရဲ့ အတ္တတွေနဲ့ ခင်ဗျားရဲ့အတ္တတွေ အထူးအောင်မြင်စေဘို့ ကျွန်တော် ခင်ဗျားသားကို ကြိုးတစ်ချောင်း ဖြတ်ပေးလိုက်တာပဲ. . . "

"ဒီတစ်ခါတော့ ခင်ဗျား ကျွန်တော့်ထက် တစ်ကွက်သာသွားပြီဗျ. . . "

"ဒါကြောင့်ပြောတာပေါ့. . . တစ်ခါတလေကျရင် စေတနာနဲ့ မှားတတ်ပါတယ်လို့. . . ဒီမှာကိုမြဒင်. . . ခင်ဗျား တစ်ယောက်ထဲ ကျွန်တော့်ကိုအပြစ်ပြောတာ ပဟုက်ဘူးနော်၊ ကျွန်တော့်မိန်းမကပါ အပြစ်ပြောတာ။ ရဲသွေးကို သွားခွင့်ပေးလိုက်တာကို ဘာလို့ခရီးဝေးသွားခွင့်ပေးလိုက်တာလဲဆိုပြီး အပြစ်တင်လိုက်တာ. . . အဲဒါနားလည်အောင်လို့ ရှင်းပြလိုက်ရသေးတယ်"

ဒေါ်မာလာပွင့်က ပြုံးရယ်ရင်းနှင့်. . .

"ကျွန်မစိုးရိမ်လို့ ပြောလိုက်မိတာပါနော်"

"အင်း. . . တက္ကသိုလ်ကျောင်းသားဆိုတော့. . . အပေါင်းအသင်း မိတ်ဆွေတွေ များလာခဲ့ပြီပဲ. . . လူမှုပတ်ဝန်းကျင်က ကျယ်ပြန့်လာပြီဆိုတော့ သားကို စည်းဝိုင်းထဲမှာ ထည့်ထားလို့မရတော့ဘူးပေါ့လေ. . . "

ခုမှ သဘောပေါက်နားလည်လိုက်သလို ဦးမြဒင် အတွေးပေါက်ခဲ့တော့သည်။

"အောင်မယ်. . . မင်းကလည်း အတွေးအခေါ်မြင့်လာ





လိုက်ပြီပဲ"

ဒေါ်ရွှေရည်ဇါစကားလေးကို ဦးမြဒင်က ခပ်ပြုံးပြုံးလေးနဲ့ ပုတ်ချက်ပေးလိုက်ပြီး. . .

"ဒါပေမဲ့ဗျာ. . . သားရဲသွေးကို စည်းလွတ်ဝါးလွတ် လွှတ်မပေးဘို့ အရေးကြီးတယ်"

"ဒါတော့ စိတ်ချပါ ကိုမြဒင်ရေ. . . ကျွန်မတို့က မောင်ရဲသွေးရဲ့ အရိပ်အခြေကို အမြဲမပြတ်စောင့်ကြည့်နေတာပါရှင်"

"ကိုကို့ခါးကို ဖူး ကြိုးချည်ထားပြီးသား။ ကိုကို့ ခြေလှမ်းတွေ ခပ်လှမ်းလှမ်းရောက်သွားပြီဆိုတာနဲ့ ဖူးကတော့ ရှော. . . တစ်ခါတည်းဆောင့်ဆွဲပစ်လိုက်မှာပဲ သိလား"

"အဟင်း. . . ဟင်း. . . ဟင်း. . . ဟင်း"

"ဟား. . . ဟား. . . ဟား. . . ဟား"

အားလုံးရဲ့ ရယ်မောသံတွေက ညနေခင်းတစ်ခုလုံးသို့ ခတင်သံတွေလို ရိုက်ခတ်လို့သွားတော့၏။

"အေးဟေ့. . . သားရဲသွေးကို သမီးဖူးကိုပဲ အပ်ပါတယ်ကွာ. . . သမီးသာ တစ်သက်လုံး ရဲသွေးကို စောင့်ရှောက်လိုက်တော့ဟေ့"

ဖူးပွင့်ငုံ ရှက်ပြုံးကလေး ပြုံးလို့သွားတော့သည်။

❀❀❀❀❀



www.burmeseclassic.com

www.burmeseclassic.com



## အခန်း စဉ်(၁၀)

### "သံယောဇဉ်ဖွဲ့ ချစ်စကား"

မြစ်ပြင်က တိုက်ခတ်လိုက်တဲ့ လေညှင်းနုနုလေးတွေက သူမရဲ့ဆံစလေးတွေကို ကပိုကရိုဖြစ်လို့သွားစေသည်။ ထိုဆံနွယ်စလေးတွေက သူ့မမျက်နှာပေါ်သို့ တစ်ပင်စ နှစ်ပင်စ ဆံနွယ်စ တော်တော်များများက သက်ရောက်လို့နေရာယူလိုက်ကြ၏။

သူ့စိတ်ထဲတွင် မမြင်ရတာကြာပြီဖြစ်သော ချစ်သူ့ မျက်နှာလေးကို တစိမ့်စိမ့်နှင့်ကြည့်လို့မဝနိုင် ဖြစ်နေမိသည်။ ပြေပြစ်ညီညာသော နဖူးပြင်အောက်က မျက်ခုံးတန်းတွေက မဲတင်းလို့နေ၏။





ရှန်းလဲ့တောက်ပနေသည့် မျက်ဝန်းလဲ့လဲ့ပေါ်က မျက်တောင်ကော့ကော့ကလေးတွေက လှပစွာနဲ့ မည်းနက်ပြီး ကော့ကောပြန်လို့ နေ၏။

ဆိုဖြင့်... ဖြောင့်စင်းနေသည့် နှာတံလေး၏အဆုံးမှာ ရှိသေးသွယ်နေသည့် လေးကိုင်းသဖွယ် နှုတ်ခမ်းနှစ်လွှာက ဖူးတင်းတင်းကလေးနှင့် နှင်းဆီငုံကလေးကဲ့သို့ မပွင့်တပွင့် အော့တအာဖြစ်တည်လို့နေပါ၏။

ပါးနုနုကလေးနှစ်ဖက်ပေါ်တွင် သွေးကြောမျှင်မျှင်ကလေးများက ယှက်ဖြာ ယှက်သန်းလို့ ပါးနီကလေးများတို့ကာ သိမ်းထားသည်ဟုထင်ရလောက်အောင် နီမြန်လို့နေ၏။

သည်အလှ သည်မျက်နှာကလေးကို သူ တစိမ့်စိမ့်ဖြင့် ကြည့်မဝနိုင်လောက်အောင် ကြည့်လို့နေဆဲမှာမှ လေညှင်းနုနုကလေးကြောင့် ဆံနွယ်စတို့က သူ့မမျက်နှာပေါ်သို့ လာရောက်တင်လို့နေသည်ကို သူက ဆံနွယ်တစ်ပင်ခြင်း စိတ်ရှည်ရှည်နှင့် ဖယ်ယူပေးနေတော့၏။

"မောင်"

တိုးတိုးညှင်းညှင်းလေးနှင့်ခေါ်လိုက်သည့် အသံက ချိုမ်းဆွတ်သံတွေ ရောနေ၏။

"ဟင်..."

သူကလည်း လိုက်မောစွာနှင့်ပြန်ထူးလိုက်သည်။

"မောင်လို့ခေါ်တာ ကြိုက်လား ဟင်"

သူ ပြုံးလိုက်ပါသည်။ လိုက်လိုက်လဲ့လဲ့ကို ပြုံးလိုက်ခြင်း



www.burmeseclassic.com

www.burmeseclassic.com



ရယ်ပါ. . . ။

ပန်းယမုံနှင့် စတွေ့လိုက်သည့်ညက ချိန်းမထားဘဲနှင့် အမှတ်မထင်ကိုတွေ့လိုက်ရသည့်အခါ ရင်ထဲကဖြစ်တည်လာမှု ဝေဒနာက နှစ်ဦးစလုံးပေါက်ကွဲထွက်လာခဲ့ကြပါသည်။

ချစ်သည်ဆိုတဲ့စကား တစ်ခွန်းတလေမှ မပြောရဘဲနှင့် ပန်းယမုံက မောင်လို့ခေါ်လိုက်သည့် စကားလေးတစ်လုံးထဲနဲ့ရယ် ချစ်သူဘဝသို့ ရောက်သွားခဲ့ကြပါတော့သည်။

သို့သော်. . . ။

လူပျိုပေါက်အရွယ် သူနဲ့ခွဲရမည့်ညတွင် ပန်းယမုံက အနမ်းတစ်ပွင့်ပေးခဲ့ရာမှ အချစ်ဆိုတာကို ရင်ထဲမှာ ဖူးပွင့်ခဲ့ရတော့သည်။ ခုတော့ဖြင့် ရင်ထဲက ဖူးပွင့်သော အချစ်ပန်းကလေးတွေ ပွင့်ခဲ့ကြပြီပေါ့. . . ။

"ပြောလေ. . . ကြိုက်လားလို့"

မျက်လုံးလေးဝင့်ချီလို့ မဲ့တရွဲ့အပြုံးကလေးနှင့် မူနွဲ့နွဲ့ဟန်ကလေးဖြင့် ပန်းယမုံက မေးလိုက်ပြန်တော့. . . ။

"မောင်လို့ ခေါ်လိုက်တဲ့အချိန်. . . ကိုယ့်ရင်ထဲမှာ စမ်းသာကြည်နူးမှုတွေက ကြက်သီးမွေးညှင်းတွေတောင် ထခဲ့တယ် ယမုံ. . . ။ ခေါ်ပါ မောင် ကြိုက်ပါတယ်။ မောင်ဆိုတာ မြတ်နိုးခြင်းတွေ တွယ်တာခြင်းတွေ ကြင်နာခြင်းတွေ မှန်းဆုံနေတဲ့ နာမဝိသေသနတစ်ခုပဲ. . . တနည်းပြောရရင်တော့ အချစ်တစ်ခုရဲ့ သင်္ကေတလေးပဲပေါ့. . . "

"မောင်. . . သိပ်စကားတတ်တာပဲ ကွယ်"





"ဟုတ်လား. . . အဲဒါ အချစ်ကသင်ပေးတာ"

"အချစ်က ဘယ်လိုသင်ပေးတာလဲ ဟင်"

"အချစ်ဆိုတာ. . . နှလုံးသားက မြစ်ဖျားခံတာလေ၊ အဲဒီတော့ကွာ. . . နှလုံးသားဆိုတာ အင်မတန် နူးညံ့သိမ်မွေ့ပြီး ခံစားတတ်တယ်မဟုတ်လား. . . ။ အဲလို ခံစားတတ်တော့ အချစ်ဆိုတာ ဖြစ်ပေါ်လာခဲ့ပြန်တယ်။ ချစ်တတ်လာတဲ့ သူတစ်ယောက်ဟာ ဘယ်တော့မှ ရိုင်းပြတဲ့ ကြမ်းတမ်းတဲ့ စကားတွေ မပြောတတ်ဘူး။ နူးညံ့သိမ်မွေ့ပြီး ပျားရည်ချိုချို လေးလိုပဲ ပြောလာတတ်ကြတယ်လေ. . . "

"မောင်"

"ဘာလဲကွယ်"

"မောင့်ကို သိပ်ချစ်တယ်"

သူ့ရင်ခွင် နွေးခနဲ သိမ့်ခနဲ ဖြစ်လို့သွားသည်။

ကြင်နာမှုတွေအပြည့်နှင့် မက်မက်မောမောကို သူ ကြည့်လိုက်သည်။ အားငယ်မှုနှင့်အတူ အားကိုးမျှော်လင့်မှုများ ပါသော သူမ၏ အကြည့်ကိုတွေ့လိုက်ရသည်။

"ယမုံ. . . "

အကြင်နာသံတွေ လွှိုက်ဝေနေသော အသံလေးက တိုးတိတ်စွာ ပေါ်ထွက်လာခဲ့သည်။

"ရှင်"

သူ့လိုပင် ခပ်တိုးတိုးလေးပဲ ပန်းယမုံက ထူးလိုက်၏။

"ကိုယ်တို့ရှေ့က ဧရာဝတီမြစ်ကြီးကို ကြည့်လိုက်



www.burmeseclassic.com

www.burmeseclassic.com



စမ်းပါကွယ်''

နေရောင်အောက်မှာ လင်းလင်းလက်လက်နှင့် ရောင်ပြ ဟတ်ကာ စီးဆင်းနေသည့် မြစ်မင်းဧရာဝတီ၏ ရေအလျဉ်ကို တည်ငြိမ်အေးဆေးစွာနှင့် စီးဆင်းလို့နေသည်ကို ပန်းယ ကြည့်လိုက်မိပါ၏။

''အဲဒီ ဧရာဝတီမြစ်ရေကြီးရဲ့ ရေထုအတိုင်းအဆ ယမုံ တွက်လို့ရလားဟင်''

နားမလည်သလိုနှင့် ပန်းယမုံက သူ့ကိုကြည့်လိုက်

''ဟင် မောင်ကလည်း ဘယ်လိုတွက်လို့ ရမှာလဲလို့

နှုတ်ခမ်းလေး ရူတူတူနွဲ့နွဲ့နှင့် ပန်းယမုံက ပြောလိုက် ဒါကိုသူက သဘောကျစွာပြုံးလိုက်ရင်းက. . .

''မောင် ယမုံကိုချစ်တဲ့ အချစ်တွေကလည်း အဲ ဧရာဝတီမြစ်ရေထုထည်ပမာဏလောက်ထိကို ချစ်တာသိလား

''မောင်ကလည်း သိပ်ပိုလိုက်တာ''

''ဟာ မပိုပါဘူး။ ဒီထက်ပိုပြီးတောင် ပြောရဦးမယ်

''အမယ်. . . ဒါဆိုလည်း ယမုံလည်း ပြောမယ်လေ

''အင်း. . . ပြော''

''အဲဒီ ဧရာဝတီမြစ်ရေက ဘယ်တော့ခန်းမလဲဟင် မောင်. . . ''

''မောင်တို့ ဧရာဝတီဟာ ဘယ်တော့မှ မခန်းဘူး ယမုံ. . . ''

ပန်းယမုံ ကျေနပ်စွာပြုံးလိုက်သည်။





သူ့ရင်ခွင်ထဲတွင် ခေါင်းကလေးမှီထားရင်းက နေ မြင်ကာထိုင်လိုက်ပြီး သူ့ကိုပြုံးစလဲ့လဲ့နှင့် ကြည့်နေလိုက်၏။

အတန်ကြာမှ. . .

''အဲဒီ ဧရာဝတီမြစ်ရေ မခန်းသလို ယမုံရဲ့ အချစ် တွေလည်း မောင့်အပေါ်မှာ ဘယ်တော့မှ မခန်းခြောက်ဘူး ထာဝရတမ်းလိုလို ဧရာဝတီမြစ်ရေ ရှိနေသလို ယမုံရဲ့ အချစ်တွေ လည်း မောင့်နှလုံးသားထဲမှာ အစဉ်ထာဝရ တည်ရှိနေမှာပါ မောင် ရယ်. . . ''

''ယမုံရယ်. . . ပြောတတ်လိုက်တာကွယ်''

သူ အားမလိုအားမရနှင့်. . . ပန်းယမုံ၏ လက်ဖဝါး လေးကို ဆွဲကိုင်လိုက်ပြီး ယုယုယယနှင့် ဖျစ်ညှစ်လိုက်ကာ ခံရှိုက်မတ်မတ်နှင့် နမ်းရှုပ်လိုက်ပါတော့သည်။

သည်တော့လည်း. . .

ပန်းယမုံလည်း သူ့ရဲ့ပခုံးစွန်းလေးတွင် ခေါင်းလေးမှီလို့ နေလိုက်တယ်။ သူကလည်း ပန်းယမုံ၏ ခါးသေးသေးကျင်ကျင် ကလေးကို လက်ကလေးနှင့် ပွေ့ပိုက်လို့ထားလိုက်ပါတော့သည်။

အချိန်ကလေးနည်းနည်းလောက်ကြာအောင် သူတို့ နှစ်ယောက်လုံး စကားတွေမပြောဖြစ်ကြတော့. . . ။ငြိမ်သက် စွာနှင့်. . . ဧရာဝတီမြစ်ပြင်ကြီးဆီသို့ ငေးမော့တွေးတောလို့ နေကြသည်။

ကုလားမကျီးပင်အောက်မှာ. . . နှစ်ယောက်ထဲ. . . ။

လှေသင်္ဘောတွေ သွားလာနေတဲ့ မြစ်မင်းဧရာဝတီ



www.burmeseclassic.com

www.burmeseclassic.com



မြစ်ကမ်းပါးပေါ်မှာ. . .

လေပြေလေး တဖြူးဖြူးတိုက်နေတယ်. . . ။

သည်အချိန်ခဏအတွင်း နှစ်ယောက်လုံးတိတ်ဆိတ်နေတယ်လေ. . . ။

သို့ပေမယ့်. . . ။

အတွေးလေးတွေကိုတော့ တစ်ယောက်တစ်မျိုးတွေးနေကြသည်ကတော့ အသေအချာပင် ဖြစ်နေပေလိမ့်မည်။

''မောင်''

''ဟင်''

''မနက်ဖြန်ဆို မောင် ရန်ကုန်ကို ပြန်ရတော့မယ်နော်။ ယမုံတော့ လွမ်းပြီးကျန်ရစ်ခဲ့ရတော့မယ်ကွယ်''

ပန်းယမုံစကားကြားတော့ သူ ပင့်သက်ကလေးကို အသာမျိုချလိုက်ရသည်။

''မောင် မကြာ မကြာ ယမုံဆီလာခဲ့ပါ့မယ်. . . ''

''ယမုံ မောင့်ကို ဘယ်လောက်ကြာကြာစောင့်ပြီး လွမ်းနေရမလဲ မသိဘူးနော်''

''သိပ်မကြာလောက်တဲ့ အချိန်ကာလလေးတစ်ခုကိုတော့ ခဏသည်းခံပြီးတော့ စောင့်ပေးပါလို့ မောင်တောင်းပန်ပါတယ် ယမုံရယ်''

''ယမုံကို တောင်းပန်စရာမလိုပါဘူးမောင်ရယ်။ နားလည်ခွင့်လွှတ်မှု ယမုံမှာရှိပါတယ် မောင်။ ယမုံအပေါ် သစ္စာရှိနေမယ်ဆိုရင် ယမုံ ဘယ်လောက်ပဲလွမ်းရ လွမ်းရ ဘယ်လောက်ပဲ ဆွေးရဆွေးရ စောင့်နေပါ့မယ်မောင်ရယ်''

ပန်းယမုံ အသံလေးက ဝမ်းနည်းကြေကွဲသံတွေ ရောစွက်လို့နေ၏။ ငိုချင်နေသည့်စိတ်ကို ထိန်းလို့ထားမှန်း သိသာလှ၏။

''ယမုံ မှတ်မိလား. . . မောင် ရန်ကုန်ကိုသွားတော့ ယမုံ ကမ်းပါးပေါ်ကနေ လိုက်နှုတ်ဆက်တာလေ. . . စက်လှေ ကိုမောင် အတင်းရပ်ခိုင်းပြီး ယမုံနဲ့တွေ့တာ မှတ်မိလား''

ပန်းယမုံက အင်းဟု ခေါင်းညိတ်ပြလိုက်သည်။

''အဲဒီမှာ ယမုံ မောင့်ကို ဘာပေးလိုက်သလဲ သိလား''

''သိတာပေါ့. . . ကြာဆစ်ရိုး လည်ဆွဲလေး လေ''

''ဟုတ်တယ်. . . အဲဒီ ကြာဆစ်ရိုးလည်ဆွဲလေး ခုထိ မောင့်မှာ ရှိတုံးပဲ''

''အို. . . ''

ပန်းယမုံ မင်သက်မိန်းမောသွားတော့၏။ ရွှန်းလဲ့တောက်ပသော မျက်ဝန်းတို့က သူ့ကို ငေးကြည့်နေမိသည်။စိတ်ထဲတွင် ကြည်နူးဝမ်းသာခြင်းတို့က ရင်နှင့်မဆံ့တော့. . . ။

''မောင်လေ. . . ယမုံပေးထားတဲ့ အဲဒီလည်ဆွဲကြာဆစ်ရိုးလေးကို ယွန်းသေတ္တာလေးမှာ အမြဲသိမ်းထားတယ်။ နေ့တိုင်း မောင် အမြဲထုတ်ပြီးကြည့်တာ အဲဒါ ယမုံကို အမြဲသတိရနေလို့ အလွမ်းဖြေရတာပါ ယမုံရယ်''

''အဲဒါလောက်တောင် ချစ်ရလားမောင်ရယ်''

ပြောပြောဆိုဆိုနှင့် သူ့ရင်ခွင်ထက်သို့ ခေါင်းလေးကို







www.burmeseclassic.com

www.burmeseclassic.com



မှီချလိုက်ပါတော့၏။ သူကလည်း ပန်းယမုံရဲ့ ဦးခေါင်းလေးကို လက်ကလေးနှင့် ပွေ့ယူကာပိုက်လို့ထားလိုက်၏။

"အော်. . . ပြောရဦးမယ် မောင့်ကို"

"ဘာလဲ. . . ဟင်"

"အမေ နေမကောင်းတုံးက ရန်ကုန်ဆေးရုံကြီးကို ပန်းယမုံတို့ ဆေးသွားကုကြသေးတယ်လေ"

"ဟုတ်လား"

"သရက်တောကျောင်းတိုက်ဝင်းကြီးက ကျောင်းတိုက်တစ်တိုက်မှာ တည်းတယ်။ တစ်နေ့မှာ အမေ့အတွက် အပြင်ထွက် ဆေးဝယ်တာ မီးပွိုင့်တစ်ခုအရောက်မှာပေါ့. . ."

ပန်းယမုံရဲ့ စကားတွေကြားတော့ သူ့ရင်တွေ တလှပ်လှပ်နဲ့ ဖြစ်ကုန်တော့၏။ သူ ဆက်၍ နားထောင်လိုက်၏။

"မိုးသားတွေကလည်း မဲမှောင်ပြီး မိုးတွေလည်း တဖွဲဖွဲနဲ့ ရွာလာခဲ့တယ်. . . မီးပွိုင့်နီတော့ လမ်းဖြတ်ကူးလိုက်တယ် မောင်ရဲ့"

အဲဒီမှာ သူက ပန်းယမုံရဲ့ စကားကို ဆက်၍ ပြောလိုက်သည်။

"ကားလမ်းတစ်ဖက်အရောက်မှာ မိုးခြိမ်းသံကြီးတစ်သံကို ကြားလိုက်ရတော့ မောင့်ရှေ့က မိန်းကလေးတစ်ယောက် လန့်ပြီး ထိုင်ချလိုက်တာ အဲဒါကို မောင်က ကလေးလည်းမဟုတ်ပဲနဲ့ ကြောက်တတ်လိုက်တာ လို့ပြောလိုက်တယ်"

သူ စကားလေးကို ခေတ္တရပ်ပြီး ပန်းယမုံကို





ကြည့်လိုက်သေးသည်။ နောက် ဆက်ပြီးပြောမည့်အလုပ်မှာ ပန်းယမုံက စကားကို လုပြီးပြောလိုက်သည်။

"အဲဒီစကားလည်းကြားရော ဗြုန်းဆို မိန်းကလေးက ထိုင်နေရင်းကနေ လှည့်ကြည့်လိုက်တယ်။ သူနဲ့ရွယ်တူ ကောင်လေးတစ်ယောက်ကိုတွေ့လိုက်တော့ အရမ်းရှက်သွားတယ်လေ. . . ။ နောက်ပြီး ဟိုဘက်က ပလက်ဖောင်းဘက်ကို ကူးသွားပြီး လူတွေကြားထဲကို တိုးဝင်ပျောက်ကွယ်လိုက်တယ်။ ဒါပေမဲ့ စိတ်ကူးထဲမှာ မြင်ဘူးတယ် ရှိသလိုလိုနဲ့ သေချာ ညေးစားလိုက်တော့မှ. . . "

"မောင် ဆိုတာ သိလိုက်တယ် မဟုတ်လား"

"အင်း. . . ဟုတ်တယ်"

"မောင်လည်း အဲဒီလိုပဲပေါ့၊ ဒီ မိန်းကလေးကို မြင်ဘူးပါတယ်. . . ဒီမျက်နှာလေး ဒီအကြည့်လေးတစ်ချက်က ပန်းယမုံ ဆိုတာ သိလိုက်တဲ့အချိန် ယမုံကို မတွေ့တော့ဘူး။ မောင် အနီးပတ်ဝန်းကျင်ကို လိုက်ရှာတော့ မတွေ့တော့ဘူး"

ပန်းယမုံ မျက်နှာလေးမှာ မျက်ရည်တွေ အိုင်ထွန်းလို့နေသည်။

"မောင်ရယ်. . . ရန်ကုန်မှာ တွေ့လိုက်ရသားနဲ့ကွယ်၊ ရင်နာလိုက်တာ. . . ကံကြမ္မာက မောင်နဲ့ ယမုံကို ဘာလို့ ပေးမတွေ့တာလဲ ဟင်"

"ဟုတ်တယ်နော်. . . သိပ်ရက်စက်တဲ့ ကံကြမ္မာက မောင်တို့နှစ်ယောက်ကို ဘယ်အငြိုးနဲ့ မုန်းမာန်ဖွဲ့ပြီး ခွဲရက်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့တာလဲ မသိဘူးနော်''

''မောင်. . . ''

''ဘာလဲ ကွယ်''

''မောင်နဲ့ ခွဲရရင်တော့ ယမုံ သေမှာ သိလား''

ပန်းယမုံ၏ အသံတွေက ကြေကွဲဆို့နင့်လို့နေ၏။ မျက်ရည်တွေကလည်း မျက်ဝန်းအိမ်မှ ယိုစီးကျလို့လာခဲ့၏။

သူ. . . ။

ပန်းယမုံ၏ နှုတ်ခမ်းလေးကို သူ၏နှုတ်ခမ်းလေးနှင့် ထိတွေ့လိုက်ပါ၏။ နောက် သူ့နှုတ်ကလည်း လှိုက်မောစွာနှင့်. . . ။

''မောင်လည်း. . . ယမုံလို ပါပဲကွယ်၊ ယမုံနဲ့ ခွဲရရင် သေမှာပဲ''

ပြောရင်းနှင့် ပါးခြင်းထိကပ်လိုက်မိသည်။

သည့်တွင်. . . ။

မျက်နှာများ၏ မျက်ရည်စီးကြောင်းနှစ်ခုက ပေါင်းစပ်ကာ စီးဆင်းလို့သွားတော့ ပူနွေးသော ထိတွေ့မှုနှင့်အတူ အေးစက်စက် ထိတွေ့မှုကိုပါ တွေ့လိုက်ရသည်။ ပန်းယမုံ၏ လက်တစ်ဖက်က သူ့ခါးကို ဖက်တွယ်ထားရင်း. . . ကျန်လက်တစ်ဖက်က လည်ပင်းကို သိုင်းကာဖက်တွယ်ထားလိုက်တော့သည်။

''မောင်''

''ဟင်''

''မောင်နဲ့ ခွဲရရင်လေ. . . ယမုံ ဒီနေရာကနေ ဟောဒီ ရောဝတီမြစ်ထဲကို ခုန်ချလိုက်ပြီး သေပြစ်မှာသိလား မောင်''





''ဟာ. . . ယမုံရယ်''

သူ ကြေကွဲစွာနှင့် ပန်းယမုံ၏ ကိုယ်လုံးလေးကို တင်းကျပ်စွာ ဆွဲယူပွေ့ဖိုက်လိုက်တော့သည်။

❀ ❀ ❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com



## အခန်း စဉ်(၁၁)

### “စိတ်မှိုင်းဝေဝေ”

သည်ခြံဝကို ရောက်လာပြီဆိုသည်နှင့် စိတ်တွေက အလွန်လေးလံထိုင်းမှိုင်းလို့ သွားတော့သည်။

ပျော်ရွှင်မှု. . . ။

ကြည်နူးမှု များစွာကို ဆုံးရှုံးကာ ပျောက်ဆုံးခဲ့ရသည့် နှစ်တွေက ကာလများစွာပင် ကြာရှည်ခဲ့ရပါသည်။ သည်ခြံ သည့်ဝင်း သည့်တိုက်သို့ ရောက်ပြီးကတည်းကကို ပျော်ရွှင် ကြည်နူး လွတ်လပ်ခြင်းတွေ ဆိတ်သုဉ်းကုန်ခဲ့ရခြင်းပါလေ။

ခုလည်း. . . ။





ရဲသွေးတစ်ယောက် ပိတ်လှောင်ခြင်းတွေနှင့် ချုပ်နှောင်ထားသည့် ရဲတိုက်ထဲသို့ ခြေတစ်လှမ်းခြင်း လှမ်း၍ လှမ်း၍ ဝင်လာခဲ့တော့သည်။ တိုက်နှင့်နီးလာလေလေ စိတ်ရဲ့ လေးလံမှုတွေက ပင်ပန်းစွာ ရိုက်ခတ်လို့လာသည်။ ခန္ဓာကိုယ်ကသာ ဒီကိုရောက်လာပေမယ့် စိတ်ကတော့ လက်ပံကွင်းရွာလေးက ပန်းယမုံဆီမှာ ကျန်ရစ်ခဲ့နေသလို အတွေးကရောက်လို့နေတော့သည်။

“ဟယ်. . . ကိုကို”

တိုက်ပေါက်ဝမှ ထွက်လာသည့် ဖူးပွင့်ငုံ၏ ဝမ်းသာကြည်နူးလိုက်သည့် အော်သံကြောင့် ခေါင်းငုံ့ကာလျှောက်လှမ်းလာသည့် ရဲသွေးက မော့ကာကြည့်လိုက်သည်။

ဖူးပွင့်ငုံက ရဲသွေးရှိရာသို့ အတင်းပြေးထွက်လာရာ ပန်းယမုံကို စဉ်းစားမိကာတွေးနေသည့်အတွက် ပြေးထွက်လာသည့် ဖူးပွင့်ငုံ၏ ပုံသဏ္ဌာန်ကို ရဲသွေး၏ အမြင်အာရုံထဲတွင် ပန်းယမုံက သူ့ဆီသို့ ပြေးထွက်လာနေသည်ဟု တွေးထင်လိုက်မိပါ၏။

ပန်းယမုံရယ်. . . ။

မောင် မင်းကိုပဲ သတိရနေမိတယ်။ မင်းကိုပဲ တွေးနေမိတယ်။ မောင့်မျက်လုံးတွေထဲမှာ မင်းကိုပဲ မြင်ယောင်မိပါတယ်ကွယ်. . . ။

“ဟော. . . ကိုကို”

အနားရောက်တယ်ဆိုရင်ပဲ. . . ဖူးပွင့်ငုံက ဝမ်းသာ



www.burmeseclassic.com

www.burmeseclassic.com



အဲယ်လှယ်နဲ့ ခေါ်လိုက်ပြီး. . . အတင်းပင် ကျုံးဖက်လိုက်ပါတော့သည်။

"အာ. . . ဒီကောင်မလေး"

နောက်ကို ယိုင်လို့ ပြိုလဲမတတ်ဖြစ်လို့သွားသဖြင့် ခန္ဓာကိုယ်ကို မလဲအောင် ထိန်းလိုက်ရတော့သည်။

"ကိုကို"

"ဘာလဲ"

"ပျော်ခဲ့ရဲ့လား"

အင်း ဟု ဖြေလိုက်သည်။

ပန်းယမုံနှင့် တွေ့ခဲ့၊ ဆုံခဲ့၊ ကြုံခဲ့၊ ပျော်ခဲ့၊ ပါးခဲ့တာကို ရည်ရွယ်ပြီး ရဲသွေးက ပြောလိုက်ခြင်းဖြစ်သည်။

"ဟွန်း. . . ဖူးကတော့လေ၊ လွမ်းလိုက်တာ သိလား"

"ဘယ်သူ့ကိုလဲ"

မျက်လုံးရွဲရွဲကြီးတွေထဲက မျက်ဝန်းနက်နက်ဝိုင်းဝိုင်းတွေ ထောင့်ကပ်လို့ကြည့်လိုက်မိသည်။

"ကြည့်. . . သိရဲ့သားနဲ့နော်"

ရဲသွေးက. . . ဖူးပွင့်ငုံ၏ နှုတ်ခမ်းစူစူ စိတ်မဆိုးတဆိုး ဟန်နှင့်ပြောပုံကိုကြည့်ရင်း မပြုံးချင် ပြုံးချင် ပြုံးလိုက်ရ၏။

"ကဲ လာ. . . တိုက်ထဲ ဝင်ရအောင်"

လက်တစ်ဖက်ကို အတင်းဆွဲလို့ ဖက်တွယ်ထားရင်း ဆွဲခေါ်သွားတော့. . . ။

"ဖူး. . . ဖြည်းဖြည်း လုပ်ပါဟ"





အတင်းဆွဲခေါ်နေသဖြင့် ကိုယ်က ရှေ့သို့ ငိုက်ခနဲ သို့သွားရ၏။

"ကမယေး. . ဖြစ်နေလိုက်တာ"

"ဖြစ်နေသော မဟုတ်ဘူးလေ. . . အရမ်းဆွဲခေါ်လိုက်တော့ မှောက်ရက်လဲတော့မလို့ပေါ့. . . "

"ကဲ ဒါဆိုလည်း ဖြည်းဖြည်းပဲ သွားမယ်"

ရဲသွေး ဘာမှမပြောတော့. . . ဖူးပွင့်ငုံ ဆွဲခေါ်ရာ နောက်သို့ လိုက်သွားတော့သည်။

"ဖေဖေ၊ မေမေ ရေ"

တိုက်ထဲရောက်လာသည်နှင့် ကလေးတစ်ယောက်လို အော်ပါက်ကာ အော်ဟစ်ရင်းနှင့် နောက်ဘက် ထမင်းစားခန်း ဘက်သို့ လှမ်းကြည့်လိုက်သည်။

"ဒေါ်ဒေါ်ရေ. . . ဦးဦး"

နောက်ထပ်တစ်ခါ ထပ်၍ အော်လိုက်ပြန်သဖြင့်

"ဟဲ့ သမီး. . . အိမ်ရှေ့ကနေ အော်ခေါ်မနေနဲ့. . . ထမင်းစားခန်းထဲ ဝင်လာခဲ့လေ. . . ဘာမှန်းမသိဘူး သူ့အသံကြီးနဲ့ ကုန်းအော်နေလိုက်တာ. . . "

ဒေါ်မာလာပွင့်က ထမင်းစားခန်းကနေ ပြန်၍အော်ပြောလိုက်တော့ ဖူးပွင့်ငုံ လျှာကလေးတစ်လို့ မျက်လုံးလေးပြူးလို့ သွားပါတော့သည်။

"ကဲလာ. . . ကိုကို"

"နေဦး ဖူး၊ ဖေဖေနဲ့ မေမေ ရောက်နေတယ်



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား''

ဖူးပွင့်ငုံ ဖက်ကလေးကို ငြိမ့်ပြလိုက်သည်။

''အင်း... ရောက်နေတယ်''

''သူတို့တွေ ကိုယ့်ကို ဘာတွေပြောလဲဟင်... ဖူ

''ဟာ... ပြောတာပေါ့၊ ရေရေလည်လည်ကိုပြောတာ

ရဲသွေး မျက်နှာပျက်လို့သွားသည်။ ဒါကို ဖူးပွင့်ငုံ ဖျတ်ခနဲမြင်လိုက်ပြီး အသာလေးငြိမ်နေလိုက်ကာ မသိချင်ယောင် ဆောင်နေလိုက်ပါသည်။

''ဘယ်လိုပြောလဲ ဖူး''

ရဲသွေး အသံက ပျော့တော့တော့ နိုင်သွားတော့၏

''ဟာ စုံနေတာပေါ့... ဒီကောင် လူကြီးတွေ ဂရုမစိုက်တာ ငါတက္ကသိုလ်ကျောင်းသားဆိုပြီး မာန်တက်တ လား... မသကာ သမီးဖူးကို ခေါ်သွားရမှာပေါ့...''

ထိုနေရာအရောက်တွင် ဖူးပွင့်ငုံက မသိမသာယေ ရဲသွေးကိုကြည့်လိုက်၏။ ရဲသွေးက သူမကို မယုံသင်္ကာသဘော မျိုးဖြင့် စိုက်ကြည့်နေရာ...။

''စကားကို လုပ်ပြီးပြောတာ မဟုတ်ဘူးနော်။ လူ မယုံရင် ကိုကို့အဖေကို မေးကြည့်လိုက်ပေါ့''

ဖူးပွင့်ငုံက အတည်ပေါက်နှင့်ပြောလိုက်သဖြင့် ရဲသွေး မပြောနိုင်တော့... သူမပြောသမျှကို ယုံလိုက်ရတော့မည်သာ

ဖူးပွင့်ငုံ ပြောသလို လူကြီးတွေကို သွားမေးလိုက်မည် ဆိုလျှင် မင်းဘာလို့ မခေါ်သွားတာလဲ ဘာလဲ ညာလဲဆို





ားတွေက ရှည်လာဦးမည်။ အပြစ်တွေကလည်း တင်လာ ည်မဟုတ်ပါလား...။ ဒီတော့ ဖူးပွင့်ငုံ၏ မယုံရင်မေးကြည့် လား ဆိုသည့်စကားကိုတော့ ရဲသွေး သူ့အဖေနှင့်အမေ... ောက်ပြီး ဖူးပွင့်ငုံ၏ အဖေနှင့် အမေတို့ကို Question ဆုတ်ရဲတော့ပါ...။

သို့ဖြင့်...။

ဖူးပွင့်ငုံ၏စကားကို မယုံချင်လည်း ယုံလိုက်ရမည်။

ဟုတ် ဟုတ် မဟုတ် ဟုတ်၊ ဟုတ် ာ်လိုက်ရမည်သာ။

''လာပါ... ခုမှ တွန့်မနေပါနဲ့ အထဲသွားရအောင်''

ဖူးပွင့်ငုံက လက်ကိုအတင်းဆွဲခေါ်လို့သွားသဖြင့် ူကလည်း ခြေလှမ်းကျဲကျဲကြီးဖြင့် ဝင်လို့လာရတော့သည်။

''ဟောဒီမှာ... ကိုကို ပြန်လာပြီ''

ထမင်းစားခန်းထဲသို့ ရောက်ရောက်ခြင်းပင် ဖူးပွင့်ငုံ အော်ပြောလိုက်ပါသည်။

ထမင်းစား စားပွဲခုံတိုင်းတွင် ထိုင်နေသည့် သူတွေ အားလုံး လှမ်းကြည့်လိုက်သည်။ ဖူးပွင့်ငုံနှင့်အတူ ယှဉ်တွဲကာ ပ်နေသည့် ရဲသွေးကို မြင်လိုက်ကြ၏။

ဦးမြဒင် အကြည့်က သူ့အပေါ်သို့ မှုန်တေတေနှင့် ဖြစ်နေပြီး ဒေါ်ရွှေရည်၏ အကြည့်က ပြုံးပျော်ကြည်နူး သွားတော့သည်။

''သား... လေး''



www.burmeseclassic.com

www.burmeseclassic.com



"မေမေ"

ရဲသွေးက သူ့အမေ ဒေါ်ရွှေရည်အနီးသို့သွားလိုက် အနီးက လွတ်နေသည့် ထိုင်ခုံတွင် ဝင်၍ ထိုင်လိုက်၏။

"မေမေတို့... ဘယ်တုံးကရောက်နေလဲ"

"မင်း ခရီးစထွက်တဲ့နေ့က ရောက်နေတာကွ"

မကျေနပ်သံ... ။

ဘုဆတ်ဆတ်နှင့် ပြန်ဖြေလိုက်သည့် အသံ မာမာတင်းတင်းနှင့် ခက်ထန်သရော် ဖြစ်နေသည်။ ရဲသွေး တစ်ခွန်းမှ ပြန်မပြောပဲ ငြိမ်နေလိုက်သည်။

ဦးကျော်ဒွန်းနှင့် ဒေါ်မာလာပွင့်တို့က အေးဆေးစွာနှင့် ဦးမြဒင်နှင့် ရဲသွေးကို အကဲခတ်ကာနေ၏။ ကော်ဖီလေး တစ်ချက်ငုံလိုက် ကိတ်မုန့်လေး တစ်ချက်ကိုက်လိုက်နှင့်ပေါ့လေ

"မင်းကွာ... ငါတို့လာခါနီးပြီဆိုတာ မတွက်ဘူးတဲ့လား ကြည့်စမ်း... ငါ့မှာ ဘယ်လောက် အချိန်ကုန်သွားသလဲ ဆိုတာ"

ဦးမြဒင် ဓာတ်လမ်းကစပြီ... ။

ပြောပြီးဆိုသည်နှင့် အတောမသတ်တော့။ ပြောရင်းနှင့် ဒေါသက ပါလာတော့မည်။ သည်သို့ဆိုတော့ ဒေါ်ရွှေရည်ကပဲ

"အို ရှင်ကလဲ ခုမှ ရောက်လာတာရှိသေးတယ် ဆူဘို့က အရင်ပဲရှင်"

ပြန်းဆို ဦးမြဒင်၏ ဒေါသမျက်လုံးတို့က ဒေါ်ရွှေရည် ထံသို့ ရောက်သွားတော့၏။





ဒါကို ဦးကျော်ဒွန်း သိလိုက်သည်နှင့်... ။

"ကဲ မောင်ရဲ မင်းဘာမှ မစားရသေးဘူးနဲ့တူတယ်။ ..."

ရဲသွေးကို ပြောရင်းနှင့် တလက်တည်း ဖူးပွင့်ငုံကိုပါ ပြောလိုက်သည်။

"ရှင်"

"မောင်ရဲအတွက် ကော်ဖီထည့်လိုက်စမ်း"

"ဟုတ်..."

ဖူးပွင့်ငုံက စားပွဲပေါ်က ဖမောက်ထားသည့် လက်ဖက်ရည် ပန်းကန်လုံးကို လှန်လိုက်ပြီး ရေနွေးကရားမှ ကော်ဖီကို ငှဲ့ထည့်ပေးလိုက်သည်။ နောက် ကိတ်မုန့် ပန်းကန်ကို ရဲသွေး ရှေ့သို့ တိုးယူလိုက်၏။

"ကိုကို... စား"

ပြောပြောဆိုဆိုပါပဲ... ကိတ်မုန့်တစ်ခုကိုယူလိုက်ပြီး ရဲသွေးကို ပေးလိုက်သည်။

"သမီးကော မစားဘူးလား"

ဦးမြဒင် မေးလိုက်တော့... ဖူးပွင့်ငုံက ရယ်မောလိုက် ပါ၏။

"သူလား... ဒီအချိန်ထိ နေမှာ"

ဟု ဒေါ်မာလာပွင့်က ဖူးပွင့်ငုံကိုကြည့်ရင်း ပြောလိုက်ရာ အားလုံးက ရယ်မောလိုက်တော့သည်။

"ဟော့ကောင်... ရဲသွေး"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ"

"မင်း ကျောင်းတက်ရတော့မယ်နော်. . . ငါအားလုံး စီစဉ်ထားခဲ့တယ်. . . အရင်နှစ်တွေကအတိုင်းပဲ မင်းဦးလေးကို လွှဲပေးထားတယ်။ အဲ ဒီနှစ်မှာ သမီးလေး ဖူးလည်း ကျောင်း စတက်တော့မယ်. . . အဲဒါ မင်း အစစ အရာရာ တာဝန်ယူ ရမယ် သိလား. . . ဟော့ကောင် ရဲသွေး"

ရဲသွေး ဘယ်သူ့ကိုမှ မကြည့်ဘဲ ဦးမြဒင်ကို ခေါင်းညိတ် ပြလိုက်ရသည်။ စိတ်ကတော့ မှိုင်းဝေလို့နေ၏။

× × × × × ×

ခေါင်းလေးငုံ့နေသည့် ရဲသွေးကို သူ့အမေ ဒေါ်ရွှေရည်က ခေါင်းကဆံနွယ်စတွေကို ပွတ်သပ်ပေးနေရင်းက သူ့အခြေအနေကို အကဲခတ်၊လို့နေသည်။ သူမစိတ်ထဲတွင် သားဖြစ်သူ၏ အတွင်းစိတ်သဏ္ဍာန်ကို ထိုးဖောက်မြင်နေသည့် အလား. . . စိတ်မသက်မသာနှင့် ဖြစ်လို့နေရှာတော့သည်။

တစ်ခါတစ်ခါတွင် သူတို့နှစ်ယောက်ရှေ့တွင် ခေါက်တုံ့ ခေါက်ပြန်နှင့် လက်နောက်ပစ်ပြီး လျှောက်နေသည့် ဦးမြဒင်ကို ဒေါ်ရွှေရည် မော့မော့ကြည့်မိလိုက်၏။

"မင်း. . . လက်ပံကွင်းရွာကို မေ့လိုက်တော့ကွာ"

"ဗျာ. . ."

နားမလည်သလိုနှင့် ထိုင်နေရက်ကနေ မော့ကြည့် လိုက်သည်။

"မင်းရဲ့ ဘဝတစ်ခုလုံးကို ဟောဒီ ရန်ကုန်မှာပဲ





မြှုပ်နှံထားလိုက်ပါ သား"

ဦးမြဒင်နှုတ်မှ တစ်လုံးချင်းထွက်လာသည့် စကားတို့က သူ့နှလုံးသားကို အပ်နှင့်ဆွသလိုမျိုး ခံစားလိုက်ရသည်။

"ဘာကြောင့်လဲ ဖေဖေ"

"မင်းဘဝ အခြေအနေနဲ့ လက်ပံကွင်းရွာက မိန်းကလေးတွေရဲ့ ဘဝနဲ့ မတန်လို့ပဲ. . . ရဲသွေး"

ဖြည်းလေးစွာပဲ ခေါင်းကိုရမ်းခါလိုက်သည်။

"ဖေဖေ. . . ကျွန်တော့်ကို ပုံစံခွက်ထဲက လူတစ်ယောက်လို့ သတ်မှတ်ထားလိုက်တာလား ဟင်"

ဖြတ်ဆို ဦးမြဒင်၏အကြည့်တို့က သူ့ဆီရောက်လို့ သွားတော့သည်။

"ရွှေရည်. . . ကြည့်စမ်း. . . ။မင်းသား စကားတွေ တော်တော်တတ်လာပြီပဲ. . . ဟား မထင်ဘူးကွာ. . . ဒီလို ပြန်ပြောလိမ့်မယ်လို့ ငါဘယ်လိုမှကို မတွေးမိလိုက်ဘူး။ ဘာလဲ ရဲသွေး. . . မင်းက အကောင်ကြီးလာလို့ ငါ့ကို ပြန်ကိုက်ချင် နေပြီပေါ့လေ. . . ဟုတ်လား"

ဒေါသသွေးတို့က ဦးမြဒင်၏ မျက်နှာတစ်ခုလုံးကို လွှမ်းခြုံလို့ သွားတော့သည်။

"ကိုမြဒင်. . . ရှင့်ရဲ့ ဒေါသတွေ ခဏမြိုချထားလိုက် စမ်းပါရှင်။ ဒါ. . . လက်ပံကွင်းက ကျွန်မတို့အိမ် မဟုတ်ဘူး ဆိုတာ သတိထားပါဦး"

တိုးလျှိုး တောင်းပန်လိုက်သည့် ဒေါ်ရွှေရည်စကားကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ဦးမြဒင် စိတ်တွေကို လျှော့ချလိုက်တော့သည်။ ဒါတောင် တောက်ခေါက်လိုက်သံက ထွက်ပေါ်လာခဲ့သေးသည်။

"သားကလည်း... ကိုယ့်အဖေကို ဒီလိုပြန်မပြော ဘူးလေ... ငါ တက္ကသိုလ်ကျောင်းသား ပညာတတ်တစ်ယောက် ဆိုပြီး စကားတတ်တိုင်း ပြောလို့မရဘူး သား... ။ သားရဲ့ စကားကို ပြန်ဆန်းစစ်ကြည့်စမ်း မင်းကို မွေးစခွက်ထဲ လူတစ်ယောက်လို့ မင်းအဖေရော အမေရော မသတ်မှတ်ပါဘူး သားရယ်"

ဒေါ်ရွှေရည် အသံတွေက ဝမ်းနည်းသံတွေ ရောစွက် လို့နေ၏။

"အမှန်က မင်းဘဝ တိုးတက်ကောင်းမွန်ဖို့အတွက် စည်းကမ်းစနစ်တွေနဲ့ ချမှတ်ပြီး နေထိုင်ကြိုးစားစေခဲ့တာ... ဒါကို သားအနေနဲ့က ချုပ်နှောင်ထားတယ်လို့ ခံယူလိုက်တာ ကတော့ သား မှားသွားမှာပေါ့ကွယ်" —

"ကဲ ရွှေရည်... ဒါတွေပြောမနေပါနဲ့ကွာ... ဒီမှာ ရဲသွေး... မင်းကို ပွင့်ပွင့်လင်းလင်းပဲပြောမယ်... မင်း သေချာနားထောင်... မင်းကို သမီး ဖူးနဲ့ နေရာချထားပေးဖို့ တို့လူကြီးချင်းတွေ စကားပြောထားပြီးသား..."

"ဟာ... အဖေ"

ရဲသွေး အံ့သြတုန်လှုပ်ကာ ချောက်ချားလို့ သွား၏။

"မင်း ငါတို့ကို ဘာမှ မပြောနဲ့တော့... ငါတို့ စီစဉ်တာကို လက်မခံဘူးဆိုရင် မင်းအမေနဲ့ ငါ့ရဲ့ အလောင်း





နှစ်လောင်းကို လက်ပံကွင်းရဲ့ သုသာန်သင်္ချိုင်းမှာ လာမြှုပ် လိုက်တော့ကွာ"

"ဟာ အဖေ ရယ်"

ရဲသွေး မျက်လုံးစုံမှိတ်လိုက်သည်။ ဒီတော့မှ မျက်ရည် တစ်ပေါက်က ပြုတ်ကျလာခဲ့တော့၏။

အဖေရာ... ။

ရက်စက်လိုက်တာ... ။

တစ်သွေး တစ်သံ တစ်မိန့် နဲ့ ပြင်းပြင်းထန်ထန် နှိပ်ကွပ်လိုက်တာလားဗျာ... ။ ကြိုးဆွဲ ရုပ်သေးရုပ်ကလေး တစ်ရုပ်လို လှုပလှပလေး က,နိုင်အောင်လို့ ကြိုးဆွဲ က,စေ တာကတော့... သက်မဲ့အရုပ်လေးမို့ လှုပစွာနဲ့ က,သွားနိုင် မှာပါ... ။

ဒါပေမဲ့... ။

ရဲသွေးဆိုတဲ့ သက်ရှိလူသားတစ်ယောက်ကို အဲလို ကြိုးဆွဲ က,စေနိုင်တာက... မတရားဘူးလို့ ပြောချင်ပါတယ် အဖေ... ။

ဘာဖြစ်လို့လဲ ဆိုတော့... ။

ရဲသွေးဆိုတဲ့ လူတစ်ယောက်မှာ အသည်းနှလုံး ရှိနေ တယ်လေ။ အဲဒါကို အဖေမေ့နေပြီလား... ။ ဒါမှမဟုတ် မသိချင်ယောင်ပဲ ဆောင်နေတာလား... ။ ဒါတွေကို မပြော ခဲ့ဘူးအဖေရယ်... ဘာဖြစ်လို့လဲဆိုတော့ အဖေဟာ ကျွန်တော့် အဖေဖြစ်နေလို့ပဲပေါ့ အဖေ... ။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ဟော့ကောင်. . . မင်း ဘာမှ စဉ်းစားမနေနဲ့၊ မင်းစိတ်ထဲမှာ ကျေနပ်တာပဲဖြစ်ဖြစ်၊ မကျေနပ်တာပဲဖြစ်ဖြစ် မိဘကျေးဇူးဆပ်တာပဲလို့ မှတ်ထားလိုက် ဟုတ်ပလား"

ဟုတ်ကဲ့လို့လဲ မပြောတော့ပေ. . . ။

ဟင့်အင်းဟုလည်း မငြင်းဆန်တော့ပါ. . . ။

ဘယ်လိုပဲပြောပြော အကြောင်းက ထူးမည် မဟုတ်ပဲလေ. . . ။

"ငါတို့တွေ မနက်ဖြန် ရွာပြန်မယ်. . . မင်း ဘာလို သေးလဲ"

"ဟင့်အင်း. . . ဘာမှမလိုတော့ပါဘူး"

"ဒါဆိုလည်း ပြီးရော"

သူ့အခန်းထဲကနေ မိဘနှစ်ပါးစလုံး ထွက်သွားတော့

"ငါ့ဘဝကြီးက . . . ဘယ်လိုကြီးလဲ"

ဟု စိတ်တွေ မကြည်လင်တနှင့် ဝေဝါးငေးမှိုင်လို့ သွားပါတော့သည်။

❀ ❀ ❀ ❀ ❀



## အခန်း စဉ်(၁၂)

### "ကျောပိုးအိပ်ကလေး"

ဖူးပွင့်ငုံ၏ ပျော်ရွှင်ကြည်နူးနေသည့် မျက်နှာလေးက လှပလွန်းနေပါသည်။

ဒီကနေ့. . . ။

တက္ကသိုလ်ကျောင်း စ၍တက်ရပြီဆိုတော့ ဖူးပွင့်ငုံ၏ ဘဝတွင် ပျော်ရွှင်မှုတွေရှိခဲ့သည်မှ ဒီပျော်ရွှင်မှုက အမှတ်တရနှင့် ထူးထူးခြားခြား ဖြစ်ခဲ့ရပါ၏။

သူမရင်ထဲတွင် အလိုလို ပျော်ရွှင်လို့နေမိသည်။ ရင်ကလေးတွေလည်း ဖိုတိုတိုနှင့်ဖြစ်မိ၏။ တက္ကသိုလ်ကျောင်းသူ



www.burmeseclassic.com

www.burmeseclassic.com



ကြီးဆိုတဲ့ ဂုဏ်ပုဒ်က တော်တော် ဗိလင်လာသားဟာ ခံစားမိနေလိုက်ပါသည်။

ထိုသို့ သူမ ပိုမိုပျော်ရွှင်စွာ ခံစားရသည်ကတော့ တက္ကသိုလ်ကျောင်းသို့ ရဲသွေးနှင့်အတူ ကျောင်းတက်သွားခဲ့ရခြင်းပင် ဖြစ်ပါတော့သည်။

"ကိုကို"

ရဲသွေးဘက်သို့ လှည့်ကာ မှုန့်နွဲ့နွဲ့နှင့် ချွဲတွဲတွဲလေးလေသံဖြင့် ဖူးပွင့်ငုံ ခေါ်လိုက်သည်။

သို့သော် . . . ရဲသွေးက လှည့်၍ မကြည့်ခဲ့။ ပြင်ပဘက်သို့သာ ငေးကြည့်လို့နေ၏။ ပြင်ပဘက်မှ တိုက်ခတ်တိုးဝင်လာသည့် လေသရမ်းတို့ကြောင့် သူ့ဆံပင်တို့က ဖရိုဖရဲနှင့် ဖြစ်လို့နေ၏။

"ကို . . . ကို . . . "

မခို့တရို့လေးနှင့် ဖူးပွင့်ငုံ ထပ်၍ ခေါ်လိုက်ပြန်၏။

ရဲသွေး လှည့်မကြည့်သေး . . . ။ မကြားတာလားဒါမှမဟုတ် ကြားရဲ့သားနဲ့ မကြားချင်ယောင်ဆောင်နေတာလားဆိုတာ မသိ။ သူ့အကြည့်တွေကလည်း တစ်နေရာသို့တစိုက်မတ်မတ်ကို ကြည့်လို့နေသလိုလို ဖြစ်နေမိသည်ပဲ။

သည်တော့ . . . ။

ဖူးပွင့်ငုံက . . . ရဲသွေး၏ မျက်နှာရှေ့တည့်တည့်သို့ခေါင်းကိုစောင်းငဲ့ကာ ကြည့်လိုက်မိသည်။ ဒါကိုလည်း ရဲသွေးသိသည်မဟုတ် . . . ။





ဖူးပွင့်ငုံ နှုတ်ခမ်းလေး စူလာခဲ့ပြီး ရဲသွေးကိုလည်းခပ်တင်းတင်းလေး ကြည့်လိုက်မိပြန်၏။ သူမစိတ်ကအလိုမကျတော့ . . . ။

"ကို ကို"

သည်အခါမှာတော့ ဖူးပွင့်ငုံက ရဲသွေး၏ လက်မောင်းကိုဆုပ်ကိုင်လို့ လှုပ်ရမ်းကာ အတင်းပင်အော်ခေါ်လိုက်ပါတော့သည်။

"ဘာလို့ အရမ်းအော်နေရတာလဲ ဖူးရဲ့။ ဖြည်းဖြည်းပြောလည်း ကြားပါတယ်"

"ဟွန်း. . . ကိုကိုလို့ ခေါ်နေတာ ဘယ်နှစ်ခါရှိပြီလဲ၊ ခုပါနဲ့ဆို သုံးခါလောက် ရှိသွားပြီ သိလား။ ဟင်း, တကတည်းဆိုင်နေရင်းနဲ့ သေသွားပြီလားလို့ ကြည့်လိုက်ရတာ။ ပြောစမ်းပါဆိုင်နေရင်းနဲ့ ဘာတွေစျာန်ဝင်နေတာလဲလို့"

သူ့ကို စူးစိုက်စွာကြည့်ရင်းက မေးလာသည့် ဖူးပွင့်ငုံ၏အမေးစကားကိုကြားရပြီးနောက် . . . ရဲသွေး သက်ပြင်းပူကလေးကိုမသိမသာ ချလိုက်တော့၏။

တကယ်တော့လည်း ရဲသွေးတစ်ယောက် အတွေးလွန်နေခြင်းရယ်ပါ။ ထိုအတွေးကလည်း လက်ပံကွင်းရွာမှ ပန်းယမုံကိုတွေးနေခြင်းပင်ဖြစ်ပါသည်။

မျက်ဝန်းအကြည့်ကို ကားမှန်ရှေ့သို့ ပို့လိုက်ရာ . . . မြောက်ဒဂုံမြို့နယ်ထဲသို့ ကားလေးက ရောက်နေတာကိုတွေ့လိုက်ရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ. . . ဘာပြောမှာလဲ"

ပြောလိုက်သည့်စကားက စိတ်မပါသလိုနှင့် တုံးတိတိကြီး ဖြစ်နေ၏။

"ဖူး ဘယ်အခန်းမှာ တက်ရမလဲဆိုတာ လိုက်ပြဦး ဒီနေ့ စတက်ရမယ်ဆိုတော့ ကြောက်သလိုလို ရှက်သလိုလိုချည်း ဖြစ်နေတယ်။ အဲဒါ ကိုကို ဖူးကို လိုက်ပို့နော်၊ ပြီးမှ ကိုယ့်အခေါင် ကိုယ်သွားပေါ့"

"သူများတွေလည်း ဒီလိုပဲ တက်ကြတာပဲ"

"အိုး. . . ဖူးက သူများတွေ မဟုတ်ဘူးလေ"

"ပြဿနာပဲကွာ"

"ဘာ ပြဿနာလည်း ကိုကိုနော်. . . ဖူးကို တက်ရမဲ့ အဆောင်ကို လိုက်မပို့ဘူးဆိုရင် ဦးရောက်လာရင် တိုင်ပြော လိုက်မယ်. . . သိလား"

"ဖူး နင် အညာကိုင်တတ်သားနော် ဟင်း"

ဖူးပွင့်ငုံ စိတ်ထဲ ပျော်လည်းပျော်သွားသည်။ ကျေနပ်မှုတွေလည်း ရသွားသည်။ ဘယ်ရမလဲ ဖူးတဲ့၊ ဒီလိုမှ မပြောရင် ကိုကို လိုက်ပို့မှာ မဟုတ်ဘူးလေ. . . ။

"အဟဲ ဟဲ ဟဲ. . . "

ဖူးပွင့်ငုံ သဘောကျစွာ ရယ်မောလိုက်တော့ ရဲသွေးရဲ့ မျက်စောင်းက ဒိုင်းခနဲ ရောက်လာခဲ့သည်။

"ဘာ အဟဲ ဟဲ ဟဲ လဲ"

"ကိုကိုက ကြောက်တတ်သားပဲ"





"ဘာပြောတယ်"

ရဲသွေး၏ အသံက ခက်ထန်လို့သွား၏။ ကားဒါရိုင်ဘာတောင် ကားမောင်းနေရင်းမှ တွန့်ခနဲဖြစ်လို့သွားသည်။ နောက်ကြည့်မှန်မှတစ်ဆင့် လှမ်းကြည့်လိုက်မိ၏။

"ဦးကို ကြောက်တတ်သားပဲလို့ ပြောတာပါ"

"ဟွန်း. . . "

အဲဒီ ဟွန်းကြီးက မကျေနပ်သံပါ။ မျက်နှာထား သုန်သုန်မှုန်မှုန်နဲ့လေ. . . ။

တော်ပြီ၊ တော်ပြီ၊ ပျော်ချင်တဲ့စိတ်လေးတောင် ဘယ်ရောက်သွားမှန်း မသိတော့ဘူး။ သူ့ကို မခေါ်တာဘဲ ကောင်းမယ်. . . ဟု စိတ်ထဲကနေ သူမဒေါကန်နေလိုက်၏။

မကြာခင်မှာပဲ. . . ဒဂုံတက္ကသိုလ်ကျောင်းဝင်းထဲ ရောက်လာခဲ့၏။

"ဦးလေးထွန်း. . . ဒီမှာပဲ ရပ်လိုက်တော့"

သိပ္ပံဆောင်နား အနီးသို့ရောက်တော့ ရဲသွေးက ပြောလိုက်သဖြင့် ကားလေးက ဘေးသို့ထိုးရပ်လိုက်သည်။

"အိမ်ကိုပဲ ပြန်လိုက်တော့ ဦးလေးထွန်း. . . ဒီနေ့တစ်နေ့တော့ ဖြစ်သလိုပဲ ပြန်လာခဲ့မယ်၊ အတန်းဆင်းတာ ဘယ်အချိန်လဲ ဆိုတာ မသိသေးဘူး။ သူ့ရဲ့ TIME TABLE ကြည့်ပြီးမှပဲ အတန်းဆင်းချိန် အမှန် သိရမှာ. . . "

"ဒါဆို . . . ဦးလေးထွန်း သွားမယ်"

ရဲသွေးက ခေါင်းညိတ်ပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက်အနီးမှ ကားလေးမောင်းထွက်လို့ သွားသည်ကို ငေးကြည့်လိုက်ပြီးမှ ရဲသွေးက ဖူးပွင့်ငုံကို လှည့်ကြည့်ရင်း. . . ။

''လာ. . . သွားမယ်''

ဖူးပွင့်ငုံ ခပ်တည်တည်ပဲ ရဲသွေး နံဘေးကနေ လိုက်လာခဲ့ရသည်။ မျက်နှာကတော့ ခပ်တည်တည် မှုန်တေတေနဲ့ပေါ့လေ. . . ။ဘာစကားမှလည်း မပြောတော့။

သည်လိုနှင့် ဖူးပွင့်ငုံတက်ရမည့် ကျောင်းဆောင်ပေါ်သို့ လိုက်ပို့နေစဉ်မှာ. . . မျက်နှာချင်းဆိုင်မှ လှမ်းလာနေသည့် ကျောင်းသူနှစ်ဦးယှဉ်တွဲလျှောက်လာရာမှ. . . တစ်ယောက်သော ကျောင်းသူတစ်ဦးက ရဲသွေးကို မြင်လိုက်သည်နှင့်. . .

''ဟယ်. . . ရဲရဲ''

''ဟာ. . . မြတ်''

ရဲသွေးမျက်နှာက ပြုံးလို့သွားတော့၏။ တစ်ဖက်က ကျောင်းသူအမျိုးသမီးကလည်း ဝမ်းသာဟန်နှင့် ပြုံးရယ်လို့ နေသည်။

''ညီမလေးကို လိုက်ပို့တာ၊ ဒီနှစ်စတက်မယ့် First Year ကျောင်းသူပေါ့''

''ဟုတ်လား ကိုယ့်ရဲ့ညီမလည်း First Year ပဲ မြတ်လိုပဲ. . . ကိုယ်ကလိုက်ပို့ရတာ။ ပထမရက်ဆိုတော့ ကြောင်တောင်တောင်ဖြစ်နေမှာ စိုးလို့လေ''

''ဒီတစ်ရက်ပါ. . . အတန်းတက်ရင်း သူငယ်ချင်းတွေ





ရသွားမှာပါ. . . နောက်ဆို အစ်ကိုတွေ၊ အစ်မတွေကို မေ့သွားလိမ့်မယ်. . . မယုံရင်ကြည့်နေ ရဲရဲ''

''ဟုတ်ကယ်. . . ဟုတ်တယ်. . . မြတ်ပြောတာ ဖြစ်နိုင်ကယ်''

ရဲသွေးကပါ ရယ်မောရင်း ထောက်ခံစကားဆိုလိုက်တော့ ဖူးပွင့်ငုံ မျက်စောင်းက မသိမသာလေးရောက်လို့သွားခဲ့ပြန်သည်။

''အမယ်. . . မမြတ်ကလည်း လူကိုအထင်သေးလိုက်တာ. . . ဟွန်း သူတို့စိတ်နဲ့ နှိုင်းယှဉ်ပြီးပြောနေလိုက်တာများ''

''အေးလေ''

မြတ်ဆိုသည့် မိန်းကလေး၏ ညီမဖြစ်သူက မဟုတ်မခံ ပြန်ပက်တော့ ဖူးပွင့်ငုံကပါ သူမဘက်ကနေလိုက်၍ ထောက်ခံ စကားဆိုလိုက်၏။

''ဟော တွေ့လား ရဲရဲ. . . ခုပဲ သူတို့သူငယ်ချင်းတွေ ဖြစ်သွားကြပြီ''

''အင်း. . . ဟုတ်သားပဲ''

''ကဲ ဒါဆို ညီမလေးတို့နှစ်ယောက် အတူတူ အဆောင်ထဲ ဝင်ကြတော့. . . အဆောင်ဝမှာ Roll နံပါတ်တွေ ကပ်ထားတယ်. . . ။အဲဒါကြည့်ပြီးရင် ဘယ်အခန်းမှာ သင်ရ မလဲဆိုတာ သိလိမ့်မယ်နော်. . . မမတို့လည်း အဆောင်ဘက် သွားတော့မယ်''

''လာ လာ. . . တို့ဘာသာ တို့သွားမယ်''

မြတ်ရဲ့ ညီမဖြစ်သူကလည်း စိတ်ကခပ်ဆတ်ဆတ်နဲ့



www.burmeseclassic.com

www.burmeseclassic.com



တူပါတယ်... ဖူးပွင့်ငုံ၏လက်ကလေးကို ဆွဲကိုင်ပြီး ရဲသွေးတို့ နှစ်ယောက်ရှေ့ကနေ ဆောင့်ဆောင့်နဲ့ထွက်သွားကြတော့၏

ဒါကိုပဲ... ။

မြတ်နှင့် ရဲသွေးတို့ နှစ်ယောက်က သဘောကျစွာနှင့် ကြည့်နေလိုက်သည်။

အင်း... ။

အိမ်ရောက်ရင်ဖြင့် ဘယ်လိုကျိုကျောင်းနိုင်မလဲဆိုတာကို ရဲသွေး တွေးကာနေလိုက်တော့၏။ ဒီကျောပိုးအိပ်ကလေးကတော့ တကယ်မလွယ်... ။

× × × × × ×

ပထမနေ့ဆိုတော့ ... စာသင်ချိန်တွေက အချိန်ပြည့် မဝင်နိုင်သေးပဲဖြစ်နေသည်။ အားလပ်သည့်အချိန်တွေက များနေသဖြင့် ဖူးပွင့်ငုံတစ်ယောက်ထဲ Class ထဲမှာပဲ ထိုင်တွေးကာ ငေးလို့နေတော့သည်။

မနက်က တွေ့လိုက်ရသည့် မြတ်ဆိုသည့်မိန်းကလေး၏ ညီမကလည်း အတန်းထဲရောက်သည်နှင့် သူမ သူငယ်ချင်းတွေနှင့် တွေ့ကာ ခွဲနှုတ်လို့ ထွက်သွားပြန်၏။ သည်တော့ သူမတစ်ဦးတည်း တစ်ယောက်တည်း ဖြစ်နေတော့သည်။

ဒါလည်း ခပ်ကောင်းကောင်းပင်... ။

မနက်ကတည်းက တစ်ယောက်ထဲနေချင်သည့် စိတ်တွေက ရှိနေခဲ့ပြီး... ရဲသွေးအပေါ်သို့ စိတ်မကြည်လင်မှုတွေက ကိန်းအောင်းလို့နေခဲ့ပါ၏။





သူမကိုလိုက်ပို့ခဲ့သည့် ရဲသွေးအပေါ် တော်တော်လေး ...ျမနှပ်ဖြစ်နေမိခဲ့ပါ၏။ စိတ်မရှည်တာနဲ့ စိတ်တိုတာနဲ့ ...စိတ်ချဉ်းပဲလေး... ။ ဟော ဟိုမြတ်ဆိုတဲ့ မိန်းမနှင့်လည်း ...ရော သူ့ပါးစပ်ကြီးက နားရွက်ပေါ်တက်ချိတ်လိုက်တော့ ...ည့်ပုံစံဖြစ်လို့သွားခဲ့ရပါတော့သည်။

သည်မှာပဲ... ဖူးပွင့်ငုံ ရဲသွေးကို အမြင်ကပ်လို့သွား၏။ ...ထဲတွင်လည်း ပျော်ရွှင်မှုတွေ ဆိတ်သုဉ်းသွားခဲ့ရပြီး ...နေသည့်စိတ်တွေက ရင်ထဲမှာ အလိုလိုဖြစ်ပေါ်လာခဲ့ မိ...ာသည်။

ခုလည်းပဲ... ။

ခုံတန်းမှာတစ်ယောက်ထဲ ရဲသွေးအကြောင်းကိုတွေးနေ...သည်။ စဉ်းစားနေမိသည်။ ပြီးတော့ စိတ်ကောက်နေမိသည်။ ...ထဲတွင် တင်းကျပ်စွာခံစားနေရသည့် ဝေဒနာက နေလို့ ...လို့ မရခဲ့တော့ပါ... ။

ထို့ကြောင့်ပင်... ။

ဖူးပွင့်ငုံ Class ထဲကနေ ထွက်လာခဲ့တော့သည်။

အဆောင်၏အပြင်ဘက် ကားလမ်းမကြီးပေါ်ရောက်လို့ ...တ်စ်ကားမှတ်တိုင်အနီးတွင် TAXI တစ်စီး ရပ်ထား...သည်ကိုတွေ့လိုက်ရသဖြင့် ငှားစီးပြီး အိမ်သို့ပြန်လာခဲ့၏။

TAXI ပေါ်တွင်လည်း ရဲသွေးအကြောင်းတွေးလိုက်၊ ...မိန်းမ မြတ်အကြောင်းတွေးလိုက်နှင့် ထိုင်တွေးလို့လာခဲ့ရ၏။

မြတ်ဆိုတဲ့ မိန်းမနဲ့ ကိုကိုနဲ့က ဘာလဲ... ရည်းစား



www.burmeseclassic.com

www.burmeseclassic.com



တွေလား. . . ဟင်း နှစ်ယောက်စလုံး တွေ့လိုက်တာနဲ့ ပျော်
ပြုံးလို့၊ ရယ်လို့၊ ရွှင်လို့၊ ကြည့်လို့ကိုမရလိုက်တာနော်.

စိတ်အတွေးရဲ့ဒေါသတွေက ဖူးပွင့်ငုံရဲ့ ရင်ထဲ
မီးတောက်တစ်ခုလို ထတောက်လို့နေလေရဲ့. . . ။ခံပြင်းမှု
မနာလိုမှုတွေကလည်း ဒေါသမီးရဲ့မီးစတွေ လောင်စာတွေ အ
ပြောင်းလဲလာခဲ့ချေပြီလား. . . ။

"ငါဒီကိစ္စကို အဖေတို့ ဦးလေးတို့ကို တိုင်ပြော
ကောင်းမလား. . . "

ဖူးပွင့်ငုံ အမျိုးမျိုးတွေးကြည့်နေလိုက်သည်။

သူမစိတ်ထဲမတော့ ဖြေလျော့နိုင်စွမ်းစိတ်က မရှိသေး

"တူမကြီး . . . ဘယ်နားမှာရပ်ရမလဲကွယ့်"

TAXI မောင်းတဲ့ ဦးလေးကြီးပြောတော့မှ. . . မိမိ
နေသည့်လမ်းထဲသို့ ရောက်လာခဲ့သည်ကို တွေ့လိုက်ရတော့

"ဟိုးရှေ့နားက သံတံခါး မီးခိုးရောင်သုပ်ထားတဲ့ ခြံ
မောင်းပါ"

"အော်. . . အေး အေး"

ကားလေးက သူမပြောသည့်နေရာသို့ ဆက်၍မော
လာခဲ့သည်။ ထိုခြံရှေ့သို့ရောက်တော့. . . ကားလေး
ရပ်လိုက်၏။

"ရော့ ဦးလေး. . . ကျေးဇူးပဲနော်"

"အေး အေး. . . အေးကွယ်"

ဖူးပွင့်ငုံက ကားခပေးလိုက်ပြီး ကားတံခါးကိုဖွင့်လိုက်





"ဟော့. . . "

အော်လိုက်သည့် အသံနှင့်အတူ တစ်ဆက်တည်းမှာပဲ

"ဒုန်း. . . " "ဝုန်း. . . " "အား. . . "

ကားတံခါးက ဘေးနားက ကပ်၍နင်းလာသည့်
ဘီးကလေးကို ရိုက်မိသလိုက်သဖြင့်. . . ပြိုင်စက်ဘီး
လမ်းမပေါ်သို့ လဲကျသွားသလို. . . စက်ဘီးစီးလာတဲ့
သည်း လမ်းမပေါ်မှာပဲ စက်ဘီးတစ်ခြား လူတစ်ခြား
သို့သွားခဲ့ရတော့သည်။

အဖြစ်အပျက်ကလေးက တဒင်္ဂခဏတာလေး ဆိုပေမယ့်
အနေဖြင့် ရင်ထဲမှာ တုန်လှုပ်ချောက်ချားကာ သွားရတော့
နှလုံးခုန်နှုန်းတွေကလည်း မြန်သထက်မြန်လို့ လာ၏။
ပေမယ့် အသက်ရှူမှုတွေ ရပ်တန့်သွားသလားတောင်
လိုက်မိသည့်အထိကို မင်သက်ကာ အံ့သြတသင့်နှင့်
ကြည့်လိုက်မိပါတော့သည်။

"မင်း ဘယ်လို. . . လုပ်လိုက်တာလဲ"

လမ်းပေါ်သို့ လဲကျသွားသည့်လူငယ်က ကုန်းရုန်းထ
ပြီး ဖူးပွင့်ငုံကို ကြည့်ကာ ဒေါသတကြီးနှင့် ရန်တွေ့တော့၏။

"တံခါးဖွင့်မယ်ဆိုရင်. . . နောက်ကိုလည်း ကြည့်မှ
ပေါ့. . . "

ဖူးပွင့်ငုံကို ပြောလည်းပြော သူ့လက်တစ်ထောင်ဆစ်
သည်း ကြည့်လိုက်သေးသည်။ သူ့လက်ရဲ့တစ်ထောင်ဆစ်
ဒဏ်ရာစတို့က ရဲလို့နေ၏။ ဖူးပွင့်ငုံ စိတ်ထဲအတော်လေး



www.burmeseclassic.com

www.burmeseclassic.com



ထိခိုက်လို့သွားတော့သည်။ သနားစိတ်လားဆိုတာ မပြော

"မင်းကွာ. . . အားပါး နာလိုက်တာ"

မျက်နှာလေး ရှုံ့မဲ့လို့ ညည်းတွားရင်းက သူ၏စက် ဖိလေးကို ယူလိုက်ပြီး ဒေါက်ထောက်ကာ စက်ဘီးရဲ့ မလိမ့် စစ်ဆေးကြည့်ရှုနေလိုက်၏။ ဒီကြားထဲမှာ TA မောင်းသည့် ဦးကြီးက ကားပေါ်ကဆင်းလာပြီး သူ၏ကားတံ သေချာကြည့်ကာ စစ်ဆေးနေလိုက်တော့. . .

"ဦးလေးရဲ့ကား ဘာမှမဖြစ်ပါဘူးဗျ"

လှုငယ်က ခပ်ထန်ထန်လေး ပြောလိုက်တော့. . .

"မဖြစ်တော့လည်း ကောင်းတာပေါ့. . . ဖြစ်သွားခဲ့ အံ့နာနဲ့စကားပြောရတော့ မကောင်းဘူးပေါ့ကွာ"

နောက်တော့ TAXI မောင်းသမားကြီး ကား ပြန်တက်သွားကာ မောင်းထွက်လို့သွားတော့သည်။ ဒီပြဿ ထဲသို့ သူဝင်မပါချင်တော့သည့်သဘောနှင့် အမြန်လစ်သွ ဟန်နှင့်တူသည်။

"ကျွန်မ ကျွန်မ. . . တောင်းပန်ပါတယ်ရှင်"

ဖူးပွင့်ငုံက မျက်နှာညှိုးငယ်စွာနှင့် လှုငယ်ကိုကြည့် ပြောလိုက်တော့ ရှုံ့မဲ့သောမျက်နှာနှင့် လှုငယ်က ဖူးပွင့်ငုံ ပြန်ကြည့်လိုက်ပါ၏။

"မင်းက တောင်းပန်တယ်ဆိုတဲ့ စကားနဲ့ တ ပြီးသွားတာ. . . ငါက အသားလွတ်ကြီးကို ခံလိုက်ရတာ ဘယ်လောက်နာတယ် မှတ်သလဲ"





သူက. . . ။

ခပ်ထန်ထန်လေးနဲ့ပြောလိုက်တယ်ဆိုရင်ပဲ ဖူးပွင့်ငုံ၏ ကြင်နာသနားသည့် စိတ်ကလေးက ဘယ်ပျောက်လို့ သွားမှန်းကို မသိတော့ပါ. . . ။

"ဘာလဲ. . . ရှင်က ဆေးထိုးချင်လို့လား"

"ဘာကွ"

လှုငယ်၏အသံက ဗုံးတစ်လုံးပေါက်ကွဲသံထက်ကို ပြင်းထန်လွန်းနေတော့သည်။

"မင်းက ပြဿနာတိုင်းကို ပိုက်ဆံနဲ့ ဖြေရှင်းလို့ ရတယ် ထင်လား"

"ရှင်က ခု ပိုက်ဆံလိုချင်လို့ပြောနေတာ မဟုတ်လား"

"ဟာ. . . မင်း သိပ်စော်ကားလွန်းနေပြီ"

"ကျွန်မ ရှင့်ကို တောင်းပန်နေတာပဲ. . . ရှင်းရှင်း ပြောရရင် ကျွန်မတစ်ယောက်ထဲ မှားတာမဟုတ်ဘူး. . . ။ ရှင်လည်း မှားတာပဲ. . . ။ ရှင်မကျေနပ်ရင် ကြိုက်သလို ရှင်းနိုင်တယ်။ ကျွန်မ ပေါ်ဒီခြံထဲက တိုက်မှာနေတယ်"

"အေး ကိုယ်လည်း ဟိုဘက်က တိုက်မှာနေတယ် မင်း သိလား"

သူ့စကားလေး မဆုံးသေးခင် ဖူးပွင့်ငုံက လှည့်ကာ ခြံတံခါးကိုတွန်းဖွင့်ရင်း ဝင်သွားလိုက်တော့သည်။

❀ ❀ ❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း စဉ် (၁၃)

### “ချစ်အရိပ်ကလေး”

“ဝါး . . . ”ခနဲ အော်လိုက်ပြီးသည့်နောက် ဖူးပွင့်ငုံ တစ်ယောက် ခြုံစောင်ကို ဘေးသို့ခွာလိုက်ပြီး ထထိုင်လိုက်ကာ လက်နှစ်ဖက်ကို ဆန့်တန်းလိုက်ရင်းဖြင့် ပြင်းကြောတွေကို ဆန့်ထုတ်လိုက်ရသည်။

ဒီကနေ့ကျောင်းကမတက်ရ . . . ။ စနေ တနင်္ဂနွေ ပိတ်ရက်ဖြစ်သဖြင့် အိပ်ရာကနေ နေမြင့်မှထလိုက်ရသည်။ အိပ်ရေးက ဝနေသဖြင့် ဖူးပွင့်ငုံ စိတ်တွေကြည်လင် လန်းဆန်း ရွှင်လန်းလို့နေ၏။





နောက်တော့ . . . သူမ မျက်နှာသစ်၊ သွားတိုက် ကိုယ်လက်သန့်စင်ပြီးလို့ အဝတ်အစားလဲကာ အခန်းတွင်းမှ ထွက်လာ၏။ ထမင်းစားခန်းတွင်းရောက်တော့ . . . ကော်ဖီ သောက်ရင်း ဂျာနယ်တစ်စောင်ဖတ်ကာနေသည့် သူမ၏ကိုကို ရဲသွေးကို တွေ့လိုက်ရသည်။

ဖျတ်ဆို စိတ်အာရုံထဲက မြတ်ဆိုသည့် မိန်းမ၏ပုံရိပ်ကို မြင်ယောင်လိုက်မိသည်။ သည်တွင်ပဲ ဖူးပွင့်ငုံ၏မျက်နှာက ညှိုးမာလို့သွားတော့၏။ သူမ ဝင်လာတာကို တစ်ချက်ကလေးမှ မော့မကြည့်ဘဲ စာပဲဖတ်နေသည့် ရဲသွေးကို မျက်စောင်း တစ်ချက်ကလေးမှ မော့မကြည့်ဘဲ စာပဲဖတ်နေသည့် ရဲသွေးကို မျက်စောင်းတစ်ချက်က ထိုးလိုက်သေးသည်။

“ကိုကို”

“အင်”

သူမခေါ်လိုက်တာကို ဝတ်ကျေတန်းကျေသဘောဖြင့်သာ ရဲသွေးက ထူးလိုက်သော်လည်း ဖူးပွင့်ငုံကိုတော့ လုံးဝကို မကြည့် ဂျာနယ်ထဲတွင် အာရုံကရောက်နေ၏။

“ကိုကို . . . ”

ဖူးပွင့်ငုံအသံက ခပ်ကျယ်ကျယ်နဲ့ မာမာလေး ထွက်သွားခဲ့၏။

“ဟေ ဘာလဲကွ”

သူ့ပြန်ထူးလိုက်သည့်အသံကလည်း ကျယ်ကျယ်နဲ့ မာမာလေး ဖြစ်လို့သွား၏။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း . . . ။

ဖူးပွင့်ငုံကိုတော့ လုံးဝကို လှည့်မကြည့်နိုင်သေး။

"ဒီမှာ လူကိုလည်း ကြည့်ပါဦး"

ဟင်း . . . ။

ရဲ့သွေးရဲ့ သက်ပြင်းချလိုက်သည့် အသံကလည်း ဖူးပွင့်ငုံကို မကျေနပ်သည့်သဘော သက်ရောက်မှန်းကို ဖူးပွင့်ငုံ နားလည်လိုက်မိပါသည်။

"ကဲ ဘာပြောမှာလဲ ပြော . . . ဒီမှာစာဖတ်ပျက်တယ်"

ဂျာနယ်ကို ပိတ်လိုက်ပြီး ဖူးပွင့်ငုံအား စူးစူးစိုက်စိုက် ကြည့်ရင်းမေးလိုက်သည်။ မေးလိုက်သံကလည်း စိတ်မရှည်သည့် ပုံစံမျိုး . . . ။

"ကိုကိုနော် . . . ဖူးက မေးစရာရှိလို့"

"အေးလေ . . . မေးစရာပဲ ရှိရှိ ပြောစရာပဲဖြစ်ဖြစ် ပြောလိုက်ပေါ့ဟ . . . ငါစာဖတ်နေလည်း ဒီနားတွေက ကြားနေရတာပဲ . . ."

"ဘယ်တုမှာလဲလို့ . . . ကိုကို ကိုမေးတဲ့အခါကျရင် ကိုကို အမှန်ဖြေမလား . . . မဖြေဘူးလားဆိုတာ . . . ကိုကို့ မျက်နှာကိုကြည့်ရင်း သိရတာပေါ့"

"ဖူး . . . နင့်စကားက ကြီးကျယ်လိုက်တာ။ ငါက ဘာတွေများ မဟုတ်တာလုပ်ထားလို့ နင်က မေးခွန်းထုတ် ချင်ရတာလဲ"

"ဒါတော့ . . . ကိုယ့်ကိုယ်ကို သိမှာပေါ့"





ရဲသွေး ရင်ထဲမှာ ခပ်လန့်လန့်ရယ် ဖြစ်လို့သွားရ တော့၏။ ဖူးပွင့်ငုံ၏ အမေးစကားတို့တွင် လက်ပံကွင်းရွာနှင့် ပန်းယမုံတို့အကြောင်းများ ပါလာတော့မည်လားဆိုတာကို စိုးရိမ်ပူပန်မှုတွေနှင့် စိုးထိတ်လို့သွားရသည်။

"ပြော . . . ကိုကို့ ကို ဘာမေးမှာလဲ ဖူး"

ရဲသွေးလေသံက နည်းနည်းပျော့ပျောင်းလို့သွားခဲ့ရ၏။ မျက်နှာထားကိုလည်း အတတ်နိုင်ဆုံး ပြေလျော့လို့ထားရ၏။

"ဖူး မေးရင် စိတ်မဆိုးရဘူးနော်"

"အင်း . . . မဆိုးဘူး"

"ဒါဆိုရင် မေးပြီ . . . ။ဟို မြတ်ဆိုတဲ့မိန်းမနဲ့ ကိုကို ဘယ်လိုပတ်သက်နေလဲဆိုတာ ဖူး သိချင်တယ် ကိုကို"

အမလေး . . . တော်ပါသေးရဲ့ . . . ။

ဘယ်လိုမှ မျှော်လင့်မထားတဲ့ အကြောင်းကိစ္စကို မေးလာခြင်းကြောင့် ရဲသွေး စိတ်ထဲ စိုးရိမ်မှုတွေ ပြေပျောက်လို့ သွားခဲ့ရသည်။

"ဖူးရယ် . . . ဘာများလဲလို့ကွာ . . . ကိုကို့မှာတွေးလိုက် ရတာ . . ."

"ပြောပါ . . . ဖူး မေးတာကို"

"မြတ်ဆိုတာ . . . ကိုယ့်ရဲ့ သူငယ်ချင်းပဲ"

"ဟုတ်လို့လား"

ဖူးပွင့်ငုံက ရဲသွေးကို မယုံသင်္ကာအကြည့် မယုံသင်္ကာ အပြောတွေနဲ့ ဖူးစမ်းစွာကြည့်လို့နေတော့၏။



www.burmeseclassic.com

"ဟုတ်တာပေါ့. . . ကိုကိုတို့ ပထမနှစ်ကတည်းက ခင်လာခဲ့တာ"

"ဟင် ပထမနှစ်ကတည်းက ချစ်လာခဲ့ကြတာပါ. . . အဲလိုပြောစမ်းပါ"

"ဟာ. . . ဖူးကလည်း မဟုတ်တာ"

"ဟုတ်ပါတယ်. . . အဲဒီမြတ်ဆိုတဲ့ သူညီမကပြောတယ်၊ ကိုကိုနဲ့ သူ့အစ်မမြတ်က ချစ်သူတွေတဲ့။ ဖူးကိုပြောတာ"

ဗုဒ္ဓေါ့. . . ။

ရဲသွေး ဘုရားတလိုက်မိသည်။ ကောင်မလေးတွေ မဟုတ်က ဟုတ်ကတော့ ပြောကုန်ကြပြီ။ ရဲသွေး ရယ်ချင်လိလိကို ဖြစ်လို့သွား၏။ မျက်နှာကလည်း စပ်ဖြီးဖြီးနှင့်

"ဟင်း ကြည့်။ မျက်နှာကိုက စပ်ဖြီးဖြီးနဲ့။ အဲ့ဒီမြတ်အကြောင်း ပြောလိုက်တာနဲ့ မျက်နှာကိုက အပိုးကိုမကျိုးတော့ဘူး. . . ။ ဟိုတစ်ယောက်ကလည်း ကြည့်လိုက်ဦးလေ။ ညီမရှေ့မှာတောင် ကြွေ့ကိုမဆည်နိုင်တော့ဘူး။ ဖြစ်နေလိုက်တာ၊ ခေါ်တာကိုလည်း ကြည့်ဦး ဘာတဲ့ ရဲရဲ တဲ့။ အမလေး. . . နားရှက်လိုက်တာ။ စိုက်ကြည့်နေလိုက်တာကလည်း နှစ်ယောက်စလုံး ပုစွန်မျက်လုံးကြီးတွေ ကျနေတာပဲ ပြူးလို့"

"ဖူး"

စဉ်ဆက်မပြတ်ကိုပြောနေသည့် ဖူးပွင့်ငုံ၏စကားတွေကို ခပ်ပြုံးပြုံးလေးနားထောင်ရင်းမှ ရဲသွေး ရယ်သွမ်းသွေးလိုက်ပြီး ခေါ်လိုက်၏။





"ဘာလဲ"

"မောနေပြီမယ်. . . ကော်ဖီနဲ့မုန့်ကိုလည်း စားလိုက်ဦး"

"ဘာလဲ ဒါ ကိုကို ဖူးကို အရွဲ့တိုက်တာလား"

"မဟုတ်ပါဘူး ဖူး. . . တကယ် ဗိုက်ဆာမှာစိုးလို့ ပြောတာပါ"

"ဖူးသိတယ်နော်. . . ကိုကို တမင်သက်သက်ကို ရွဲ့ပြီး ခနဲ့ပြီးပြောတာ. . . "

"ဟာ ဖူးက တကယ့် ပြဿနာမလေးပဲ"

"ဘာ. . . "

မထင်မှတ်ဘဲ ရဲသွေး နှုတ်က ပြဿနာမလေးဟာ ပြောထွက်လာသဖြင့် ဖူးပွင့်ငုံက ဒေါသတကြီးနှင့် မတ်တပ်ထရပ်လိုက်ပြီး မျက်လုံးစိမ်းကြီးတွေနှင့် ကြည့်ကာအော်လိုက်တော့၏။

"ပြဿနာမလေး. . . ဟုတ်လား"

ရဲသွေးက မင်သက်ကာ အံ့ဩသွားသည်။

"ဖူး. . . ဘာဖြစ်တာလဲ နေရင်းထိုင်ရင်းနဲ့"

"ဟုတ်ပါတယ်. . . ဖူးက ကိုကို့အတွက်ဆို ပြဿနာမလေးပေါ့လေ. . . "

"ဖူးရယ်. . . စိတ်မဆိုးသင့်တာကို စိတ်မဆိုးပါနဲ့"

"အဲဒီ ပြဿနာမလေးဆိုတာ ဖူးအတွက် သိပ်ခါးသီးလွန်းတဲ့ စကားလုံးပဲ. . . ဖူးအရမ်းစိတ်ဆိုးတယ်. . . တော်ပြီ တော်ပြီ၊ ကိုကိုနဲ့ မခေါ်တော့ဘူး. . . နောက်ပြီး ကိုကို့အမေ

www.burmeseclassic.com



ဒီတစ်ခေါက်လာရင် အဲဒီကိစ္စ တိုင်ပြောမှာပဲ သိလား''

''ဟာ ဖူး . . . မပြောပါနဲ့ကွာ နော် နော်''

ရဲသွေး တားချိန်ကိုမရတော့ ဖူးပွင့်ငုံက စိတ်ဆိုးဆိုးနှင့် ထ၍ထွက်သွားတော့သည်။ ဖူးပွင့်ငုံ၏ နောက်ကျောကလေးကို ကြည့်ရင်း ရဲသွေးတစ်ယောက် စိတ်ပျက်အားငယ်စွာနှင့် ဖြစ်နေမိတော့သည်။

''ဖူးရယ် . . . မင်း ကိုယ့်အပေါ်ကို ဘယ်အချိန်ထိ အနိုင်ယူဦးမှာလဲ ကွာ''

ရီဝေဝေ အကြည့်နှင့် . . . ။

လှိုက်မောနွမ်းလျှစွာဖြင့် သူ့နှုတ်မှ . . . တစ်လုံးခြင်း ပွင့်ထွက်လာခဲ့ပါတော့သည်။

ဖူးပွင့်ငုံ ကတော့ဖြင့် . . . ။

ဒေါသတရားတွေနှင့်အတူ ခံပြင်းမှုတွေ မခံချင်မှုတွေနှင့် အတူ တိုက်ရှေ့သို့ထွက်လာခဲ့တော့သည်။ ဘယ်နှယ့် မိမိကို ပြဿနာဖွေတတ်သည့် မိန်းမတစ်ယောက်ဟု စွဲချက်တင်ထား သည်ကိုတော့ မကျေနပ်။ လုံးဝကိုမကျေနပ်ပါ . . . ။

ကိုယ်က အစစအရာရာ လိုက်လျောပြီး သည်းခံနေခြင်း က သူ့အပေါ်ကို တော်ရုံတန်ရုံ သံယောဇဉ်မဟုတ်မှန်းကို ကိုယ့်ဖာသာ ကိုယ်သိနေခဲ့ပါသည်။

ခုတော့ . . . ။

ပြောရက်လိုက်တာ . . . ပြဿနာမလေးတဲ့။

ဘယ်လောက်ခံပြင်းစရာကောင်းတဲ့ စကားလုံးလဲလို့။





''တောက် . . . ''

ရင်ထဲက ဒေါသတွေ ပေါက်ကွဲထွက်လာခဲ့သည်။

ထို့အပြင် . . . ။

ရဲသွေး၏မျက်နှာကို သူမမျက်ဝန်းတွင် ခဏခဏ မြင်ယောင်နေမိလာခဲ့သည့်အတွက် ရင်ထဲတွင် မခံချိမခံသာ ဖြစ်လို့နေတော့သဖြင့် . . . ။

''သွား . . . သွား . . . ရှင့်ကိုမမြင်ချင်ဘူး မမြင်ချင်ဘူး''

စိတ်ထဲရှိသလောက်ကို အားကုန်အော်လိုက်ရာ . . .

''ကျုပ်က ဘယ်ကိုသွားရမှာလဲ . . . မမြင်ချင်ရင် ခင်ဗျား ထွက်သွားပေါ့ . . . ကျုပ်ခြံထဲမှာ ကျုပ်နေတဲ့ဟာကို ဘာလိုင်းကြီး သာပြောနေတယ်ဗျာ . . . ''

''အယ် တော့ . . . ''

တစ်ဖက်ခြံဘက်မှ လူတစ်ယောက်က ခပ်ထန်ထန်လေး လှမ်းပြောလိုက်သည်ကို တွေ့လိုက်ရတော့ သူမ အံ့အားသင့်လို့ နေတော့သည်။ ကားတံခါးနှင့် စက်ဘီးတိုက်ခံရသောသူ . . . ။

ခုနတုံးကတော့ဖြင့် မမြင်ခဲ့၊ ခုမှ သူက ဘယ်ကဘယ်လို ရောက်လာခဲ့သည်မသိ။ သူ့ကို သေချာကြည့်လိုက်တော့ သူ့လက်ထဲတွင် သစ်ပင်ပန်းပင်တို့ကို ပေါင်းသင်သည့် ဂေါ်ပြား သေးလေးတစ်ခုကို ကိုင်ဆောင်ထားသည်ကိုလည်း တွေ့နေရ၏။

ကေန္တ သူပန်းပင်တွေကို ပေါင်းသင်နေဟန်တူသည်။ နောက်ပြီး ကိုယ့်ခြံသူ့ခြံအလယ်က ခြံစည်းရိုးသည် ပေါင်းရင်း လောက်က ကွန်ကရစ်အုတ်တံတိုင်းဖြစ်ပြီး ကျန်အပေါ်ပိုင်းက



www.burmeseclassic.com

www.burmeseclassic.com



သံဇကာကွက်တွေနှင့် ကာရံထားဖြင်းကြောင့် သူထိုင်
ပေါင်းသင်းနေသည်ကို မမြင်ရခြင်းဖြစ်ပေသည်။

ဖူးပွင့်ငုံက အားတုံ့အားနာဖြစ်လို့နေရင်းက. . .

''ကျွန်မ ရှင့်ကိုပြောတာ မဟုတ်ပါဘူး''

''မင်းနဲ့ကိုယ် ဒီနားမှာ နှစ်ယောက်ထဲရှိတာ၊ ကိုယ့်
မပြောလို့ မင်း ဘယ်သူ့ကိုပြောနေလဲ''

''အို. . . ''

ကိုယ်က ပြဿနာလေးကို အေးအေးဆေးဆေး
ဖြေရှင်းမယ်လို့ စိတ်ကူးခါမှပင်. . . သူက ပူညံပူညံ
နေတော့. . . ဖူးပွင့်ငုံရဲ့ စိတ်လေးကထလာခဲ့တော့သည်။

''ကျွန်မ ရှင့်ကို ပြောနေတာ မဟုတ်ဘူး
ပြောနေတယ်. . . ရှင့်ကိုပြောရင် ရှင့်နာမည်ကို ထည့်ပြော
မှာပေါ့''

''မင်းက ကိုယ့်နာမည်ကို သိလို့လား''

''ဟင့်အင်း. . . မသိဘူး''

''ဒါကြောင့် ပြောတာပေါ့. . . နာမည်မသိလည်း
ဘယ်သူ့ကိုရည်ညွှန်းပြီး ပြောလည်းဆိုတာ သိနေတာပဲ. . .
ဟိုတစ်နေ့က ဖြစ်တဲ့ကိစ္စမှာလည်း ကိုယ် မင်းကို ပြဿနာ
မလုပ်ဘူးနော်''

အားပါး . . . ကျွတ်. . . ။

ဖူးပွင့်ငုံ စုပ်သပ်လိုက်ရင်းနဲ့ သူ့ကို ခနဲ့ပြုံးလေး
ပြုံးလိုက်သည်။





''ရှင် ပြဿနာလုပ်တော့ကော ကျွန်မခံမယ်တဲ့လား''

''ဟာဗျာ. . . မင်းက ရန်ဖြစ်တာ သိပ်ဝါသနာပါတယ်
တာတယ်နော်''

''ထင်လို့ပါ''

''ကဲ ထားပါတော့လေ. . . မင်း ကိုယ့်ကိုဘာမှ ပြဿနာ
လုပ်ဘူးလို့ပဲ သဘောထားလိုက်မယ် ဟုတ်ပါလား''

''အဲဒါ အကောင်းဆုံးပဲပေါ့''

သူက ပခုံးလေးတွန့်ပြလိုက်ပြီး လှည့်ထွက်လိုက်သည်။
ည့်တွင် ဖူးပွင့်ငုံ ခြံစည်းရိုး သံဇကာကို ဆုပ်ကိုင်လို့ သူ့ကို
မ်းခေါ်လိုက်သည်။

''ဒီမှာ. . . ဒီမှာ''

''ကိုယ့်နာမည် ဒီမှာ မဟုတ်ဘူး''

''ဒါဆိုလည်း ရှင့်နာမည်ပြောလေ''

''ထွဋ်ခေါင်''

ပြောပြီးသည်နှင့် သူက ရှေ့ကို လှမ်းထွက်လို့
သွားတော့သည်။

ဒီမှာ . . . ကိုထွဋ်ခေါင်. . .

ရှင် ကျွန်မရဲ့ နာမည်ကိုရော သိမသွားချင်ဘူး
လား

ကျွန်မအရမ်းပြောချင်ပေမယ့် ရှင်ကမမေးတော့
န်မမှာ အိုးလိုးခုလုဖြစ်နေတယ် ရှင်ရယ်. . . ။

ထွဋ်ခေါင်ဆိုတဲ့ရှင့်ကို ကျွန်မနည်းနည်းတော့ စိတ်ဝင်စား



www.burmeseclassic.com

www.burmeseclassic.com



သွားပြီနော်. . . ။တကယ်တော့ ရှင်ဟာ ကျွန်မရဲ့ အ...
တစ်ခု ဖြစ်လာလိမ့်မယ်လို့ ထင်ပါတယ်လေ. . . ။

❀❀❀❀❀



အခန်း စဉ်(၁၄)

"သံယောဇဉ်"

ဒီညကလေးကတော့ အအေးဓာတ်လေး ပိုကဲလို့နေ၏။ ...နိုက်ကလေးက ညဥ့်နက်ပိုင်းသို့ ပရောက်သေးသဖြင့် ...တိုင်းလိုလို မီးရောင်ကလေး မှိတ်တုတ် မှိတ်တုတ်နှင့် ...နေကြ၏။

ပန်းယမုံသည် ဆီမီးခွက်ကလေးတွင် မီးဇာထည့်ကာ ...ွန်းလိုက်ပြီး အိမ်ရှေ့ ကွပ်ပြစ်ကလေး၌ထိုင်ကာနေကြသည့် ...န်းတန်နှင့် မိဖြူမတို့၏ ရှေ့တွင် လာချပေးလိုက်သည်။

"လ သာပါတယ်ဟာ. . . တို့ မြင်ရပါတယ်



www.burmeseclassic.com

www.burmeseclassic.com



"အလင်းရှိနေတော့ ခြင်သိပ်မကိုက်တော့ဘူးပေါ့"

"အေးနော်. . . နင်တို့ခြံပိုင်းက ခြင်နည်းနည်းရှိချင်တယ်. . . ငါတို့အလယ်ပိုင်းကတော့ ခြင်မရှိဘူး"

"ငါတို့က ချောင်းရိုးကလေးနဲ့ နီးတော့ ခြင်မှန်း... နိုအောင်းလို့ကောင်းတာပေါ့ မိဖြူမရယ်"

"ပန်းယမုံ"

"ဟင်"

ထိန်လင်းတောက်ပနေသည့် လမင်းကြီးကိုမော့... ငေးကြည့်နေရာမှ သိန်းတန်က ပန်းယမုံကို တိုးတိတ်ညင်သာ... စွာနှင့် ခေါ်လိုက်ပါသည်။

"ချောင်းရိုးထဲမှာ ကြာပန်းစုံတွေ ဖူးပွင့်နေကြတာ... မနေ့က ချောင်းရိုးထဲမှာ ပုစွန်ထုပ်သွားရှာရင်းနဲ့ တွေ့ခဲ့တာ"

"သိန်းတန်"

မိဖြူမက သိန်းတန်စကားအဆုံးမှာ လျှပ်တစ်ပြက်... ခေါ်လိုက်သည်။

"ဘာလဲ"

"နင်က ပန်းယမုံကို သတိရခိုင်းလိုက်တာလား"

"ဘာကို သတိရခိုင်းတာလဲ"

"ရဲသွေး ကိုလေ"

"အို. . . "

ဒီ အိုဆိုတဲ့ အသံကလေးကိုတော့ ပန်းယမုံထံ... ထွက်ရှိလာခဲ့ခြင်းဖြစ်ပါသည်။ ရင်ထဲမှာ လှိုက်ခနဲလည်း ဖြစ်... 





...သွားလိုက်ပြန်၏။

သူတို့နှစ်ယောက်ပြောလိုက်ကာမှဖြင့်. . .

ပန်းယမုံ ရဲသွေးကို အံရှမ်းကိုသတိရလို့သွားတော့၏။

ဒီလိုညမျိုးလေးမှာ. . . ။

အပျိုပေါက်စ လူပျိုပေါက်စ ရှစ်တန်းကျောင်းသားဘဝ... တစ်ခါ. . . ။

ချောင်းရိုးကလေးရဲ့ သစ်သားကိုးတံတားလေးပေါ်မှာ... ...ယောက်ထဲ တစ်ညလုံး လွမ်းခဲ့ ဆွေးခဲ့ကြတာ. . . ။

...သိုးက ရဲသွေး လက်ပံကွင်းရွာကနေ ရန်ကုန်ကို ပြောင်းသွား... ...တဲ့ အခိုက်ကာလကပေါ့။

အဲဒီကတည်းက အလွမ်းဆိုတာကို လည်း... ...ကောင်းကောင်းလွမ်းခဲ့ဘူးမိသည်။ အဆွေးဆိုတာကိုလည်း... ...ကောင်းကောင်း နားလည်လိုက်မိသည်။

ထိုထက်ပိုပြီး သိလိုက် နားလည်လိုက်သည်ကတော့... ...ချစ်တစ်ခုပင်ဖြစ်သည်. . . ။ ထိုလွမ်းခြင်း ဆွေးခြင်းသည်... ...င်တွင်းနှလုံးသားက ပေါ်ပေါက်လာခဲ့သည့်အရာတစ်ခုပါ။

...အရာသည် အချစ်ဟု ပြောရမည်ကို ပန်းယမုံ နားလည်သွား... ...ရတော့သည်။

ထို့ကြောင့် ဤအရာကို အချစ်ဟုခေါ်သည် ဆိုတာကို... ...တာ့ဖြင့်. . . ။

ပန်းယမုံ. . . ဒုတိယအကြိမ်မြောက်မှာ ရဲသွေးနှင့်... ...သစ်သားကိုးတံတားလေးမှာပဲ တွေ့လိုက်ခြင်းက အချစ်ဆိုတာကို



www.burmeseclassic.com

www.burmeseclassic.com



ကောင်းကောင်းနားလည်သွားခဲ့ရပါသည်။

ပထမအကြိမ် တွေ့စဉ်ကာလအချိန် ညကဲ့သို့ပင် ဒုတိယအကြိမ်မှာလည်း ညဘက်ပဲဖြစ်ပါသည်။ ဒီတစ်ခါတွေ့ခြင်းသည် ပထမတုံးက တွေ့ဆုံခြင်းထက် ထူးခြားခဲ့ပါ၏။

ပထမတွေ့ဆုံခြင်းက ချိန်းဆိုခြင်းကြောင့်တွေ့ခဲ့ရတာ

ဒုတိယတွေ့ဆုံခြင်းသည် နှစ်ဦးနှစ်ဖက် ချိန်းဆိုထားခြင်း မရှိပါဘဲနှင့် တွေ့ဆုံခဲ့ရခြင်းပင်။

ထိုဒုတိယ တွေ့ဆုံခြင်းမှာပဲ. . .

နှလုံးသားအမြုတေမှ ရှင်သန်ပေါက်ပွားလာခဲ့တဲ့ အချစ်ဆိုတဲ့အရာဟာ ထင်ထင်ရှားရှားကြီးကို ပေါက်ဖွားကာ ပွင့်လန်းလို့လာခဲ့ရသည်။

သည့်မှ. . . ။

အချစ်ဆိုတာကို အဓိပ္ပာယ်ရှိရှိနှင့် ပန်းယမုံက နားလည်မိတော့သည်ပဲ. . . ။ ဒါကြောင့်မို့လို့လဲလေ. . . အချစ်ဆိုတဲ့ကောင်ကို ပန်းယမုံရဲ့ နှလုံးသားက ကဗျာတစ်ပိုဒ်တော့ ဖွဲ့ခဲ့သေးတော့၏။ အဲဒီကဗျာလေးကိုကြည့်လိုက်စမ်းပါ။

● ငါ့ကို မွေးလာကတည်းက. . .
အချစ်ဆိုတဲ့ကောင်
ငါနဲ့အတူတူ ပါလာခဲ့ပြီး
ငါ့ရင်ဘတ်ထဲမှာ ပုန်းနေလိုက်တာ
ရက်တွေ လတွေ နှစ်တွေ ကြာခဲ့ပါပေါ့လား. . . ။





● ခုတော့. . .
အချစ်ဆိုတာ ဖြစ်ပေါ်လာခဲ့ပြီ။
ငါ့ရင်ဘတ်ထဲကနေ ဖောက်ထွက်လာခဲ့တယ်
အဲဒါ. . . ဘယ်သူ့ကြောင့်လည်း သိလား
ရှင့်ကြောင့်ပဲပေါ့. . . "မောင်" ရယ်. . . ။

ဒါကြောင့်ထင်ရဲ့. . . ။

ပန်းယမုံ ရင်ဘတ်ထဲက အချစ်ဆိုတဲ့အရာဟာ အမပြော ညာမပြောနဲ့ ရဲသွေးကို မြင်မြင်ချင်းပဲ "မောင်" လို့ခေါ်လိုက်တာ. . . ။ အဲဒါ အချစ်တွေပြည့်လျှံလွန်းလို့ အန်ချလိုက်တဲ့ အချစ်စစ်တွေပဲပေါ့နော်. . . ။

အဲ. . . တစ်ဦးနဲ့တစ်ဦး ပွင့်လင်းစွာ ချစ်ကြပြီဆိုတော့ လည်း မခွဲနိုင် မခွာနိုင် အရိပ်တကြည့်ကြည့်နဲ့ ခြားလေသွေးရင်ဝေးမှာစိုးတယ် ဆိုတဲ့စကားက လွန်အံ့မထင်။

အချိန်တိုင်း ဘာတွေပဲလုပ်လုပ် ပန်းယမုံအနေနဲ့ ရဲသွေးကို သတိရခြင်းတွေ လွမ်းဆွတ်ခြင်းတွေ တမ်းတခြင်းတွေက ရင်ထဲမှာအမြဲဖြစ်ပေါ်ခံစားခဲ့ရပါသည်။

ခုလည်းကြည့်လေ. . . ။

သိန်းတန်နှင့် မိဖြူမတို့ သူငယ်ချင်းနှစ်ယောက် တစ်ခါတလေ ရက်မျိုးမှာ ညဘက်အိမ်လာလည်တတ်သည့် အတွက် ပန်းယမုံ ဝမ်းသာခဲ့ရသည်။ ရင်ထဲမှာဖြစ်တည်ခံစား နေရသည့် ဝေဒနာအစုစုကို ရင်ဖွင့်ရခြင်းကြောင့်လည်း ကြည်နူး ကျေနပ်ခဲ့ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ဟော. . . ဒီနေ့လည်းရောက်လာခဲ့ပြန်ပြီပေါ့. . .

လလေးကလည်း လသာညလေးတစ်ည ဖြစ်နေခဲ့ပါသ

"တကယ်တော့. . . အချစ်ဆိုတာ ဒုက္ခကို ဝယ်ယူလိုက်တာနဲ့ အတူတူပဲနော်"

ဘာမဆိုင် ညာမဆိုင်. . . ။

အကြောင်းအရာ ဆီလျော်မှုမရှိဘဲ ပြောလာသည့် မိဖြူမစကားကြောင့် သိန်းတန် မျက်ခုံးနှစ်ခုက မြင့်တက်သွားခဲ့ရသည်။

"စကားတွေမြင့်လိုက်တာ ကြည့်စမ်း. . . နင်တော်တော်တိုးတက်လာတယ်"

"အောင်မာ နင်က ဒါငါ့ကို သက်သက်မဲ့နှိမ်တာပါ"

"ဟာ. . . နှိမ်တာ မဟုတ်ပါဘူး။ တကယ်ချီးကျူးတာပါ။ ငါတောင် အဲဒီလောက်ထိ မတွေးတတ်ဘူး။ တကယ်ပြောတာ"

"ဟုတ်တယ်ဟ မိဖြူမရဲ့။ ငါတောင် နင့်ကို တော်တော်အံ့သြသွားတာ. . . ငါ့သူငယ်ချင်း မိဖြူမရဲ့ အတွေးအခေါ်တွေ တော်တော်ရင့်သန်လာပြီလို့. . . "

ပန်းယမုံကပါ ဝင်၍ ပြောလာသဖြင့် မိဖြူမရဲ့ မျက်နှာကြီးက ငွေလမင်းကြီးနှင့်အပြိုင် ပြုံးရွှင်လို့သွားခဲ့ပါတော့သည်။

"ပြောစမ်းပါဦးဟာ. . . နင်က ဘယ်လိုစိတ်ကူးနဲ့ ဒီလိုစကားတွေ ပြောလိုက်ရတာလဲဆိုတာ ငါနဲ့ ပန်းယမုံကို





ပြောပြပါလား"

သိန်းတန်က ပြုံးတုံ့တုံ့နှင့် မေးလိုက်သည်ကို ပန်းယမုံကလည်း သိချင်စိတ်နှင့် မိဖြူမမျက်နှာကို ငေးစိုက်ကြည့်နေရင်းက ပြောလိုက်ပါသည်။

"အေးဟ. . . ငါလည်းသိချင်တယ်"

"ဟင် ငါက နင့်အကြောင်းကိုတွေးပြီး ခပ်လွယ်လွယ်လေး ပြောလိုက်တာ"

မိဖြူမက ပန်းယမုံဘက်လှည့်ကာပြောလိုက်၏။

"ငါ့အကြောင်း . . . ဟုတ်လား"

ပန်းယမုံ အံ့အားသင့်သွားသည်။

"အင်း. . . ဟုတ်တယ်"

"ဒါဆို. . . ပြောဟာ သိချင်တယ်"

"ဒီလိုလေ ပန်းယမုံရဲ့. . . နင်နဲ့ရဲသွေးတို့ တစ်ယောက်ကိုတစ်ယောက်ချစ်ကြတာက သူများတွေလိုမှ မဟုတ်တာ။ လူကြီးတွေ မသိအောင် ခိုးလာ ခိုးတွေ့ ရင်သိမ့်တုန်ဖတ်လမ်းတွေနဲ့ ဒုက္ခရောက်လို့. . . ဒါကြောင့် နင်တို့နှစ်ယောက်ချစ်ကြတာ ဒုက္ခနဲ့ အတူတူပဲဆိုပြီး ငါက အချစ်ဆိုတာ ဒုက္ခကို ဝယ်ယူလိုက်သလိုပဲလို့ ပြောလိုက်တာပါ. . . "

မိဖြူမ ပြောတော့လဲ. . . ဟုတ်နေသားပဲဟု ပန်းယမုံ တွေးလိုက်မိသည်။

ထို့ပြင်. . . ။

ရဲသွေးကိုလည်း ပို၍ သတိရလိုက်သေးသည်။ သို့ဘက်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ဘက် မိဘတွေက အဆင်မပြေတော့... ဒီလိုပဲ နိုးချောင် နိုးဝှက်တွေ့ရသည်ပေါ့... ။ ကိုယ်ကတော့ မိန်းမသားဆိုတော့ မယ်ခုမျှော် လုပ်နေရတာပေါ့... ။

ရဲသွေးတစ်ယောက် ဒုက္ခကိုရင်ဆိုင်ပြီး လာနေရသည်ကိုတော့ ပန်းယမုံ ရင်ထဲမှာ မချိတော့ပြီ။ ဒါ သိပ်ချစ်တတ် လွန်းသည့် သူတွေရဲ့ လုပ်ရပ်တစ်ခုပဲ မဟုတ်လား... ။ ရဲသွေးရဲ့ ချစ်တယ်ဆိုတဲ့ သံယောဇဉ်စကားလေးက သူမအတွက် အားဆေးတစ်ခွက်ပါလားဆိုတာ သိထားလိုက်ရပါသည်။

''ပန်းယမုံ... ''

ခပ်တိုးတိုးလေး ခေါ်လိုက်သည့်အတွက် ပန်းယမုံ သိန်းတန်ဘက်ကို လှည့်ကာ မျက်နှာမူ၍ကြည့်လိုက်ပြီး

''ဘာလဲ... သိန်းတန်''

''ရဲသွေး ဘယ်တော့ လာဦးမှာလဲ''

''ဘယ်နေ့လောက် လာမယ်ဆိုတာတော့ မသိဘူး။ အခြေအနေနဲ့ အချိန်အခါကို ကြည့်ပြီးတော့ လာမယ်လို့ ပြောတယ်''

''အင်း အဲဒါဆို နင်လွမ်းနေရတော့မှာပဲ ပန်းယမုံ''

''ဘယ်တတ်နိုင်မှာလဲဟာ... သူ့ကိုချစ်တော့လည်း သွမ်းရမှာပေါ့... ဆွေးရမှာပေါ့... ဒါ ချစ်သူတွေရဲ့ သဘာဝ တစ်ခုပဲလေ... ''

''ဟုတ်တာပေါ့... ဒါပေမဲ့ မရေရာတဲ့ အဆွေး အလွမ်း တစ်ခုတော့ မဖြစ်စေချင်ဘူး ပန်းယမုံ''





''ဘာဖြစ်လို့လဲ ဟာ''

''နင် သိပ်ခံစားရမှာ စိုးလို့ပါ... ပန်းယမုံ''

ဟင်း... ဆိုပြီ ပန်းယမုံ သက်ပြင်းလေးကိုချလိုက်မိ၏။

''ချစ်ပြီးမှ သံယောဇဉ်ရှိတာထက်... သံယောဇဉ် ရှိပြီးမှ ချစ်တာက ပိုပြီး နက်ရှိုင်းတယ်။ ပိုပြီး ခံစားရတယ် ဆိုတာ နင်တို့ သိလား''

ပန်းယမုံစကားကြောင့် သိန်းတန်နှင့် မိဖြူမတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြသည်။

''ဒါပေမဲ့ ဘယ်လောက်ပဲ ခံစားရ ခံစားရ၊ ဘယ်လောက်ပဲ ဒုက္ခတွေနဲ့တွေ့တွေ့ သံယောဇဉ်စကားတွေ သံယောဇဉ်အပြုအမူတွေကိုတော့ ကျေနပ်နှစ်သိမ့်စွာနဲ့ ခံယူ မိတာတော့ အမှန်ပဲ... ဟာ''

❀❀❀❀❀

www.burmeseclassic.com

www.burmeseclassic.com



## အခန်း စဉ်(၁၅)

### ''ချစ်ခရီးသည် တစ်ဦး''

ရဲသွေး ဆိပ်ကမ်းကိုရောက်တော့ ညနေသုံးနာရီ ထိုးလုပြီ။ ရွာတွေဘက်ကိုသွားသည့် စက်လှေဆိပ်ကို မသိမသာ အကဲခတ်လို့ နေလိုက်၏။

လက်ပံကွင်းရွာသို့သွားမည့် စက်လှေနှစ်စင်းကို တွေ့လိုက်ရပြီ။ တစ်စင်းကတော့ သူ့အိမ်ကထွက်လာခဲ့သည့် စက်လှေမှန်းကို သိလိုက်သည်။ ကျန်တဲ့လှေတွေကတော့ ဘန့်ဘွေးကုန်းရွာနှင့် တခြားရွာများသို့ သွားမည့်စက်လှေများပင်။

ရဲသွေး. . . ။





လှျာထိုးဦးထုပ်ကလေးကို ခပ်ငိုက်ငိုက်ကလေးဆောင်းလို့ အရင်တစ်ခေါက်ကလာသည့် လက်ဖက်ရည်ဆိုင်ကလေးက ချောင်ကျသည့် စားပွဲဝိုင်းလေးတစ်ဝိုင်းတွင် ဝင်၍ ထိုင်လိုက်ပြီး လက်ပံကွင်းရွာက ဘယ်သူတွေလာကြတာလဲဆိုတာကို လှေလာ အကဲခတ်လို့နေတော့၏။

အချိန်က နည်းနည်းစောနေသည့်အတွက်ကြောင့်လား သိ. . . လှေဆိပ်သို့မည်သူတစ်ဦးတစ်ယောက်မျှမှ ရောက်မလာ သေးပါ. . . ။

သူ အေးဆေးစွာ တစ်ယောက်ထဲထိုင်လို့ လက်ပံကွင်း ရွာသို့ရောက်လာရပုံကို ပြန်တွေးရင်းပြုံးလိုက်မိပါ၏။

ပထမဦးစွာ. . .

ကျောင်းကသူငယ်ချင်းတစ်ယောက်ကို သူနှင့်ပန်းယမုံ တို့၏ဖြစ်စဉ်တို့ကို ပြောပြကာ အကူအညီတောင်းရသည်။ ဒီတော့ သူငယ်ချင်းက. . .

''ဒါဆိုရင်. . . ငါကမင်းကို ဘယ်လို အကူအညီပေးရ မှာလဲ ရဲသွေး''

''ငါ စဉ်းစားထားပြီးသားပဲ အောင်ကျော်ထွန်း''

''ပြောစမ်းပါဦးကွာ''

''ဒီလိုကွ. . . ငါက သူငယ်ချင်းတစ်ယောက် မင်္ဂလာ ဆောင်ရှိလို့ လိုက်သွားချင်တယ်ဆိုတဲ့အကြောင်း ပြောထားတယ်။ အဲဒါ မင်းက တို့အိမ်ကိုလိုက်ပြီး ငါ့ဦးလေး ကို ဖိန့်ပေးကွာ. . . မသွားဖြစ်ဘူးဆိုပြီးပြော. . .



www.burmeseclassic.com

www.burmeseclassic.com



ဟိုမင်္ဂလာဆောင်တဲ့သူငယ်ချင်းက မလာရင် သူငယ်ချင်းအဖြစ်က စွန့်ပစ်မယ်. . . ဘာညာပေါ့ကွာ။ မင်းပြောတတ်ပါတယ်။ လိမ့်လုံးလေးတွေပေါ့ သူငယ်ချင်းရာ''

အောင်ကျော်ထွန်း ခေါင်းလေးတညိတ်ညိတ်နှင့် နားထောင်နေလိုက်ပြီးနောက်. . . ။

''မင်္ဂလာဆောင်က ဘယ်မှာလဲ ဆိုရင်ကော''

''ငါ တောင်ငူ မှာလို့ပြောထားတယ်''

''အေး. . . အဲဒါမှ အဓိပ္ပာယ်ရှိမယ်. . . မင်းသွားမှာ သုံးရက်ထဲဆိုတော့ အံကိုက်ပဲ. . . သောကြာနေ့မနက်သွား တနင်္ဂနွေနေ့ညနေပြန်ရောက်. . . အိုကေတယ် ရဲသွေး''

ဒီလိုနဲ့. . . ။

သူငယ်ချင်းဖြစ်သူ အောင်ကျော်ထွန်းနှင့် စည်းဝါးကိုက်ပြီး ဦးကျော်ဒွန်းနှင့် ဒေါ်မာလာပွင့်တို့ထံ ခွင့်ပန်တော့ ဒေါ်မာလာပွင့်က သိပ်မလွှတ်ချင်ခဲ့. . . ။

''သားကလည်း နာရေးမှ မဟုတ်တာ။ သာရေးပဲကွယ်၊ မသွားလည်းဖြစ်ပါတယ်. . . ။ သူငယ်ချင်းကို တောင်းပန်လိုက်ရင်ပြီးတာပဲ. . . ''

ရဲသွေး စိတ်အိုက်လို့သွားသည်။ ဘယ်လိုဆက်ပြောရမှန်းမသိ ဖြစ်လို့သွားတော့သည်။ သည်တွင် သူငယ်ချင်းဖြစ်သူ အောင်ကျော်ထွန်းက. . .

''ဒီလိုရှိပါတယ် အန်တီ။ ကျွန်တော်တို့ သူငယ်ချင်းတွေက သိပ်ကိုခင်ကြတာပါ. . . ကိုရဲ မပါရင် အားလုံး





စိတ်မကောင်းဖြစ်ကုန်ကြမှာ. . . သာရေးကိစ္စဆိုပေမယ့် ကျောင်းနေဘက်သူငယ်ချင်းတစ်ယောက်ရဲ့ ဘဝတစ်ခုလုံးနှင့်လည်း သက်ဆိုင်နေပါတယ်။ သူ့ရဲ့ လူပျိုဘဝနောက်ဆုံးနေ့ကို သူငယ်ချင်းများနဲ့အတူ အဆုံးသတ်ချင်တာပေါ့. . . ဒါဟာ သူငယ်ချင်းရဲ့ အရေးကြီးဆုံးကိစ္စမို့လို့ပါ ခင်ဗျာ''

အောင်ကျော်ထွန်း စကားအဆုံးတွင် ဒေါ်မာလာပွင့်ရဲ့ မျက်နှာကြီးက မအီမသာနှင့်ဖြစ်လို့ သွားရတော့သည်။

''ကဲပါ မာလာရယ်. . . ခွင့်ပြုလိုက်ပါ။ တို့တုံးကလည်း သူငယ်ချင်းတွေနဲ့ပဲ လူပျို အပျိုဘဝကို နောက်ဆုံးနှုတ်ဆက်ခဲ့ရတာပဲ မဟုတ်လား. . . ကိုယ်ချင်းစာပြီး ခွင့်လွှတ်လိုက်ပါကွာနော်. . . ''

ဦးကျော်ဒွန်းက ဝင်ရောက်ဖျောင်းဖျပြောဆိုတော့မှ ဒေါ်မာလာပွင့်က ခွင့်ပြုခဲ့ပါတော့သည်။ ဒါတောင် ရက်ကန့်သတ်လိုက်သေးတော့သည်။

''ရက် သိပ်မကြာစေနဲ့နော်''

''ဟုတ်ကဲ့ပါ. . . ကျွန်တော်တို့လည်း သိပ်ကြာလို့မဖြစ်ပါဘူး။ တနင်္လာနေ့ကျ ကျောင်းတက်အမီ ပြန်လာရမှာပါ ခင်ဗျ. . . တတိယနှစ်ဆိုတာက အရမ်းအရေးကြီးတယ်ဆိုတာ သိပါတယ်အန်တီ''

ဒီလိုနဲ့ ထွက်ခွာခွင့် အမိန့်ကို ရလိုက်သည်နှင့် ရဲသွေး လှိုင်သာယာ အဝေးပြေးဂိတ်ကို အပြေးကလေး နှင်လာခဲ့ရသည်။ ရင်ထဲတွင်လည်း ထီပေါက်တာထက်ကိုကြည်နူးဝမ်းသာမိခဲ့ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနဲ့ ထွက်ခွာခွင့်ပါမစ်ရဖို့ကို သူငယ်ချင်း အောင်ကျော်ထွန်း၏ အပြောကောင်းမှုကြောင့် မဟုတ်လား။ မောင်မင်းကြီးသားကို ကျေးဇူးတင်ရမည်သာ. . . ။

"အစ်ကို. . . "

ရဲသွေး ဘယ်လောက်ထိကို အတွေးတွေဝင်နေသည် မသိ။ စားပွဲထိုးကောင်လေး ခေါ်နေတာတောင် မကြားဘဲ ဖြစ်နေသည်။

"အစ်ကို"

ကောင်လေး ထပ်၍ခေါ်သည်။ ဒီတော့မှ သူပြန်လည် သတိဝင်လာတော့၏။

"ဟေ ဘာလဲ ဘာလဲ"

"အစ်ကို ဘယ်ကိုသွားမလို့လဲ. . . ဟိုမှာစက်လှေတွေ မရှိတော့ဘူးနော်"

ရဲသွေး လှေဆိပ်သို့ကြည့်လိုက်၏။ ဟုတ်၏။ ကောင်လေး ပြောသလိုပင် စက်လှေတွေမရှိတော့။ တစ်စီး တည်းသာ ရှိနေသည်ကိုတွေ့လိုက်ရ၏။

"အဲဒီစက်လှေက ဘယ်ကိုသွားမှာလဲ"

"ဘန့်ဘွေးကုန်း သွားမှာ"

"ဟုတ်လား. . . အဲဒါဆို အစ်ကိုလိုက်သွားမယ်"

ရဲသွေး လက်ဖက်ရည်ဘိုးရှင်းပြီး ထိုစက်လှေနှင့် ဘန့်ဘွေးကုန်းရွာသို့ လိုက်ခဲ့တော့၏။ သည်အခါမှာတော့ လက်ပံကွင်းရွာသို့ လိုက်မယ့်သူ မိဖြူမတစ်ယောက်





ပေါ်လာခဲ့တော့ပါ. . . ။

"ဟဲ့ မိမယ်ဆိုင်၊ ဟိုသတင်းကြားပြီးပြီလား"

"ဘာသတင်းတုံး တော်"

"လက်ပံကွင်းရွာက ကိုအောင်မောင်း မမြသင်တို့ရဲ့ သမီးအကြောင်း မသိလိုက်ဘူးလား"

"ဟင့်အင်း. . . ကျုပ်မသိလိုက်ပါဘူး မတင့်ရယ်၊ ဘာဖြစ်လို့တုံး"

လှေဝမ်းထဲမှပြောလာသည့် စကားတွေထဲမှ လက်ပံကွင်း ရွာမှအကြောင်းကလေးတွေ ပြောလာတော့ သူ နားစွင့်လို့ နေလိုက်သည်။

ကိုအောင်မောင်း မမြသင်တို့သမီး အကြောင်းဆိုလိုက် သည်နှင့် သူ့ရင်တွေ ဖြောင်းဆန်သွားတော့သည်။ ကိုအောင်မောင်း မမြသင်တို့ရဲ့ သမီးဆိုတာက မိဖြူမကို ပြောနေခြင်းဖြစ်၏။

မိဖြူမ ဘာဖြစ်လို့လဲ. . . သူ့ရင်ထဲမှာ မေးခွန်းထုတ် နေမိတော့သည်။

"ဘာဖြစ်ရမလဲတော်. . . ပြီးခဲ့တဲ့ အပတ်ကပဲ သင်နောက် လိုက်သွားလို့လေ"

"ဗျာ"

သူ ကြားလိုက်ရသည်နှင့် အံ့သြခြင်းမက အံ့သြလို့ သွားရတော့သည်။ သည်အတွက်ကြောင့်လည်း သူ့အသံက ကျယ်လောင်စွာထွက်ပေါ်လာခဲ့ရသည်။ တော်သေး၏။ သူ့အသံကို



www.burmeseclassic.com

www.burmeseclassic.com



မည်သူမျှ မကြားလိုက်ပါ။ ကံကောင်းသွား၏။

"ဘယ်သူနဲ့ လိုက်သွားလို့လဲတော့. . . "

"ကိုစံခင် မိသိန်းကြည်တို့ရဲ့ သားနဲ့တဲ့ တော်ရဲ့

အပြန်အလှန်ပြောနေသည့် စကားလေးကြားရ ရဲ့သွေး ရင်ထဲမှာ သိမ့်ခနဲခံစားလိုက်ရ၏။

ကိုစံခင် မိသိန်းကြည်ဆိုတာ သိန်းတန်ရဲ့ အဖေ အမေ။

သိန်းတန်နှင့် မိဖြူမတို့ နှစ်ဦး ခိုးရာလိုက်ပြေးကြ ဖြစ်ပေမည်။

ဒီကောင်နှစ်ကောင် ဘယ်တုံးကများ ချစ်သူတွေဖြစ် ကြတာပါလိမ့်. . . အံ့အားသင့်လို့ သွားခဲ့သော်လည်း သိန်းတန်နှင့် မိဖြူမတို့အတွက် ဝမ်းသာရသည်။

"အခု ကလေးတွေက ရွာမှာလား"

"ဟင့်အင်း. . . ရွာမှာမရှိဘူး။ ဘယ်ကိုထွက်ပြေး မှန်း မသိဘူးတဲ့တော်"

ဟာ. . . သွားပြီ. . . ။

အဲဒါမှ ဒုက္ခ. . . ဟု ရဲသွေး စိတ်ထဲကနေ ပြောလိုက် ရတော့သည်။

ဒါဆို ဘယ်လိုလုပ်မလဲ။ ရွာကိုရောက်ရင် ဘယ်သူ့ဆီ သွားရပါ့မလဲ။ ဟူး. . . ။

ရဲသွေး စိတ်ဓာတ်တော်တော်ကျလို့သွားတော့သည် အချိန်ကလည်း မှောင်ရီပျိုးစသို့ရောက်လို့နေပြီ။





မကြာခင်မှာပဲ စက်လှေက လက်ပံကွင်းရွာအနီးသို့ ရောက်လို့လာ၏။

"ခင်ဗျား. . . လက်ပံကွင်းရွာမှာ ဆင်းမှာလား"

စက်လှေမောင်းသည့်လူက မေးလာသဖြင့် ရဲသွေးက ခေါင်းညိတ်ပြလိုက်သည်။ သူ့သူငယ်ချင်း၏ သတင်းကိုကြား လိုက်ရတော့ ဝမ်းနည်းဝမ်းသာဖြစ်ခဲ့ရပြီး ပန်းယမုံကိုတွေ့ဘို့ အခွင့်ကတော့ မျှော်လင့်ချက်အားတွေ နည်းနေတော့၏။

စက်လှေက တဖြည်းဖြည်းနှင့် စက်ရှိန်ကိုရပ်တန့် လိုက်၏။ လှေဦးကို ကမ်းစပ်အစပ်သို့ ထိုးတင်ပေးလိုက်သဖြင့် ရဲသွေး လှေဦးပေါ်မှ ရွှံ့မြေမာမာပေါ်သို့ အားကုန်ခုန်ဆင်း လိုက်တော့သည်။

အော်. . . ရဲသွေး တစ်ယောက်. . . ။

လက်ပံကွင်းရွာ မြေပေါ်သို့ တစ်ခါခြေချခဲ့ရပြန်ပြီပေါ့။

သူ ကမ်းပေါ်သို့ ဖြည်းဖြည်းချင်း တက်လာခဲ့သည်။ တော်ဝန်းကျင်တစ်ဝိုက်ကို မျက်လုံးကစားကြည့်လိုက်သည်။

မည်သူတစ်ဦးတစ်ယောက်ကိုမျှ မတွေ့ရ။ အချိန်က အမှောင်ဘက်သို့ ရောက်ရှိလို့သွားခဲ့ပြီပဲ. . . ။

"ဒါ ဘယ်ကို သွားရမလဲ. . . ဘယ်သူနဲ့ အရင်တွေ့ရင် ကောင်းမလဲ"

ရဲသွေးခေါင်းက စဉ်းစားနေပေမယ့် သူ့ခြေလှမ်းတွေက မြစ်ကမ်းစပ်က ဘုရားစေတီတော်သို့ အလိုလိုလှမ်းလို့နေ တော့သည်။ သူ၏ မသိစိတ်က ဘုရားစေတီသာလျှင် အန္တရာယ်



www.burmeseclassic.com

www.burmeseclassic.com



ကင်းရှင်းကြောင်းကို အလိုလိုသိလို့နေတော့သည်။

ဆည်းလည်းသံ တချွင်ချွင်နှင့် စေတီတော်၏ထီးတော်
လရောင်အောက်တွင် လှုပ်ခတ်ကာ ယိမ်းနွဲ့လို့နေ၏။

ရဲသွေးလည်း စေတီ၏နံဘေးရှိ တန်ဆောင်းတွင်း
ဝင်လိုက်တယ်ဆိုရင်ပဲ... လူတစ်ရပ်အမြင့်ရှိ တင့်ပလ
ထိုင်နေတော်မူသည့် မြတ်စွာဘုရား ရုပ်ပွားတော်တစ်
ကြည်ညိုဖွယ်ရာ ဖူးတွေ့လိုက်တော့သည်။ ရှေ့စွင်
ဖရောင်းတိုင်တွေ ထွန်းထားလို့နေ၏။

သူလည်း အနီးဆုံးရှေ့တည့်တည့်သို့ တိုးကပ်လို့သွား
ရှိခိုးဦးချကာ ဝတ်ဖြည့်လိုက်ပါသည်။ စိတ်ထဲတွင်လည်
လတ်တလောလေးလံထိုင်းမှိုင်းမှုတွေ လွင့်ပျောက်သွားသ
ခံစားလိုက်ရတော့၏။

"မင်း... ဘယ်သူလဲ"

နောက်ကနေ တည်ငြိမ်သော လေသံတစ်ခုက ထွက်
လာခဲ့သဖြင့် နောက်သို့ အသာအရာပင် လှည့်ကြည့်လိုက်
"ကပ္ပိယကြီး"

"မင်း ငါ့ကို သိနေတယ်"

ရဲသွေး ဝတ်ပြုနေရင်းမှ ကိုယ်ကိုမတ်ပြလိုက်
ကပ္ပိယကြီးကို ခပ်ပြုံးပြုံးလေး ပြုံးပြကာ ခေါင်းညိတ်ပြလိုက်

"ကျွန်တော် ဘယ်သူလဲဆိုတာ သေချာကြည့်ပါဦး

"မှန်းစမ်း"

ရဲသွေးမျက်နှာကို ကပ္ပိယကြီးက မီးတိုင်တစ်တိုင်





ဦး အနားကပ်ကြည့်လိုက်သည်။

"ငါ မြင်ဘူးသလို ရှိတယ်"

"သေချာကြည့်ပါဦး"

ကပ္ပိယကြီး သေချာကြည့်သည်။ သို့ပေမယ့် သူ့စိတ်
ာ ဇဝေဇဝါနှင့်ဖြစ်နေ၏။

"ကျွန်တော် ရဲသွေးလေ"

ကပ္ပိယကြီး နှုတ်မှ ရဲသွေးနာမည်ကို ထပ်ခါထပ်ခါ
နေ၏။ နောက်မှ... သူ့မျက်နှာကြီးက ပြုံးရွှင်လို့ လာပြီး၊

"ငါသိပြီ။ ဖအေ ရိုက်ပြီးတိုင်း ဒီတန်ဆောင်းမှာ လာ
ပုန်းတတ်တဲ့ ရဲသွေး"

"ဟုတ်တယ်... အဲဒါ ကျွန်တော်ပဲ"

"ဟာကွာ... ဝမ်းသာလိုက်တာ။ နို့ မင်းခု မိုးချုပ်နေပြီ
ကမှလာရင်လည်း ပြီးရောကွာ"

"ကျွန်တော် ခုမှ ရွာကိုရောက်လာတာ ကပ္ပိယကြီး"

"ဟေ... ဟုတ်လား"

ကပ္ပိယကြီးက အံ့အားသင့်ဟန်နှင့် ရဲသွေးကို စိုက်ကြည့်
လိုက်ပါသည်။

"ကဲ ကပ္ပိယကြီး... ကျွန်တော်ပြောပြမယ်
သေချာနားထောင်"

"အေး... ပြောစမ်းပါ မောင်ရာ... နားထောင်ရ
တာပေါ့..."

ရဲသွေးက သူ့ဘဝဖြစ်စဉ်အကုန်လုံးကို တစ်ကွက်မကျန်



www.burmeseclassic.com

www.burmeseclassic.com



အောင်ပြောပြလိုက်သည်။ ကပ္ပိယကြီးကလည်း တအင်းအင်းနှင့်ခေါင်းတွေညိတ်ကာ ညိတ်ကာ နားထောင်လို့ နေတော့သည်။

"ကဲ အဲဒါပဲ ကျွန်တော့်အဖြစ်က"

ဟင်း. . . ။

ကပ္ပိယကြီး စိတ်မသက်မသာနှင့် ကရုဏာသက်စွာ ရဲသွေးကိုကြည့်ရင်း သက်ပြင်းချလိုက်တော့သည်။

"ဒါဆို မင်း ပန်းယမုံကို တွေ့ဘို့လာတာပေါ့. . . ဟုတ်လား"

"ဟုတ်တယ်. . . ကျွန်တော့်ကို ရွာကလူတွေ မတွေ့ဘို့ အရေးကြီးတယ်ဗျာ. . . ။ ခုဆို ကျွန်တော်ဘယ်လိုလုပ်ရမှန်းတောင်မသိတော့ဘူး။ သူငယ်ချင်းနှစ်ယောက်လုံးကလည်း ရွာမှာမရှိတော့ဘူး။ နီးပြေးသွားကြပြီ. . . ကျွန်တော်ဘယ်လိုလုပ်ရမှန်း မသိတော့ဘူး"

"မင်းက ဘာကိုလုပ်ချင်လို့လဲ"

"ကျွန်တော် ပန်းယမုံကိုတွေ့ချင်တယ်"

"အဲဒါဆိုလည်း သွားတွေ့လိုက်လေ"

"ဟာ. . . ဒီလိုတွေ့လို့မဖြစ်ဘူးလေ။ သူ့အဖေ အမေတွေ သိသွားလို့ အားလုံးဒုက္ခတွေ ရောက်ကုန်ကြတော့မှာပေ့ါဗျာ. . . "

"ဒါဆို. . . ဘယ်လိုလုပ်မလဲ"

ရဲသွေးက ကပ္ပိယကြီးကို စူးစူးစိုက်စိုက်ကြည့်လိုက်၏။

"ကပ္ပိယကြီး ကျွန်တော့်ကို ကူညီဗျာ နော်"





"ငါက ဘယ်လို ကူညီရမှာလဲ ဟ"

"ပန်းယမုံဆီ ကျွန်တော် စာရေးပေးလိုက်မယ်. . . ဒါ ကပ္ပိယကြီး ပန်းယမုံဆီသွားပြီးပေးမလား. . . သူ့အဖေအမေတွေ မသိစေနဲ့။ နောက်ပြီး သူ့ဆီက အကြောင်းအကျိုးလည်း သိချင်တယ်. . . အဲဒါ ကူညီနိုင်မလား"

ခဏလေးတော့ ကပ္ပိယကြီး ငြိမ်ကျလို့သွား၏။ ခေါင်းလုံးလေးကိုလည်း မှေးစဉ်းလို့နေ၏။ ရဲသွေးကတော့ စိတ်မမနှင့် ကူညီနိုင်ပါ့မလားလို့ စိုးရိမ်စွာနှင့် ကြည့်နေမိတော့၏။

"ရဲသွေး"

"ဗျာ"

စိုးရိမ်စိတ်အပြည့်နှင့် ထူးလိုက်သည်။

"မင်း ပန်းယမုံဆီ စာရေးလိုက် ငါသွားပေးမယ်"

"တကယ်"

"အေး"

သို့ဖြင့် ရဲသွေး စာလေးတစ်ကြောင်း နှစ်ကြောင်းကို အမြန်မြန်ကိုရေးလိုက်သည်။

ယမုံ. . . ။

မောင်ရောက်နေပြီ. . . ။ ယမုံနဲ့ ဘယ်လိုတွေ့ရမလဲဆိုတာ ကပ္ပိယကြီးကို ပြောလိုက်နော်၊

မောင်စောင့်နေမယ်။

ရဲသွေး (မောင်)



www.burmeseclassic.com

www.burmeseclassic.com



စာရေးပြီးသည်နှင့် စာရွက်ကလေးကိုခေါက်ကာ ကပ္ပိယကြီးအား ပေးလိုက်သည်။

"ရော့. . ."

"မင်း. . . ဒီမှာပဲ စိတ်ချပြီးနေ။ ငါ ကိစ္စပြီးတာနဲ့ ပြန်လာခဲ့မယ်"

"ကျေးဇူးပဲ ကပ္ပိယကြီးရယ်"

"ဟာ မင်းကလည်း. . . မလိုပါဘူးကွာ"

ကပ္ပိယကြီး ထွက်သွားတော့ ဘုရားတန်ဆောင်းကြီးမှာ သူတစ်ယောက်တည်းရယ်. . . ။ ဟိုးငယ်ငယ် ကျောင်းသား ဘဝတုံးကဆိုရင် ရွာဦးက ဒီစေတီ့တန်ဆောင်းကြီးမှာ လာဆော့ခဲ့ကြတာတွေ. . . ။ ကထိန်ပွဲတွေ ဘုရားပွဲတွေ ကျင်းပကြပြီဆိုတာနဲ့ လူတွေ ကြိတ်ကြိတ်တိုးလို့ စည်ကားနေတာတွေကို ပြန်မြင်ယောင်လိုက်သည်။

နောက်ပြီး. . . ဘုရားရုပ်ပွားတော်ကြီးကိုလည်း သေချာဖူးမျှော်လိုက်၏။ ရုပ်ပွားတော်၏ နဖူးသင်းကျစ်တော်သည် သူတို့ငယ်စဉ်က ဖန်သားကိုသာ တပ်ဆင်ထားခဲ့၏။ ခုတော့ အလျှုရှင်ပေါ်သည်နှင့်တူသည်။ ကွမ်းသီးလုံးခန့် ကျောက်နီတစ်လုံးကို တပ်ဆင်ထားသည်ကိုလည်း တွေ့လိုက်ရသည်။

နောက်ပြီး ရုပ်ပွားတော်ရဲ့ ရှေ့တည့်တည့် ပလ္လင်ခုံတော်မှာလည်း တစ်တောင်လောက်ရှိသော စလွယ်မကိုင်နှင့် ကြေးဆင်းတုတော်တစ်ဆူကိုလည်း ဖူးတွေ့လိုက်ရ၏။ ထိုကြေးဆင်းတုတော်ကြီးက ရှေးဟောင်းအမွေအနှစ်တစ်ခု





ဖြစ်မည်ကိုတော့ သူ နားလည်ထားမိခဲ့ပါသည်။

"ရဲသွေး"

"ဟာ. . . ကပ္ပိယကြီး"

ရဲသွေး ရင်ထဲမှာ လှုပ်ရှားလို့သွား၏။

အနားရောက်တယ်ဆိုရင်ပဲ. . . ။

"ဘယ်လိုလဲဟင် ကပ္ပိယကြီး၊ ယမုံကို တွေ့ခဲ့ရဲ့လား"

"တွေ့ခဲ့တယ်"

"ဒါဆို သူ ဘာပြောလဲ ဟင်"

"နေပါဦးကွာ. . . ငါ ထိုင်ပါရစေဦး. . . ပြောမှာပေါ့ မင်းကလည်း"

"ကျွန်တော် အရမ်းခံစားနေရလို့ပါဗျာ"

"ဟာ ဟော့ကောင်. . . ငါ့ကိုချင်လာအောင် လွမ်းပြမနေနဲ့ကွာ"

"ဒါဆိုလည်း မြန်မြန်ပြောဗျာ"

ပိုကို ပိုလွန်းသည် ဆိုတဲ့သဘောနှင့် ကပ္ပိယကြီးက မျက်စောင်းထိုးလိုက်ပါသည်။

"ငါ သူ့အိမ်ရောက်တော့ ကိုအောင်မြိုင်နဲ့ အရင်တွေ့တာကွ. . . အဲ လူကြီးတွေ ဆိုတော့ကွာ ဟိုအကြောင်း ဒီအကြောင်းတွေ ပြောရသေးတာပေါ့။ မင်းကောင်မလေးက အနားမှာထိုင်ပြီး ကျောင်းစာဖတ်နေတာ။ အဲ သူ့အဖေလစ်တာနဲ့က မင်းစာကို သူ့ရှေ့ကို ပြစ်ပေးလိုက်တာ အကြောင်းကြောင်းနဲ့ ငါ့ကိုလှည့်ကြည့်လိုက်သေးတယ်။ ငါက



www.burmeseclassic.com

www.burmeseclassic.com



မေးငေါ့ပြလိုက်တော့မှ စာရွက်ကလေး ကောက်ယူလိုက်တာ ပြီးတော့ ခပ်တည်တည်နဲ့ ခေါက်ရိုးဖြည်ပြီး ဖတ်လိုက်တာကွာ သူ့အဖေ ကိုအောင်မြိုင်များ ဘာလဲဆိုပြီးမေးလိုက်ရင်တော့ ဒုက္ခပဲလို့တွေးရင်း ငါ့မှာ စိုးရိမ်လိုက်ရတာ ရဲသွေးရာ၊ မင်းကောင်မလေးက တကယ်သွေးအေးတာပါကွာ''

''ကပ္ပိယကြီးက ဦးလေး ဦးအောင်မြိုင်ကို ဘာတွေပြောလို့လဲ''

''သူ့ကို ဘုန်းကြီးကျောင်းဆီကို အားရင်လာခဲ့ဘို့ ပြောတာက ရွာဘုရားပွဲက ရှေ့လလောက်ဆို ဖြစ်တော့မှာလေ၊ အဲဒီကိစ္စတွေ လျှောက်ပြောရတာပေါ့ကွာ''

''နောက်တော့ရော''

''မင်းကောင်မလေးက စာဖတ်ပြီး အသာလေး အခန်းထဲကိုထထွက်သွားတာ. . . ပြန်မထွက်လာတော့ဘူး. . . ဒါနဲ့ ငါလည်း ကိုအောင်မြိုင်ကို နှုတ်ဆက်ပြီး ပြန်လာခဲ့တာ၊ ခြံဝရောက်ခါနီးမှ မင်းကောင်မလေး ပြေးလိုက်လာရင်း မင်းကို ပြောလိုက်ပါဆိုပြီး မှာလိုက်တာ၈''

''ဘာ ဘာမှာလိုက်လဲ ဗျာ''

''ဒီည ဆယ်နာရီလောက်မှာ သူတို့အိမ်နောက်က ကောက်ရိုးပုံကြီးဆီကိုလာခဲ့ပါတဲ့. . . အဲဒါပဲ ငါ့ကိုမှာတယ်ကွ''

သူ့ရင်ထဲမှာ နွေးခနဲ ဖြစ်လို့သွားတော့သည်။

❀ ❀ ❀ ❀ ❀





## အခန်း စဉ်( ၁၆ )

### ''အလွမ်းရင့်တဲ့ အချစ်ကလေးများ''

တော်သေးသည်။ လလေးကနည်းနည်းသာလို့မို့လို့ အအေးဓာတ်က စိမ့်အေးနေခြင်း မဟုတ်ဘဲ. . . လယ်ကွင်းပြင်တွေဆီက ဖြတ်ရိုက်ခတ်လိုက်သော လေနုကြမ်းတို့ကြောင့်သာ အေးစိမ့်စိမ့်ဖြစ်လို့နေသည်။

သည် ကောက်ရိုးပုံကြီးသို့ ရောက်နေသည်မှာ အတော်တော့ကြာပြီ။ ခန့်မှန်းခြေ 'နာရီဝက်ခန့်လောက်တော့ရှိပေလိမ့်မည်။ လက်ထဲကပတ်ထားသည့် နာရီကိုကြည့်လိုက်သော်လည်း ဆယ်နာရီက မထိုးသေးပါ။ စိတ်ဆန္ဒတွေ



www.burmeseclassic.com

www.burmeseclassic.com



လောနေမှန်းကို ကိုယ့်ကိုယ်ကို သိလိုက်ရသည်။

ကောက်ရိုးပုံကြီးမှတဆင့် ပန်းယမုံတို့အိမ်ကြီးဆီသို့ လှမ်းမျှော်၍ကြည့်လိုက်ရာ မဲမှောင်တိတ်ဆိတ်ကာ ငြိမ်သက်လို့ နေတော့သည်။ သူ့စိတ်ထဲတွင် စိုးရိမ်စိတ်တွေ ဖြစ်ပေါ်လို့နေ၏။ အိမ်သားတွေနှင့်အတူ ပန်းယမုံကပါ အိပ်ပျော်လို့နေပြီလားလို့ပင်။

ဒါတော့ မဖြစ်နိုင်ဟုတွေးလိုက်သည်။ အခြေအနေမလာလို့ မလာသေးတာပဲဖြစ်မည်ဟု နားလည်ထားမိ၏။ စိတ်ကို ဖျော့တော့စွာ ထားရင်း ကောက်ရိုးပုံကြီးထဲသို့ ကိုယ်ကို နစ်ဝင်အောင် မှီထားလိုက်တော့သည်။

ပြီးတော့ စိတ်လွတ်ကိုယ်လွတ် အတွေးကိုဖြန့်ကျက်ကာ တွေးလိုက်မိသည်။ ငယ်စဉ်ကာလ ကလေးအရွယ်မှာ သူရယ် ပန်းယမုံရယ် သိန်းတန်နှင့် မိဖြူမတို့ရဲ့ သူငယ်ချင်းလေးယောက်တို့ အတူတူသွားလာ ဆော့ကစားနေကြပုံများ... မူလတန်းမှ အလယ်တန်းအထိ တဖြည်းဖြည်းကြီးပြင်းလို့ သူငယ်ချင်းတွေနဲ့ ခွဲခွာပြီး ရန်ကုန်ကိုသွားနေခဲ့ရသည့် အဖြစ်ကလေးများ။ ပန်းယမုံနှင့် သံယောဇဉ်ဖြစ်တည်လာခဲ့သည့် လွမ်းစရာ အဖြစ်ကလေးတို့က သူ့အတွေးပုံရိပ်ထဲသို့ ဆင့်ကာဆင့်ကာ ပေါ်ပေါက်လာခဲ့တော့၏။

"မောင်"

အတွေးလှိုင်းထဲတွင် နစ်မျောနေသည့်အချိန်... ။

နားထဲတွင် သာယာတိုးညှင်းသော ချစ်သူရဲ့ အသံလေးကို ကြားလိုက်ရတော့သည်။ အသံလေးနှင့်အတူ ချစ်သူရဲ့





ရောထွေးနေသည့်ကိုယ်သင်းနံ့လေးနှင့် သနပ်ခါးနံ့လေးကပါ သင်းပျံ့ကာ လှိုင်နေတော့သည်။ သူ့နံဘေးတွင် ထိုင်လျက် ရောက်နေသည့် ချစ်သူပါလား... ။

သူ့ရင်ထဲတွင်... ။

နှလုံးခုန်နှုန်းတို့က မြန်သထက်မြန်လို့သွား၏။ မပီပိုးတဝါးလရောင်အောက်မှာ ပန်းယမုံရဲ့ မျက်နှာလေးကို စူးစူးနင့်နင့်နှင့် ငေးစိုက်ကြည့်နေမိတော့သည်။

သည့်လိုပဲလေ... ။

ပန်းယမုံလည်း နင့်နင့်နည်းနည်း စူးစူးရှရှကို ကြည့်နေမိတော့သည်။ ရင်ထဲမှာတော့ ဝေဒနာမျိုးစုံတွေက ဖြစ်တည်လို့ နေပေပြီ။

တစ်ယောက်ကိုတစ်ယောက် စကားမပြောနိုင်ကြ။

နှစ်ဦးသားရင်တွင်းက လှိုက်ဖိုမောပမ်းလို့နေကြသည်။

ကြည်နူးခြင်းတွေ... ။

ဝမ်းသာပျော်ရွှင်ခြင်းတွေက ရင်နှင့်မဆံ့တော့... ။

မျက်ရည်ကလေးတွေက မျက်လုံးအိမ်အတွင်း ရစ်ဝဲကာ တွဲခိုလို့ လာ၏။

သူတို့နှစ်ယောက်စလုံး ရင်ခုန်သံတွေက ရထားဆယ်စင်းမက ခုတ်မောင်းသံတွေထက်ကို မြန်နေလေသည်။

နောက်ဆုံးမှာတော့

နှလုံးသား၏ တောင်းဆိုချက်ကြောင့်လားတော့မသိ။

"မောင်"



www.burmeseclassic.com

www.burmeseclassic.com



"ယမုံ"

တစ်ယောက်ကိုတစ်ယောက် နှလုံးသားတ တမ်းတမ်းတတခေါ်ရင်း ပါးခြင်းကပ်လို့ ရင်ခြင်းအပ်ကာ တင်းကျပ်စွာပွေ့ဖက်မိလိုက်ပါတော့သည်။

"မောင်. . . ရယ်"

ပန်းယမုံ တုန်လှုပ်ချောက်ချားစွာ အူလှိုက်သည်းလှိုက် မချိတင်ကဲစွာဖြင့် ခေါ်လိုက်သော်လည်း ငိုသံတွေကရောစွက်လို့ နေ၏။

ရဲသွေးကတော့ မပြောနိုင်တော့. . . ။ရင်ထဲတွင် တစ်ဆို့ဆို့ကြီးနှင့်ဖြစ်နေတော့သည်။ နောက်တော့ ခန္ဓာကိုယ် နှစ်ခုကို ခွာလိုက်ပြီး မျက်နှာချင်းဆိုင်ကာ တမ်းတလွမ်းမောစွာ ပြန်ကြည့်လိုက်သည်။

သည်တော့. . . ။

ပန်းယမုံက ကြည်လဲ့ရီဝေသော မျက်ဝန်းကလေးနှင့် ကြည့်ရင်းမှ. . . ။

"သိပ်လွမ်းတယ်. . . မောင် ရယ်"

ပန်းယမုံရဲ့ စကားလေးကြားရတော့ ရဲသွေးရင်ထဲ မချိတော့ပြီ။

"ယ. . . မုံ. . . ရယ်"

ရဲသွေးက ပြောပြောဆိုဆို ပန်းယမုံရဲ့ ကိုယ်လေးကို ဆွဲယူကာရင်ခွင်ထဲသို့ ဆွဲသွင်းလိုက်တော့သည်။

ရဲသွေးရင်ထဲတွင် ပြုံဆင်းသွားသည့် ပန်းယမုံလည်း





အလိုက်သင့်ပါပဲ။

ပက်လက်ကလေး လှဲချလိုက်တော့ ရဲသွေးက ဘယ်လက်ကလေးနဲ့ ခေါင်းလေးကိုပွေ့ယူကာ ဖက်လို့ထားပြီး ပန်းယမုံ၏ မျက်နှာလေးကို မတ်မတ်မောမောလေးကြည့်လို့ နေတော့သည်။

"ယမုံ"

ကြင်နာယုယစွာနဲ့ ခေါ်လိုက်တယ်ဆိုရင်ပဲ ပန်းယမုံ ကလည်း ရီဝေဝေမျက်လုံးကလေးနဲ့ တမ်းတလွမ်းမောစွာ ပြန်ကြည့်လိုက်ရင်း တိုးတိုးလေး ထူးလိုက်သည်။

"မောင်"

"မောင် ဘာတွေပြောလို့ ပြောရမှန်းတောင် မသိတော့ ပါဘူး ယမုံရယ်. . . မောင် ယမုံကိုတွေ့လိုက်တာနဲ့ ရင်ထဲမှာ လှိုက်ခနဲ ဝမ်းနည်းသလိုလို ဝမ်းသာသလိုလို ဖြစ်လို့သွားရ တယ် ယမုံရယ်"

"ယမုံလည်း မောင့်လိုပါပဲ မောင်ရယ်. . .မောင့်ကို ပြောမယ့်စကားလုံးတွေ ဘယ်တွေထွက်ပြေးကုန်ပြီလဲ မသိတော့ ဘူး သိလား. . . ။ ယမုံစိတ်ထဲမှာလေ မောင့်ကိုချစ်တယ်ဆို တာပဲ သိတယ်ကွယ်"

"အော်. . . မောင့် ယမုံရယ်"

ရဲသွေးတစ်ယောက် ရင်ထဲမှာ မခံစားနိုင်တော့သည့် အတွက် ပန်းယမုံ၏နဖူးပြင်လေးကို ယုယုယယလေး မွေးကြူ လိုက်ပါ၏။ နောက် ဖောင်းအိနေသော



www.burmeseclassic.com

www.burmeseclassic.com



ပါးပြင်နုနုလေး. . .

''ယမုံ''

''ဟင်''

''သိန်းတန်နဲ့ မိဖြူမတို့ ဘယ်လိုဖြစ်သွားကြ
တာလဲ''

''ဟယ်. . . မောင်သိတယ်''

''အင်း''

ရဲသွေးက ဘန့်ဘွေးကုန်းရဲ့ စက်လှေကြုံပေါ်တွင်
လိုက်ပါရင်းက ခရီးသည်အဒေါ်ကြီးနှစ်ဦးပြောသံကိုကြားလိုက်
ကြောင်းကို ပြောပြလိုက်သည်။

''ဟုတ်တယ် မောင်ရဲ့. . . ။ အဲဒီအဒေါ်ကြီးတွေ
ပြောသလိုပဲ မိဖြူမကို ယောက်ျားပေးစားမယ်လဲဆိုရော. . .
မိဖြူမ ငိုတော့တာပဲ. . . ။ဒါနဲ့ သိန်းတန်က သူ့နောက်လိုက်
ဆိုပြီး ခိုးပြေးလိုက်တာ။ နဂိုကတည်းက သိန်းတန်က မိဖြူမကို
ကြိုက်နေတာ မောင်ရဲ့''

''ဟုတ်လား. . . သူတို့ဘယ်ကို ခိုးပြေးကြလဲ ယမုံ''

''သိန်းတန်ပြောတော့. . . အရှေ့ဘက်ကမ်းကို ခိုးပြေး
မယ်လို့ ပြောတာပဲ. . . ။လူကြီးတွေက ယမုံကို လာလာမေး
တာ သိလား. . . ။ ယမုံမပြောပါဘူး. . . မသိဘူးပဲ ခေါင်းခါ
လိုက်တယ်''

''ကောင်းတယ်. . . ဘယ်တော့မှ မပြောနဲ့ ယမုံ''

''အင်းပါ. . . မပြောဘူး''





''အော်. . . သူတို့နှစ်ယောက်က မောင်တို့
နှစ်ယောက်ထက်ကို အရင်ယူလိုက်ကြပြီနော်. . . အားကျလိုက်
တာကွာ''

ရဲသွေးပြောပြီး ပန်းယမုံရဲ့ မျက်နှာလေးကို
လွမ်းမောစွာ ငေးကြည့်မိနေလိုက်၏။ သည့်လိုပဲ. . .
ပန်းယမုံကလည်း ရဲသွေးကို လွမ်းလွမ်းဆွတ်ဆွတ်ကို
ငေးမောကာနေရင်း

''မောင် အားကျရင်. . .သူတို့လိုပဲ ယမုံကို ခိုးပြေး
မလားလို့''

''ယမုံ တကယ်ပြောတာလား''

''အင်း. . . တကယ်ပေါ့''

''ဒါဆို မောင် စီစဉ်လိုက်မယ်''

''ဒီတစ်ခေါက်တော့ နေလိုက်ဦးမောင်ရယ်။ ယမုံလည်း
အိမ်မှာ စီစဉ်စရာလေးတွေရှိလို့. . . စီစဉ်လိုက်ဦးမယ်။ မောင်
ဘယ်တော့လာဦးမလဲ ဟင်''

''ယမုံပြောတာ ဟုတ်ပါတယ်။ ဒီလိုလုပ် မောင်
နောက်တစ်ပတ်ကျရင် လာခဲ့မယ်။ မောင် ရန်ကုန်မှာနေဖို့
အိုးအိမ်ကို စီစဉ်ထားရဦးမယ်။ အားလုံးအဆင်ပြေပြီးဆိုတာနဲ့
လာခဲ့မယ်. . . ဟုတ်လား''

ပန်းယမုံ ပြုံးကာ ခေါင်းလေးညိတ်လိုက်၏။
ပြီးတော့လည်း ခပ်ချွဲချွဲလေးနှင့် ပြောလိုက်၏။

''မောင့် သဘော''



www.burmeseclassic.com


www.burmeseclassic.com



ရဲသွေး စိတ်တွေ မရိုးမရွဖြစ်လို့သွားခဲ့ရပြန်သည်။

သည်တော့လည်း. . . သူတို့နှစ်ယောက် ချိုမြိန်သော အနမ်းပွင့်ကလေးတွေ ခြွေချလို့နေတော့သည်။

❀ ❀ ❀ ❀ ❀



အခန်းစဉ်(၁၇)

"ရွာဦးကျောင်းက ရန်စွယ်တော်"

ပန်းယမုံဆီက ပြန်လာတော့ ည နှစ်ချက်တီးနေပြီ။ ...ချင့်ပြန်ချင် ပြန်လာခဲ့ရပေမယ့် စိတ်ကပန်းယမုံဆီမှာ ...ခဲ့တော့သည်။ အမေ နေမကောင်းသဖြင့် စောစော ...ရမည်။ မနက်ဖြန်နေ့လည်လောက်ကို တွေ့ဆုံနေကျ ...မ်းပါးပေါ်ရှိ ကုလားမန်ကျီးသီးပင်အောက် လာခဲ့ဘို့ကို ...ယမုံက မှာလိုက်သည်ကို တွေးနေမိလိုက်၏။

ယမုံရယ်. . . ဟိုးအဝေး ရန်ကုန်ကနေ ဘယ်သူ့မှ ...အောင်လို့ ခိုးဝှက်ပြီးလာခဲ့တာ. . . ယမုံကို ဘယ်လောက်



www.burmeseclassic.com

www.burmeseclassic.com



ချစ်တယ်ဆိုတာ. . . ယမုံသိပါတယ်လေ။ မောင်က သိပ်တွေ့ချင်နေတဲ့ လူဆိုတော့ ဘယ်အချိန် ဘယ်လိုပဲတွေ့ရတွေ့ရ တွေ့ချင်တာ အမှန်ပဲလေ. . . ။

သူ့ခြေလှမ်းတွေက တုံ့နှေးတုံ့နှေးနှင့် လျှောက်လှမ်း လာခဲ့ရသည်။ လကလည်း မသာ့တသာနှင့် ပိုးနံ့ကောင်တွေ ပုရစ်တွေ၏ အော်မြည်သံတွေကလည်း တစူစူ တစာစာဖြင့် ပတ်ဝန်းကျင်တစ်ခိုတွင် ဆူညံလို့နေ၏။

ခုမှပင်. . . ။

သူ့ခန္ဓာကိုယ်က လေးလံထိုင်းမှိုင်းလို့ တောင့်တင်း လာတော့သည်။ ရန်ကုန်ကနေ လာခဲ့ရသည်ဆိုတော့ လူ နုံးချိလို့နေလေသည်။ ဘုရားတန်ဆောင်းထဲ ရောက်ရင်တော့ ကပ္ပိယကြီးနှင့်အတူ ပေ ာင်းကောင်းအနားယူလို့ အိပ်စက်မည် စိတ်ကူးလို့ထားလိုက်သည်။

သူ ရွာထဲလမ်းက မသွားဘဲ ရွာပြင်က ရိုးပြတ်လယ်ကွင်း ဘေးအစပ်ကနေ ရွာဦးကျောင်းသို့ လာနေခဲ့ခြင်းဖြစ်၏။ သည်ရွာပြင်လမ်းက အန္တရာယ်ကင်းသည်။ ဒီအချိန် မည်သူ တစ်ဦးတစ်ယောက်မျှ အသွားအလာမရှိ။ အေးအေးဆေးဆေး သွားနေရာမှ သူ့ဗိုက်ထဲက ရစ်၍နာလာသည်။

သူရောက်နေသည့်နေရာမှ ဟိုးအဝေးသို့လှမ်းကြည့် လိုက်တော့ ရွာဦးကျောင်းနှင့်စေတီကို လှမ်းမြင်နေရသည်။ ဗိုက်ကလေးကို နှိပ်လို့လျှောက်လာရင်း ကျောင်းရောက်မှ ကိစ္စ သွားမည်ဟု စိတ်ကူးလိုက်ပြီး ခပ်သုပ်သုပ်လျှောက်လိုက်၏။





ဒါပေမဲ့. . . ။

မရတော့. . . ။ အန္တရာယ်ကို မလွယ်ထားနိုင်တော့။ ဗိုက်ထဲတွင်းက ဟာတွေက အပြင်သို့ အတင်းပင်ထိုးထွက်ချင်နေပြီ။ မအောင့်ထားနိုင်တော့ဘဲ ဒီလမ်းဘေးမှာပဲ ကိစ္စပြီးအောင်လို့ သွားလိုက်တာပဲကောင်းပါတယ်ဟု စိတ်ကူးလိုက်၏။

နေရာလေးကလည်း လမ်းချိုးထောင့်ကွေးအစပ် ရွာဦးကျောင်းသို့သွားမည့်လမ်း ရှေ့ဆက်သွားရင်ဖြင့် ရွာတောင်ဘက်သို့ သွားသည့်လမ်းဖြစ်သည်။

သို့ဖြင့် . . . ။

သူ လမ်းဘေးတစ်နေရာ ခြုံအစပ်အကွယ်မှာ ငုတ်တုတ်ထိုင်လိုက်၏။ ဒီအချိန်ကြီးမှာ ဘယ်သူကလာ၍ မြင်မှာမို့လို့ အကွယ်တွင်းသို့ သွားရတာလဲဟု စိတ်ကဖရောက်သွားသဖြင့် ထိုင်လိုက်မိသည်။

သည်အချိန်ကလေးအတွင်း. . . ။

သူ့အနီးအနားသို့ ခြေသံတွေနှင့်အတူ စကားသံတွေ ကြားလိုက်ရသည်။ သူ့စိတ်ထဲလန့်ဖြန့်လို့သွားတော့၏။

"ကဲ ဝတုတ်. . . မင်း ဘန့်ဘွေးကုန်းက လူဦးခေါင်းကို သွားတော့. . . ပစ္စည်းတွေကို တပါတည်း ဆန်အိတ်ထဲ ထည့်ပြီးထည့်ထားနော်. . . ။အဲဒီဆန်အိတ်ကို ကမ်းနားက သည်တိုက်ထဲမှာရှိတဲ့ လူဦးဆန်အိတ်တွေနဲ့ ရောပြီးထပ်ထားလိုက်"

"ကျုပ်တို့ ဘယ်ကောင်နဲ့တင်မလဲ ကိုဖေကြီး"



www.burmeseclassic.com

www.burmeseclassic.com



"ကုန်တင် စက်လှေနဲ့ တင်မယ်။ မင်းအရင်သွား ငါ့အစ်မနဲ့ အိမ်သားတွေကို ငါကိုယ်ရောင်ပြလိုက်ဦးမယ် မိုးလင်းတာနဲ့ ငါ ဘန့်ဘွေးကုန်းကိုအရောက် လာခဲ့ ဟုတ်လား"

"ဒါဆို... ကျုပ်သွားမယ်"

သူတို့နှစ်ယောက်ပြောနေတာကို ရဲသွေး ခြုံစပ်အကွ ကနေ ကြားလိုက်သည်။

အပြင်ကိုတော့ မထွက်ပဲနေလိုက်သည်။

နောက်တော့... ။

သူတို့နှစ်ယောက် စကားတပြောပြောနှင့် ထွက်သွား တော့မှ... သူလည်းကိစ္စဝိစ္စတွေပြီးလို့ ထွက်လို့လာခဲ့သည်

"ဘာပစ္စည်းတွေလည်း မသိဘူး... ဘာလို့ဆန့်အိတ် ရောထားရမှာလဲ... ဟာ ဒါ ငါ့ကိစ္စမဟုတ်ဘူး... ငါလည်း ငါသွားတာပဲ ကောင်းမယ်"

သူလည်း... ရွာဦးကျောင်းသို့ အရောက်ပြန်လာခဲ့

လူကလည်းပင်ပန်းလာသဖြင့် ဘုရားတန်ဆောင်း ရောက်ရင်ဖြင့် ကပ္ပိယကြီးနှင့်အတူ ဝင်အိပ်ပြစ်လိုက်မည် အားတင်းထားလိုက်ပါသည်။

ဘုရားတန်ဆောင်းထဲရောက်တော့ မဲမှောင်တိတ်ဆိတ် လို့ နေသည်။

"ကပ္ပိယကြီး"

"ကပ္ပိယကြီး"





ခပ်တိုးတိုးလေး ခေါ်လိုက်၏။

ကပ္ပိယကြီးထံမှ ဘာစကားသံမှ မကြားရ။ အိပ်မောကျလို့နေသည်ဟု တွေးထင်လိုက်မိသည်။

"ကပ္ပိယကြီး... ကပ္ပိယကြီး..."

ရဲသွေး ထပ်၍ခေါ်လိုက်သည်။ ဘာသံမျှ မကြားရ။

"တော်တော် အိပ်မောကျနေတယ်နဲ့ တူတယ်"

သူ့ထင်မြင်ချက်လေးကို ညည်းတွားလိုက်သည်။

ကပ္ပိယကြီးကို နှိုးလို့မရသည့်အဆုံး ... အမှောင်ထဲမှာပင်... စမ်းတဝါးဝါးနှင့် သူ၏ကျောပိုးအိတ်ကလေးထားသည့် နေရာသို့သွားလိုက်၏။

ထိုသို့သွားလိုက်ရာ၌ သူ့ခြေထောက်တစ်ချောင်းက တစ်စုံတစ်ဦးကို ဝင်ရောက်တိုက်မိသွားသဖြင့် ရှေ့သို့ဟတ်ထိုး လဲကျသွားတော့၏။

"အာ..."

လဲကျသွားသည့်အခါ ရဲသွေးစိတ်ထဲတွင် ထင့်ခနဲ ဖြစ်လို့သွား၏။ သူ၏လက်နှစ်ဖက်ကလည်း ကပ္ပိယကြီး အိပ်ရာနှင့် ထိတွေ့လိုက်မိတော့သည်။

သူ လဲကျရာမှ ကမန်းကတမ်းကြုံးထရင်း ကပ္ပိယကြီး အိပ်ရာနံဘေးသို့လက်ဖြင့်လျှောက်စမ်းလိုက်ရာ မီးခြစ်တစ်လုံးကို ထိကိုင်မိလိုက်ပြီး ကမန်းကတမ်းကို ခြစ်ကာ ကြည့်လိုက်၏။

"ဟာ..."

ရဲသွေး အံ့သြထိတ်လန့်လို့သွားရတော့၏။



www.burmeseclassic.com

www.burmeseclassic.com



သူမြင်လိုက်တာကတော့. . . သံမန်တလင်းပေါ်တွင် ကပ္ပိယကြီးကို ဝက်တုပ် ဝက်ချည် တုတ်နှောင်လို့ ပါးစပ်ကိုလည်း အဝတ်တစ်ခုဖြင့် တုန်နှောင်ပိတ်ဆို့လို့ထားသည်ကို တွေ့လိုက်ရသည်။

သူ ချက်ချင်းပင် ရုပ်ပွားတော်ရှေ့က ဖယောင်းတိုင်တွင် မီးညှိလိုက်ပြီး ကပ္ပိယကြီးဘက်ကိုလှည့်ကာ. . .

"ကပ္ပိယကြီး . . . ဘယ်လိုဖြစ်တာလဲ"

ပြောပြောဆိုဆိုနှင့် ကပ္ပိယကြီးကို တုပ်နှောင်ထားသည့် ကြိုးတို့ကို ဖြည်ပေးလိုက်တော့သည်။

"ဘယ်လိုဖြစ်တာလဲ. . : ကပ္ပိယကြီးရာ"

သူက တုန်လှုပ်ချောက်ချားသောလေသံဖြင့် မေးလိုက်၏။

"တော်တော် ယုတ်မာရိုင်းစိုင်းတဲ့ ကောင်တွေကွာ . . တောက်"

"ဘယ်. . . ဘယ်လိုဖြစ်တာလဲ ပြောစမ်းပါဦးဗျ"

"ဟိုမှာ. . . ကြည့်စမ်း"

ကပ္ပိယကြီး လက်ညှိုးထိုးပြရာသို့ ကြည့်လိုက်တော့

"ဟင်"

ရုပ်ပွားတော်ကြီး၏ နဖူးသင်းကျစ်တော်က ကျောက်နီကြီးမှာ မရှိတော့. . . ။

"ဟာ. . . မိုက်ရိုင်းလိုက်တာ"

ရဲသွေးရင်ထဲမှာ နင့်ခံနဲ့ ခံစားလို့သွားရ၏။ ပြီးတော့လည်း ဒေါသသွေးတို့က သွေးကြောတစ်လျှောက်





[illegible]းဆင်းလို့သွားတော့သည်။

"ကြေးဆင်းတုတော်လည်း မရှိတော့ဘူး။ ဒီကောင်တွေ [illegible]သွားကြပြီ. . . နောက်ပြီး စေတီတော်ကြီးရဲ့ ခေါင်းလောင်း [illegible]တော်ထဲက ဌာပနာတိုက်ကိုလည်း ဖောက်ပြီ ပစ္စည်းတွေ [illegible]သွားကြတယ်ကွာ. . . ဘယ်လောက်ထိ ယုတ်မာပက်စက် [illegible]သလဲလို့"

သူ့ရင်ထဲတွင် မချိတော့. . . ။

ကိုယ့်တာသာ သာသနာကို စော်ကားမော်ကား လုပ်လာ [illegible]ကိုတော့ သည်းမခံနိုင်ပါ. . . ။

"ဘယ်သူတွေလည်းဆိုတာ ကပ္ပိယကြီး သိလား"

ကပ္ပိယကြီးက ဖြည်းလေးစွား ခေါင်းကိုခါရမ်းလိုက်၏။

"ဒီကောင်တွေ မျက်နှာမှာ အဝတ်နက်ကြီးတွေ [illegible]ည်းထားတယ် ရဲသွေး"

ရဲသွေး စဉ်းစားကြည့်လိုက်သည်။

ပန်းယမုံနှင့် တွေ့ပြီးပြန်လာတော့ သူ ဝမ်းသွားချင် [illegible]တ်ပေါ်လာခဲ့သည့်အတွက် သွားလိုက်စဉ်မှာ. . . လူနှစ်ယောက် [illegible]ားပြောရင်း လာနေသည်ကိုတွေ့လိုက်ရ၏။ သူတို့ပြောသည့် [illegible]ားတွေကို ရဲသွေး ပြန်စဉ်းစားကာကြည့်လိုက်သည်။

ထို့ပြင်. . . ။

အရင်တစ်ခေါက် ရွာကိုလာခဲ့စဉ်မှာလည်း ဘုရား [illegible]ထဲအတွင်း၌ပြောဆိုကြသည့် လူနှစ်ယောက်၏ စကားတွေ [illegible]သည်း ပြန်စဉ်းစားလိုက်ရာ. . . ။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပြီ. . . ဒီလူတွေပဲဖြစ်လိမ့်မယ်"

"ဘယ်သူတွေလဲ"

ကပ္ပိယကြီးက သိချင်စိတ်နှင့် မေးလိုက်၏။

"ကပ္ပိယကြီး"

"ဟေ"

"အချိန်သိပ်မရှိတော့ဘူး. . . ဘယ်သူလုပ်တာလဲ ဆိုတာ ကျွန်တော်သိလိုက်ပြီ. . . ။ဒီတော့ ကပ္ပိယကြီးက ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်တွေကို သွားခေါ်. . . ရွာကလူကြီးတွေကိုပါခေါ်. . . ခေါ်ရင်လည်း တိတ်တဆိတ်သာခေါ် တစ်ရွာလုံး မသိစေနဲ့"

"ဘာဖြစ်လို့လဲ. . . ရဲသွေး"

"တရားခံတစ်ယောက်က ရွာထဲမှာ ရှိနေသေးတယ် သူသိသွားလို့ မဖြစ်ဘူးဗျ. . . ။နောက်ပြီး ရွာကလူကြီးတွေ ခေါ်ရင် ဦးလေး ဦးအောင်မြိုင်ကို မခေါ်နဲ့နော်"

"ဟေ"

"ဟေတွေ ဘာတွေ လုပ်မနေနဲ့. . . လူကြီးတွေ ဆယ်ယောက် ဆယ့်ငါးယောက်ဆို ရပြီ ကပ္ပိယကြီး. . . ။ ကျွန်တော် ဆရာတော်ကို နှိုးထားမယ်။ ကဲ အချိန်သိပ်မရှိ တော့ဘူးဗျာ သွားတော့. . . အားလုံးကို ဒီကိုသာ ခေါ်လာခဲ့တော့"

"မင်းအဖေကိုပါ ခေါ်လာခဲ့မှ ရမယ်ကွ"

ရဲသွေးတစ်ယောက် တဒင်္ဂတော့ မင်သက်ကာ သွားတော့သည်။

မတတ်နိုင်တော့။ သူ့ရွာကို ရောက်နေတာကို





သိချင်လည်း သိစေတော့။ ဤသို့ သိလို့လည်း သူ့ကို သတ်ချင်လဲ သတ်စေတော့. . . ။ ရွာ၏အကျိုးကိုတော့ သယ်ပိုး ရတော့မည်ပဲလေ. . . ။သူ့ပြဿနာက အဓိကမဟုတ်တော့။

"ကဲ ကပ္ပိယကြီး သွားတော့"

"အေး. . . ဒါဆို သွားပြီ"

ဖျတ်ဆို ပန်းယမုံရဲ့ မျက်နှာကလေးကို မြင်လိုက်ရ သည်။ စိတ်ထဲတွင်လေးလံထိုင်းမှိုင်းလို့ သွားခဲ့ရပြီ။

သူနှင့် ပန်းယမုံ၏ ဇာတ်လမ်းလေးက ဇာတ်သိမ်း ကောင်းမည့်ပုံ မပေါ်တော့ပေ. . . ။

× × × × × ×

ရွာဦးကျောင်း ဆရာတော်နှင့်အတူ ပျက်စီးသွားသော စေတီ၏ဌာပနာတိုက်ကို လှည့်ပတ်ကြည့်ရှုနေစဉ်မှာပဲ စေတီ ဝင်းထဲသို့ လူတစ်စု စကားတပြောပြောနှင့် လာနေကြသည်ကို တွေ့လိုက်ရသည်။

ကပ္ပိယကြီး သွားခေါ်သည့် ရပ်ရွာလူကြီးများပင်။

"ရွာက လူကြီးတွေတော့ ရောက်လာကြပြီ။ ပြဿနာရဲ့ အကြောင်းစုံကို မင်းပဲ ရှင်းပြလိုက်ပေတော့ကွယ်"

"တင်ပါ့. . . ဘုရား"

မကြာခင်မှာပဲ ဆရာတော်နှင့် သူ့အနီးသို့ လူတွေ ရောက်လာခဲ့ကြတော့သည်။

"အရှင်ဘုရား. . . ဘာကိစ္စများဖြစ်ပေါ်လို့ပါလဲ ဘုရား"

အချိန်ကလည်း နှစ်ချက်တီးကျော်ကျော်လောက်ပဲ



www.burmeseclassic.com

www.burmeseclassic.com



ရှိနေသေးသည်။ မောင်ကလည်း မှောင်မိုက်လို့နေ၏။ ရဲသွေးကို မည်သူမည်ဝါမှန်း မသိကြသေး။

"ဒကာကြီးတို့ လက်နှိပ်ဓာတ်မီးနှင့် စေတီတော်ရဲ့ ခေါင်းလောင်းတော် ဌာပနာတိုက်ကို ထိုးကြည့်လိုက်ကြပါဦး"

ဆရာတော်ပြောသည်နှင့် လူတွေအားလုံး လက်ထဲက ဓာတ်မီးများဖြင့် ဝိုင်း၍ထိုးကာ ကြည့်လိုက်တော့သည်။

"ဟာ"

"ဟင်"

"ဘယ်လိုဖြစ်တာလဲ"

"အို... ကြည့်စမ်း"

အားလုံး အံ့သြကုန်တော့သည်။

"ဌာပနာတိုက်ကို ဖောက်ပြီး အထဲကပစ္စည်းတွေ ယူသွားကြတာပဲ"

"တောက်... တော်တော်ယုတ်မာတာပဲ"

"မိုက်ရိုင်းလိုက်တာကွာ... ဗုဒ္ဓဘာသာမှ ဟုတ်ရဲ့လား"

တစ်ယောက်တစ်ပေါက်နဲ့ ဆူညံလို့သွားတော့၏။

"ကဲ အားလုံးလာ... ရုပ်ပွားတော်ကြီးကိုလည်း သွားကြည့်ကြရအောင်"

ဆရာတော်က ဦးဆောင်၍ တန်ဆောင်းထဲကို ခေါ်၍ သွားလိုက်သည်။ လူတွေက တစ်ယောက်တစ်ပေါက်နှင့် ပြောဆိုကြရင်း နောက်က ပါလာခဲ့ကြ၏။ သူက ဆရာတော်နံဘေးမှာ ကပ်၍ လိုက်လာနေသည်။ တန်ဆောင်းထဲရောက်တော့...





"ကဲ ဒကာတို့... ရုပ်ပွားတော်မြတ်ကြီးရဲ့ နဖူးတော်ကို ကြည့်လိုက်ကြပါဦးလေ"

ဆရာတော်စကားအဆုံး ဓာတ်မီးတွေ တဝင်းဝင်းနှင့် ရုပ်ပွားတော်မြတ်ကြီးရဲ့ မျက်နှာတော်တစ်ပိုက်တွင် လင်းထိန်လို့ သွားခဲ့ရတော့သည်။

"ဟာ ကြည့်စမ်း။ ဒါကိုလည်း ထွင်းယူသွားပါလား"

"ဒီကောင်... လူမှ ဟုတ်ရဲ့လား"

"နဖူးသင်းကျစ်တော် ပတ္တမြားလုံးကြီးတင်မကဘူး ကြေးဆင်းတုတော်ကြီးပါ ယူသွားခဲ့တာ"

ကပ္ပိယကြီးက ဝင်၍ပြောလာသဖြင့် ဆရာတော်က

"ကဲ ကပ္ပိယကြီး... အသေးစိတ် ပြောပြလိုက်စမ်း"

ဆရာတော်က ပြောခိုင်းသဖြင့် ကပ္ပိယကြီးက ညက ဖြစ်စဉ်တွေကို တစ်ခုမကျန် ပြန်ပြောလို့နေတော့၏။

"ညနေစောင်းလေးမှာ မှောင်တောင်တောင် အချိန်မှာ လူငယ်တစ်ယောက် ကျုပ်ဆီရောက်လာခဲ့တယ်... အဲဒီလူငယ်က ဟောဒီက သူငယ် မောင်ရဲသွေးပဲ"

"ဘာ..."

ဦးမြဒင်ရဲ့ အသံက ကြောက်ခမန်းလိလိ ကျယ်လောင် [illegible]သွား၏။

"ဒကာကြီး နောက်မှ ဒေါသထွက်ပါ။ အရင်ဦးဆုံး ကပ္ပိယကြီး စကားကို နားထောင်ပါဦးလေ"

"ဟုတ်ပါတယ် အဖေ။ ခုချိန်မှာ အဖေ့ကျွန်တော့်ကို



www.burmeseclassic.com

www.burmeseclassic.com



ဘာပြောချင်လဲဆိုတာကို ကျွန်တော်သိပါတယ်။ အခု ကျွန်တော့်ကိစ္စက အရေးမကြီးသေးပါဘူး အဖေ။ အခုလတ်တလော ဖြစ်နေတဲ့ကိစ္စက ပိုပြီး အရေးကြီးနေပါတယ်. . . ကဲ ကပ္ပိယကြီး ဆက်ပြောပါဗျာ''

ကပ္ပိယကြီးက အားလုံးကြားအောင်လို့ သူ့စကားကို ဆက်၍ပြောတော့သည်။

ရဲသွေး ရွာကိုရောက်လာသည့်အကြောင်း. . . ။ သူက ကူညီပြီး ပန်းယမုံဆီသွားပြီး စာပေးလို့ ကူညီခဲ့ရပုံများ. . . ။ နောက် ပန်းယမုံနဲ့ ရဲသွေး ချိန်းဆိုထားလို့ ည ကိုးနာရီခွဲ လောက်တွင် ရဲသွေး ထွက်သွားကြောင်း. . . ။

''အဲ. . . ရဲသွေး ထွက်သွားပြီးလို့ ည ဆယ့်နစ်နာရီ လောက်မှာ လူနှစ်ယောက်ရောက်လာခဲ့ကြတယ်. . . ။သူတို့ မျက်နှာတွေကို အဝတ်နက်ကြီးတွေ ဖုံးထားကြတယ်။ အဲဒီ အချိန် ကျွန်တော်က ထိုင်ပြီး မျက်စိမှိတ် ပုတီးစိတ်နေတာပေါ့။ ကျွန်တော့်နောက်ကျော စူးခနဲဖြစ်သွားလို့ ဖွင့်ကြည့်လိုက်တော့ ခုနပြောတဲ့ လူနှစ်ယောက်ကို တွေ့တာ''

လူအားလုံးက စိတ်ဝင်တစား နားထောင်လို့နေပေမယ့် မခံချင်စိတ်တွေက သူတို့ရင်ထဲမှာ ကိန်းအောင်းလို့နေ၏။

''နောက်တော့ ကျုပ်ကို ကြိုးတွေနဲ့တုပ်. . . မအော် နိုင်အောင် ပါးစပ်ကို အဝတ်နဲ့စည်းပြီး တုတ်နှောင်ကြတာ ကျုပ်ဘာမှ လုပ်လို့မရတော့ဘူး။ အဲဒီမှာ သူတို့လုပ်ချင်သလို လုပ်ကြတာပဲ. . . မကြာပါဘူး ထွန်းထားတဲ့မီးကိုမှုတ်ပြီး





ထွက်သွားကြတာ. . . တော်တော်လေးကြာတော့မှ. . . ရဲသွေး ခေါ်တဲ့ အသံကို ကြားလိုက်ရတာလေ''

ကပ္ပိယကြီး စကားဆုံးတော့ ဆရာတော်က. . .

''ကပ္ပိယကြီး မီးထွန်းလိုက်ပါဦးလေ''

''တင်ပါ့ ဘုရား''

ကပ္ပိယကြီးက မီးထွန်းညှိနေစဉ်အတွင်း. . .

''ကျန်တာကိုတော့ ရဲသွေး ပြောပြလိမ့်မယ်။ ရွာထဲမှာ ဘုရားခံ ဘယ်သူလဲဆိုတာ သူသိတယ်ထင်တယ်။ ကျုပ်ကို ရွာထဲက ဥက္ကဋ္ဌနဲ့ ရပ်ရွာလူကြီးတွေကို တိတ်တဆိတ်လေး သွားခေါ်ခဲ့ပါဆိုလို့ ကျုပ်လည်း ခင်ဗျားတို့ကို ခေါ်လာခဲ့တာပဲ''

အားလုံးရဲ့ မျက်လုံးအကြည့်တွေက ရဲသွေးထံသို့ စုပုံ ရောက်သွားတော့သည်။ ရဲသွေး၏ စကားကို နားထောင်၍ နေချင်ကြပြီ. . . ။

''ကျွန်တော်. . . ကျွန်တော့်ချစ်သူနဲ့ တွေ့ပြီ ရွာပြင် ထွက်ကနေ ရွာဦးကျောင်းကိုပြန်အလာမှာ. . . ''

ရဲသွေးက ဖြစ်စဉ်အကုန်နဲ့ သူကြားသမျှတွေကိုလည်း အစ်လုံးချင်း ပြန်၍ပြောပြနေလိုက်သည်။

''အော်. . . ဒါကြောင့် ငါက ဦးအောင်မြိုင်ကိုပါ ခေါ်ခဲ့ ပါလားဆိုတော့ မင်း အတင်းငြင်းခဲ့တာကိုး''

''ဦးအောင်မြိုင်ကို သွားနှိုးရင် သူ့ယောက်ဖ ဦးဖေကြီး သိသွားရင် ထွက်ပြေးသွားနိုင်တယ်လေ. . . ဒါကြောင့် ကျွန်တော် မခေါ်ခိုင်းတာပေါ့''



www.burmeseclassic.com

www.burmeseclassic.com



"မောင်ရဲသွေး မင်းပြောတာ အမှန်ပဲနော်"

ကျေးရွာ ဥက္ကဋ္ဌလူကြီးက သေချာအောင်လို့ မေးလိုက်သည်။

"ကျွန်တော် ညာပြောပါ့မလား... အရင်တစ်ခေါက်ကလည်း ကျွန်တော် ဒီလိုပဲ ရွာကိုခိုးပြန်လာတာ အဲ..."

ရဲသွေး သူ့အဖေ ဦးမြဒင်၏ မျက်နှာကိုကြည့်လိုက်သည်။ မရတော့...။လျှို့ဝှက်ထားရသည့် ကိစ္စတွေက သူ့အလိုလို ပေါ်လာခဲ့ပြီလေ။ ရဲသွေးလည်း မပြောပဲနေလို့ မရတော့ပါ။

"စေတီ ပရိဝုဏ်အတွင်းမှာ သူငယ်ချင်း သိန်းတန်အလာကို စောင့်ရင်းနှင့် ဦးဖော်ကြီးနဲ့ ဝတုတ်ဆိုတဲ့လူ ဒီစေတီနား ရောက်လာခဲ့ကြတယ်... အဲဒီမှာ..."

ရဲသွေးက အရင်တစ်ခေါက်လာခဲ့စဉ်က ကြုံတွေ့ခဲ့ရသည့် ဖြစ်စဉ်တွေကိုလည်း ပြန်လည်ပြောပြလိုက်တော့သည်။

"ဒါဆိုရင်တော့ သေချာပါပြီ။ ဒီဖော်ကြီးဆိုတာ ထောင်ကထွက်လာတာ လေးငါးခြောက်လလောက်ပဲ ရှိသေးတာ တော်တော် ယုတ်မာပက်စက်တဲ့အကောင်"

"ဟုတ်တယ်... ဒီကောင်ကိုမိရင် အသေကို သတ်ပြစ်မယ်"

"ဒီလို စိတ်လိုက်မာန်ပါ မလုပ်နဲ့လေ... ။ဥပဒေ ရှိပါတယ်ဗျာ... ကဲ ကဲ ဒီလိုလုပ်ဗျာ ဦးမြဒင်။ ခင်ဗျား စက်လှေတစ်စီးကို မြို့ကရဲစခန်းကို လွှတ်ဗျာ။ ခုတော့ ဦးအောင်မြိုင်အိမ်ကို တိတ်တဆိတ်ဝိုင်းပြီး ဖော်ကြီးကိုဖမ်းမယ်





ချင် ဘန့်ဘွေးကုန်းကို သွားမယ်"

"အဲဒါ... ကောင်းတယ်"

"ကဲ အချိန်မလင့်ခင် ဒကာတို့ သွားကြတော့... ...ကြီးနဲ့ ကပ္ပိယကြီးတို့ ကျောင်းကပဲ စောင့်နေတော့မယ်"

"မှန်ပါ့ ဘုရား"

မကြာခင်ခဏအတွင်း ကျောင်းဝိုင်းကြီးအတွင်းမှ ...တစ်သိုက် ထွက်ခွာလို့ သွားပါတော့သည်။

❀ ❀ ❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com



## အခန်း စဉ်(၁၈)

### "လွမ်းနေတယ် မောင်"

မြစ်ပြင်က တိုက်ခတ်လာသည့် လေနုကြမ်းတွေက ပန်းယမုံကို ခဏခဏပင် ဝင်၍ ဝင်၍ တိုက်ခတ်လို့နေ၏။

သူမထိုင်နေသည့် ကုလားမကျီးသီးပင်မှ သစ်ရွက်ကလေးတို့က လေအတိုက်မှာ တလွင့်လွင့်နှင့် ကြွေကျလို့နေပေတော့၏။

ရေဝတီမြစ်ကြောတစ်လျှောက် ငါးဖမ်းလှေကလေးများ စက်တပ်စက်လှေကလေးများ သွားလာလို့နေပေ၏။

သို့ပေမယ့်. . . ။





ဒါတွေကို သူမ မြင်တွေ့နေရပေမယ့် အသိထဲကို ရောက်နိုင်ခဲ့ပါ။

အမြင်နှင့် အသိ. . . ။

အမြင်နှင့် အတွေး. . . ။

ဒါတွေက သုံးနှင့်လေးလို တခြားစီ ဖြစ်လို့နေခဲ့ရ၏။

အရာအားလုံးကို သူမ မေ့လို့ထားခဲ့ပေမယ့် မေ့လို့ရတာကတော့ အရှက်တရားတစ်ခုရယ်ပါ. . . ။

လူဆိုတော့. . . အသက်ရှူမှုတစ်ခုတည်းနှင့် လူလုပ်သော်လည်း. . . တစ်ကယ်တမ်း သေချာဆန်းစစ်ကြည့်မယ်ဆိုရင်တော့ဖြင့် အရှက်တရားသည် လူလုပ်ဖို့ရန်အတွက် ပထမဟု န်းယမုံ ခံယူထားလိုက်မိပါသည်။

ခုတော့. . . ။

ထိုခံယူထားမှုက. . . ကြေမွလို့ အပိုင်းအစကလေးများ အဖြစ်သို့ ပြောင်းလဲလို့ သွားချေပြီ. . . ။

ဤသို့ဖြစ်လာလိမ့်မည်ဟု မည်သို့မျှ မစဉ်းစားမိခဲ့ပါ။ ယခုတော့ဖြင့် ဖြစ်လာခဲ့ရသည်။ ကြုံလာခဲ့ရသည်။ ထိုသို့ ဖြစ်လာခဲ့ ကြုံလာခဲ့တော့ ခံစားမှုဝေဒနာတွေက ရင်နှင့်မမျှတော့။

မိမိတို့ မိသားစု ဘဝတစ်ခုလုံး အရှက်ရစေသည်ကတော့ ဦးလေးဖြစ်သူ၏ လုပ်ရပ်ကြောင့်ပင်. . . ။ လက်ပံကွင်း တစ်ရွာလုံး၏ ကဲ့ရဲ့ပြစ်တင်ခြင်းနှင့် မနှစ်မြို့သည့်အကြည့်များတို့အောက်တွင် ပြားပြားဝပ်ခဲ့ရသည်။

ချက်ချင်းလက်ငင်းပင် မိမိတို့မိသားစုကို လူ့အသိုင်း



www.burmeseclassic.com

www.burmeseclassic.com



အဝိုင်းကကို ထုတ်ပယ်ခြင်းခံလိုက်ရတော့သည်။ မိမိသည်လည်း မည်သူတစ်ဦးတစ်ယောက်မျှကိုမှ မမြင်ချင် မတွေ့ချင် စကား မပြောချင်တော့ပါဟု ပန်းယမုံ ဆုံးဖြတ်ချက်ချထားပြီးသား။

ဒါကြောင့်မို့လဲ. . . ။

နေ့စဉ် နေ့တိုင်း အချိန်အားလပ်သည်နှင့် သည်နေရာ လေးသို့ လာရောက်ကာထိုင်နေမိတော့သည်။ ပန်းယမုံအနေနှင့် ဘာကိုမှ မတွေးတော့ခဲ့ပေမယ့် သူမ၏မောင်ကိုတော့ မတွေးဘဲ မနေနိုင် . . . မစဉ်းစားဘဲ မနေနိုင်. . . မတမ်းတဘဲ မနေနိုင်။

ဘာကြောင့်ဆိုတော့. . . ။

မောင့်ကို သူမ အသက်ထက်မက ချစ်နေမိခဲ့ရသည် မဟုတ်ပါလား. . . ။

ထို့အပြင်. . . ။

ရဲသွေးဆိုသော မောင့်ကို သူမအနေဖြင့် လွယ်လွယ် ကလေးဖြင့် ချစ်လို့ရခဲ့သည်တော့ မဟုတ်ပါ။ ခံရခဲဆစ်ကို ချစ်ခဲ့ရသော ချစ်သူတစ်ယောက်။ ဘယ်လိုမှကို မုန်းမေ့လို့ မရခဲ့ပါ. . . ။

ခုတော့ဖြင့်. . . ချစ်သောမောင့်ကို. . .

မုန်းရပါတော့မည်. . . ။

မေ့ရပါတော့မည်. . . ။

အတင်းကို မုန်းမေ့ရပါတော့မည်သာ. . . ။သည်အခါ တွင်တော့ မျက်ရည်ဆိုတာက ပန်းယမုံအတွက် အဖော်မွန်တစ်ခု ဖြစ်လာခဲ့ရသည်။





ငိုနေရတဲ့ ရက်တွေကလည်း သုံးလေးရက်မကတော့။ ကြာတော့ မျက်ရည်ဆိုတာတွေကလည်း ခန်းခြောက်လို့ လာခဲ့ ပြီ။ အရှင်လတ်လတ် ရင်ကွဲနာကျခဲ့ရပြီ။

''ပန်းယမုံ''

ကုလားမကျီးသီးပင်၏ အမြစ်တုံးပေါ်တွင် ထိုင်ကာ တမ်းတလွမ်းမောငေးငိုင်နေသည့်အခိုက် နောက်ဘက်မှ သူမ အမည်ကိုခေါ်လိုက်သည့်အတွက်ကြောင့် နောက်သို့ သမင်လည်ပြန်လှည့်ကာ ကြည့်လိုက်၏။

''ဟင်. . . မိဖြူမ''

သူငယ်ချင်း မိဖြူမကို တွေ့လိုက်ရတော့ ပန်းယမုံ တော်တော်လေး အံ့သြသွားခဲ့ရသည်။ ဝမ်းလည်းသာခဲ့ရသေး တော်သေး၏။ လူတွေအားလုံး ဝိုင်း၍ပစ်ပယ်ခြင်း ခံရသော်လည်း သူငယ်ချင်းဖြစ်သူ မိဖြူမက သူမကို လာတွေ့ခြင်းသည် သူမအဖို့ အထီးကျန်မဆန်ခဲ့တော့မှန်း နားလည်ခဲ့မိတော့သည်။

''နင် နင် ငါ့ဆီကို လာတယ်နော် မိဖြူမ''

မိဖြူမက ပြုံးပြုံးကလေးနဲ့ ခေါင်းညိတ်ပြရင်း ပန်းယမုံ နားသို့လာထိုင်သည်။

''လာရမှာပေါ့ သူငယ်ချင်းရယ်''

ရီဝေလိုက်မောစွာကြည့်ရင်း. .ကြည်နူးဝမ်းသာမှုတွေနှင့် အတူ ပန်းယမုံရင်ထဲမှာ ဆောက်တည်ရာမရတော့။ မျက်နှာကို လက်ဝါးလေးဖြင့်အုပ်ပြီး လှိုက်လှဲစွာငိုကြွေးလိုက်ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"အဟင့် . . . ဟင့် . . . ဟင့်"

"သူငယ်ချင်း ယမုံ ရယ်"

မိဖြူမက စိတ်မကောင်းခြင်းများစွာဖြင့် ပန်းယမုံကို သိုင်းကာဖက်လိုက်တော့၏။

"ငါတို့ကို စကားပြောမယ့်သူတောင် မရှိတော့ဘူးကွာ"

ပြောရင်းနှင့် ငိုသည်။

ငိုရင်းနှင့် ရှိုက်သည်။

ရှိုက်ရင်းနှင့် ဝမ်းနည်းရသည်။

"နင်နဲ့ နင့်မိသားစု အပေါ်ကို ငါတို့တတွေ နားလည်ပါတယ်ဟာ . . . ။ ခြေမ မကောင်းရင် ခြေမ . . . လက်မကောင်းရင် လက်မလို့ ငါတို့ ခွဲခြားသိမြင်ထားပါတယ် . . . လက်မတစ်ချောင်းထဲ မကောင်းတာနဲ့ ခြေထောက်တစ်ချောင်းလုံး ဖြတ်ခိုင်းရတော့မှာလား . . . အဲဒီလောက်တော့ ငါတို့ ခွဲခြားသိမြင်ထားပါတယ် ပန်းယမုံ"

နှစ်သိမ့်စကားလေး၊

အမှန်ဆုံးသော မိဖြူမ၏ နှစ်သိမ့်စကားလေးက ပန်းယမုံအတွက် အင်အားတစ်ရပ်ဖြစ်ခဲ့ပါတော့သည်။

"နင့်ရဲ့စကားလေး ကြားလိုက်ရတာ ဝမ်းသာထယ် အရမ်းလည်း အားရှိသွားတယ် မိဖြူမ သူငယ်ချင်းရယ်"

ပန်းယမုံ မျက်ရည်များကြားမှ မိဖြူမကို ကြည့်ပြီး ပြုံးလိုက်သည်။

ကျေနပ်ပြုံးလေး . . . ။





ဝမ်းသာကြည်နူး ပီတိဖြစ်ရသည့် အပြုံး . . . ။

"ပန်းယမုံ"

"သူငယ်ချင်း"

"နင့်ကို ငါ ဘယ်တော့မှ မခွဲဘူး သိလား"

"အို . . . သူငယ်ချင်း မိဖြူမရယ်"

ပန်းယမုံ မျက်ရည်ထပ်၍ ကျလာခဲ့ရပြန်သည်။ ထိုမျက်ရည်တွေကိုတော့ မိဖြူမက ယုယကြင်နာစွာ သုပ်ပေးနေလိုက်တော့၏။

"မိဖြူမ . . . "

"ဟင်"

"သိန်းတန်ရော"

"သူ . . . အိမ်မှာကျန်ရစ်တယ်။ နင့်ကိုအားနာလို့တဲ့။ ဒို့ကိုခုမှ လူကြီးတွေက သဘောတူတာ"

"နင်တို့နှစ်ယောက်လည်း ရွာဦးကျောင်းကိစ္စပေါ်လာမှပဲ ရွာကိုရောက်လာကြတော့တယ်"

မိဖြူမ ခပ်ပြုံးပြုံးလေး ရယ်လိုက်မိသည်။

တကယ်တော့ . . . ။

မိဖြူမနှင့် သိန်းတန်တို့ ရွာကိုပြန်လာဘို့ စိတ်ကူးမရှိသေးပါ။

အမှန်တကယ်နေတာကတော့ ရွာရဲ့ အရှေ့ဘက်ကမ်းရှိ တဲအိမ်ဆွေတစ်ယောက်၏ ယာတောထဲတွင် ပုန်းခိုလို့ နှစ်ဖက်မိဘတို့ရဲ့ အခြေအနေကို နားစွင့်နေကြခြင်းပါ။ ဒီလိုနေရင်းနှင့်



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ ရွာဦးကျောင်းက ပစ္စည်းတွေဖောက်ထွင်းခံရကြောင်း ကြားသိလိုက်ရသည်နှင့် ရင်ထဲတွင်ဒေါသသွေးတို့က ဖြန်း လာခဲ့ရတော့သည်။

ဒီတော့. . . ။ဖြစ်ချင်ရာဖြစ်ဆိုပြီး သိန်းတန်တို့နှစ်ယော ရွာဘက်သို့ ကူးလာခဲ့ခြင်းဖြစ်၏။ တရားခံဘယ်သူဆိုတာ အသိပေးဘို့ရန် ထွက်လာခဲ့ခြင်းပင်. . . ။ အရင်တစ်ခေါ ရွာကိုခိုးပြန်လာသော ရဲသွေး စေတီပရိဝုဏ်အတွင် လူနှစ်ယောက်အကြောင်းကို ပြောဆိုခဲ့၏။ ထိုလူနှစ်ယောက် ပြောစကားတွေက မယုံသင်္ကာရှိလှသည်။ နာမည်တွေကိုလည် မှတ်လို့ထားလိုက်၏။ ကိုဖော်ကြီးနှင့် ဝတုတ် ဆိုသောလူ

ကိုဖော်ကြီး ဆိုတာက ကိုယ့်ရွာသား။ ပန်းယမ် ဦးလေးတစ်ယောက်ပင်။

ဝတုတ် ဆိုတဲ့လူကိုတော့ ဘယ်ကလဲ မသိ။

သိန်းတန်နှင့် မိဖြူမတို့နှစ်ယောက် ရွာကိုရောက်သေ တရားခံတွေကို ဖမ်းမိထား၏။ ဒါတောင် ကိုဖော်ကြီး ပြန်ခုခံတော့ ရဲသွေးက ဝင်လုံးလိုက်သဖြင့် ရဲသွေးလက်မော တွင် ဓားဒဏ်ရာ တစ်ချက်ရလိုက်သည်။ သည်နေ ပန်းယမ်၏အဖေ ဦးအောင်မြိုင်က သူ့ယောက်ဖ ဦးဖော်ကြီး ဝင်လုံးပြီးရအောင် ဖမ်းပေးခဲ့ရသည်ကိုကြားလိုက်ရ၏။

နောက်ဆုံးမှာတော့. . . ။

တရားခံတွေ အားလုံးလည်း မိခဲ့သည်။

ဓမ္မ ပစ္စည်းတွေလည်း ပြန်ရခဲ့ပါသည်။





တရားရုံးတွင် သိန်းတန်နှင့် ရဲသွေးတို့က တရား အနေဖြင့် ရင်ဆိုင်ဖြေရှင်းပေးခဲ့ရသည်။ ရဲသွေးကတော လက်ပံကွင်းရွာရဲ့ သူရဲကောင်းကြီး ဖြစ်လို့သွား၏။

သို့ပေမယ့်. . . ။

ထိုကိစ္စတွေ ပြီးသည်နှင့် တပြိုင်နက် ရဲသွေး ရန်ကုန်သို့ ပြန်၍ခေါ်ဆောင်သွားခဲ့ပါတော့သည်။ သိန်းတ မှာလည်း ပန်းယမ်ကို အားနာစွာနှင့် မတွေ့ဖြစ်ခဲ့. . . မိဖြူမက ပန်းယမ်ကို မှတ်မှတ်ရရ လာတွေ့ခဲ့ခြင်းဖြစ်သည်

"မိဖြူမ"

"ဘာလဲ. . . ပန်းယမ်"

"မောင်လေ. . . ငါ့ကို အရှမ်းမုန်းသွားမှာပဲနော်. . ငါ့ကိုလည်း လာမတွေ့တော့ဘူး။ အသိလည်း မပေးတော့ ရန်ကုန်ကို ပြန်သွားတော့တယ်နော်"

မိဖြူမ မျက်နှာလေးက ညှိုးငယ်လို့သွားသည်။

ကရုဏာသက်သော အကြည့်ကလေးဖြင့်သာ ပန်းယမ် ငေးကြည့်လို့နေမိပါတော့သည်။

"ငါလေ. . . မောင့်ကို လွမ်းတိုင်း. . . သတိရတို ဒီနေရာလေးမှာ လာထိုင်နေကျပဟ. . . ငါထင်တယ် မောင် ငါနဲ့ ဒီဘဝမှာ ပြန်တွေ့ဆုံဘို့ဆိုတာ မဖြစ်နိုင်တော့ပါ သူငယ်ချင်းရယ်"

"ဟာကွာ ဘာလို့ အားလျော့နေရတာလဲ ပန်းယမ်ရ တကယ် သစ္စာရှိရှိနဲ့ ချစ်ခဲ့မိရိုးမှန်ရင် ရဲသွေး နင့်ကို အရော



www.burmeseclassic.com

www.burmeseclassic.com



လာမှာပဲ. . . တို့က မိန်းမသားတွေဆိုတော့ မျှော်တော်မူပြီး စောင့်ရမှာပေါ့ဟာ. . . ''

''အေးနော်. . . တို့က မိန်းမသားတွေ. . . စောင့်ရမှာ ပေါ့လေ. . . ငါ သူ့ကို သေတဲ့အထိကို စောင့်နေမှာပါ သူငယ်ချင်းရယ်''

ပန်းယမုံ ပြောရင်း. . . မျက်ရည်ကလည်နေမိတော့၏။

မိဖြူမက လုံးဝကိုစိတ်မကောင်းတော့ပါ. . . ။

''သူငယ်ချင်း ပန်းယမုံ ထတော့ကွယ်. . . မိုးလည်း ချုပ်တော့မယ်. . . ပြန်ကြရအောင်ကွယ် နော်''

ပန်းယမုံက ညင်သာစွာ ထလိုက်သည်။

ပြီးတော့ မြစ်ပြင်ကြီးကို ရီဝေစွာကြည့်လိုက်၏။ နောက်မှ သက်ပြင်းကလေးကို ညင်သာစွာချလိုက်ပြီးနောက်. . . ။

''မောင်ရယ်. . . မောင့်ကို ယမုံ လွယ်လွယ်ကူကူနဲ့ ချစ်ခဲ့ရတာ မဟုတ်ပါဘူးနော်. . . အခက်အခဲတွေများစွာနဲ့ ရင်ဆိုင်ပြီးမှ ချစ်ခဲ့ရတာပါ မောင်ရယ်''

ပြောလိုက်သည့် စကားအဆုံး ပန်းယမုံရဲ့ ရှိုက်သံလေးက ခပ်သဲ့သဲ့လေး . ထွက်ပေါ်လာခဲ့ရတော့သည်။

ဒါကို. . . ။

မိဖြူမတစ်ယောက်. . . မသိချင်ယောင် မကြားချင်ယောင် ဆောင်နေလိုက်ရတော့သည်။

❀ ❀ ❀ ❀ ❀



အခန်းစဉ် ( ၁၉ )

''မျက်နှာချင်းဆိုင် ချစ်တဲ့ပွဲ''

''အောင်မြိုင်. . . ဟေ့ကောင် အောင်မြိုင်''

အိမ်ရှေ့ဝိုင်းထဲကနေ. . . အော်ဟစ်ခေါ်နေသည့် ဦးမြဒင်၏ အသံကိုကြားလိုက်သည်နှင့်. . . ပန်းယမုံက သူ့အဖေ ဦးအောင်မြိုင်၏ မျက်နှာကို လှမ်းကြည့်လိုက်မိသည်။

ဦးအောင်မြိုင်က ဖျာပေါ်တွင် လဲလျောင်းနေသည့် နီးသည် ဒေါ်နှင်းနုကို လှမ်း၍ ကြည့်လိုက်၏။ ဒေါ်နှင်းနုကလည်း တဖန် ဦးအောင်မြိုင်ကို ကြည့်ရင်းမေးငေါ့ပြလိုက်၏။

''ဒီကောင် ဘာလာရှုပ်တာလဲ မသိဘူး နင်းနေရယ်''



www.burmeseclassic.com

www.burmeseclassic.com



စိတ်ရှုပ်စွာနှင့် ဦးအောင်မြိုင်က ညည်းတွားလိုက်တော့

"ထွက်တွေ့ လိုက်စမ်းပါ တော်"

ဒေါ်နှင်းနုက မျက်နှာသုန်မှုန်စွာနှင့် ပြောလိုက်သည်။

"အောင်မြိုင်. . . အောင်မြိုင် ရေ"

ဦးအောင်မြိုင် မနေသာတော့. . . ထိုင်ရာမှ အသာထလိုက်ပြီး အိမ်အပြင်ဘက်သို့ ထွက်လိုက်ပြီးကြည့်လိုက်ရာ

"ဟင်"

ဦးမြဒင်တစ်ယောက်ထဲ မဟုတ်ပဲ ရပ်ရွာလူကြီးလေးငါးဆယ်ဦးနှင့်တကွ ဖလုံတစ်ခုတွင် ငှက်ပျောသီးဖွေအနှံးတွေစိုက်ပြီး ကတော့ပွဲကြီးတစ်ခုကို ပင့်ဆောင်ကိုင်လို့ထားသည့် ဒေါ်ရွှေရည်နှင့် ရဲသွေးတို့နှစ်ဦးကို တွေ့လိုက်ရတော့၏။

"မြဒင်. . . မင်းတို့ ဘာလုပ်ကြမလို့လဲ"

အံ့သြတကြီးနှင့်ကြည့်ကာ ဦးအောင်မြိုင်က မေးလိုက်ပါတယ်။

"အောင်မြိုင်. . . မင်း ဘာမှ မမေးနဲ့ကွာ. . . ငါတို့အားလုံးကို အိမ်ပေါ်ခေါ်ပါဦးကွ"

"ဒါဆိုလည်း. . . အားလုံးတက်ကြဗျာ"

ဦးအောင်မြိုင်က ပြောပြီး အိမ်ထဲဝင်လိုက်၏။

"နှင်းနု. . . ရွာလူကြီးတွေလည်း ပါတယ်"

ဒေါ်နှင်းနု လဲလျောင်းနေရာမှ. . . ထထိုင်ဘို့ ဟန်ပြင်လိုက်တော့ ပန်းယမုံက ဖေးမလို့ ထူပေးလိုက်သည်။

သည်တွင်. . . ။





အိမ်ပေါ်သို့ ကတော့ပွဲကြီးနှင့် ဒေါ်ရွှေရည် အရင်တက်လာခဲ့သည်။ နောက်မှ ဦးမြဒင်နှင့် ရဲသွေး. . . ပြီးတော့ ရပ်ရွာလူကြီးများ. . . ။

ဒေါ်ရွှေရည်က ကတော့ပွဲကြီးကို ချလိုက်ပြီးပြီးချင်း ဒေါ်နှင်းနုနားသို့ ကပ်သွားပြီး လက်ဖျားကလေးများကို ဆုပ်ကိုင်လို့. . .

"နှင်းနု. . . သူငယ်ချင်းရယ်"

ဟု ဆိုပြီး. . . မျက်ရည်ကျကာ ငိုရှိုက်လိုက်တော့ ဒေါ်နှင်းနုကလည်း မျက်ရည်ဝဲရင်းက . . .

"ရွှေရည်မ. . . သူငယ်ချင်း"

တုန်လှုပ်လှိုက်လှဲစွာ ခေါ်လိုက်တော့သည်။

"နှင်းနုရယ်. . . ငါတို့သူငယ်ချင်းနှစ်ယောက်. . . တစ်သက်လုံး စကားမပြောရတော့ဘူလို့ ထင်ထားတာဟာ. . . ခုလေ ငါ သိပ်ဝမ်းသာတာပဲ သူငယ်ချင်းရယ်"

ဒေါ်ရွှေရည်နှင့် ဒေါ်နှင်းနုတို့ သူငယ်ချင်းနှစ်ယောက် အလွမ်းသယ်နေကြသည်ကို အားလုံး မင်သက်ငေးမောရင်း ဘမ်းနည်းဝမ်းသာဖြစ်လို့နေတော့သည်။

"တို့ သူငယ်ချင်း နှစ်ယောက်. . . နောက် ဘာကိစ္စနဲ့မှ မခေါ်မပြောဘဲ မနေရတော့ဘူးနော် သိလား နှင်းနု"

ဒေါ်နှင်းနု မျက်ရည်လေးကျရင်း ခေါင်းညိတ်လို့နေတော့သည်။

"သူငယ်ချင်း နှစ်ယောက် မဟုတ်ဘူးလေ. . .



www.burmeseclassic.com

www.burmeseclassic.com



တို့သူငယ်ချင်း လေးယောက်ပါ။ နင်တို့နှစ်ယောက်နဲ့ ငါရယ်၊ အောင်မြိုင်ရယ်လေ. . . နှင်းနု''

ဦးမြဒင်က ကြားကနေ ဝင်ပြောလိုက်ပြီး တစ်ဆက်တည်း ဒေါ်နှင်းနုကိုခေါ်လိုက်ပါသည်။ ဒေါ်နှင်းနု အပါအဝင် ကျန်တဲ့ လူတွေအားလုံးက ဦးမြဒင်ကို ဝိုင်းကြည့်လို့နေကြတော့သည်။

''နင့်မိသားစု အရေးနဲ့ ငါ့မိသားစု အရေးကိစ္စမှန်သမျှ ဘယ်သူ မှားတယ်၊ မှန်တယ်ဆိုတာ တို့နှစ်ယောက်လုံး အပြစ်တင်စကားတွေ၊ အမုန်းတွေ အငြိုးတွေ အာဃာတ တရားတွေကို ဒီနေ့ ဒီအချိန်ကစပြီး သင်ပုန်းချေလိုက်ကြရ အောင်ဟာ နော်. . . ဖြစ် ဖြစ်သမျှကိစ္စတွေကိုလည်း ငါကပဲ တောင်းပန်ပါတယ် ဟာ. . . နင် ကျေနပ်ပါတော့နော်''

ဒေါ်နှင်းနု တစ်ကိုယ်လုံး ကြည်နူးချမ်းမြေ့လို့ သွား ရသည်။ ဝမ်းသာလိုက်ရသည့်ဖြစ်ခြင်း။ ဒါတွေကလည်း မိမိရဲ့ အမှားတွေပါသည်ကို ဒေါ်နှင်းနု ဝမ်းသာကြည်နူးမှုကြောင့် စကားပင် မပြောနိုင်ရှာတော့ပါ။ မျက်ရည်ကလေးနှင့် ပြုံးရင်း ခေါင်းညိတ်နေမိတော့သည်။

မမျှော်လင့်သော ဖြစ်ရပ်. . . ။

လုံးဝ ထင်မှတ်မထားသည့် ဖြစ်ရပ်ကလေးကြောင့် ပန်းယမုံ အလွန်ကိုပျော်သွားခဲ့ရသည်။ ကြည်နူးချမ်းမြေ့လို့ သွားခဲ့ရသည်။ မိဘတွေအားလုံး နားလည်မှုတွေရသွားကြတော့ ဘဝတစ်သက်တာတွင် ဒီလိုပျော်ရွှင်မှုက ဘယ်အရာနှင့်မှ မလဲနိုင်တော့ပါ. . . ။





ရွှန်းလဲ့ တောက်ပနေသည့် မျက်ဝန်းလဲ့လဲ့ကလေးနှင့် ရဲသွေးကို ကြည့်လိုက်တော့. . . ရဲသွေးရဲ့ အကြည့်တွေက ရွှန်းစိုလို့. . . ။ နောက်ပြီး အပြုံးစလဲ့လဲ့လေးက လှကို ရွှေရင် ပြုံးတုံ့ မပြုံးတုံ့နှယ် မျက်စလေးတစ်ချက် ခတ်ပြလိုက်တော့ ရင်ထဲမှာ တစ်မျိုးလေးခံစားသွားရ၏။ ကြက်သီးလေးတွေလည်း ထသွားခဲ့ရပြန်၏။ ချစ်ဇောပီတိအဟုန်က သွေးကြောတစ်လျှောက် စီးဆင်းလို့သွားတော့၏။

''မြဒင်. . . ဒီပွဲကြီးက ဘာလုပ်တာလဲ''

ဦးအောင်မြိုင်က ကတော့ပွဲကြီး လက်ညှိုးထိုးရင်း မေးတော့. . . ဦးမြဒင်က ပြုံးဖြီးဖြီးနဲ့ ရယ်မောရင်းက

''မိန်းမ လာတောင်းတာကွ''

''ဘာကွ''

ဦးမြဒင်၏ ဒဲ့ဒိုးစကားကြောင့် ဦးအောင်မြိုင် မျက်မှောင် ကြုပ်လိုက်ရင်း ဘာကွလို့ အောက်မြည်လိုက်ရတော့သည်။

''ငါ့သားက မင်းသမီးကို လိုက်တောင်းပေးပါဆိုတာနဲ့ ဟဲ ဟဲ. . . ငါလည်း မိဘတွေ ဝတ္တရားရှိတဲ့အတိုင်း လာတောင်း ရမ်းပေးတာပဲကွာ. . . လူကြီးတွေလည်း တစ်ခါတည်းခေါ်လာ ခဲ့တယ် အောင်မြိုင်''

ပန်းယမုံ ရင်ထဲမှာ ဖိုခနဲ ရှိန်းခနဲ ဖြစ်လို့သွားတော့ သည်။ ရှက်သည့် အသွင်ကလေးကတော့ မျက်နှာကလေး အောက်သို့ချလိုက်ရ၏။ ချက်ချင်းလက်ငင်းပင် ခြေဖျားလက်ဖျား ကလေးတွေ အေးစက်လို့ သွားတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်းကတော့ . . . ဖွတ်ကြီးပါလား မြဒင်။ ဘာမှပြော ညာမပြောနဲ့ကွာ"

"သူ ဖွတ်လုပ်တာတော့ မပြောနဲ့တော့. . . ကျွန်မတို့ ကလည်း အဲဒီလိုပဲ ကတော့ပွဲကြီးနဲ့ အိမ်ပေါ်တက်လာပြီး တောင်းတော့တာပဲ"

ဒေါ်ရွှေရည်ကပါ ဝင်၍ပြောတော့ လိုက်လာသည့် လူကြီးတွေက ပြုံးစိစိဖြစ်ကုန်ကြတော့၏။

"မင်း ရောက်လာမှတော့ မထူးတော့ပါဘူး။ ငါ့သမီးကို မေးကြည့်မယ်။ သူ သဘောမတူရင်တော့ ဒီပွဲ မဖြစ်ဘူးနော်။ ငါက ရွှေရည် မိဘတွေလို မဟုတ်ဘူး ဟော့ကောင်"

"ဟာ. . . မေးကြည့်ပါ၊ မေးကြည့်ပါ၊ ယမုံ သဘောတူ တယ်လို့ ပြောလိုက်နော်. . . မြန်မြန်လေးပြောလိုက်. . . မြန်မြန်လေး"

ရဲသွေးက ပန်းယမုံကိုကြည့်ရင်း အတင်းပြောနိုင်း လေတော့. . .

"ဟ ငါ့သမီးကို ငါဘာမှ မမေးရသေးဘူးကွ. . . မင်းကလည်း မင်းအဖေလို ဖွတ်ကြီးပဲ"

"အောင်မြိုင်ရာ. . . မင်း ဘာမေးစရာရှိလို့လဲ. . . မင်း သမီးကို ကြိုက်လို့ ငါ့သား ရန်ကုန်ကနေ ခိုးပြီးပြန်. . . ပြန်လာတာလေ. . . တစ်ရွာလုံးတောင် သိသွားတဲ့ဥစ္စာကွာ။ မင်းသဘော မြန်မြန်တူလိုက်ကွ. . . နင့်မို့ဆိုရင်တော့"

"နင့်မို့ဆို . . . ဘာဖြစ်လို့လဲ"





"မင်းသဘောမတူရင် ရောဝတီမြစ်ထဲကို နှစ်ယောက် စလုံး ဒိုင်ဗင်ထိုးပြီး ခုန်ချသေမလို့တဲ့ကွ သိလား"

"ဟား. . . ဟား. . . ဟား"

ရွာလူကြီးတွေက တဟားဟားနှင့် ပွဲကျလို့သွားတော့၏။

ပန်းယမုံကတော့ ရှက်လို့ထင်ပါ့။ ပါးနှစ်ဖက်မှာ ရဲတွတ်လို့သွားလေသည်။

"နေပါဦး မြဒင်၊ မင်းသားကို ရန်ကုန်က မင်းနဲ့ စီးပွားဘက်မိတ်ဆွေတစ်ဦးရဲ့သမီးနဲ့ ပေးစားဘို့သွားကြတာ မဟုတ်ဘူးလား"

ဒီစကားကိုကြားတော့ ပန်းယမုံ မျက်နှာလေးက ရဲသွေးကို လှမ်းကြည့်လိုက်သည်။ ဟုတ်လား ဆိုသည့်သဘော။ ဒါကို ရဲသွေးကလည်း နားလည်လိုက်၏။ ပန်းယမုံကို ပြန်ကြည့်ရင်း ခေါင်းလေး အသာခါရမ်းပြလိုက်၏။

"အဲဒီကိစ္စနဲ့ ရန်ကုန်ကိုပြန်တာ မဟုတ်ဘူး။ ငါ့သား ရဲသွေးကို ရန်ကုန်တက္ကသိုလ်ကနေ ထွက်ဘို့သွားလုပ်တာ။ နောက်ပြီး ငါသဘောတူထားတဲ့ ကောင်မလေးနဲ့ ခွာပြဲဘို့ အတွက်သွားတာ. . . ခု အဲဒီကိစ္စတွေ ရှင်းသွားပြီ။ ရန်ကုန်မှာ နေတဲ့ ပွင့်ဖူးငုံ ဆိုတဲ့ကလေးမလည်း သူတို့အိမ်ဘေးက ထွန်းခေါင် ဆိုတဲ့ကောင်လေးနဲ့ ကြိုက်နေကြတာ။ ကဲ ရှင်းပလား"

ဒီလိုပြောလိုက်တော့ ပန်းယမုံ မျက်နှာလေး ကြည်လင် ဝင်းပလို့သွားတော့၏။

"အောင်မြိုင်. . . ငါတို့သူငယ်ချင်းလေးယောက်လို



www.burmeseclassic.com

www.burmeseclassic.com



သူတို့သူငယ်ချင်းလေးဦးစလုံး မခေါ်မပြောဘဲ မဖြစ်ရအောင် တို့လူကြီးတွေ ဆောင်ရွက်ကြရအောင်လားကွာ''

ဦးမြဒင် စကားဆုံးတော့ ဦးအောင်မြိုင်က နှုတ်ဆိတ်လို့ငြိမ်ကာနေ၏။

''မင်းသဘောမတူရင်တော့... ငါ့သားကို ငါပြောထားတယ်ကွ''

BURMESE CLASSIC .com

''ဘာပြောထားလဲ''

''သား ရဲသွေး... မင်းကောင်မလေးကို ရအောင် နိုးပြေးကွာလို့''

''ဟာ... မင်းကွာ''

ဦးအောင်မြိုင် ထအော်လိုက်တော့ ဦးမြဒင်က အားပါးတရကို ရယ်မောလိုက်မိတော့သည်။

ဒီတစ်ခါတော့ လူတွေအားလုံး ပျော်ရွှင်ကြည်နူးစွာနှင့် ရယ်မောလို့ နေကြတော့သည်။

''ယမုံ... ထ သွားမယ်။ ချောင်းရိုးလေးမှာ ကြာပန်းလေးတွေ သွားခူးရအောင်၊ ဟိုမှာ သိန်းတန်နဲ့ မိဖြူမတို့ စောင့်နေကြတယ်''

ပန်းယမုံကလည်း ဖတ်ခနဲ ထလိုက်၏။

ဒီတော့... ။

ရဲသွေးက သူ့အဖေ ဦးမြဒင်ဘက်သို့လှည့်ကာ

''အဖေ... ကျန်တဲ့ မင်္ဂလာကိစ္စတွေ... အဖေတို့ လူကြီးခြင်း ပြောတော့နော်''





''ဟေ''

ကြော်ပြီး ဆိုတာနဲ့ အိမ်ပေါ်ကနေ ရဲသွေးနှင့် ပန်းယမုံတို့ ဆင်းလို့သွားတော့၏။

''မြဒင်... မင်းသားက ဖွတ်ကြီးပါလား''

''ငါ့သား ပါလို့ ပြောထားသားပဲ၊ ဖွတ်လုပ်တော့ မှာပေါ့''

''ကောင်းကွာ''

ဦးအောင်မြိုင်က စိတ်ပေါက်ပေါက်နှင့်ပြောလိုက်တယ် ဆိုရင်ပဲ... ။

''ကောင်းတာပေါ့ကွာ''

ဦးမြဒင် စကားကြောင့် လူတွေအားလုံး ဝိုင်းရယ်လိုက်ကြတော့သည်။

❀ ❀ ❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com



အခန်း စဉ်(၂၀)

"လွယ်လွယ်လေးနဲ့ ချစ်လို့ရမှာလား မောင်"

ချောင်းရိုးကလေးထဲမှာ . . . လှေလေးနှစ်စင်း။

တစ်စင်းက သိန်းတန်နှင့် မိဖြူမတို့ရဲ့လှေ။

နောက်တစ်စင်းက ရဲသွေးနဲ့ ပန်းယမုံတို့ စီးတဲ့လှေ။

လှေကလေးနှစ်စင်းက ဘေးချင်းယှဉ်ကာ သွားနေလေရဲ့။

"ငါ အရမ်း အရမ်းကို ပျော်တယ်ဟာ"

လှေဦးထိပ်ကနေ ရေထဲကိုလက်ကလေးနှစ်ပြီး ဘေးက လှေပေါ်ရှိ မိဖြူမထံသို့ ရေလှမ်းပက်ရင်း ပြောလိုက်သည်။





"ဟေး . . . ငါ့ကို မပက်နဲ့လေ. ... နင် ပက်ရမှာက ရဲသွေးကို ပက်ရမှာ. . ."

မိဖြူမက လက်ကလေးကာရင်း ပြောလိုက်သဖြင့်

"အမယ်. . . ဘာလို့ ပက်ရမှာလဲ၊ ရေတွေစိုကုန်မှာပေါ့"

"ဟာ. . . ကြည့်စမ်း၊ နင်တော်တော် တရားကျဖို့ကောင်းလိုက်တာ. . . ငါ့ရဲ့ ဖြူမလေးကျတော့ . . . ရေစိုပါစေပေါ့ ဟုတ်လား. . . မရဘူး၊ ဒီလိုလုပ်လို့ မရဘူး၊ ဒီလိုလုပ်လို့ ဘယ်ရမလဲ. . ."

သိန်းတန်က လှော်တက်ကလေးကို ရှေ့တွင်ချလိုက်ပြီး သက်နှစ်ဖက်ကို ရေထဲနှစ်ပြီး ရဲသွေးကို လှမ်းပက်လိုက်တော့သည်။

"ဟော့ကောင်. . . ဟော့ကောင် သိန်းတန်၊ ငါနဲ့ ဘာဆိုင်လဲကွ. . ."

"ဆိုင်ဆိုင်. . . မဆိုင်ဆိုင် ကွာ. . . ပက်တယ်"

"အော်. . . ဒါဆို ငါလည်း ပက်တော့မယ်ကွာ"

ရဲသွေးကပါ. . . ပြန်၍ပက်ပြန်တော့. . . ။

သင်္ကြန်မဟုတ်ဘဲနှင့် လှေနှစ်စင်း လူလေးယောက်ထဲ သင်္ကြန်ပွဲ ကျင်းပနေကြတော့သည်။

"ကဲ တော်ပြီဟာ . . . တော်ပြီ။ မောင် အအေးမိတော့မယ်"

"ပန်းယမုံ. . . နင် တော်တော် သည်းတာပဲဟာ. . ."



www.burmeseclassic.com

www.burmeseclassic.com



ဒီလောက်အအေးနဲ့ ဘာဖြစ်မှာလဲ''

''ဟဲ့ သိန်းတန်... မောင် တစ်ခုခု ဖြစ်သွားရင်... ငါ ရင်ကျိုးမှာဟ... ငါတို့က နင်တို့လို မဟုတ်ဘူး... သိလား''

''ဒါဆို ဘယ်လိုမျိုးလဲ''

မိဖြူမက ပြုံးထေ့ထေ့နဲ့ ဝင်မေးလိုက်သည်။

''မောင်... ရေ''

လှေဦးထိပ်ကနေ ပန်းယမုံ လှမ်းခေါ်လိုက်သည်။ ပြီးတော့... တစ်ခွန်းထဲ မေးလိုက်ပါတော့သည်။

ဒါကတော့... ။

''မောင်နဲ့ ယမုံ လွယ်လွယ်လေးနဲ့ ချစ်လို့ ရခဲ့လား မောင် ရယ်''

တဲ့... ။ဒီတော့ ရဲသွေးက ပြန်ပြောလိုက်၏။

''ဟင့်အင်း''

လို့... ။

''တွေ့လား ... ငါတို့အချစ်က ခက်ခက်ခဲခဲနဲ့ ချစ်ခဲ့ရတဲ့အချစ်ဆိုတာ သိရဲ့လား... ဒါကြောင့် မောင် တစ်ခုခု ဖြစ်မှာ... သိပ်ကြောက်တာ... ''

''နင် အဲဒီလောက်ထိ ချစ်ရလား... ပန်းယမုံ''

''မိဖြူမရယ်... နင် အဲဒီစကားတောင် မေးဖို့ မကောင်းဘူးဟာ... ငါ မောင့်ကို ဘယ်လောက်အထိ ချစ်တယ် ဆိုတာ ကြည့်... ။ ကြာပန်းလေးတွေက သက်သေရှိပါတယ်





ကြာပန်းလေးတွေ ရှိနေသေးသ၍ ငါ့အချစ်တွေကလည်း... မောင့်အပေါ်မှာ... သင်းပျံ့မွှေးထုံ ကြိုင်သင်းနေမှာပါ... ဟော... တို့တွေရဲ့ လှေကလေးကို ကြည့်... ကြာတောထဲကို သွားနေပြီလေ... ''

''ယမုံ... ဒါ... ကြာတောကြီး မဟုတ်ဘူး... အချစ်ပန်းတောကြီးပါ... ''

''ဟုတ်တယ်... ဟုတ်တယ်... မောင်ပြောတာ မှန်တယ်။ အချစ်ပန်းတောကြီးမှာ ... ချစ်လိပ်ပြာလေးတွေ ပျော်ပျော်ရွှင်ရွှင်နဲ့ ပျော်နေလိုက်ကြတာနော်... အချစ်ပန်းတောကြီးထဲမှာ... မောင်နဲ့ ယမုံနဲ့ ဘယ်လောက်ပျော်စရာ ကောင်းသလဲ... ဟင်''

''ပျော်စရာပေါ့ ယမုံရယ်... တစ်ချိန်တုံးက မောင်နဲ့ ယမုံနဲ့ ချစ်ခဲ့ကြတဲ့ အချစ်တွေဟာ လောကကြီးမှာ ဘယ်သူမှ နှိုင်းယှဉ်လို့ ရမှာ မဟုတ်ဘူးနော်... ''

''ဟုတ်တယ်... မောင်''

''အဲဒါကြောင့် ယမုံ မောင့်ကို ချစ်ခဲ့ရတဲ့ အချစ်တွေဟာ သူများတွေလို လွယ်လွယ်လေးနဲ့ ချစ်တဲ့အချစ်မျိုး မဟုတ်ဘူး ဆိုတာ... မောင်သိစေချင်တယ် မောင် ရယ်''

ယမုံက ဝမ်းနည်းနေသည့်လေသံကလေးဖြင့် ပြောရင်း မောင့်ရဲ့ ရင်ခွင်ထဲကို ခေါင်းလေးမှီထားလိုက်ပါလေတော့သည်။

ကြာတောကြီးထဲမှာလည်း... ကြာညို ရနံ့ရဲ့



www.burmeseclassic.com

www.burmeseclassic.com



ကြာနံ့လေးတွေ သင်းပျံ့မွှေးကြိုင်နေသလို . . . လောကကြီးကလည်း အလွန်လှပတင့်တယ် နေလေတော့သည်။

ချစ်တတ်တဲ့ ချစ်ကြသူတိုင်း အချစ်ကို လွယ်လွယ်ကလေးနဲ့ ရှာဖွေ ချစ်နိုင်ကြပါစေ

စာချစ်သူများကို ထာဝစဉ်ရိုကျိုးနေမည့်

ရှင်နှောင်း

၁၄-၃-၀၈



BURMESE CLASSIC .com
www.burmeseclassic.com